www.foreverspace.com.mm

LIVINGCOLOR

စီးပွားရေး ကြော်ငြာနှင့်ရေးဝယ်လမ်းညွှန် သတင်းမဂွဇင်း

No. 128, March, 2006

လူအဖွဲ့အစည်းနှင့် စီးပွားရေးအပျော့ထည်

Civil Society and Economic Soft Infrastructure

cover : maung maung z aw

www.foreverspace.com.mm

ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* စျေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

(၆၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

(၁) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့် အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၂) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး။

(၃) နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

(၄) ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

www.foreverspace.com.mm

This magazine is founded and managed

by board of directors of Myanmar Partners Think Tank Group in June, 1995

underlicensed of Living Color.

RECYCLE

KEEP THE WORLD GREEN.

၁။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်း၊ သတင်းဆောင်းပါး၊ ဆောင်းပါးနှင့် အခြားဖော်ပြချက်အားလုံး ကလောင်အမည် ဖော်ပြထားသည်ဖြစ်စေ၊ ကလောင်အမည် မဖော်ပြဘဲထားသည်ဖြစ်စေ LIVING COLOR အယ်ဒီတာအဖွဲ့၏ အာဘော်ဖြစ်သည်။

၂။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်းအချက်အလက်များကို LIVING COLOR မဂ္ဂဇင်းမှ ရရှိကြောင်း ဖော်ပြ၍ လွတ်လပ်စွာ ကိုးကားနိုင်ပါသည်။

၃။ ဤစာအုပ်၏ 'ဈေးကွက်စီးပွားရေးသတင်း' ကဏ္ဍတွင် ဖော်ပြထားသော သတင်းများ(အထူးသဖြင့် ဘောင်ခတ် ဖော်ပြသော သတင်းများ) ကို နိုင်ငံခြားဘာသာဖြင့် ထုတ်ဝေနေသော မီဒီယာတစ်ခုခုပေါ်မှ အပိုဒ်လိုက်သော် လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ဘာသာပြန်ဆိုဖော်ပြခြင်းကို လုံး၀(လုံး၀) တားမြစ်ပါသည်။ ဘာသာပြန်ဆိုဖော်ပြလိုပါက LIVING COLOR ၏ ခွင့်ပြုချက် ရယူရမည်ဖြစ်ပါသည်။

www.foreverspace.com.mm

မာတိကာ

၂ အယ်ဒီတာ့အာဘော်

၅ ယခုလ သတင်းအညွှန်း

၆ ယခုလ စိတ်ကြိုက်ကုန်ပစ္စည်း

၇ ယခုလ အကြိုက်ဆုံးကြော်ငြာ

၈ မြန်မာ့စီးပွားရေးသတင်း

၄၈ မျက်နှာဖုံးဆောင်းပါး
လူအဖွဲ့အစည်းနှင့် စီးပွားရေးအပျော့ထည်
Civil Society and Economic Soft Infrastructure
အောင်ထွန်း

၅၄ မြန်မာ့စီးပွားရေးမြင်ကွင်း
ပိုးသတ်ဆေး၊ မှိုသတ်ဆေးနည်းမှန်လမ်းမှန်သုံးစွဲမှုနှင့် ဈေးကွက်အခြေအနေ
ကောင်းမြတ်ထူး

၅၈ **၂၀၀၅ အလွန် မြန်မာ့ခရီးသွားလုပ်ငန်း**
တင်အောင်ကျော်

၆၄ **ရန်ကုန်ကုန်စည်ဈေးကွက်**
သန်းထိုက်သူ၊ သစ်ထွန်း

၆၈ **ဆပွားစနစ်ဖြင့် ဈေးကွက်ရှာခြင်း**
ထားထားမြင့်

၇၁ **အရည်အသွေးမြင့်ဆန် ပြည်ပတင်ပို့ရေးနှင့် ဆန်စက်များ၏ အခန်းကဏ္ဍ**
သန်းထိုက်သူ

၇၄ **ဘေးဥပဒ်ကင်းရှင်းရေး ဦးစားပေးလာသည့် နိုင်ငံတကာရေထွက်ကုန်ဈေးကွက်နှင့် မြန်မာ့ရေထွက်ကုန်များ**
ကျော်ဆန်းမင်း

၇၈ မြန်မာ့စီးပွားရေးအမြင်
ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီလယ်ယာ
ဒေါက်တာမောင်မောင်စိုး (ဘောဂဗေဒ)

၈၂ **ပို့ကုန်တိုးချဲ့ရေးနှင့် အနာဂတ်စီးပွား**
အဂ

၈၄ တွေ့ဆုံခြင်း
မန္တလေးတိုင်း ကွန်ပျူတာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးရဲမြတ်သူနှင့် တွေ့ဆုံခြင်း
ကျော်နိုင်

၉၀ ဈေးဝယ်လမ်းညွှန်

၉၂ ကာတွန်း
ဒါရိုက်တာ အောင်ကြူကြူ စိုးသော်တာ

၁၀၉ မြန်မာပြည်တွင်လုပ်သည်

၁၁၁ ရက်စွဲမှတ်တမ်း

၁၁၃ တွေ့ဆုံဆွေးနွေးမှုများ

၁၁၄ ထင်ရှားကျော်ကြား မြန်မာ့စီးပွား

၁၁၇ ကုန်ဈေးနှုန်း

၁၂၃ ဘဏ်ပစ္စည်း ဘာကြောင့်

၁၂၇ တစ်ဦးတည်းကိုယ်စားလှယ်

၁၂၈ ကုမ္ပဏီနှင့် စက်မှုလက်မှုလုပ်ငန်းများမိတ်ဆက်
Asia Pacific Inspection Agency

၁၃၀ အတွေးအမြင်
လက်တွေ့ကျကျ
ထူးသစ်အောင်မြင့်

၁၃၂ **သြော် ... ကြော်ငြာ ... ကြော်ငြာ**
စောဒက

၁၃၅ **စီးပွားရေးလုပ်ငန်းသုံး ၃၆ ပါး စစ်ဗျူဟာကျမ်း (၃၁)**
လူထုစိန်ဝင်း

၁၃၈ **ကျွန်တော်ပန်းချီကုန်သည် (၄၀)**
ဦးလှဝင်း (လေသူရဲတစ်ဦး)

www.foreverspace.com.mm

အမျိုးသား အကျိုးစီးပွား

မည်သည့်နိုင်ငံတွင်မဆို သက်ဆိုင်ရာနိုင်ငံတွင် နေထိုင်သူများအဖို့ နိုင်ငံ၏အမျိုးသားအကျိုးစီးပွားကိုသာ အဓိက ဦးတည်လုပ်ဆောင်လေ့ရှိသည်ဟု ယေဘုယျအားဖြင့် ဆိုနိုင်ပါသည်။ ဤနေရာတွင် အမျိုးသားအကျိုးစီးပွားကို မည်သို့ နားလည်သဘောပေါက်၍ မည်သို့အဓိပ္ပာယ်ဖွင့်ဆိုကြပါသနည်းဟု မေးစရာရှိပေသည်။

သာမန်အားဖြင့် နိုင်ငံသူ နိုင်ငံသားအားလုံး၏အကျိုးစီးပွား၊ နိုင်ငံ၏အကျိုးစီးပွားတိုးတက်အောင်မြင်ရေးအား ရည်ရွယ်လုပ်ဆောင်ခြင်းကို အမျိုးသားအကျိုးစီးပွားဟု သိရှိကြပေမည်။ မှန်ပါသည်။ ဤသည်ကို ပိုမိုလေးနက်စွာ အဓိပ္ပာယ်ဖွင့်ဆိုရလျှင် နိုင်ငံနှင့် လူမျိုးကို အမှန်တကယ် ချစ်မြတ်နိုးသူများက နိုင်ငံနှင့်တကွ နိုင်ငံသူ နိုင်ငံသားအားလုံး၏ အကျိုးစီးပွားဖြစ်ထွန်းရေးကို ဦးတည်လုပ်ဆောင်ခြင်းပင် ဖြစ်ပါသည်။ ဤနေရာတွင် မိမိအကျိုးစီးပွားဖြစ်ထွန်းမှုမရှိပါဘဲ အမျိုးသားအကျိုးစီးပွားဖြစ်ထွန်းအောင် မလုပ်ဆောင်နိုင်ဟူသော အယူအဆတစ်ခုဖြင့် တုံ့ပြန်ဆွေးနွေးသူများ ရှိနိုင်ပါသည်။ ဤအယူအဆသည် များစွာ ကျိုးကြောင်းဆီလျော်မှုရှိသော်လည်း 'ပေးခြင်း' နှင့် 'ရခြင်း' သဘောကို လက်တွေ့ခံစားသိမြင်နိုင်ခြင်းမရှိဟု ကောက်ချက်ချရပေမည်။ အမြဲတစေ မိမိဘက်မှ ပေးရန်တာဝန်ရှိသည်ကို ဦးစွာစဉ်းစားလေ့ရှိသူဖြစ်ပါက 'ရခြင်း' 'မရခြင်း' အပေါ်တွင် စိတ်မဝင်စားတော့ပေ။ မိမိကသာ အမှန်တကယ်ပေးသူဖြစ်နေပါလျှင် သို့မဟုတ် အမျိုးသားအကျိုးစီးပွားကို အမှန်တကယ်ဦးတည်သူ ဖြစ်ပါလျှင် 'ရခြင်း' တည်းဟူသော မိမိကိုယ်ကျိုးစီးပွားဖြစ်ထွန်းမှုဆိုသည်မှာ ပြောစရာမလိုသောအကြောင်းကိစ္စ ဖြစ်ပါသည်။

များစွာထင်ရှားသောအချက်မှာ မိမိကသာ အမှန်တကယ် အမျိုးသားအကျိုးစီးပွားကို လိုလားသူ ဖြစ်နေလျှင် မည်သည့်ကိစ္စသည်လည်းကောင်း၊ မည်သူသည်လည်းကောင်း အမျိုးသားအကျိုးစီးပွားကို အမှန်တကယ်ဦးတည် လုပ်ဆောင်နေခြင်းရှိ မရှိ ပြတ်သားစွာ ခွဲခြားနိုင်သည်ဆိုခြင်းပင် ဖြစ်ပါသည်။ အမျိုးသားအကျိုးစီးပွားကို ဦးတည်နေခြင်းရှိ မရှိ ဆိုသည်ကို နှုတ်မှသော်လည်းကောင်း၊ စာမျက်နှာပေါ်မှသော်လည်းကောင်း မည်မျှကြွေးကြော်နေစေကာမူ ပရိသတ် (၀၊) ပြည်သူလူထုက မှန်ကန်စွာ သိမြင်ခံစားနိုင်ပါသည်။

Living Colorအပါအဝင် ကျွန်ုပ်တို့ထုတ်ဝေနေသော ညီနောင်မီဒီယာများအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကိုသာ အဓိက ဦးတည်လုပ်ဆောင်နေပါကြောင်း အထူးဖော်ပြလိုပါသည်။ ဤသည်ကို ကျွန်ုပ်တို့ ထုတ်ဝေထားသော မီဒီယာများအား ဖတ်ရှုသူပရိသတ် (၀၊) ပြည်သူလူထုက အကဲဖြတ်သုံးသပ်ကြမည် ဖြစ်ပါသည်။ အမျိုးသားအကျိုးစီးပွားကို အမှန်တကယ် ဦးတည်ခြင်းရှိ မရှိ ကျွန်ုပ်တို့ဘာသာကျွန်ုပ်တို့ လိမ်ညာ၍မရသကဲ့သို့ ပြည်သူလူထုကိုလည်း လိမ်ညာ၍မရနိုင်ပါ။

အယ်ဒီတာ

၁၃-၂-၂၀၀၆

www.foreverspace.com.mm

EDITORIAL

ပညာရှိတို့၏ ပြုဖွယ်ရှိသည့်ကိစ္စ

တိုင်းပြည်၏အခြေအနေ အတက်အကျ အနိမ့်အမြင့်သည် တိုင်းပြည်တစ်ပြည်အတွင်း ရှိနေသော ပညာရှိများတွင် များစွာ တာဝန်ရှိသည်ဆိုသော အဓိပ္ပာယ်သက်ရောက်သည့် စကားတစ်ခွန်းကို မြန်မာပညာရှိ စစ်ကိုင်း ဦးဘိုးသင်းက ၎င်း၏ စာအုပ်တစ်အုပ်တွင် ဖော်ပြခဲ့ဖူးပါသည်။

မှန်ပါသည်။ ယနေ့ကမ္ဘာပေါ်တွင် လူတစ်ဦးချင်း ဝင်ငွေအမြင့်ဆုံးဖြစ်သော နိုင်ငံတိုင်းသည် ပညာရေးနှင့် ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်ခဲ့သူများ ဖြစ်ပါသည်။ ဆိုလိုသည်မှာ တိုင်းပြည်၊ နိုင်ငံတစ်ခု ဖွံ့ဖြိုးရေးတွင် ပညာရှင်များ၏ အခန်းကဏ္ဍမှာ အလွန်အရေးပါသည်ဟူသောသဘောပင် ဖြစ်ပါသည်။ ပညာရှိဟူသောစကားလုံးမှာ စစ်ကိုင်းဦးဘိုးသင်းတို့၏ခေတ်က ခေတ်ပြိုင်စကားလုံးဖြစ်ပြီး ယနေ့ခေတ်ပြိုင်စကားလုံးမှာ ပညာရှင်ဖြစ်ပါသည်။ အဓိပ္ပာယ်အလေးအပေါ့အားဖြင့် ပြောရလျှင် ပညာရှိဆိုသောစကားလုံးက ပိုမို၍ စေးစေးပိုင်ပိုင်ရှိသည်ဟု ပြောရမည် ထင်ပါသည်။ ပညာရှိဆိုသောစကားလုံးမှာ အမှန်တကယ် ပညာရှိပြီး ပညာရှိတို့ ပြုဖွယ်ကိစ္စများကိုလည်း ပြုလုပ်သူဖြစ်သည်ဟု ပိုမိုခံစားရစေပါသည်။

ပညာရှိတို့ ပြုဖွယ်ရှိသောကိစ္စများကို ဆောင်ကြဉ်းရေးဆိုသော စကားမှာလည်း များစွာလေးနက်ပါသည်။ ပညာရှိတို့က ပညာရှိတို့ပြုဖွယ်ရှိသော အရေးကိစ္စများကို ဆောင်ကြဉ်းအားထုတ်မှုမရှိလျှင် တိုင်းပြည်အနေဖြင့် ပညာရှိတို့ကြောင့် တစ်စုံတစ်ရာသက်ရောက်မှုကို မြင်တွေ့ရနိုင်မည်မဟုတ်ပါ။ ပညာရှိများနှင့်ပတ်သက်၍ ယေဘုယျပြောနိုင်သည်မှာ သာမန်လူတို့ထက် လူ့လောကဏ္ဍ၏ကောင်းကျိုးကို ဆောင်ကြဉ်းနိုင်သူ ဖြစ်သည်ဟူ၍ ဖြစ်ပါသည်။

သို့သော် ပညာရှိတိုင်းလိုလိုက သာမန်လူတို့ထက် လူ့လောကဏ္ဍ၏ ကောင်းကျိုးကို ဆောင်ကြဉ်းမည်ဟုဆိုပါက အခါခပ်သိမ်း မမှန်ဟုဆိုရမည် ဖြစ်ပေသည်။ ကိုယ်ကျိုးစီးပွားကိုသာ အကောင်အထည်ဖော်သော ပညာရှိများကိုလည်း တွေ့ရတတ်ပေရာ ပညာရှိတို့က ကိုယ်ကျိုးကိုသာ လုပ်ဆောင်မည်ဆိုလျှင် သာမန်လူတို့ထက်ပို၍ ကမ္ဘာကြီးကိုလည်းကောင်း၊ တိုင်းပြည်ကိုလည်းကောင်း နစ်နာစေသည်ဟုပင် ဆိုနိုင်ပါသေးသည်။

ပညာရှိတို့ ပြုဖွယ်ရှိသောကိစ္စဆိုသောအချက်နှင့်ပတ်သက်၍ ယနေ့လူသိများသော စာရေးဆရာ(ဦး)အောင်သင်းကို ဥပမာအဖြစ် ပြချင်ပါသည်။ (ဦး)အောင်သင်းရေးသောစာများကို ဖတ်ရသည့်အခါတိုင်း 'ပညာရှိဆိုသည်မှာ ဘာလဲ' 'ပညာရှိတို့ ပြုဖွယ်ရှိသောကိစ္စ ဆိုသည်မှာ ဘာလဲ' ရှင်းရှင်းလင်းလင်း တွေ့မြင်ခဲ့ရသည်သာ ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ Living Colorအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ ပညာရှိ/ ပညာရှင်များကို တိုက်တွန်းလိုသည်မှာ ပညာရှိ/ ပညာရှင်များအနေဖြင့် မိမိတို့ပြုဖွယ်ရှိသောကိစ္စများကို မပျက်မကွက် ဆောင်ကြဉ်းကြခြင်းဖြင့် ရလဒ်ကောင်းများကို ဖော်ဆောင်ပေးကြဖို့ပင် ဖြစ်ပါသည်။

အယ်ဒီတာ

၁၃-၂-၂၀၀၆

www.foreverspace.com.mm

လုပ်ငန်းမှတ်တမ်း

Board of Editors

Chief Editor – ကျော်မင်းဆွေ
Editor In Charge (Production) – မင်းဇင်
Editor In Charge (On Duty) – ကျော်နိုင်
Editor In Charge (News) – မျိုးညွှန့်မောင်
Senior Executive Editors – ကျော်နိုင်၊ ဘုန်းမြင့်ဦး၊ အောင်ကျော်စိုး၊ ရဲမင်းဦး
Executive Editors – နွေးအိုင်ြမ့်၊ ခိုင်ချိုဇော်ဝင်းတင်၊ ဇင်ဇင်သော်၊ နွဲ့ကေခိုင်၊ ခင်စပယ်
Research & Development Editor – သီရိဇော်
Chief Reporter – သောင်းထိုက်
Staff Reporters – တင်လင်း၊ ထားထားမြင့်၊ စိုးယုဝေ၊ ကေခိုင်ကျော်၊ သစ်ထွဋ်၊ သန်းထိုက်သူ၊ သာမိုးကြည်အောင်၊ ကျော်ဆန်းမင်း၊ ကျော်ကျော်မင်း၊ နိုင်မင်းဝေ၊ ဇာလီကျော်

Art Director

စိုးသော်တာ

DTP Department

Supervisor – မခိုင်
Staff Operators – မင်းမင်းသူ၊ ၄ဝါခိုင်၊ ဆွေဇင်အိ၊ စောအီလိုင်းဂျာ၊ ကျော်လင်းဇော်

Accountant

အေးအေးဆင့်
Assistant – မျိုးဇာနည်

Advertising Department

General Manager – ဖေအောင်ဇင်
Manager (Marketing) – ကျော်သူမြင့်အောင်
Assistant Manager (Design & Planning) – ဇာနည်ဝင်း
Assistant Manager (Admin & Marketing) – စန်းသီတာ
Senior Marketing Assistants – စောဂေးနေထူး၊ စောဆာကီးလား
Marketing Assistants – ဖြူဖြူသီ၊ စောမောင်မောင်လေး၊ သီဟဇော်

Printing

Manager – စောမိုးဇက်

Production

Manager – တင်ဝင်းထွဋ်
Assistant – ဟန်မြင့်

Admin

Office Superintendent – အောင်ကျော်ဆန်း
Assistant – မိုးကျော်လွင်၊ ပြည့်ဖြိုးအောင်
Receptionist – စုအိန္ဒြေဦး

Distribution Department

သိန်းလွင်၊ စောကပေါ်ထူး

Cover Design – Maung Maung Zaw
Cover Logo – အောင်မင်း၊ ဘဌေးကြည်၊ မြင့်မောင်ကျော်
Illustrator – soe thaw dar

Publisher

ဦးရဲနိုင်ဝင်း (မြ– ၃၇၅၅)
အမှတ် ၇ဝ(တ)၊ ငွေဝတ်မှုန်ရိပ်သာ၊
ရွှေတောင်ကြား၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

Printer

Living Color ပုံနှိပ်တိုက် (မြ–ဝ၆၃၄၈)
အမှတ် ၂၇၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။

Office

အမှတ် ၂၇ဝ၊ 1-C၊ (ပ–ထပ်)၊ Lucky Nice Tower၊
ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၂၆ဝ၂၊ ၅ဝ၄၄၉၆၊ ၄၄ဝ၂ဝ၆ဝ၃၊ ဖက်စ်–၅၂၆ဝ၂

E-mail

Chief Editor - c-editor@myanmarpartners.com.mm
News Room - myanfo@myanmarpartners.com.mm
Marketing - paz@myanmarpartners.com.mm

Web Site - www.foreverspace.com.mm

Photographer – K.M.S (Super King), P.A.Z
B/W Film – PERFECT
Binding – သစ္စာ စာအုပ်ချုပ်

Upper Myanmar Distributor

ထွန်းဦးစာပေ၊ မန္တလေး။

Cover Permission – ၅၄ဝ၁၄၉ဝ၆ဝ၂

Circulation – ၁ဝဝဝ
Price – ၇ဝဝ ကျပ်

Copyright – Living Color
(ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်)

ကျေးဇူးတင်လွှာ

ဤမဂ္ဂဇင်းပါ သတင်း၊ ဆောင်းပါးနှင့် ကုန်ဈေးနှုန်းများအတွက် အကူအညီပေးခဲ့ကြသော OK အီလက်ထရောနစ်၊ ဂမုန်းပွင့်ကုန်တိုက်၊ ကျောက်မြောင်းစတိုး၊ ဘုရင့်နောင် ကုန်စည်ဒိုင်၊ ရွှေအိုးဆန်ဆိုင် (သက်နီးကျွန်း)၊ ဦးဘစိန် အဆင့်မြင့်လျှပ်စစ်၊ ဒေါ်အေး အဆင့်မြင့်လျှပ်စစ်၊ Mr.Slim, Ever Fine, KMD Computer Center, Client Focus Technology Group, Bagan Cybertech, စာပေလောက(၃) တို့နှင့် ညောင်ပင်လေးဈေး၊ မင်္ဂလာဈေးမှ မိတ်ဆွေများ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ဒီဇိုင်းဆရာနှင့် မိတ်ဆွေသင်္ဘာများ၊ ပုံနှိပ်၊ ဖလင်၊ စာအုပ်ချုပ်အဖွဲ့၊ ရောင်းဝယ်သူများ၊ ဌားရမ်းသူများ၊ ဖတ်ရှုအားပေးသူများနှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပါဝင်ကူညီသူအားလုံးကို Myanmar Partners Think Tank Group မှ ကျေးဇူးတင်ရှိပါသည်။

www.foreverspace.com.mm

NEWSMAKER OF THE MONTH

ယခုလ သတင်းအညွှန်း

'ယခုလ သတင်းအညွှန်း'ကဏ္ဍကို တစ်လအတွင်း ဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့် သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ၂၀၀၆ ခုနှစ်အတွင်း မီဒီယာမျိုးစုံမှ ဖော်ပြခဲ့သော သတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအား သတိပြုမိစေလို၍ ဖော်ပြခြင်း ဖြစ်ပါသည်။ **အကြောင်းအရာရွေးချယ်သည့် မူဝါဒမှာ အယ်ဒီတာအဖွဲ့၏အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းစာစ်မြစ်၏ အာဘော်အတိုင်း ဖြစ်ပါသည်။**

"အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအနေဖြင့်လည်း အလှည့်ကျ သဘာဝပတိအဖွဲ့၏ တင်ပြချက်စာတမ်းများကို ပြန်လည်စိစစ်ဖတ်ရှုရန်နှင့် နောက်တစ်ကြိမ် အမျိုးသားညီလာခံ အစည်းအဝေးကြီးတွင် နောက်ထပ် အခန်းလိုက် ခေါင်းစဉ်အသစ်များနှင့်ပတ်သက်၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် ကိုယ်စားလှယ်ကြီးများအား အကြံပြုတင်ပြရန်အတွက် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကမ္ဘာ့နိုင်ငံအသီးသီးတို့မှ ဖွဲ့စည်းပုံအခြေခံဥပဒေများကို အသေးစိတ်အချိန်ယူလေ့လာဖတ်ရှုပြီး စာတမ်းများ ရေးသားပြုစုရမည်ဖြစ်သည့်အတွက် ယခုတစ်ပတ် အမျိုးသားညီလာခံကို ယနေ့မှာပင် ခေတ္တရပ်နားထားမည်ဖြစ်ပါကြောင်း။"

"..... နောက်တစ်ကြိမ် အမျိုးသားညီလာခံကြီးကို မိမိတို့၏ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ မထိခိုက်ရအောင် တောင်သူလယ်သမားကိုယ်စားလှယ်ကြီးများ စိုက်ချိန်ပျိုးချိန် ပြီးဆုံးပြီး အလုပ်အကိုင်ပါးမည့် ယခုနှစ်နှစ်ကုန်ပိုင်းအချိန်လောက်တွင် ထပ်မံကျင်းပသွားမည်ဖြစ်ပါကြောင်း။"

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ထုတ် နိုင်ငံပိုင်ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာပါ အမျိုးသားညီလာခံ ခေတ္တရပ်နားခြင်းနှင့် ပတ်သက်၍ သတင်းကောက်နုတ်ချက်ကို ဖော်ပြထားခြင်း ဖြစ်သည်။

www.foreverspace.com.mm

PRODUCT OF THE MONTH

ယခုလ စိတ်ကြိုက်ကုန်ပစ္စည်း

ယခုလ စိတ်ကြိုက်ကုန်ပစ္စည်းအဖြစ် ဇန်နဝါရီလ ၁၉ ရက်နေ့က ဖြန့်ချိလိုက်သော ကျော်ဟိန်း၏ 'အဓိပ္ပာယ်ရှိသော စင်ပေါ်ကအသံများ' Live Show VCD ကို ရွေးချယ်လိုက်ပါသည်။ အဆိုပါစီးရီးကို ရတနာမြေင်တေးသံသွင်းမှ ဖြန့်ချိခြင်းဖြစ်၍ စတင်ဖြန့်ချိသည့်နေ့တွင် ကျော်ဟိန်းနှင့် ပါဝင်သီဆိုသူများက ဒဂုံစင်တာတွင် အမှတ်တရလက်မှတ်ရေးထိုးပေးခဲ့ပြီး ရောင်းအားမြှင့်တင်သည့်အနေဖြင့် နယ်မြို့များသို့ ကျော်ဟိန်းကိုယ်တိုင် လှည့်လည်၍ Promotion ပြုလုပ်ခဲ့သည်။ ယင်းစီးရီးသည် တင်ဆက်ပုံ Idea ဆန်းသစ်ခြင်း၊ ဒဿနသီချင်းကောင်းများပါဝင်ခြင်း၊ အရောင်းမြှင့်တင်ရေးအစီအစဉ် ကောင်းမွန်ခြင်းနှင့် စီးရီးထွက်ရှိချိန်၌ မကြာမီကာလက ဆက်တိုက်ထွက်ရှိထားပြီး အောင်မြင်နေသော စီးရီးနှစ်ခုခန့်ကို အနည်းငယ် တန့်သွားစေလောက်အောင် အောင်မြင်မှုရရှိခြင်းတို့ကြောင့် ယခုကဲ့သို့ ရွေးချယ်ရခြင်း ဖြစ်ပါသည်။

အယ်ဒီတာ

www.foreverspace.com.mm

ADVERTISEMENT OF THE MONTH

ယခုလ အကြိုက်ဆုံးကြော်ငြာ

ယခုလ စိတ်ကြိုက်ကြော်ငြာအဖြစ် မြဝတီရုပ်မြင်သံကြားမှ ထုတ်လွှင့်လျက်ရှိသော Super Coffeemix ကြော်ငြာကို ရွေးချယ်လိုက်ပါသည်။ Living Color အနေဖြင့် တေးသရုပ်ဖော် ကြော်ငြာများကို အကြိုက်ဆုံးကြော်ငြာအဖြစ် ရွေးချယ်ရန် ဆန္ဒမရှိတော့သော်လည်း ယခုကြော်ငြာသည် နာမည်ကြီးမဟုတ်သော သရုပ်ဆောင်များ၏ သဘာဝကျသော သရုပ်ဆောင်မှုနှင့် နောက်ခံတေးသွားတို့ လိုက်ဖက်ညီခြင်း၊ တည်ငြိမ်၍ ဆွဲဆောင်မှုရှိသော အရောင်ဖြင့် ဖမ်းစားနိုင်ခြင်းနှင့် မထူးခြားလှသော်လည်း လက်တွေ့နှင့် အပ်စပ်မှုရှိသော တင်ဆက်သရုပ်ဖော်မှုဖြင့် ကြော်ငြာလိုသော ကုန်ပစ္စည်းအပေါ် မှတ်မှတ်ထင်ထင်ဖြစ်သွားစေခြင်းတို့ကြောင့် ယခုကဲ့သို့ ရွေးချယ်လိုက်ရခြင်း ဖြစ်ပါသည်။

ဒါရိုက်တာ	–	ဦးဇွန်မင်း
သရုပ်ဆောင်	–	ဘိုဘိုဝင်း၊ လှိုင်ဖြူဖြူထွဏ်း
ကြာမြင့်ချိန်	–	စက္ကန့် ၃၀
ရိုက်ကွင်းနေရာ	–	ကန်တော်ကြီး
တည်းဖြတ်	–	အမရာ
စိတ်ကူးစိတ်သန်း	–	ဦးထွန်းထွန်းဝင်း (M.D, Shwe Super Light)

အယ်ဒီတာ

www.foreverspace.com.mm

မြန်မာ့စီးပွားရေးသတင်း

B U S I N E S S N E W S

အမှတ် ၁၂၈ ၂၀၀၆ ခုနှစ်၊ မတ်

မာတိကာ

- ပုဂံရွှေနန်းတော်ကို ကျပ်သန်းပေါင်း ၁၅၀၀ ကျော် အကုန်အကျခံ တည်ဆောက်မည်
- ပို့ကုန်ကဏ္ဍမြှင့်တင်ရန် မြန်မာနိုင်ငံသို့လာရောက်သော သံအမတ်များနှင့် ပို့ကုန်လုပ်ငန်းရှင်များ တွေ့ဆုံခွင့်ပေးမည်
- အိန္ဒိယသမ္မတ အပ်ဒုလ်ကလမ် မတ်လတွင် မြန်မာနိုင်ငံသို့လာရောက်မည်
- CMP အသင်းမှ တာဝန်ယူပါက နယ်စပ်မှ ကုန်ကြမ်းတင်သွင်းနိုင်
- ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် ADSL များ လျှောက်ထားနိုင်
- GSM ဖုန်းကို ကံစမ်းမဲဆုအဖြစ် ရုပ်/သံကြော်ငြာတွင် ပထမဆုံးအကြိမ် ထည့်သွင်းကြော်ငြာ
- ငွေဆောင်ကမ်းခြေတွင် လေအားလျှပ်စစ်ထုတ်လုပ်ရန် စတင်ဆောင်ရွက်

ဘုရင့်နောင်မင်းတရားကြီးအကြောင်း ရုပ်သံဇာတ်လမ်းတွဲ ထိုင်းမီဒီယာတစ်ခု ရိုက်ကူးရန်စီစဉ်

ဘန်ကောက်၊ ဇန်နဝါရီ ၁၀

အိမ်နီးချင်းနိုင်ငံများနှင့် အရှေ့တောင်အာရှဒေသတစ်ခုလုံးအထိ အာဏာစက်ပျံ့နှံ့ခဲ့သော ဒုတိယမြန်မာနိုင်ငံတော် တည်ထောင်သူ ဘုရင့်နောင်မင်းတရားကြီး၏ဘဝဖြစ်စဉ်များကို ရုပ်သံဇာတ်လမ်းတွဲအဖြစ် ထိုင်းနိုင်ငံမှ နာမည်ကြီးရုပ်သံလိုင်း Channel-9 ကို တာဝန်ယူတင်ဆက်နေသော MCOT မီဒီယာနှင့် အခြားကုမ္ပဏီတစ်ခုဖြစ်သော Prommitr Porduction Co., Ltd. တို့ တွဲဖက်ရိုက်ကူးမည် ဖြစ်သည်။

"မင်းတရားဘုရင့်နောင်" ဟု ထိုင်းဘာသာဖြင့် အမည်ပေးထားသော အဆိုပါဇာတ်လမ်းမှာ အရှည်ဆုံးရုပ်သံဇာတ်လမ်းတွဲ ဖြစ်လာမည်ဖြစ်ပြီး အပိုင်း ၃၄ ပိုင်းပါဝင်မည် ဖြစ်သည်။ ဘုရင့်နောင်မင်းတရားကြီးနေရာတွင် သရုပ်ဆောင်မည့်သူကို ထိုင်းတီဗီ Channel-9 က ဇန်နဝါရီ ၁၁ ရက်နေ့မှစ၍ ရုပ်သံမှတစ်ဆင့် ကြော်ငြာ၍ ရှာဖွေလျက်ရှိသည်။

အဆိုပါဇာတ်လမ်းတွဲမှာ ရိုက်ကူးချိန် တစ်နှစ်မျှကြာမြင့်မည်ဖြစ်ပြီး ဘတ်ငွေ သန်းတစ်ရာခန့်သုံးစွဲရန် လျာထားသည်။ ဇာတ်လမ်းတွဲရိုက်ကူးမည့် ကုန်ကျစရိတ်ကို Prommitr Production Co., Ltd. က တာဝန်ယူပြီး MCOT က ဈေးကွက်နှင့် ကြော်ငြာကဏ္ဍများကို တာဝန်ယူမည် ဖြစ်သည်။ ရိုက်ကူးပြီးစီးပါက ၂၀၀၆ ခုနှစ်ကုန်ပိုင်းတွင် TV Channel-9 ၌ ပြသမည် ဖြစ်သည်။

ရှင်ရဲထွတ်ဟူသော အမည်ရင်းနှင့် တပင်ရွှေထီးမင်းတရားကိုဆက်ခံ၍ တောင်ငူမှ ဟံသာဝတီ ပဲခူးဒေသသို့ နန်းစိုက်ရာ နေရာ ရွှေ့ပြောင်းခဲ့သူ ဘုရင့်နောင်မင်းတရားကြီးသည် တောင်ငူခေတ်တွင် ၁၅၅၁ မှ ၁၅၈၁ ခုနှစ်အထိ နှစ်ပေါင်း ၃၀ တိုင် တိုင် မြန်မာနိုင်ငံကို အုပ်ချုပ်ခဲ့ပြီး အရှေ့တောင်အာရှတွင် ဘုန်းတန်ခိုးကြီးသော မြန်မာမင်းတစ်ပါးဖြစ်ခဲ့သည်။

www.foreverspace.com.mm

ပုဂံရွှေနန်းတော်ကို ကျပ်သန်းပေါင်း ၁၅၀၀ ကျော် အကုန်အကျခံ တည်ဆောက်မည်

ရန်ကုန်၊ ဒီဇင်ဘာ ၂၆

ယင်ကျေးမှုဝန်ကြီးဌာနက ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွက် ပုဂံရွှေနန်းတော် တည်ဆောက်ရေးလုပ်ငန်းခုနစ်ခုတွင် ဘဏ္ဍာငွေကျပ်သန်းပေါင်း ၁၅၈၅.၅ အကုန်အကျခံ၍ တည်ဆောက်ရန်လျာထားကြောင်း စီမံကိန်းလုပ်ငန်းဆိုင်ရာ တင်ပြချက်စာတမ်းတွင် ဖော်ပြထားသည်။

ပုဂံရွှေနန်းတော်တည်ဆောက်ရေး လုပ်ငန်းလျာထားချက်ခုနစ်ခုမှာ နန်းဆောင်ခုနစ်ဆောင် အပြီးဆောက်လုပ်ခြင်းနှင့် ထိုနန်းဆောင်ခုနစ်ဆောင်၌ မြန်မာမှု အမွမ်းပန်းများ တပ်ဆင်ခြင်းလုပ်ငန်း၊ ပဋ္ဌပါသာဒ ရွှေနန်းတော်ဆောင်ကြီး နန်းခုံ ကြမ်းခင်းအလှခင်းခြင်းလုပ်ငန်း၊ နန်းတော်ရာဝင်း အပြင်ဘက်ခြံစည်ရိုးနှင့် အဝင်မုခ်ဦးများ တည်ဆောက်ခြင်းလုပ်ငန်း၊ နန်းဆောင် ၇ ဆောင် မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ရေ၊ မီးတပ်ဆင်ခြင်းလုပ်ငန်းနှင့် ကားအဝင်လမ်းများ၊ လူသွားစင်္ကြံများပြုလုပ်ခြင်း လုပ်ငန်းအပါအဝင် ပုဂံနန်းတော်၊ မြို့ရိုးမြို့တာများ၊ အနော်ရထာမင်းတရားကြီး၏ ရွှေနန်းတော်ကြီးတို့နှင့် ပတ်သက်၍ ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်ငါးရပ်တို့ ဖြစ်သည်ဟု ယင်းစာတမ်းက ဆိုသည်။

၂၀၀၅–၂၀၀၆ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ငွေကျပ်သန်း ၅၀၀ ခွဲဝေရရှိခဲ့ရာ လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ကြိုတင်ငွေ ကျပ်သန်း ၁၆၀ ကို လုပ်ငန်းဆောင်ရွက်သော 'ထူးထရေးဒင်း' ကုမ္ပဏီအား ထုတ်ပေးထားပြီး ဖြစ်ကြောင်း အဆိုပါစာတမ်းတွင် ဖော်ပြထားသည်။

UPT ပုဂ္ဂလိက ဘောလုံးအသင်းတည်ထောင်၍ တတိယတန်းတွင် ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန်၊ ဧရန်နဝါရီ ၇

မြန်မာနိုင်ငံတွင် အိမ်သုံးလျှပ်စစ်ထရန်စဖော်မာနှင့် အခြားလျှပ်စစ်ပစ္စည်းများ ရှေးဦးစွာ တီထွင်ထုတ်လုပ်ခဲ့သူဖြစ်သည့် လျှပ်စစ်ပညာရှင် ဦးဖေသိန်း (UPT) သည် UPT အမည်ဖြင့် ပုဂ္ဂလိကဘောလုံးအသင်းတစ်သင်းတည်ထောင်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် တတိယတန်းဘောလုံးပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း Living Color သို့ ထုတ်ဖော်ပြောကြားသည်။

ၔင်းတို့အသင်းအနေဖြင့် ၂၀၀၆–၂၀၀၇ ဘောလုံးရာသီတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ၔင်းက ဆိုသည်။ ဘောလုံးသမားများကို မိမိတို့အစီအစဉ်ဖြင့် နယ်မှခေါ်ယူ၍ ၔင်းတို့၏ နေထိုင်စားသောက်ရေးကိုပါ တာဝန်ယူပေးမည်ဖြစ်ကြောင်း၊ UPT လျှပ်စစ်ပစ္စည်းစက်ရုံမှ ဝါသနာပါသော ဝန်ထမ်းများကိုလည်း အသင်းတွင် ပါဝင်စေမည်ဖြစ်ကြောင်း၊ အသေးစိတ်အစီအစဉ်များကိုမူ စီစဉ်ဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ UPT အမည်ဖြင့် ဘောလုံးအသင်းဖွဲ့၍ ကျင်းပပြီးသော ဖူဆယ်ဘောလုံးပြိုင်ပွဲတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဆန်ခါတင် ၁၆ သင်းအဆင့်တွင် ပါဝင်ခဲ့ကြောင်း ဦးဖေသိန်း၏ အဆိုအရ သိရသည်။

ဖူဆယ်ဘောလုံးပြိုင်ပွဲအတွက် ဘောလုံးသမားများကို နီးစပ်ရာမှ ခေါ်ယူခဲ့ခြင်းဖြစ်ပြီး UPT ဘောလုံးအသင်းမှာ ရပ်ကွက်ပွဲများ၊ စက်မှုဇုန် ဘောလုံးပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ဘောလုံးအသင်းဖြစ်၍ အစဉ်အလာရှိသော ဘောလုံးအသင်းဖြစ်ကြောင်း၊ တတိယတန်းတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရေးအတွက် ပုဂ္ဂလိကဘောလုံးအသင်းတစ်သင်းဖွဲ့စည်းရာတွင် သက်ဆိုင်ရာသို့ ပေးသွင်းရမည့်ငွေမှာ ကျပ်ခုနစ်သိန်းမှ ရှစ်သိန်းအတွင်းရှိကြောင်း ၔင်းထံမှ သိရသည်။

Popa Media Group

www.foreverspace.com.mm

ပို့ကုန်ကဏ္ဍမြှင့်တင်ရန် မြန်မာနိုင်ငံသို့ လာရောက်သော သံအမတ်များနှင့် ပို့ကုန်လုပ်ငန်းရှင်များ တွေ့ဆုံခွင့်ပေးမည်

ရန်ကုန်၊ ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်ကဏ္ဍ မြှင့်တင်ရန်အလို့ငှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ လာရောက်လည်ပတ်သော သံအမတ်များနှင့် ယင်းနိုင်ငံများသို့ ကုန်ပစ္စည်းတင်ပို့နေသော ပို့ကုန်လုပ်ငန်းရှင်များ တိုက်ရိုက်တွေ့ဆုံဆွေးနွေးခွင့်ရစေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကုန် သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဦးက ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ပြောကြားသည်။

ယင်းကဲ့သို့ ထိပ်တိုက်တွေ့ဆုံခြင်းဖြင့် သက်ဆိုင်ရာနိုင်ငံ၏ ဈေးကွက်အချက်အလက်များ စုံစမ်းနိုင်ကြောင်း၊ မြန်မာနိုင်ငံ၏ ကုန်ပစ္စည်းများကိုလည်း သံရုံးမှတစ်ဆင့် သိရှိပြီး အခြားကုန်သည်များ ဆက်သွယ်ဆောင်ရွက်လာခြင်းဖြင့် ပို့ကုန်ကဏ္ဍမြှင့်တင်ခြင်းကို အထောက်အကူပြုစေပြီး များစွာအကျိုးရှိစေကြောင်း ၎င်းက ပြောကြားသည်။

ယခင်က အိန္ဒိယနိုင်ငံသံအမတ်၊ အင်ဒိုနီးရှားနိုင်ငံသံအမတ်များ လာရောက်စဉ်က အဆိုပါနိုင်ငံများသို့ ကုန်ပစ္စည်းတင်ပို့သူ ပို့ကုန်လုပ်ငန်းရှင်များကို ခေါ်ယူ၍ တွေ့ဆုံခွင့်ပေးခဲ့ကြောင်း၊ နောက်ပိုင်းတွင် မည်သည့်နိုင်ငံမှ လာရောက်သည်ဖြစ်စေ ယင်းသံအမတ်များအားလုံးနှင့် ပို့ကုန်လုပ်ငန်းရှင်များကို တွေ့ဆုံခွင့်ရစေရန် ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ကုန်ပစ္စည်းအရောင်းမြှင့်တင်ရေးအစီအစဉ်များ ဝယ်ယူသူ၏ လိုအပ်ချက်ထည့်သွင်း၍ အချိန်ကိုက် ဆောင်ရွက်လျက်ရှိ

သတင်းဆောင်းပါး – သစ်ထွဋ် ၊ ၁–၂–၀၆

မြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ်စတင်ကျင့်သုံးစဉ်က ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသည့် ကုမ္ပဏီများအနေဖြင့် အရောင်းမြှင့်တင်ရေးအစီအစဉ်များ ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် ဝယ်ယူသူ၏ လိုအပ်ချက်ကို ထည့်သွင်းစဉ်းစား၍ အရောင်းမြှင့်တင်ရေးအစီအစဉ်များကို အချိန်ကိုက်ဆောင်ရွက်လာကြောင်း ရန်ကုန်မြို့ အဆင့်မြင့်မင်္ဂလာဈေးကြီးမှ အထည်ဆိုင်လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးအောင်အောင်က ပြောကြားသည်။

မကြာသေးမီက ဈေးကွက်တွင်စေ့စုအသင့်အတင့်ရရှိထားသော ယမကာအမျိုးမျိုးထုတ်လုပ်သည့် ကုမ္ပဏီကြီးတစ်ခုမှ ယင်းကုမ္ပဏီထုတ်ကုန်များ၏ ပုလင်းဖုံးများအတွင်း မလေးရှားနိုင်ငံသို့ Shore Job သွားရောက်နိုင်မည့် ကံစမ်းမဲဖြင့် အရောင်းမြှင့်တင်ရေးအစီအစဉ် ဆောင်ရွက်ခဲ့ရာ စားသုံးသူအတွက် ဆွဲဆောင်မှုရှိသော အစီအစဉ်ဖြစ်ကြောင်း ဦးအောင်အောင်က ရှင်းပြသည်။

"ဒီအရောင်းမြှင့်တင်ရေး မလေးရှား Shore Job အစီအစဉ်ကတော့ အချိန်ကိုက်ပဲဗျ။ မလေးရှားကို အလုပ်သွားလုပ်လိုသူတွေ အများအပြားရှိနေတဲ့အချိန်မှာ ဒီကံစမ်းမဲအစီအစဉ်ကတော့ စားသုံးသူရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းတဲ့အစီအစဉ်မို့ ဝယ်လိုအား တက်လာနိုင်တာပေါ့" ဟု တာမွေမြို့နယ်နေ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။

အဆိုပါကုမ္ပဏီမှ ကံစမ်းမဲအရေအတွက် ရာနှင့်ချီ၍ ထည့်သွင်းခဲ့ပြီး ဆုမဲပေါက်သူက ငွေကျပ် ရှစ်သိန်းရရှိနိုင်သည့်အတွက် Shore Job သွားရန် ကြိုက်နှစ်သက်ရာကုမ္ပဏီဖြင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မလေးရှား Shore Job ၏လက်ရှိပေါက်ဈေးမှာ ကျပ်ခြောက်သိန်းခွဲခန့်ဖြစ်ရာ အပိုငွေမှာ Shore Job သွားရာတွင် လိုအပ်မည့် အသုံးအဆောင်ပစ္စည်းများအတွက် အပိုဆောင်းပေးသည့် အနေအထားဖြစ်၍ စားသုံးသူအတွက် အကျိုးရှိမည့် အရောင်းမြှင့်တင်ရေး အစီအစဉ်ဖြစ်ကြောင်း ဗဟန်းမြို့နယ်ရှိ စတိုးဆိုင်လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးမိုးကျော်

www.foreverspace.com.mm

 က သုံးသပ်ပြောကြားသည်။

ထို့ပြင် ခေါင်းလျှော်ရည်ထုတ်လုပ်ရောင်းချလျက်ရှိသည့် ကုမ္ဗဏီတစ်ခုမှ လည်း အရောင်းမြှင့်တင်ရေးအစီအစဉ် အဖြစ် ကံစမ်းမဲတွင် လူအများစုက ကိုင်ဆောင်ရန်ဆန္ဒရှိသော GSM တယ်လီဖုန်းကို ထည့်သွင်းခဲ့ရာ အဆိုပါကုန်ပစ္စည်းမှာ ဈေးကွက်အတွင်း အများအပြား ရောင်းချခဲ့ရကြောင်း ဦးမိုးကျော်က ဆိုသည်။

"အဲဒီကံစမ်းမဲအစီအစဉ်ကို ရုပ်သံကြော်ငြာအစီအစဉ်မှာ ထုတ်လွှင့်ချိန်ကစပြီး အဲဒီခေါင်းလျှော်ရည်အရောင်းတက်လာတာ တွေ့ရတယ်။ အများစုကတော့ ကုန်ပစ္စည်းတစ်မျိုးကို ဝယ်မယ်ဆိုရင် ဒီလိုထူးခြားတဲ့ ကံစမ်းမဲအစီအစဉ်တွေ ပြုလုပ်တဲ့ဟာကိုပဲ ရွေးဝယ်တယ်။ အရင်က ၁၀ ခုဝယ်ရင် တစ်ခုအပိုပေးတာတို့၊ ငွေသားကံစမ်းမဲဆောင်ရွက်တာတွေထက်စာရင် အလှည့်အပြောင်းလေးနဲ့ စားသုံးသူကို အချိန်ကိုက်ဆွဲဆောင်လာတာကတော့ ကုမ္ဗဏီက အုပ်ချုပ်သူတွေရဲ့ Idea က အဓိကကျပါတယ်" ဟု ၎င်းက သုံးသပ်ပြောကြားသည်။

ယမကာကုမ္ဗဏီတစ်ခု၏ အရောင်းမြှင့်တင်ရေးအစီအစဉ်တစ်ခု

မကြာမီကလည်း ပြည်တွင်းတွင် ထုတ်လုပ်၍ရောင်းချလျက်ရှိသည့် အဝတ်အထည်ကုမ္ဗဏီတစ်ခုမှ ယင်း၏တီရှပ်တစ်ထည်ဝယ်ယူသူတိုင်းကို နာမည်ကျော်အဆိုတော် ဇော်ဝင်းထွန်း၏ အသစ်ထွက်ရှိမည့် စီးရီးသစ် Tape တစ်ခွေကို အခမဲ့ရရှိနိုင်မည့် အစီအစဉ်တစ်ရပ်ကို ကြေညာထားရာ အရောင်းမြှင့်တင်ရေးအစီအစဉ်များ၏ အနေအထားမှာ စားသုံးသူကို ပိုမိုဆွဲဆောင်နိုင်သည့်အစီအစဉ်များ အချိန်ကိုက်ဆောင်ရွက်လာကြခြင်းဖြစ်သည်။

အဆိုပါ အဝတ်အထည်ကုမ္ဗဏီ၏ အရောင်းမြှင့်တင်ရေးအစီအစဉ်မှာ စီးရီးခွေထွက်ချိန်နှင့် အချိန်ကိုက်၍ တစ်လအတွင်းသာဟု ကြေညာဆောင်ရွက်ခဲ့ရာ ယင်းအစီအစဉ်မှာလည်း စားသုံးသူအတွက် ဝန်ဆောင်မှုရမည့် အခွင့်အလမ်းပိုလာသည်ဟု ဆိုနိုင်ကြောင်း စီးပွားရေးကျွမ်းကျင်သူတစ်ဦးက ဆိုသည်။

"တီရှပ်နဲ့သီချင်းခွေတွဲရောင်းတယ်ဆိုတာကတော့ အဓိကအားဖြင့် ကိုယ့်ကုန်ပစ္စည်းဈေးကွက်ရှိရာ ပရိသတ် သီးခြားပစ်မှတ်ထားဆောင်ရွက်တာဖြစ်တယ်။ ဒီနှစ်ခုက အမျိုးအစားမတူပေမယ့် လူငယ်အများစုအသုံးများတဲ့ ကုန်ပစ္စည်း အမျိုးအစားတွေဖြစ်တယ်။ တီရှပ်ဝတ်သူနဲ့ Rock အဆိုတော်ရဲ့ သီချင်းခွေကို တွဲဖက်ပြီး နှစ်ခုစလုံးအတွက် အပြန်အလှန်ထောက်ပံ့ထားတဲ့ အနေအထားနဲ့ ဈေးကွက်ကို ထိုးဖောက်တာဖြစ်လို့ ထူးခြားတဲ့ အရောင်းမြှင့်တင်ရေးအစီအစဉ်လို့ ပြောလို့ရပါတယ်။ အဓိကအချက်ကတော့ Rock အဆိုတော်ရဲ့ စီးရီးသစ်ထွက်လာချိန်မှာ အချိန်ကိုက်ကုန်ပစ္စည်းနဲ့တွဲပြီး ထိုးဖောက်တာဖြစ်လို့ သုံးသပ်ရရင် ကုန်ပစ္စည်းနှစ်ခုစလုံးရဲ့ ဈေးကွက်ကို ဒီအစီအစဉ်က ချဲ့ထွင်သွားတယ်လို့ ပြောလို့ရတယ်" ဟု အဆင့်မြင့် မင်္ဂလာဈေးမှ ဦးအောင်အောင်က သူ၏ အမြင်ကို ရှင်းပြသည်။

ဈေးကွက်ဝင်အရောင်းမြှင့်တင်ရာတွင် သမားရိုးကျကံစမ်းမဲအစီအစဉ်များ ထက် မိမိကုန်ပစ္စည်း၏ ဈေးကွက်ပစ်မှတ်ကို အတိအကျသတ်မှတ်နိုင်ရန် စားသုံးသူ၏အမှန်တကယ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သော အရောင်းမြှင့်တင်ရေးအစီအစဉ် အထူးသဖြင့် ထုတ်လုပ်ရောင်းချသူအတွက်လည်း ရောင်းအားတက်၊ သုံးစွဲသူအတွက်လည်း အကျိုးရှိတဲ့ ဝန်ဆောင်မှုရတဲ့ နှစ်ဦးနိုင် Win-Win အရောင်းမြှင့်တင်ရေးအစီအစဉ်ကသာ စီးပွားရေးလုပ်ငန်းများအတွက် အားသာမည်ဖြစ်သည်။

ကုန်ပစ္စည်းအရောင်းမြှင့်တင်ရေးအစီအစဉ်များကို စားသုံးသူများက ယုံကြည်မှုဖြင့် ရွေးချယ်ကြခြင်းဖြစ်ရာ ထုတ်

www.foreverspace.com.mm

လုပ်သူမှ ဆောင်ရွက်မည်ဟု ကြေညာပြီးမှ အမှန်တကယ် မဆောင်ရွက်လျှင် ရေရှည်တွင် စားသုံးသူက အဆိုပါ ကုန်ပစ္စည်းကို မရွေးချယ်ဘဲ အခြားကုန်ပစ္စည်းကိုသာ ရွေးချယ်သွားမည်ဖြစ်ရာ မိမိ တကယ်ဆောင်ရွက်နိုင်သည့် အနေအထားဖြင့်သာ အရောင်းမြှင့်တင်ရေးအစီအစဉ်များ ဆောင်ရွက်သင့်ကြောင်း စီးပွားရေး ကျွမ်းကျင်သူများက အကြံပေးထားသည်။

အသည်းရောင်ဘီရောဂါဖြစ်ပွားမှု အများဆုံးအုပ်စုတွင် ကျန်းမာရေးဝန်ထမ်းများ ပါဝင်

ဒေါက်တာခင်မောင်ဝင်း

ရန်ကုန်၊ ဧနှစ်ဝါရီ ၇

မြန်မာနိုင်ငံတွင် အသည်းရောင်ဘီရောဂါဖြစ်ပွားမှု အများဆုံးရှိသော အုပ်စုများတွင် ကျန်းမာရေးဝန်ထမ်းများ ပါဝင်နေသည်ဟု အသည်းရောဂါ အထူးကုဆရာဝန်ကြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး အသည်းရောဂါဌာနမှူး ဒေါက်တာခင်မောင်ဝင်းက ပြောကြားသည်။

ထိုသို့ ဆရာဝန်၊ သူနာပြုဆရာမ၊ ဆေးဘက်ဆိုင်ရာ နည်းပညာရှင်၊ အထွေထွေလုပ်သား စသော ကျန်းမာရေးဝန်ထမ်းများသည် အသည်းရောင် ဘီရောဂါဖြစ်ပွားမှု များပြားရခြင်းမှာ လူနာများနှင့် ဆက်ဆံရာတွင် ဆေးပစ္စည်းကိရိယာများကို စနစ်တကျ မသုံးစွဲခြင်း၊ လက်အိတ်ကဲ့သို့ ကာကွယ်မှုကိရိယာများကို မသုံးစွဲခြင်းနှင့် ကျန်းမာရေးဝန်ထမ်းများ ဖြစ်လင့်ကစား အသည်းရောင်ဘီရောဂါကာကွယ်ဆေးကို ကြိုတင်မထိုးထားခြင်းတို့ကြောင့်ဖြစ်သည်ဟု ၎င်းက ဆိုသည်။

ကျန်းမာရေးဝန်ထမ်းများတွင် အသည်းရောင်အသားဝါဘီရောဂါ ကာကွယ်ဆေးထိုးမှု နည်းပါးနေပြီး ရန်ကုန်ဆေးရုံကြီး အသည်းရောဂါဌာနတွင် လက်တွေ့လာရောက်ဆင်းကြသော သူနာပြုတက္ကသိုလ်မှ သင်တန်းသူများ၏ ၉၀ ရာခိုင်နှုန်းသည် ကာကွယ်ဆေးထိုးထားခြင်းမရှိဟု ဒေါက်တာခင်မောင်ဝင်းက ထပ်လောင်း ပြောကြားသည်။

မြန်မာနိုင်ငံတွင် အသည်းရောင်ဘီရောဂါ စမ်းသပ်ကိရိယာများကို ၁၉၈၈ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ ကုလသမဂ္ဂဖွံ့ဖြိုးအစီအစဉ်တို့၏ ပံ့ပိုးမှုဖြင့် ပြည်တွင်း၌ ထုတ်လုပ်နိုင်ခဲ့ပြီး ၁၉၉၃ ခုနှစ်တွင် သွေးရည်ကြည်မှ အသည်းရောင်ဘီရောဂါကာကွယ်ဆေးကို စမ်းသပ်ထုတ်လုပ်နိုင်ခဲ့သည်။

■

အိန္ဒိယသမ္မတ အပ်ဒျုလ်ကလမ် မတ်လတွင် မြန်မာနိုင်ငံသို့ လာရောက်မည်

စင်ကာပူ၊ ဖေဖော်ဝါရီ ၁



အိန္ဒိယနိုင်ငံသမ္မတ အေပီဂျေ အပ်ဒျုလ်ကလမ်သည် မတ်လဒုတိယပတ်အတွင်း မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်မည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံအခြေစိုက် CNA (Channel News Asia) သတင်းတစ်ရပ်အရ သိရသည်။

၎င်းသည် သမ္မတရာထူးရယူခဲ့သည့် ၂၀၀၂ ခုနှစ် ဇူလိုင်လမှစ၍ အိမ်နီးချင်းနိုင်ငံများအနက် မြန်မာနိုင်ငံသို့ ပထမဆုံး လာရောက်ခြင်းဖြစ်သည်။ ယခုကဲ့သို့ အိန္ဒိယထိပ်တန်းခေါင်းဆောင်တစ်ဦး မြန်မာနိုင်ငံသို့ လာရောက်ခြင်းသည် ၁၉ နှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ်ပြီး လွန်ခဲ့သော ၁၉၈၇ ခုနှစ် ဒီဇင်ဘာလတွင် အိန္ဒိယဝန်ကြီးချုပ်ဟောင်း ရာဂျစ်ဂန္ဓီ လာရောက်လည်ပတ်ခဲ့သည်။

မြန်မာ–အိန္ဒိယနှစ်နိုင်ငံအကြား မကြာသေးမီနှစ်များအတွင်း အစိုးရထိပ်သီးခရီးစဉ်များ အပြန်အလှန်ရှိခဲ့သည်။ ၂၀၀၃ခုနှစ် နိုဝင်ဘာလအတွင်းက အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ B.S Sheknawat ရန်ကုန်မြို့သို့လာရောက်ခဲ့ပြီး တစ်နှစ်ကြာ ၂၀၀၄ ခုနှစ် အောက်တိုဘာလတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယနိုင်ငံသို့ သွားရောက်ခဲ့သည်။

www.foreverspace.com.mm

CMP အသင်းမှ တာဝန်ယူပါက နယ်စပ်မှ ကုန်ကြမ်းတင်သွင်းနိုင်

ရန်ကုန်၊ ဧန်နဝါရီ ၁၈

မြန်မာနိုင်ငံ CMP (Cutting Manufacturing and Packaging) လုပ်ငန်းရှင်များအသင်းမှ CMP စနစ်ဖြင့် တင်သွင်းလာသည့် ကုန်ပစ္စည်းများအပေါ် တရားမဝင်ပစ္စည်းများ ရောနှောတင်သွင်းခြင်းမရှိကြောင်း တာဝန်ယူမည်ဆိုပါက နယ်စပ်မှ CMP ကုန်ကြမ်းပစ္စည်းများ တင်သွင်းနိုင်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှူးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဦးက Living Color သို့ ပြောကြားသည်။

ပြီးခဲ့သည့် ဧန်နဝါရီလ ၁၃ ရက်နေ့က အဆိုပါဝန်ကြီးဌာနတွင် ကျင်းပပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲ၌ CMP လုပ်ငန်းများတွက် နယ်စပ်မှ ကုန်ကြမ်းတင်သွင်းနေမှု ပိတ်ပင်ထားသည်ဆိုသည့်သတင်းအပေါ် မေးမြန်းခဲ့ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က ယင်းကဲ့သို့ ဖြေကြားခြင်းဖြစ်သည်။

ရန်ကုန်ဆိပ်ကမ်းသို့ CMP စနစ်ဖြင့် တင်သွင်းလာသော CMP အထည်အလိပ်ကုန်ပစ္စည်းများတွင် အထည်အလိပ်သာမက ကိုကာကိုလာကဲ့သို့ အချိုရည်များကို ရောနှောတင်သွင်းသည်ကို မကြာခဏ စစ်ဆေးတွေ့ရှိနေကြောင်းလည်း အကောက်ခွန်ဦးစီးဌာနမှ အရာထမ်းတစ်ဦးထံက စုံစမ်းသိရှိရသည်။

နယ်စပ်မှတစ်ဆင့် CMP စနစ်ဖြင့် တင်သွင်းမှုသည် ကုန်ကျစရိတ်သက်သာပြီး မြန်ဆန်ထိရောက်မှုရှိသော်လည်း လုပ်ငန်းရှင်များက တရားမဝင်ကုန်ပစ္စည်းရောနှောတင်ပို့နေကြကြောင်းနှင့် CMP အသင်းမှလည်း နယ်စပ်မှ ကုန်ပစ္စည်းတင်သွင်းလာသူများကို တာဝန်ယူထောက်ခံနိုင်ခြင်းမရှိသည့်အတွက် အဆိုပါစနစ်မှာ ပိတ်ပင်ထားသကဲ့သို့ ရပ်ဆိုင်းနေခြင်းဖြစ်ကြောင်းလည်း ဦးမျိုးဦးက ဆိုသည်။

Associated News

ကျိုချက်ထားသောနွားနို့ထက် ပေါင်းခံထားသောနွားနို့မှာ ကျန်းမာရေးအတွက် ပိုမိုအထောက်အကူပြု

သတင်းဆောင်းပါး – ကျော်ဆန်းမင်း ၊ ၂၂-၁-၀၆

ကျိုချက်ထားသောနွားနို့မှာ အပူကြောင့် အာဟာရဓာတ်များပျက်စီးသွားသဖြင့် ပေါင်းခံထားသောနွားနို့ကသာ ကျန်းမာရေးအတွက် အာဟာရဓာတ်ပိုမိုရရှိစေကြောင်း နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ရောင်းချသူများအသင်း အတွင်းရေးမှူး ဒေါက်တာခင်လှိုင်က ဧန်နဝါရီလ ၂၂ ရက်နေ့တွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ကျင်းပ သော ဆဋ္ဌမအကြိမ်မြောက် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး၌ ပြောကြားသည်။

မြန်မာနိုင်ငံသားများသည် နွားနို့ နေ့စဉ်သောက်သုံးသော အလေ့အထမရှိကြောင်း၊ နွားနို့ကို နေ့စဉ်သောက်သုံးခြင်းဖြင့် ကလေးသူငယ်နှင့် ကျောင်းသူကျောင်းသားများ၏ ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးစေပြီး ဉာဏ်ရည်တိုးတက်စေကြောင်း ၎င်းကဆိုသည်။

နွားနို့သောက်သုံးမှုမှာ ယခုနောက်ပိုင်းနှစ်များတွင် ပိုမိုလာကြောင်း တစ်နှစ်ထက်တစ်နှစ် တိုးတက်လာသော နို့ထုတ်လုပ်မှုများကိုကြည့်ခြင်းဖြင့် သိနိုင်သည်။ ရန်ကုန်မြို့တွင် နို့သောက်သုံးမှုတိုးတက်လျက်ရှိကြောင်း ရန်ကုန်ဈေးကွက်အတွင်းသို့ ဝင်ရောက်လာသော နို့နှင့် နို့ထွက်ပစ္စည်းတံဆိပ်အမျိုးမျိုးက ဖော်ပြနေသည်။

ရန်ကုန်မြို့တွင် နွားနို့ကို တစ်ခါသုံးပုလင်းနှင့် ဘူးများဖြင့်ထုတ်လုပ်ရောင်းချရုံသာမက လက်ဖက်ရည်ဆိုင်များတွင်ကျိုချက်၍လည်းကောင်း၊ အအေးခံ၍လည်းကောင်း ရောင်းချကြသော်လည်း အာဟာရဓာတ်နှင့်ပြည့်စုံ၍ ကျန်းမာရေးနှင့်ညီညွတ်သော လတ်လတ်ဆတ်ဆတ် နွားနို့များကိုမူ ရရှိရန်မလွယ်ကူကြောင်း နွားနို့သောက်သုံးသူတစ်ဦးကဆိုသည်။

နွားနို့သောက်သုံးသူ တိုးတက်များပြားလာသည်နှင့်အမျှ နွားနို့ကိုအစိမ်းသက်သက်အပြင် အသင့်သောက်သုံးနိုင်ရန်ပါ ပြုပြင်ထုတ်လုပ်ရောင်းချခဲ့ကြပြီး ယခုအခါ အသင့်သောက်သုံးနိုင်သည့် နွားနို့ဈေးကွက်သို့ ပိုးသတ်ပြီးနို့နှင့် ပေါင်းတင်

www.foreverspace.com.mm

ပေါင်းခံထားသော တစ်ခါသုံးနွားနို့ပုလင်းနှင့်ဘူးများ

ပြီးနို့များ ကျယ်ပြန့်စွာဝင်ရောက်လျက်ရှိသည်။

ပိုးသတ်ပြီးနို့မှာ နွားနို့အစိမ်းကို တိုက်ရိုက်အပူပေးခြင်းဖြစ်၍ နွားနို့တွင်ပါရှိသော ဘက်တီးရီးယားပိုးများအားလုံးကို သေကြေပျက်စီးစေပြီး နွားနို့အရသာ ပြောင်းလဲခြင်း၊ နို့တွင်ပါဝင်သော အာဟာရဓာတ်များ ပျက်စီးခြင်းတို့ ဖြစ်စေသည်။

ပေါင်းတင်ပြီးနို့မှာ နွားနို့တွင်ပါဝင်သော အာဟာရဓာတ်များမပျက်စေဘဲ လူကိုအန္တရာယ်ပေးသည့် ပိုးမွှားများကို သာသေကြေအောင် လုံလောက်သောအပူပေးခြင်းဖြင့် ထုတ်လုပ်ထားသဖြင့် နွားနို့၏ ပင်ကိုယ်အနံ့နှင့် အရသာကို မပျောက်ပျက်၊ မပြောင်းလဲစေဘဲ ပါဝင်သော အာဟာရဓာတ်များလည်း ပျက်စီးခြင်း မရှိနိုင်ကြောင်း သိရသည်။ ပေါင်းတင်သည့် နွားနို့မှာ နို့ကို အပူနှင့် တိုက်ရိုက်မထိတွေ့စေဘဲ အပူချိန် ၇၀ ဒီဂရီစင်တီဂရိတ် ရှိသော ရေနွေးငွေ့နှင့် မိနစ် ၂၀ ကြာအောင် အပူပေးထားခြင်း ဖြစ်သည်။

ရန်ကုန်မြို့တွင် ပေါင်းတင်ပြီး နွားနို့ဘူးများထုတ်လုပ်ရန်အတွက် နေ့စဉ် နွားနို့ပိသာချိန် ၃၀၀၀ ကျော် အသုံးပြုနေရသည်ကိုကြည့်ခြင်းအားဖြင့် ပေါင်းတင်ထားသော နွားနို့ဈေးကွက်မှာ အတိုင်းအတာတစ်ခုထိ တွင်ကျယ်နေကြောင်း မှန်းဆနိုင်သည်။

မန္တလေးအပါအဝင် ကျန်ဒေသများရှိ နွားနို့ထုတ်လုပ်သူများမှာ ပေါင်းတင်ပြီးနို့ကို ဒေသအလိုက် တစ်နိုင်တစ်ပိုင် ထုတ်လုပ်ကြလျှင် တစ်နိုင်ငံလုံးတွင် ပေါင်းတင်ပြီးနို့ဈေးကွက် ကျယ်ပြန့်လာပြီး ပြည်သူများ၏ကျန်းမာရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်နိုင်လိမ့်မည်ဖြစ်ပြီး နွားမွေးမြူရေးလုပ်ငန်းမှာလည်း ဒေသအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်း နို့စားနွားမွေးမြူရေးနှင့် နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်ရောင်းချသူများအသင်း အတွင်းရေးမှူးဒေါက်တာခင်လှိုင်က ဆိုသည်။

နယ်ဒေသများမှ နို့လုပ်ငန်းလုပ်ကိုင်နေသူများကို ပေါင်းတင်ပြီးနို့ ထုတ်လုပ်သည့် နည်းပညာရရှိစေရေးအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့ပူးပေါင်း၍ စာတွေ့လက်တွေ့ သင်တန်းများပေးလျက်ရှိကြောင်း၊ သင်တန်းသားများ ရန်ကုန်ဈေးကွက်တွင် အောင်မြင်စွာထုတ်လုပ်ဖြန့်ဖြူးနေသော နို့လုပ်ငန်းများတွင် လေ့လာစေကြောင်း ၎င်းကဆိုသည်။

ကွတ်ခိုင်သို့ ဆန်တစ်အိတ် သယ်ဆောင်ခ ၃၀၀၀ ကျပ် ရရှိ

ကွတ်ခိုင်၊ ဧန်နဝါရီ ၁၉

ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့သို့ ဆိုင်ကယ်ဖြင့်ဆန်အိတ်တင်ဆောင်လျက်ရှိကြရာ ဆန်တစ်အိတ်လျှင် သယ်ဆောင်ခ ကျပ် ၃၀၀၀ အထိ ရရှိကြကြောင်း ဒေသခံတစ်ဦးဖြစ်သူဦးစိုးရန်နိုင်က Living Color သို့ ဧန်နဝါရီလ ၃တိယပတ်အတွင်း ပြောကြားသည်။ ဆန်အိတ်သယ်ဆောင်သူများသည် ဆိုင်ကယ်တစ်စီးလျှင် ဆန်အိတ်သုံးအိတ်ခန့် တင်ဆောင်နိုင်ကြကြောင်း၊ ကွတ်ခိုင်မြို့တွင် ဆန်တစ်ပြည်လျှင် အနည်းဆုံး ၆၅၀ ကျပ်မှ ၈၅၀ ကျပ်အထိရှိ၍ ဒေသထွက်ဆန်ကိုပင် ၈၀၀ ကျပ်ဖြင့် ဝယ်ယူ စားသုံးနေရကြောင်း ၎င်းထံမှ သိရသည်။ မန္တလေးလားရှိုးလမ်းမပေါ်ရှိ ပြင်ဦးလွင်မြို့အနီး ၂၄ မိုင်ဂိတ်မှ ကျော်၍ နယ်စပ်သို့ ဆန်တင်ပို့ခွင့်မရှိသဖြင့် ဆန်အိတ်များကို ယခုကဲ့သို့ ဆိုင်ကယ်များဖြင့် သယ်ဆောင်နေကြရကြောင်း ဒေသခံများက ဆိုသည်။

ယခုအခါ ရန်ကုန်မြို့ရှိ ဟိုတယ်

မြန်မာနိုင်ငံတွင် လက်ဖက်ရည်နှင့် ကော်ဖီဆိုင်များ၌ ဘူးနို့ဆီကိုသာအဓိက အသုံးပြုနေကြသည်။ ဘူးနို့ဆီမှာ ရေပါဝင်မှု ၂၅ ရာခိုင်နှုန်းအထိ လျှော့ချထားသဖြင့် အရသာအားဖြင့် ထူးခြားမှုရှိသော်လည်း လတ်ဆတ်မှုအရသာကို ခံစားနိုင်ခြင်းမရှိသည့်အပြင် ဘူးနို့ဆီအများစုမှာ နွားနို့မှ ရသည့်အဆီကိုအသုံးမပြုဘဲ အဆီထုတ်ပြီးနို့မှုန့်နှင့် သစ်သီးဝလံမှရသောအဆီကို အသုံးပြုခြင်းကြောင့် နွားနို့၏အဆီအနှစ် အရသာမရှိတော့ကြောင်း ဒေါက်တာခင်လှိုင်က ဆက်လက်ပြောကြားသည်။

www.foreverspace.com.mm

နှင့် စားသောက်ဆိုင်များ၊ နာမည်ရပြီး သောလက်ဖက်ရည်ဆိုင်ကြီးများတွင် လက်ဖက်ရည်၊ ကော်ဖီဖျော်ရာ၌ ပေါင်းတင်ပြီးနို့ကိုသုံးခြင်းအားဖြင့် စားသုံးသူကို ပိုမိုဆွဲဆောင်နိုင်ကြောင်း တွေ့ရသည်။

ပေါင်းတင်ပြီးနို့ထုတ်လုပ်ခြင်းသည် အခြားနို့ထွက်ပစ္စည်းထုတ်လုပ်ခြင်းထက် အရင်းအနှီးနည်းပါးပြီး တစ်နိုင်တစ်ပိုင် ထုတ်လုပ်နိုင်သည့်အပြင် နွားနို့ကုန်ကြမ်းအတိုင်း ရောင်းချခြင်းထက် ဝင်ငွေပိုမိုရရှိစေနိုင်ကြောင်း ပေါင်းတင်ပြီးနို့ထုတ်လုပ်ရောင်းချသူတစ်ဦးက ဆိုသည်။

နို့သောက်သုံးသူများအတွက် အာဟာရဖြစ်စေပြီး ကျန်းမာရေးနှင့်ညီညွတ်သော ပေါင်းတင်ပြီးနို့ကို ပိုမိုတိုးတက်ထုတ်လုပ်ရန်လိုကြောင်း၊ လက်ဖက်ရည်ဆိုင်များအနေနှင့် ဘူးနို့ဆီများ အသုံးပြုခြင်းထက် ပေါင်းတင်ပြီးနို့ကို အသုံးပြုပါက စားသုံးသူကို ပိုမိုဆွဲဆောင်စေနိုင်မည်ဖြစ်ကြောင်း ပေါင်းတင်ပြီးနို့ သောက်သုံးသူတစ်ဦးက ဆိုသည်။ မြန်မာနိုင်ငံတွင် ၁၉၅၅ ခုနှစ်ကပင် မြေယာကျေးလက်ကြီးပွားတိုးတက်ရေး ကော်ပိုရေးရှင်းလက်အောက်၌ (၉) မိုင် နို့ချက်စက်ရုံကိုတည်ထောင်၍ ပိုးသတ်ပြီး နို့ပုလင်းများထုတ်လုပ်ဖြန့်ဖြူးခဲ့ပြီး Rangoon Dairy မှလည်း ပေါင်းတင်ပြီးနို့ဘူးများ ထုတ်လုပ်ပြီး ဖြန့်ဖြူးခဲ့သည်။

WALCO Ltd. သည် အသင့်သောက်သုံးနိုင်သည့် နို့ပုလင်းဈေးကွက်ကို ဖြည့်ဆည်းသည့်အနေနှင့် ပိုးသတ်ပြီးနို့ပုလင်းနှင့် ပေါင်းတင်ပြီးနို့ဘူးများကို ၁၉၉၅ ခုနှစ်မှစ၍ ထုတ်လုပ်ဖြန့်ဖြူးခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် FUNHWA နွားနို့လုပ်ငန်းမှ ပေါင်းတင်ပြီးနို့ဘူးများ ထုတ်လုပ်ခဲ့သည်။

၁၉၉၉ ခုနှစ်တွင် နိုင်ငံပိုင် ပျဉ်းမပင်နို့စားနွားခြံမှ ပေါင်းတင်ပြီးနို့ဘူးများ ထုတ်ခဲ့ပြီး၊ ယခုအခါ အသင့်သောက်သုံးနိုင်သော နို့ဘူးဈေးကွက်သို့ ရွှေပုစွန်၊ TM၊ Milky Way စသည်ဖြင့် အမှတ်တံဆိပ်မျိုးစုံ ဝင်ရောက်ဖြန့်ဖြူးလျက်ရှိသည်။

ပေါင်းတင်ပြီးနို့နှင့် UHT နို့တို့၏ ထုတ်လုပ်ပုံအဆင့်ဆင့်ကို နှိုင်းယှဉ်တင်ပြခြင်း



*** ပေါင်းတင်ပြီးနို့ (Pasteurized Milk) ၏ အားသာချက်များ**

၁။ လူကို ဘေးအန္တရာယ်ဖြစ်စေသောပိုးမွှားများ မပါဝင်တော့ပါ။
၂။ နွားနို့၏ ပင်ကိုယ်အနံ့နှင့် အရသာ ပြောင်းလဲမှုမရှိပါ။
၃။ နွားနို့တွင် ပါဝင်သောအာဟာရဓာတ်များ ပျက်စီးမှုမရှိပါ။
၄။ ထုတ်လုပ်မှုနည်းစဉ် လွယ်ကူသည်။
၅။ ထုတ်လုပ်ပြီးပစ္စည်း၏တန်ဖိုး သက်သာသည်။

*** ပေါင်းတင်ပြီးနို့ (Pasteurized Milk) ၏ အားနည်းချက်များ**

၁။ အအေးသေတ္တာဖြင့် သိုလှောင်ထားရသည်။
၂။ သက်တမ်း သုံးရက်မှ ခုနစ်ရက်သာ အထားခံသည်။

www.foreverspace.com.mm

ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် ADSL များ လျှောက်ထားနိုင်

ရန်ကုန်၊ ဇန်နဝါရီ ၂၀

မြန်မာနိုင်ငံသားများ ဂလိုဘယ်ကွန်ရက်ထဲတွင် ဝင်ဆံ့နိုင်သော ADSL (Asymmetric Digital Subscriber Line) အင်တာနက်စနစ်များကို ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် တပ်ဆင်နိုင်ရန် ယခုလ ၁၆ ရက်နေ့မှစတင်၍ ရန်ကုန်နှင့် မန္တလေးမြို့များရှိ ADSL အရောင်းစင်တာများတွင် လျှောက်ထားနိုင်ကြောင်း Myanmar Teleport၏ Bagan Net Website ပေါ်တွင် တရားဝင် ထုတ်ပြန်ကြေညာထားသည်။

ADSL လျှောက်ထားမည့်သူများသည် ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အတွင်းနေထိုင်ကြောင်း ရပ်ကွက် ရ.ယ.က ရုံးထောက်ခံချက်နှင့် မှတ်ပုံတင်တို့အပြင် ပါတီနိုင်ငံရေးကင်းရှင်းကြောင်း ကိုယ်တိုင်ဝန်ခံချက်ပေးရမည်ဟု Myanmar Teleport မှ အရာထမ်းတစ်ဦးက ဆိုသည်။ ADSL ကို တပ်ဆင်မည်ဆိုပါက ကနဦးတပ်ဆင်ခ FEC 610 ပေးသွင်းရမည်ဖြစ်ကြောင်း၊ တယ်လီဖုန်းပြောဆိုမှု (Voice)ပါ ထပ်မံယူဆောင်မည်ဆိုပါက FEC 110နှင့် Micronet ကို မြန်မာကျပ်ငွေ ၃၈၀,၀၀၀ ကျပ်ဖြင့် ဝယ်ယူရမည်ဖြစ်ကြောင်း အဆိုပါအရောင်းစင်တာမှ သိရှိရသည်။ ADSL ကို ဒစ်ဂျစ်တယ်တယ်လီဖုန်း (ကြိုးဖုန်း) လိုင်းရှိမှသာ အသုံးပြု၍ရသော်လည်း ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်နှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် အချို့တွင် သုံးစွဲတပ်ဆင်ရန် အဆင်မပြေကြောင်း Myanmar Teleport မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

NEW PLAN	MONTHLY FEE (FEC)	FREE e-mail (Accounts)	MAX ATTACHED DEVICES	SPEED (MIR)	DATA LIMIT (MB)
Consumer (Data Only)	35	1	1 PC	128	400
Consumer	45	1	1 PC + 1 VoIP	128	400
Enterprise	75	3	4 PC + 1 VoIP	256	2,000
Corporate	130	25	12 PC + 2 VoIP	512	10,000
VPN	100	-	-	512	10,000

Online မှ အလုပ်ရှာဖွေမှု မြန်မာနိုင်ငံတွင် အစပြုဆောင်ရွက်

သတင်းဆောင်းပါး – သစ်ထွဋ်၊ ၅-၂-၀၆

လူ အများစုအတွက် အလုပ်အကိုင်ကောင်းရရှိရေးမှာ အရေးပါသောလိုအပ်ချက်တစ်ခုအသွင်ရောက်ရှိနေရာ အလုပ်ရရှိရေးအတွက် ရှာဖွေရာတွင် IT နည်းပညာများ၏ ကူညီပံ့ပိုးမှုဖြင့် နိုင်ငံတကာတွင် ဆောင်ရွက်မှုများလာသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း Online မှ အလုပ်ရှာဖွေမှုမှာ အစပြုလာသည့်အနေအထားသို့ ရောက်ရှိလာကြောင်း ECHO ရန်ကုန်ရုံးခွဲအတွက် Online မှ အလုပ်လျှောက်ထားခဲ့သူ ဒေါ်သီတာက ပြောကြားသည်။

မြန်မာနိုင်ငံတွင် Online ပေါ်မှ အလုပ်ရှာဖွေရေးကို ကုမ္ပဏီတစ်ခုက ၂၀၀၅ ခုနှစ် နှစ်ဆန်းပိုင်းမှစတင်ခဲ့ရာ ယခုလက်ရှိ ယင်းကုမ္ပဏီထံတွင် အလုပ်ရယူရန် မှတ်ပုံတင်ထားသူ ၂၀၀၀ ဦးနှင့် ကိုယ်ရေးမှတ်တမ်း(CV)တင်ထားသူ ၇၀၀ ဦးခန့်ရှိကြောင်း၊ Asian Job Bus.com (AJB) မှ ဦးဇော်သက်ဖေက ပြောကြားသည်။ Online လျှောက်ထားခြင်းဆိုသည်မှာ လျှောက်ထားသူများ၏ ကိုယ်ရေးအချက်အလက်များကို Data Base တစ်ခုထူထောင်၍ Web တွင် တင်ထားခြင်းဖြစ်ရာ အလုပ်ခေါ်ယူလိုသူများအနေဖြင့် မိမိကုမ္ပဏီနှင့်သင့်လျော်သည့်ဝန်ထမ်းကို စိတ်ကြိုက်ရွေးချယ်နိုင်ခြင်း ဖြစ်သည်။

"Online လျှောက်ထားတယ်ဆိုတာက အလုပ်ရှင်နဲ့အလုပ်သမားအကြားလျင်မြန်စွာဆက်သွယ်ထိတွေ့နိုင်တဲ့အကျိုးကျေးဇူးရပါတယ်။ အလုပ်ရှင်အနေနဲ့သတင်းစာထဲမှာ အလုပ်ကြော်ငြာထည့်ရတဲ့ ကုန်ကျစရိတ်တွေကို လျှော့ချနိုင်သလို အလုပ်ရှာဖွေသူဘက်ကလည်း ကုမ္ပဏီအများကြီးကို CV လိုက်တင်ရတဲ့အခက်အခဲက တစ်နည်းတစ်ဖုံ လွတ်မြောက်နိုင်တယ်လို့ ပြောလို့ရပါတယ်။ မိနစ်ပိုင်းအတွင်း ကုမ္ပဏီနဲ့အလုပ်သမားကြားထဲက တွေ့ဆုံဖို့ လုပ်ရတဲ့ အဆင့်ဆင့်တွေကို ဒီ Online

www.foreverspace.com.mm

ဆိတ်တန်ချိန် ၂၀၀ ကျော် ဆော်ဒီအာရေးဘီးယားသို့ တင်ပို့မည်

ရန်ကုန်၊ ဧန်နဝါရီ ၂၅

မြန်မာနိုင်ငံမှ ပြည်ပသို့ ဆိတ်များ တင်ပို့လျက်ရှိရာတွင် ဈေးကွက်အသစ်ဖြစ်သော အရှေ့အလယ်ပိုင်းဒေသရှိ ဆော်ဒီအာရေးဘီးယားနိုင်ငံသို့ ဆိတ်တန်ချိန် ၂၀၀ ကျော်ခန့် တင်ပို့နိုင်ရန် ပြည်တွင်းကုမ္ဗဏီတစ်ခုက စီစဉ်လျက်ရှိကြောင်း ဆိတ်မွေးမြူရေးလုပ်ငန်းရှင်အချို့က ပြောကြားသည်။

ယင်းသို့တင်ပို့ရာတွင် ဈေးကွက်အသစ်ဖြစ်သောကြောင့် ပထမဦးဆုံးအနေဖြင့် ဆိတ်များကို အရှင်တင်ပို့မည်ဖြစ်ပြီး တန်ချိန် ၂၀ ခန့် တင်ပို့ရန် အစီအစဉ်ရှိကြောင်း ၎င်းတို့က ဆိုသည်။

ယခင်က မြန်မာနိုင်ငံမှ ဆိတ်များကို မလေးရှားနှင့် ထိုင်းနိုင်ငံသို့ နှစ်စဉ် တင်ပို့ခဲ့ရပြီး လက်ရှိမြန်မာနိုင်ငံတွင် သိုး၊ ဆိတ်ကောင်ရေ နှစ်သန်းခန့်ရှိ၍ ပြည်တွင်းစားသုံးမှုအတွက် လုံလောက်သည့်အပြင် ပြည်ပသို့တင်ပို့မှုသည်လည်း ပြည်တွင်းစားသုံးမှုအားထိခိုက်မှုရှိမည်မဟုတ်ကြောင်း ပြည်တွင်း ဆိတ်မွေးမြူရေးလုပ်ငန်းရှင်အချို့၏ သုံးသပ်ချက်အရ သိရသည်။

အသုံးပြုလျှောက်ထားခြင်းက ကျော်လွှားနိုင်မှာပါ"ဟု ဦးဇော်သက်ဖေက ရှင်းပြသည်။

ၔင်းတို့၏ Data Base များကို ကုမ္ဗဏီလုပ်ငန်းရှင်များအနေဖြင့် မိမိခေါ်ယူလိုသောအလုပ်နှင့်သက်ဆိုင်သော လုပ်သက်၊ ပညာအရည်အချင်း၊ အသိအမှတ်ပြုလက်မှတ်များ စသည့်အချက်အလက်များကို Search ပြုလုပ်၍ ရှာဖွေခြင်းဖြင့် Data Base အတွင်းရှိ မိမိအလိုရှိသော အချက်အလက်နှင့်ကိုက်ညီသည့်ဝန်ထမ်းကို ရွေးချယ်နိုင်သောကြောင့် Online အလုပ်လျှောက်ထားခြင်းက အားသာကြောင်း ၔင်း၏အဆိုအရ သိရသည်။ ယင်းတို့၏ Data Base မှ Online စနစ်ဖြင့် အလုပ်ခေါ်ယူမှုကြောင့် အလုပ်ရရှိလုပ်ကိုင်သူများ လည်းရှိနေပြီဖြစ်ကြောင်း ဦးဇော်သက်ဖေက ဆိုသည်။

မြန်မာအလုပ်သမားအများစု သွားရောက်ရန်စိတ်ဝင်စားလျက်ရှိသည့် မလေးရှားနိုင်ငံသို့ ယခုအခါ E-mail ဖြင့် တိုက်ရိုက်အလုပ်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း၊ မလေးရှားလုပ်သားရှာဖွေရေးကုမ္ဗဏီတစ်ခုဖြစ်သည့် Mupra မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်လိုသူများအတွက် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ခဲ့ပြီး E-mail ဖြင့် အလုပ်လျှောက်ထားရန် စိတ်ဝင်စားသူ အများအပြားရှိလာကြောင်း ရန်ကုန်မြို့အခြေစိုက်လုပ်သားရှာဖွေရေးကုမ္ဗဏီများထံမှ သိရှိရသည်။

"အေးဂျင့်မလိုဘဲ E-mail နဲ့ မလေးရှားကို အလုပ်လျှောက်နိုင်တာက အေးဂျင့် Fees သက်သာသလို တကယ်လုပ်ကိုင်ရမယ့်အလုပ်ကို တိတိကျကျမေးမြန်းနိုင်မှာဖြစ်လို့ ပြည်ပထွက်ခွာလုပ်သားတွေအတွက်ကတော့ အလွန်ကောင်းတဲ့အစီအစဉ်ပါ။ ကိုယ်လုပ်ရမယ့်အလုပ်အခြေအနေကိုလည်း လက်တွေ့မေးမြန်းနိုင်လို့ အများက စိတ်ဝင်စားလာတာပါ။ ဒီမှာက Shore Job ပဲဖြစ်ဖြစ်၊ သင်္ဘောသားပဲဖြစ်ဖြစ် တစ်ဆင့်ခံအေးဂျင့်တွေနဲ့ပဲ အလုပ်လုပ်နေကြတာများတယ်။ တကယ်တော့ Internet ထဲကနေ ကိုယ်လုပ်ရမယ့်အလုပ်ကုမ္ဗဏီ၊ အလုပ်အခြေအနေ စတာတွေကို အကုန်မေးမြန်းနိုင်တယ်။ ဒါ့အပြင် သူတို့နိုင်ငံတွေမှာရှိတဲ့ အလုပ်ရှာဖွေရေးကုမ္ဗဏီမှာ မှတ်ပုံတင်တာတို့၊ CV တင်တာတို့ အများကြီးလုပ်လို့ရပါတယ်" ဟု IT ကျွမ်းကျင်သူတစ်ဦးက သုံးသပ်ပြောကြားသည်။

"Online မှာအလုပ်လျှောက်ထားတဲ့ အဓိကအချက်က ကိုယ်တင်ထားတဲ့ ကိုယ်ရေးအချက်အလက်၊ ရရှိထားတဲ့လက်မှတ်စတာတွေကို အပြည့်စုံဆုံးနဲ့ အမှန်ကန်ဆုံးဖြစ်အောင်လုပ်ပြီး တင်ပို့လိုပါတယ်။ ကျွန်တော်တို့က စစ်ဆေးပြီး Data Base ထဲ

www.foreverspace.com.mm

မှာထည့်ဖို့ဆိုတာက လူအများကြီးဆို မလွယ်ပါဘူး။ ကိုယ်တင်ထားတဲ့အချက်အလက်တွေကို ကုမ္ပဏီကကြိုက်လို့ရွေးချယ်တယ်ဆိုရင်လည်း အင်တာဗျူးတို့ ဘာတို့ လုပ်ဦးမှာဆိုတော့ အချက်အလက်တွေမှားနေမယ်ဆိုရင် အချိန်တွေကုန်ပြီး နှစ်ဦးစလုံး အကျိုးရှိမှာမဟုတ်ဘူး" ဟု ဦးဇော်သက်ဖေက အသိပေးပြောကြားသည်။

မကြာသေးမီက ရန်ကုန်မြို့တွင်ဖွင့်လှစ်လိုက်သော ECHO ဥရောပသမဂ္ဂရုံးခွဲတွင် အလုပ်လုပ်ကိုင်ရန် Internet မှတစ်ဆင့် အလုပ်လျှောက်ခဲ့သူတစ်ဦးဖြစ်သူ ခေါ်သီတာက "ကျွန်မ Internet သုံးရင်း ECHO က အလုပ်ခေါ်တာကို Website တစ်ခုမှာတွေ့တာနဲ့ ကျွန်မရဲ့ အချက်အလက်တွေကို အဲဒီ Website ထဲက အလုပ် Form ထဲမှာ ဖြည့်ထားလိုက်တယ်။ နောက် ၆ လကျတော့ ကျွန်မဆီ တယ်လီဖုန်းနဲ့ဆက်သွယ်ပြီး အလုပ်လုပ်ဖို့ အဆင်ပြေသေးလား။ ပြေတယ်ဆိုရင် အင်တာဗျူးလာဖြေပါလို့ ပြောပါတယ်။ ကျွန်မအနေနဲ့ သွားဖြေပေမယ့် အကြောင်းကြောင်းကြောင့် အလုပ်တော့ မလုပ်ဖြစ်ခဲ့ပါဘူး" ဟု ပြောကြားသည်။

"Online က အလုပ်လျှောက်တဲ့အခါမှာ အလုပ်ရှာဖွေရေး Website အများစုက E-mail လိပ်စာနဲ့ တယ်လီဖုန်းနံပါတ်ကို တောင်းလေ့ရှိတယ်။ တချို့ Website တွေက E-mail လိပ်စာမရှိရင် Form တင်လို့မရတာ တွေ့ရတယ်။ Website တွေမှာ ကိုယ့်အရည်အချင်းအလိုက် အလွန်ကောင်းတဲ့ အလုပ်တွေရနိုင်သလို ပုံမှန်ရနိုင်တဲ့ အလုပ်တွေလည်းရနိုင်ပါတယ်"ဟု အလုပ်လျှောက်ထားခဲ့သူတစ်ဦးက ဆိုသည်။

"ကျွန်တော်တို့ AJB မှာက Data Base ထဲမှာတင်ထားတာတွေကို ပြည်ပကလည်း ဝင်ကြည့်လို့ရပါတယ်။ CV တင်ထားတဲ့လူတွေအနေနဲ့ ကိုယ့် CV ကို Update လုပ်ဖို့လိုပါတယ်။ ဒါမှ ကုမ္ပဏီက သူ့အလုပ်နဲ့ကိုက်ညီတဲ့လုပ်သားကို ရွေးချယ်မယ်ဆိုရင် အသင့်ဖြစ်မှာပါ" ဟု ဦးဇော်သက်ဖေက ဆိုသည်။

"IT က အလုပ်ရှင်၊ အလုပ်သမားတွေရဲ့ လုပ်ငန်းတွေကို တစ်ဖက်တစ်လမ်းကနေ ကူညီပေးလိုက်တာလို့ ဒီ Online အလုပ်ရှာဖွေဝန်ဆောင်မှုတွေက ပြသနေပါတယ်။ မြန်မာနိုင်ငံမှာရှိကြတဲ့ လုပ်သားတွေရဲ့ IT ဗဟုသုတနဲ့ အသုံးချမှုနည်းပါးနေတာက အလုပ်ရရှိမှုကို သက်ရောက်စေပါတယ်။ လူအများစုကို IT အသုံးပြုဖို့ အလေ့အကျင့်လုပ်ပေးဖို့ လိုအပ်နေပါတယ်" ဟု ကွန်ပျူတာလုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။

GSM ဖုန်းကို ကံစမ်းမဲဆုအဖြစ် ရုပ်မြင်သံကြားတွင် ပထမဆုံးအကြိမ် ထည့်သွင်းကြော်ငြာ

ရန်ကုန်၊ ဧနီနဝါရီ ၁၁

မြန်မာနိုင်ငံတွင် လူကြိုက်များသော ခေတ်ပေါ်အသုံးအဆောင်ဖြစ်သည့် GSM တယ်လီဖုန်းကို ကံစမ်းမဲဆုအဖြစ် ချီးမြှင့်သွားရန် ယခုရက်ပိုင်းအတွင်း မြဝတီရုပ်သံမှ ထုတ်လွှင့်နေသော Misss ခေါင်းလျှော်ရည်ကြော်ငြာတွင် ထည့်သွင်းကြော်ငြာထားသည်ကို ယခုလပိုင်းအတွင်း တွေ့ရသည်။

အဆိုပါကြော်ငြာအရ Misss ခေါင်းလျှော်ရည် ဝယ်ယူသုံးစွဲမည့်သူများကို ပြန်လည်ပေးအပ်မည့်အစီအစဉ်တွင် အခြားဆုမဲများနှင့်အတူ GSM ဖုန်း နှစ်လုံးကို ကံစမ်းမဲအဖြစ် ပေးအပ်သွားမည်ဟု သိရသည်။ Misss ခေါင်းလျှော်ရည်ကို Power ဓာတ်ခဲနှင့် Relax ခေါင်းလျှော်ရည်ကို ထုတ်လုပ်သည့် ဥရောပအာရှကုမ္ပဏီမှ ထုတ်လုပ်ဖြန့်ချိခြင်းဖြစ်သည်။ အဆိုပါ GSM ဖုန်းကို ကံစမ်းမဲအဖြစ်ပေးခြင်းနှင့်ပတ်သက်၍ တုံ့ပြန်မှုကို မသိရသေးသော်လည်း မကြာသေးခင်က ဂျာနယ်များတွင် GSM ဖုန်းများ ထပ်မံချပေးတော့မည်ဆိုသောသတင်းများကိုလည်း လူအများက စိတ်ဝင်စားနေကြပြီး လျှောက်ထားရယူရန် စိတ်အားထက်သန်နေကြောင်း GSM ဖုန်း လျှောက်ထားရန်ပြင်ဆင်နေသူတစ်ဦးက ပြောကြားသည်။ နိုင်ငံပိုင်သတင်းစာများတွင် ဧနီနဝါရီလ ၃ ရက်နေ့က ဖော်ပြခဲ့သော မြန်မာနိုင်ငံ ပြည်နယ်နှင့်တိုင်းအလိုက် ခေတ်မီဆက်သွယ်ရေးလုပ်ငန်းများ၏ စာရင်းဇယားများအရ ၂၀၀၅ ခုနှစ်အထိ မိုဘိုင်းတယ်လီဖုန်းပေါင်း တစ်သိန်းသုံးသောင်းကျော်ရှိကြောင်း သိရသည်။

www.foreverspace.com.mm

ငွေဆောင်ကမ်းခြေတွင် လေအားလျှပ်စစ်ထုတ်လုပ်ရန် စတင်ဆောင်ရွက်

ရန်ကုန်၊ စက်တင်ဘာလ ၂၃

မြန်မာနိုင်ငံ၏ အကြီးဆုံးပင်လယ်ကမ်းခြေအပန်းဖြေစခန်း ငွေဆောင်တွင် လေအားမှတစ်ဆင့် လျှပ်စစ်ထုတ်ယူရေးအတွက် လေရဟတ်တည်ဆောက်ရေး လုပ်ငန်းများကို သီရိလွင်ကုမ္ပဏီမှ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ဟိုတယ်လုပ်ငန်းရှင်များအသင်း (ငွေဆောင်ဇုန်) ဥက္ကဋ္ဌ ဦးလှမောင်ရွှေက Living Colorသို့ ပြောကြားသည်။

လေအားလျှပ်စစ်ထုတ်လုပ်ရန် သက်ဆိုင်ရာမှခွင့်ပြုခဲ့သောနေရာမှာ ငွေဆောင်တွင် မကြာမီမြေကွက်များချပေးရန်ရှိသည့် ဟိုတယ်ဇုန် (၂)ရှိ ညောင်မော်ကုန်းတွင်ဖြစ်ပြီး ဂျာမနီနိုင်ငံ VESTAS ကုမ္ပဏီမှ ထုတ်လုပ်သည့် စက်ပစ္စည်းများဖြင့် တပ်ဆင်သွားရန် စီစဉ်နေကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ ယင်းစက်တပ်ဆင်ပြီးစီးပါက လေတိုက်နှုန်း တစ်နာရီ မိုင် ၄၀ တွင် ၅၀၀ ကီလိုဝပ်ထိထုတ်ယူနိုင်ပြီး ယင်းလျှပ်စစ်ဓာတ်အားကို ဇုန် (၂) တွင် ဆောက်လုပ်မည့် သီရိလွင်ဟိုတယ်အတွက်သာ အသုံးပြုသွားရန်ရှိကြောင်း၊ ဟိုတယ်ဇုန်တစ်ခုလုံးအား လေအားလျှပ်စစ်ပေးနိုင်ရန်အတွက် မဖြစ်နိုင်သေးကြောင်း ဦးလှမောင်ရွှေက Living Color ၏ မေးမြန်းမှုကို ရှင်းလင်းပြောကြားသည်။

ငွေဆောင်မှ စုံစမ်းရရှိသောသတင်းများအရ လေအားလျှပ်စစ်ထုတ်ယူရန်အတွက် အဆိုပါမြေနေရာတွင် ပြင်ဆင်မှုများစတင်နေသည်ကို မြင်တွေ့ရကြောင်းနှင့် လေအားလျှပ်စစ်ထုတ်လုပ်တပ်ဆင်မည့်စက်ပစ္စည်းများ ရောက်ရှိနေသည်ကို မတွေ့ရှိသေးကြောင်း ဒေသခံလုပ်ငန်းရှင်အချို့က ဆိုသည်။

မြန်မာနိုင်ငံတွင် လေအား (Wind Power)ကို မီးထွန်းခြင်းအတွက် အသုံးပြုနိုင်သောစက်အချို့ စမ်းသပ်ထုတ်လုပ်မှုများရှိခဲ့ပြီး မီးထွန်းခြင်း (Lighting)အပိုင်းသာမက ဓာတ်အားပေးသည့်အပိုင်း (Power)ကို လေ့လာစမ်းသပ်ထုတ်လုပ်ရန် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး (MAPT)က စီစဉ်နေ (ခေတ်မြန်မာ Weekly Vol.3/ No.9 တွင် သတင်းဖော်ပြပြီး) သည်။

Associated News

GSM တယ်လီဖုန်း အလုံး ၅၀၀၀၀ ချပေးမည့်သတင်းကြောင့် တယ်လီဖုန်းလျှောက်လွှာ ဝယ်ယူသူများပြား

ရန်ကုန်၊ စက်တင်ဘာလ ၉

ကမ္ဘာပေါ်တွင် အသုံးပြုမှုအများဆုံးဖြစ်ပြီး ဆက်သွယ်ရလည်း လွယ်ကူသည့် GSM တယ်လီဖုန်းအလုံး ၅၀၀၀၀ ချပေးမည်ဟုဆိုသော သတင်းကြောင့် တယ်လီဖုန်းလျှောက်ထားသူများပြားလာပြီး လျှောက်လွှာရောင်းချသည့်ဆိုင်များလည်း တိုးပွားလာခဲ့ကြောင်း တယ်လီဖုန်းလျှောက်ထားသူ ဒေါ်မျိုးမျိုးက ပြောကြားသည်။

တယ်လီဖုန်းလျှောက်လွှာတစ်စုံလျှင် ကျပ် ၃၀၀ ဖြစ်ပြီး ဝန်ဆောင်စရိတ် (ရိုးရိုး)မှာ ၂၆၅ ကျပ်ကျသင့်၍ အမြန်ပို့ဆောင်ပါက ၃၆၅ ကျပ်ကျခံရကြောင်း၊ လျှောက်လွှာဝယ်ယူနိုင်သည့်ဆိုင်များမှ လည်း ထည့်သွင်းပေးသည့် ဝန်ဆောင်မှုများ ပြုလုပ်ပေးပြီး ယင်းသို့ လုပ်ဆောင်ပေးရပါက ဝန်ဆောင်ခအဖြစ် ကျပ် ၁၀၀ ခန့်ယူလေ့ရှိကြောင်း တယ်လီဖုန်းလျှောက်ထားသူများထံမှ စုံစမ်းသိရှိရသည်။

လျှောက်လွှာတစ်စုံလျှင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး၊ အင်ဂျင်နီယာချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် စီမံကိန်းမန်နေဂျာဟူ၍ လိပ်မူရမည့် နေရာလေးခုအတွက် ပုံစံများပါရှိကြောင်း တွေ့ရှိရသည်။ **စာလီကျော်**

www.foreverspace.com.mm

ပူတာအိုဒေသဝန်းကျင်တွင် ပတ္တမြားနှင့် နီလာများ ရှာဖွေတွေ့ရှိ

ရန်ကုန်၊ ဒီဇင်ဘာ ၂၀

မြန်မာနိုင်ငံမြောက်ပိုင်းရှိ ဆီးနှင်းဖုံးလွှမ်းနေလေ့ရှိသော ဖုန်ကန်ရာဇီတောင် တည်ရှိရာ ပူတာအိုဒေသဝန်းကျင် တစ်ဝိုက်တွင် ပတ္တမြားနှင့် နီလာများ ရှာဖွေရယူနိုင်သည့် အလားအလာများ တွေ့ရှိထားကြောင်း မြစ်ကြီးနား တက္ကသိုလ် ဘူမိဗေဒဌာနမှ ပါမောက္ခဦးလှဌေးက ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ထုတ်ဖော်ပြောကြားသည်။

မြစ်ကြီးနားတက္ကသိုလ်မှ ဖေဖော်ဝါရီလ ၁၉ ရက်မှ မတ်လ ၁၀ ရက်အထိ သွားရောက်သည့် လေ့လာရေးခရီးစဉ်အတွင်း တွေ့ရှိမှုများကို မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းသို့ ဒီဇင်ဘာ ၂၃ ရက်နေ့က စာတမ်းဖတ်ကြား တင်သွင်းခဲ့ရာတွင် ၎င်းက အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် မိုးကုတ်အတွဲဟု တင်စားသည့် ပတ္တမြားနှင့် နီလာကို တွေ့ရှိခဲ့သောနေရာမှာ မန်စီကောင်းကျေးရွာအနီးတွင်ဖြစ်ကြောင်း ၎င်းက အဆိုပါအခမ်းအနားတွင် ထပ်လောင်းပြောကြားသည်။

ထို့အပြင် အဆိုပါဒေသတစ်ဝိုက်တွင် ကျောက်စိမ်းနှင့်ဆင်တူသည့် ပူတာအိုကျောက်စိမ်းများကို ရှန်ဂေါင်ကျေးရွာ အထက်ပိုင်းတွင် တွေ့ရှိခဲ့ရကြောင်းကိုလည်း ယင်းနေ့က တင်သွင်းသည့် ၎င်း၏စာတမ်းတွင် ရေးသားဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် ကချင်ပြည်နယ်သည် အဖိုးတန်မြေအောက်သယံဇာတများ၊ ရတနာများထွက်ရှိသောဒေသဖြစ်ပြီး အဖိုးတန်ကျောက်စိမ်းများထွက်ရှိရာ နာမည်ကျော် ဖားကန့်ဒေသနှင့် ရွှေအမြောက်အမြားထွက်ရှိသော ဟူးကောင်းတောင်ကြားဒေသများသည် အဆိုပါပြည်နယ်အတွင်း၌ တည်ရှိကြောင်းလည်း ဘူမိဗေဒပညာရှင်တစ်ဦးက သုံးသပ်ပြောဆိုသည်။

Associated News

တိရစ္ဆာန်ဥယျာဉ်ရာပြည့်ပွဲတော် အထူးစည်ကား၊ အပန်းဖြေဥယျာဉ်များလိုအပ်နေသေး

သတင်းဆောင်းပါး–သန်းထိုက်သူ ၊ ၅–၂–၀၆

ပြည် သူလူထုအပန်းဖြေ အနားယူနိုင်ရေးဟူသော အဓိကရည်ရွယ်ချက်အပါအဝင် ရည်ရွယ်ချက်ငါးရပ်ဖြင့် ၁၉၀၆ ခုနှစ် ဧန်နဝါရီလ ၂၅ ရက်နေ့တွင် "ဝိတိုရိယဘုရင်မပန်းခြံနှင့် တိရစ္ဆာန်ဥယျာဉ်" အမည်ဖြင့် စတင်ဖွင့်လှစ်ခဲ့သော တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ ရာပြည့်ပွဲတော်ကို ပရိသတ်လေးသိန်းလေးသောင်းကျော် ဝင်ရောက်ခဲ့ပြီး စံချိန်တင်လောက်အောင် စည်ကားမှုကိုထောက်ရှု၍ အများပြည်သူအပန်းဖြေနားနေနိုင်သည့်နေရာများ ထပ်မံဖော်ထုတ်ဝန်ဆောင်မှုပေးရန် လိုအပ်နေသေးကြောင်း ယင်းပွဲတော်သို့ ရောက်ရှိခဲ့သူတစ်ဦးက သုံးသပ်ပြောကြားသည်။

တိရစ္ဆာန်ဥယျာဉ်တည်ထောင်သည့် နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် ရာပြည့်ပွဲတော်ကို ၂၀၀၆ ခုနှစ် ဧန်နဝါရီလ ၂၅ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပခဲ့ရာ ဝင်ရောက်လာသော လူဦးရေမှာ နှစ်တစ်ရာအတွင်း ပရိသတ်အများဆုံးဝင်ရောက်မှုအဖြစ် စံချိန်တင်ခဲ့ပြီး များစွာအံ့သြနေကြောင်း ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးစောဝင်းက ဆိုသည်။ ရက်အလိုက် လူဦးရေဝင်ရောက်မှုမှာ ပထမရက်တွင် ၂၉,၀၀၀၊ ဒုတိယရက်တွင် ၂၅,၀၀၀၊ တတိယရက်တွင် ၃၆,၀၀၀၊ စတုတ္ထရက်တွင် လူဦးရေ ၁၃၀,၀၀၀ နှင့် နောက်ဆုံးရက်တွင် လူဦးရေ ၂၂၀,၀၀၀ ဝင်ရောက်ခဲ့သည်။ ပွဲတော်မကျင်းပမီ မျှော်မှန်းထားသော လူဦးရေမှာ တစ်သိန်းကျော်ဖြစ်၍ အဆမတန်များပြားလာသော လူဦးရေကို မည်သို့တုံ့ပြန်ရမည်မသိဖြစ်ခဲ့ရကြောင်း

www.foreverspace.com.mm

လက်မှတ်အရောင်းဝန်ထမ်းတစ်ဦးက ဆိုသည်။ မြောက်ဂိတ်၊ တောင်ဂိတ်၊ ပြတိုက်ဂိတ်နှင့် ဒို့ပြည်သားဂိတ်တို့မှ ကြိတ်ကြိတ်တိုးဝင်ရောက်လာသော ပရိသတ်အတွက် ဥယျာဉ်ရှိဝန်ထမ်းများ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက အဆင်ပြေအောင် ဆောင်ရွက်ခဲ့ရပြီး တာဝန်ရှိသူများက လုံခြုံရေးကို အပြည့်အဝဆောင်ရွက်နိုင်ခဲ့ကြောင်း ဦးစောဝင်းက ပြောကြားသည်။

ဥယျာဉ်ပန်းခြံတစ်ခု၏ အဆင့်အတန်းမြင့်မားခြင်း၊ လူထုအပန်းဖြေအနားယူနိုင်လောက်သော အခြေအနေရှိခြင်းနှင့် သန့်ရှင်းသပ်ရပ်သာယာမှုတို့သည် ပြည်သူလူထု၏ စိတ်ဝင်တစား လာရောက်အပန်းဖြေနိုင်မှုအပေါ် တိုက်ရိုက်အချိုးတူညီကြောင်း၊ ၂၀၀၃ ခုနှစ် ဧပြီလမှစတင်၍ နိုင်ငံတကာအဆင့်မီဥယျာဉ်ဖြစ်လာစေရန် အဆင့်မြင့်ပြင်ဆင်ပြီးနောက်ပိုင်း တိရစ္ဆာန်ဥယျာဉ်အတွင်း ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း ပရိသတ်ဝင်ရောက်မှုသည် တစ်ရက်လျှင် ပျမ်းမျှလူဦးရေ ၃၀၀၀ အထက်ရှိပြီး တစ်လလျှင် ၉၅၀၀၀ ကျော်ဝင်ရောက်ခဲ့ကြောင်း၊ ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် တစ်ရက်လျှင် ၅၀၀၀ ခန့်နှင့် တစ်လအတွင်း ဝင်ရောက်သူလူဦးရေမှာ ၁၅၀,၀၀၀ ကျော်ဖြစ်လာခဲ့ပြီး နောက်ပိုင်းလများတွင် တစ်စထက်တစ်စ တိုးတက်များပြားလာခဲ့သည်ကို တွေ့ရကြောင်း ၎င်းကဆိုသည်။ အဆင့်မြင့်ပြင်ဆင်ရာတွင် ပြည်သူလူထုအပန်းဖြေနေနိုင်ရေးတစ်ခု တည်းသာမဟုတ်ဘဲ တိရစ္ဆာန်ထိန်းသိမ်းကာကွယ်ရေး၊ လူထုအား စည်းရုံးပညာပေးရေး၊ ရှားပါးတိရစ္ဆာန်မျိုးဆက်ထိန်းသိမ်းရေးတို့အတွက်လည်း ဆောင်ရွက်ခဲ့ပြီး တိရစ္ဆာန်လှောင်အိမ်များကို အဓိကထားပြင်ဆင်ခဲ့ကြောင်း၊ ကျောင်းသားကျောင်းသူများ သတ္တဗေဒ၊ ရုက္ခဗေဒ ပညာလေ့လာရှာမှီးရန်နှင့် ဗဟုသုတရှိနိုင်စေရန် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်အတွက်လည်း ဆောင်ကြဉ်းပေးထားကြောင်း ဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးစောဝင်းက ပြောကြားသည်။

ပရိသတ် အမြဲတစေစိတ်ဝင်စားမှုရှိစေရန်အတွက် ပြည်တွင်းရှားပါးတိရစ္ဆာန်များနှင့် ပြည်ပမှ တိရစ္ဆာန်များကို ရှာဖွေစုဆောင်းလျက်ရှိပြီး လက်ရှိတိရစ္ဆာန် စုစုပေါင်းမှာ နို့တိုက်သတ္တဝါ ၆၁ မျိုး၊ အကောင်ရေ ၅၆၀ ကျော်၊ ကျေးငှက်သတ္တဝါ ၇၀ မျိုး၊ အကောင်ရေ ၄၀၀ ကျော်၊ တွားသွားသတ္တဝါ ၁၇ မျိုး၊ အကောင်ရေ ၁၂၀ ကျော်ရှိပြီး စုစုပေါင်း သတ္တဝါ ၁၄၈ မျိုး၊ အကောင်ရေ ၁၀၀၀ ကျော်ရှိကြောင်း၊ ပြည်သူလူထု အမြဲလာရောက်စေရန် တိရစ္ဆာန်များနှင့် ဓာတ်ပုံတွဲရိုက်ခြင်းကဲ့သို့သော စိတ်ဝင်စားစေမည့် ဝန်ဆောင်မှုအမျိုးမျိုးနှင့် အများပြည်သူရုံးပိတ်ရက်နှင့်

မတလဆိုင်ကယ်များ အရောင်းအဝယ်အေး

မန္တလေး၊ ဇန်နဝါရီ ၁၈

မန္တလေးတိုင်းအတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မတလဆိုင်ကယ်များကို စုံ/မ ဂဏန်းများ ခွဲခြားကာ သက်တမ်းတိုးခြင်း ဆောင်ရွက်လျက်ရှိသောကြောင့် အဆိုပါဆိုင်ကယ်များ အရောင်းအဝယ်အေးလျက်ရှိကြောင်း ဒေသခံတစ်ဦးက ဇန်နဝါရီလ ဒုတိယပတ်အတွင်း Living Color သို့ ပြောကြားသည်။

မန္တလေးမြို့ ဆိုင်ကယ်ဈေးကွက်တွင် HI BIRD၊ KANBO၊ ANBO စသည့် တရုတ်နိုင်ငံထုတ်ဆိုင်ကယ်များ တွင်ကျယ်နေပြီး ဆိုင်ကယ်အမျိုးအစားပေါ်မူတည်၍ အနိမ့်ဆုံးဈေး ကျပ်ခြောက်သိန်းဝန်းကျင်မှ အမြင့်ဆုံးဈေး ကျပ် ၁၀ သိန်းဝန်းကျင်ထိ ဈေးပေါက်လျက်ရှိကြောင်း၊ သက်တမ်းတိုးဆဲကာလဖြစ်၍ နယ်ထွက်ခွင့်ပိတ်ထားသဖြင့် ဈေးကွက်တည်ငြိမ်ကာ အရောင်းအဝယ်အေးရခြင်းဖြစ်ကြောင်း ဝယ်ရောင်းပွဲစားတစ်ဦးက ပြောကြားသည်။

ရဲဝင်းနိုင်

တိရစ္ဆာန်ဥယျာဉ်ရာပြည့်ပွဲတော်လာ ပရိသတ်

www.foreverspace.com.mm

အခါကြီးရက်ကြီးများတွင်လည်း တိရစ္ဆာန်ကပွဲများကို စီစဉ်တင်ဆက်ပေးပါကြောင်း ၎င်းက ပြောကြားသည်။

ဥယျာဉ်တစ်ခုလုံး၏အင်္ဂါရပ်နှင့် ပြည့်စုံရမည့် အရည်အချင်းတစ်ရပ်မှာ အများပြည်သူသွားလာလှုပ်ရှားမှုပြုနေသော နေရာဌာနများတွင် အခမဲ့ (သို့မဟုတ်) အလွန်သက်သာသောနှုန်းထားဖြင့် အလွယ်တကူ ဝင်ရောက်အပန်းဖြေရမည်ဖြစ်သည်။ တိရစ္ဆာန်ဥယျာဉ်သည် မင်္ဂလာတောင်ညွှန့်မြို့နယ်တွင် တည်ရှိပြီး မြောက်ဘက်တွင် ကန်လမ်းနှင့် ကန်တော်ကြီးဥယျာဉ်၊ အရှေ့ဘက်တွင် အထက်ပန်းဆိုးတန်းလမ်း၊ တောင်ဘက်တွင် ဗိုလ်မင်းခေါင်လမ်းနှင့် အနောက်ဘက်တွင် တိရစ္ဆာန်ဥယျာဉ်လမ်းတို့ တည်ရှိ၍ နေရာအချက်အချာကျခြင်း၊ မြေဧက ၅၈.၁၆ ဧကပေါ်တွင် အဆင့်မြင့် ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ထားပြီး ဝင်ကြေးမှာ လူကြီး ၁၀၀ ကျပ်၊ ကလေး ၅၀ ကျပ်သာ ကျသင့်ခြင်းတို့ကြောင့် ဖော်ပြပါအရည်အချင်းတစ်ရပ်နှင့် ပြည့်စုံသည်ဟု ဆိုနိုင်ပါသည်။

ကြိတ်ကြိတ်တိုးစည်ကားခဲ့သော တိရစ္ဆာန်ဥယျာဉ် နှစ် ၁၀၀ ပြည့်ပွဲတော်သို့ လာရောက်ခဲ့သူများအနက် ရန်ကုန်မြို့သုဝဏ္ဏ ဘော်စင်လမ်း ဆောက်လုပ်ရေးဝင်းအတွင်းတွင် နေထိုင်သူ ဦးသန့်ဇင်ထွန်းက "ကျွန်တော်တို့ ရန်ကုန်မြို့မှာ အပန်းဖြေအနားယူနိုင်ပြီး ဝန်ဆောင်မှုပြည့်ပြည့်ဝ ပေးနိုင်တဲ့ ဥယျာဉ်ပန်းခြံဆိုတာ လက်ချိုးရေလို့ ရပါတယ်။ ဒီအထဲမှာ အဆင့်မြင့် ပြုပြင်ပြီးတဲ့ ကန်တော်ကြီးနဲ့ တိရစ္ဆာန်ဥယျာဉ်က အဓိကကျတယ်လို့ ဆိုနိုင်ပါတယ်။ အခုလည်း နှစ်တစ်ရာပြည့်ပွဲ ကြုံတောင့်ကြုံခဲ့ဆိုတော့ လာကြည့်ဖြစ်တယ်။ မြန်မာတွေရဲ့ ပွဲလမ်းသဘင်ပေါ်ထားတဲ့ သဘောထားအစစ်အမှန်ကို အခုမှ မြင်တွေ့ခွင့်ရတယ်"ဟု ဆိုသည်။

"ပျော်စရာ အရမ်းကောင်းပါတယ်။ ကျွန်မတို့မိသားစုက ပွဲနောက်ဆုံးရက်မှ ရောက်လာတာ။ လူတွေအရမ်းကျပ်နေလို့ တရွှေ့ရွှေ့နဲ့ လျှောက်သွားရင်း တစ်နေကုန်သွားတယ်။ တိရစ္ဆာန်တွေကို သေသေချာချာ မတွေ့ရဘူး။ ရွှာမပြန်ခင် တစ်ရက်မှာ ကလေးတွေကို ထပ်ခေါ်လာပြရမယ်"ဟု ပဲခူးတိုင်းကဝမြို့နယ်မှ ဒေါ်သန်းသန်းအေးက ပြောကြားသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ကျောင်းလမ်းတွင် နေထိုင်သူ ဒေါ်မြမြမော်က "ကလေးတွေကို နှစ်ရက်တိတိ လာပြခဲ့ပါတယ်။ ဒီမှာက ဝင်ကြေးပေးပြီးရင် တိရစ္ဆာန်ကပွဲတွေ၊ စင်တင်ဂီတပွဲတွေကို အခမဲ့ကြည့်လို့ရတယ်။ တစ်နေ့လုံးဥယျာဉ်ထဲမှာ အပန်းဖြေအနားယူလို့ရတယ်လေ" ဟု ဆိုခဲ့သည်။

"သမီးတို့မိသားစုက ၂၀၀၅ မေလ လယ်လောက်ကစပြီး ဘယ်ကိုမှ မသွားဖြစ်ဘူး။ ပြောရရင် ရုပ်ရှင်တောင် သွားမကြည့်ဘူး။ ဒီတစ်ခါက ရာပြည့်ပွဲမို့ အရမ်းထူးခြားတယ်လေ။ ပြီးတော့ သမီးချစ်တဲ့ တိရစ္ဆာန်ကပွဲတွေ ပါမယ်။ အဆိုတော်တွေလည်း ကြည့်ရမယ်ဆိုလို့ အတင်းလိုက်ပို့ခိုင်းလို့လာခွင့်ရတာ"ဟု တာမွေမြို့နယ်မှ အခြေခံပညာအလယ်တန်းကျောင်းသူ နှင်းသဠာအောင်က ဖြေကြားသည်။

တိရစ္ဆာန်ဥယျာဉ်ရာပြည့်ပွဲတော် လှုပြည့်ကျပ်စည်ကားခြင်းသည် ရန်ကုန်မြို့တော်တွင် အဆင့်မီဥယျာဉ်ပန်းခြံများ လိုအပ်နေသည်ကို မီးမောင်းထိုးပြရာ ရောက်ပေသည်။ ကန်တော်ကြီးဥယျာဉ်၊ မင်္ဂလာဒုံဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်တို့ကဲ့သို့ပင် ပန်းခြံအချို့မှာ တည်နေရာကျယ်ဝန်းစွာရှိသော်လည်း အများပြည်သူ လာရောက်အပန်းဖြေချင်စဖွယ်ဖြစ်စေမည့် ဝန်ဆောင်မှုမျိုးပေးနိုင်ရန် လိုအပ်ပေသည်။ ရန်ကုန်မြို့ရှိ အချက်အချာကျသော လမ်းဆုံလမ်းခွနေရာရှိ ပန်းခြံဥယျာဉ်များသည် ဖြတ်လမ်းသဘောသာ အသုံးပြုနေကြသည်ကို တွေ့ရသည်။

အချုပ်ဆိုရသော် အများပြည်သူ ကျန်းမာရေးအတွက် အနားယူအပန်းဖြေရန် မရှိမဖြစ်လိုအပ်သော ဥယျာဉ်နှင့် ပန်းခြံများသည် တကူးတက သွားရောက်ရန် မလိုအပ်ဘဲ အများပြည်သူသွားလာလှုပ်ရှားနေသော လူစည်ကားသည့်နေရာတိုင်းတွင် အနားယူချင်စဖွယ်ရှိသော အသွင်အပြင်ဖြင့် ရှိနေရန် ဆောင်ရွက်ရမည်ဖြစ်ပြီး ကန်တော်ကြီး၊ တိရစ္ဆာန်ဥယျာဉ်တို့ကဲ့သို့ပင် ကျယ်ဝန်းသော မြေနေရာရှိသည့် ပန်းခြံဥယျာဉ်များကိုလည်း အဆင့်မီဖြစ်စေရန် ပြောင်းလဲပြင်ဆင်မှုများ ပြုလုပ်ရမည်ဟု ပွဲတော်သို့ လာရောက်သူတစ်ဦးက သုံးသပ်သည်။

■

ဖြည့်စွက်ဖတ်ရှုပါရန်

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလထုတ် Living Color မဂ္ဂဇင်း မြန်မာ့စီးပွားရေးသတင်းကဏ္ဍ၊ စာမျက်နှာ 30 (C) ရှိ 'မန္တလေးဘီယာဖြန့်ချိသည့်ကုမ္ပဏီ ပြောင်းလဲ' သတင်းတွင် "မန္တလေးဘီယာမှ စုစုပေါင်း အမျိုးစားသုံးမျိုး ထုတ်လုပ်လျက်ရှိရာ Lager Beer ကို LOI-HEIN ကုမ္ပဏီမှလည်းကောင်း၊ Strong Ale Beer ကို AHK ကုမ္ပဏီကလည်းကောင်း၊ စပီရူလိုင်းနားဘီယာကို မန္တလေးမြို့တော်မှ လုပ်ငန်းရှင် ဦးဇော်မင်းကလည်းကောင်း ဈေးကွက်အတွင်း ဖြန့်ဖြူးလျက်ရှိသည်" ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

အယ်ဒီတာ

www.foreverspace.com.mm

ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်း ထိုင်းပညာရှင်များ လုပ်ငန်းစတင် နှစ်စဉ် ကီလိုဝပ်နာရီသန်းပေါင်း ၃၇၂၀ အား ထုတ်လုပ်မည်ဟုဆို

ဘားအံ၊ ဧနှစ်ဝါရီ ၁၉

သံလွင်မြစ်ပေါ်၌ ပထမဦးဆုံးနှင့် အကြီးဆုံးရေအားလျှပ်စစ်စီမံကိန်း ဖြစ်လာမည့် တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၆၀၀ ရှိ ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်း ပထမအဆင့် တည်ဆောက်အကောင်အထည်ဖော်နိုင်ရန်အတွက် ထိုင်းနိုင်ငံ EGAT Public Co., Ltd. မှ ကျွမ်းကျင်ပညာရှင် ၃၈ ဦးပါဝင်သည့်အဖွဲ့သည် ဧနှစ်ဝါရီလ ၁၅ ရက်နေ့က အဆိုပါစီမံကိန်းစတင်မည့် ကရင်ပြည်နယ် ကမမောင်းမြို့၏ အရှေ့ဘက် ၁၁ မိုင်အကွာ မဲဆိပ်ရွာအနီး သံလွင်မြစ်ကမ်းသို့ သွားရောက်၍ မြေတိုင်းတာခြင်း၊ စက်ပစ္စည်းစုဆောင်းခြင်းနှင့် မြေသားစမ်းသပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း ကရင်ပြည်နယ် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမြင့်အောင်က Living Color နှင့် တွေ့ဆုံစဉ် ပြောကြားသွားသည်။

အဆိုပါစီမံကိန်းစတင်မည့် သံလွင်မြစ်ပေါ်ရှိ ဟတ်ကြီးရေတံခွန် မြစ်ကျဉ်းနေရာ၌ လုပ်ငန်းနေရာ Site A, B, C နှင့် D ဟူ၍ အဆင့်လေးဆင့်ခွဲ၍ တည်ဆောက်မည်ဖြစ်ပြီး အောက်ဆုံးအဆင့်ဖြစ်သည့် Site D ဦးစွာပြီးဆုံးပါက လျှပ်စစ်ဓာတ်အား စတင်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ ရရှိလာသည့် လျှပ်စစ်ဓာတ်အားကို သထုံဓာတ်အားခွဲစက်ရုံမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ပို့လွှတ်မည်ဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းတစ်ခုလုံးအတွက် ထိုင်းနိုင်ငံ EGAT Public Co., Ltd. မှ နည်းပညာ၊ စက်ပစ္စည်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်လည်ပတ်မှုမှအစ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံရေအားလျှပ်စစ်ဦးစီးဌာနမှ လုပ်သားအင်အားနှင့် လိုအပ်သည်များကို ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

အဆိုပါ ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်အကောင်အထည်ဖော်နိုင်ရန်အတွက် EGAT Public Co., Ltd. အမှုဆောင်အရာရှိချုပ် Mr. Kraisri Karnasuta နှင့် ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်တို့သည် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့က ရန်ကုန်မြို့ Hotel Nikko Royal Lake ၌ နှစ်ဦးသဘောတူလက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုခဲ့ကြပြီး တပ်ဆင်စက်အား မဂ္ဂါဝပ် ၆၀၀ ရှိမည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အား နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီသန်းပေါင်း ၃၈၂၀ အား ထုတ်လုပ်မည်ဖြစ်ကြောင်း အစိုးရက ထုတ်ပြန်ကြေညာခဲ့သည်။

မြန်မာနိုင်ငံရှိ ရေအားလျှပ်စစ်ထုတ်ယူနိုင်သော မြစ်ချောင်းများအနက် သံလွင်မြစ်သည် ရေထုထည်ပမာဏကြီးမားခြင်း၊ လုံလောက်သောရေမျက်နှာပြင် အနိမ့်အမြင့်အကွာအဝေးရှိခြင်း စသည်တို့ကြောင့် ရေအားလျှပ်စစ်ထုတ်ယူရန် အလားအလာအကောင်းဆုံးဖြစ်ကြောင်း ဦးမြင့်အောင်က သုံးသပ်ပြောကြားသွားသည်။

ယင်းစီမံကိန်းကို အကောင်အထည်ဖော်နိုင်ရန်အတွက် ဂျပန်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များပါဝင်သည့် အဖွဲ့တစ်ဖွဲ့သည် ၁၉၉၈ ခုနှစ်က တစ်ကြိမ်လာရောက် တိုင်းထွာမှုများပြုလုပ်ခဲ့သည်။

ထိုင်းနိုင်ငံ ကလေးများနှေ့သို့ မြန်မာနိုင်ငံမှကလေးများ ပထမဆုံးအကြိမ် တက်ရောက်ခွင့်ရ

ရန်ကုန်၊ ဧနှစ်ဝါရီ ၁၈

ထိုင်းနိုင်ငံ မဲဆောက်မြို့တွင် ဧနှစ်ဝါရီလ ၁၄ ရက် (စနေနေ့)က ကျင်းပခဲ့သည့် ထိုင်းနိုင်ငံ ကလေးများနေ့ အထိမ်းအမှတ်ပျော်ပွဲရွင်ပွဲများသို့ မြန်မာနိုင်ငံမှ ကလေးသူငယ်များ ပထမဆုံးအကြိမ် တက်ရောက်ခွင့်ရခဲ့ကြောင်း မဲဆောက်မြို့မှ မြန်မာတစ်ဦးက သတင်းပေးပို့သည်။ တက်ရောက်ခွင့်ရသောကလေးများမှာ မြဝတီမြို့မှဖြစ်ပြီး ထိုင်းနိုင်ငံဘက်မှ ပထမဆုံးအကြိမ် တရားဝင်ဖိတ်ခေါ်ခြင်းဖြစ်၍ ထိုင်း NGO အဖွဲ့အစည်းများကဖိတ်ခေါ်ခြင်းဖြစ်ကြောင်း၊ အဆိုပါပျော်ပွဲရွင်ပွဲတွင် မြန်မာကလေးများက သီဆိုကခုန်ဖျော်ဖြေခဲ့ပြီး စီစဉ်ဖိတ်ခေါ်သူများမှ ဧည့်ခံကျွေးမွေးမှုအပြင် လက်ဆောင်ပစ္စည်းများဝေငှခဲ့ကြောင်း အဆိုပါပုဂ္ဂိုလ်က ဆိုသည်။

ထိုင်းနိုင်ငံသည် နှစ်စဉ် ဧနှစ်ဝါရီလ ဒုတိယပတ်၏ စနေနေ့တိုင်းကို ထိုင်းနိုင်ငံ ကလေးသူငယ်များနေ့အဖြစ် သတ်မှတ်၍ ပျော်ပွဲရွင်ပွဲများ ကျင်းပပြုလုပ်ပေးလေ့ရှိသည်။ Popa Media Group

www.foreverspace.com.mm

၂၀၀၆ ဆောက်လုပ်ရေးဈေးကွက် အလားအလာကောင်း

သတင်းဆောင်းပါး–ကေနိုင်ကျော်၊ ဓာတ်ပုံ–အောင်အောင်

၁၀–၂–၀၆

ရန်ကုန်မြို့တော်အတွင်းရှိ ဆောက်လုပ်ရေးဈေးကွက်သည် နှစ်နှစ်ကျော် အေးစက်တုံ့နေးနေရာမှ ယခုနှစ်တွင် ယင်းလုပ်ငန်းများ အခြေအနေနှင့် အလားအလာမှာ စိတ်ဝင်စားဖွယ်ကောင်းလာကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင် တစ်ဦးဖြစ်သူ ဦးကျော်စိုးက ပြောကြားသည်။

၂၀၀၃ ခုနှစ်နောက်ပိုင်းမှစ၍ ရန်ကုန်မြို့တော်အား အထပ်မြင့်စီမံကိန်းများအဖြစ် အကောင်အထည်ဖော်ရန် အစိုးရနှင့် ပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းများက စီမံကိန်းများ ရေးဆွဲလုပ်ကိုင်လာခဲ့ရာ အဆိုပါအထပ်မြင့်အဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများကို သတ်မှတ်ကာလ ၂၀၀၆ ခုနှစ်အတွင်း ပြီးစီးနိုင်ရေးအတွက် အကောင်အထည်ဖော်လုပ်ဆောင်လျက်ရှိကြောင်း၊ အထပ်မြင့်အဆောက်အအုံစုစုပေါင်း ၂၃ ခုရှိပြီး အများစုမှာ တည်ဆောက်ဆဲဖြစ်ကြောင်း အိမ်ရာစီမံကိန်းတစ်ခုမှ ဆောက်လုပ်ရေးလုပ်ငန်းရှင် ဦးကျော်စိုးက ဆိုသည်။

၂၀၀၃ ခုနှစ်နောက်ပိုင်း ဆောက်လုပ်ရေးပစ္စည်းများ ဈေးမြင့်တက်လာသည့်နည်းတူ ဆောက်လုပ်မှုအားလည်းနည်းလာသည့်အတွက် လုပ်ငန်းလည်ပတ်မှု နေးကွေးခဲ့သည်။ ၂၀၀၅ ခုနှစ်အတွင်း ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၏ အပြောင်းအလဲဖြစ်ပေါ်ခဲ့သည့်အခြေအနေကြောင့် ယင်းလုပ်ငန်းများနှင့် ဆက်စပ်နေသော ဆောက်လုပ်ရေးလုပ်ငန်းများအနေဖြင့် ရပ်တည်ရန် အခက်အခဲများ ရှိလာကြောင်း၊ ယခုနှစ်တွင် ဆောက်လုပ်ရေးဈေးကွက် ပြန်လည်သက်ဝင်လှုပ်ရှားလာမည်ဖြစ်သော်လည်း ဆောက်လုပ်ရေးလုပ်ငန်းများ ဈေးကွက်ကောင်းသောကာလဖြစ်သည့် ၁၉၉၇ ခုနှစ်ဝန်းကျင်ကအခြေအနေကို မမီသေးကြောင်း၊ ယခုနှစ်တွင် ဆောက်လုပ်ရေးလုပ်ငန်းများအနေဖြင့် စီမံကိန်းများ အချိန်မီပြီးစီးနိုင်ရန်အတွက်သာ အားထားနေရကြောင်း ဦးကျော်စိုးက ရှင်းပြသည်။

လက်ရှိအခြေအနေတွင် ဆောက်လုပ်ရေးလုပ်ငန်းများအနေဖြင့် ပြိုင်ဆိုင်မှုကြီးမားစွာ မရှိသေးသော်လည်း လုပ်ငန်းလက်ခံရရှိမှုမှာ လျော့နည်းလာခဲ့ကြောင်း၊ ထို့ပြင် လုပ်ငန်းသုံးပစ္စည်းများ၏ ဈေးနှုန်းအပြောင်းအလဲများကြောင့် အကျိုးအမြတ် လွန်စွာ နည်းပါးလာကြောင်း ၎င်း၏အဆိုအရ သိရသည်။

အိမ်ဆောက်ပစ္စည်းဈေးကွက်တွင် ဆောက်လုပ်ရေးဆိုင်ရာပစ္စည်းများ လတ်တလော ဈေးမြင့်တက်လာသည့်အတွက် ဆောက်လုပ်ရေးလုပ်ငန်းများ ပုံမှန်ဝင်ငွေလည်ပတ်နိုင်မှု မရှိခြင်းကြောင့် တိုက်တစ်လုံး နှစ်ဦးစပ်ဆောက်လုပ်နေကြကြောင်း၊ အချို့သော ကန်ထရိုက်များမှာ ဈေး

ငွေဆောင်ဟိုတယ်ဇုန်(၂)တွင် မြေကွက်သစ် ၃၀ သတ်မှတ်ပေးဖွယ်ရှိ

ရန်ကုန်၊ ဇန်နဝါရီ ၂၃

ရန်ကုန်မြို့တော်မှ ၁၂၅ မိုင်ခန့် အကွာအဝေးတွင်တည်ရှိသည့် နာမည်ကျော် ပင်လယ်ကမ်းခြေအပန်းဖြေစခန်း ငွေဆောင်တွင် ဟိုတယ်လုပ်ငန်းလုပ်ကိုင်မည့်သူများကို သက်ဆိုင်ရာက မြေကွက် ၃၀ ခန့် မကြာမီ လုပ်ကိုင်ခွင့်သတ်မှတ်ပေးဖွယ်ရှိကြောင်း ဟိုတယ်လုပ်ငန်းရှင်များအသင်း (ငွေဆောင်ဇုန်) ဥက္ကဋ္ဌဦးလှမောင်ရွှေက ပြောကြားသည်။

ယခု ထပ်မံချပေးမည့်နေရာမှာ ကမ်းခြေ၏တောင်ဘက် ဟိုတယ်ဇုန်(၂) ဟု သတ်မှတ်ထားသော နေရာများတွင်ဖြစ်ပြီး ယခင်က ဟိုတယ်ဇုန်(၁) တွင် ဆောက်လုပ်ရန်ရှိသည့် လေယာဉ်ကွင်းစီမံကိန်းသည် ဇုန်(၂)တွင် ပြောင်းရွှေ့ဆောက်လုပ်ရန်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ငွေဆောင်ကမ်းခြေဟိုတယ်ဇုန်(၁) ကို ၁၉၉၉ ခုနှစ်မှစတင်၍ ဟိုတယ်လုပ်ငန်းရှင်များသို့ မြေကွက်၂၀၀ကျော် ချပေးခဲ့ပြီး ယခုအခါ ဟိုတယ် ၁၉ခု၊ အခန်းပေါင်း ၈၀၀ ကျော် ဖွင့်လှစ်၍ လုပ်ကိုင်လျက်ရှိသည်ဟု သိရသည်။

Associated News

www.foreverspace.com.mm

အထပ်မြင့်အဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ သတ်မှတ်ကာလ ၂၀၀၆ ခုနှစ်အတွင်း ပြီးစီးရန်လိုအပ်သည်

မကိုက်တော့သဖြင့် လုပ်ငန်းများ ခေတ္တ ရပ်ဆိုင်းထားလာကြောင်း၊ အထပ်မြင့် တိုက်တစ်လုံး ဆောက်လုပ်ရန်အတွက် ကျပ်သိန်း ၆၀၀ ကျော် ကုန်ကျ၍ ဆောက်လုပ်ပြီးစီးသောအချိန်တွင် တိုက်ခန်းဈေးများ ထိုးကျသွားပြီး ဆောက်လုပ်ရေးသုံးပစ္စည်းများ ဈေးမြင့်တက်သွားပါက ကျဈေးဖြင့် ရောင်းချရန် မကိုက်သဖြင့် တက်ဈေးကို စောင့်မျှော်နေသောကြောင့် နောက်တစ်လုံး ဆောက်လုပ်ရန်အတွက် ငွေကြေးလောက်ငွေမရှိကြောင်း ရှေ့ကောင်းကင်ဆောက်လုပ်ရေးမှ ကန်ထရိုက်တာ ဦးချစ်လှက ဆိုသည်။ အတိုးဖြင့်ယူ၍ ဆောက်လုပ်သော ကန်ထရိုက်များမှာ အခန်းမရောင်းရသဖြင့် ငွေမပေါ်နိုင်သေးသည့်အတွက် အတိုးနှုန်းနှင့် တွက်ပါက အရှုံးပေါ်နေကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

အိမ်ရှင်များအနေဖြင့် ကန်ထရိုက်စနစ်ဖြင့် တိုက်ဆောက်လုပ်ပါက မိမိတို့ရရှိမည့် အကျိုးအမြတ်အတွက် အခွင့်အရေးများ မတန်မဆ တောင်းဆိုတတ်ကြသဖြင့် အိမ်ရှင် မြေရှင်ထံပေးရင်ငွေနှင့် အခန်းအရေအတွက် များပြားပါက ကန်ထရိုက်များအနေဖြင့် တွက်ခြေမကိုက်သဖြင့် ဆောက်လုပ်မှုမရှိကြောင်း၊ ယခင်က တစ်ခြမ်းပေးတစ်ခြမ်းယူစနစ်ဖြင့် ဆောက်လုပ်ကြသော်လည်း ယခုနောက်ပိုင်းတွင် ဈေးကွက်မရှိသောနေရာများ၌ ရှစ်ထပ် တိုက်တစ်လုံး ဆောက်လုပ်မည်ဆိုလျှင် ကန်ထရိုက် ၁၀ ခန်းနှင့် အိမ်ရှင် ခြောက်ခန်း ခွဲဝေမှုဖြင့် ဆောက်လုပ်ကြကြောင်း၊ အဆိုပါစနစ်ဖြင့် ဆောက်လုပ်ခြင်းကို အိမ်ရှင်ဘက်မှ မလိုက်လျောကြသဖြင့် ကန်ထရိုက်တို့က ဆောက်လုပ်သည့် ကုန်ကျစရိတ်လျော့ချခြင်းဖြင့် ကုန်ကျစရိတ် ပြန်ကာလေ့ရှိသည်ဟု ဦးချစ်လှက ဆိုသည်။ ကန်ထရိုက်စနစ်ဖြင့် တိုက်ဆောက်ပါက အိမ်ရှင်နေထိုင်ရန်အတွက် ကန်ထရိုက်က တစ်နှစ်စာ အိမ်ငှားပေးရပြီး အိမ်ဟောင်းကို ကန်ထရိုက်က ရယူခြင်းမရှိလျှင် ငှားပေးစရာ မလိုအပ်ကြောင်း ၎င်းက ဆိုသည်။

"တိုက်တစ်လုံးကို တစ်နှစ် သတ်မှတ်ပြီး ဆောက်လုပ်ကြပါတယ်။ အဲဒီကာလမှာ အပြီးမဆောက်လုပ်နိုင်ရင် အိမ်ရှင်ကို ထပ်ငှားပေးရတယ်။ အိမ်ရှင်မှာ ဂရမ်အမည်ပေါက်မရှိဘူးဆိုရင် ဂရမ်အမည်ပေါက်အောင် လုပ်ပေးရတယ်။ ဈေးကွက်အပြောင်းအလဲရှိလို့ အိမ်ဆောက်ပစ္စည်းတွေ ဈေးမြင့်လာတဲ့အခါ တွက်ခြေမကိုက်တော့ဘူး။ အဲဒါကြောင့် တိုက်တစ်လုံးဆောက်တဲ့အခါ ကန်ထရိုက်က အခန်းပိုယူလာကြတယ်။ အတိုးနဲ့ယူပြီး လုပ်ရတဲ့ ကန်ထရိုက်တွေက မပြီးမချင်း ဝင်ငွေ မလည်ပတ်နိုင်တော့ နာတာပေါ့" ဟု တာမွေမြို့နယ်ရှိ ဝါရင့်ကန်ထရိုက်တာ တစ်ဦးဖြစ်သူ ဦးချမ်းသာက ဆိုသည်။

"အားလုံးက စီးပွားရေးနဲ့ ဆက်စပ်မှုတော့ ရှိနေတာပဲလေ။ စီးပွားရေးပြေလည်တဲ့အပေါ် မူတည်နေတာပါ။ စီးပွားရေးကျရင် အရောင်းအဝယ် မရှိဘူး။ အရောင်းအဝယ်အေးနေတော့ ဝင်ငွေ

www.foreverspace.com.mm

မလည်ပတ်နိုင်ဘူး။ ကန်ထရိုက်တွေက အရင်စာချုပ်ချုပ်ထားတာတွေကို လက်စသတ်ပြီး ဆောက်နေကြတာ။ ဒီနှစ်ပြီးရင် အလုပ်ရပ်မယ့် ကန်ထရိုက်တာတွေတောင် ရှိတယ်။ အသစ်ထပ်ချုပ်ရတဲ့ စာချုပ်မရှိသေးဘူး။ အဲဒါကြောင့် ငွေကြေးတတ်နိုင်တဲ့ ကန်ထရိုက်တွေက ဆောက်လုပ်ရေးလုပ်ငန်းရှင်တွေနဲ့ တွဲပြီး အိမ်ရာစီမံကိန်းတွေမှာ ခွဲဝေယူပြီး ဆောက်လာကြတာ တွေ့ရတယ်" ဟု ဆောက်လုပ်ရေးဈေးကွက်၏ လက်ရှိအခြေအနေကို ၎င်းက ရှင်းပြသည်။

ဆောက်လုပ်ရေးဆိုင်ရာပစ္စည်းများ ဈေးမြင့်တက်လာခြင်းနှင့် ဆောက်လုပ်ရေးအတွက် အပ်နှံမှုနည်းပါးလာသည့် အတွက် ကန်ထရိုက်များ လုပ်ငန်းရပ်ဆိုင်းနေရသည့်အပြင် အထပ်မြင့်အဆောက်အအုံများ အကောင်အထည်ဖော် တည်ဆောက်မည့်စီမံကိန်းများတွင် ဆောက်လက်စတိုက်ခန်းများစွာ ကျန်ရှိနေသေးသည်။ အထပ်မြင့်အဆောက်အအုံများကို အပြီးသတ်တည်ဆောက်ရန် စီမံချက်ချမှတ်ခဲ့သော်လည်း လက်ရှိအနေအထား၌ အပြီးမသတ်နိုင်သေးသဖြင့် ၂၀၀၆ ခုနှစ်တွင် စီမံကိန်းအသစ်များ မစတင်နိုင်သေးဘဲ ၂၀၀၇ ခုနှစ်တွင် စီမံကိန်းသစ်များ အကောင်အထည်ဖော်နိုင်ရန် ယခုနှစ်တွင် အစပျိုးထားရမည့်နှစ်အဖြစ် ပိုမိုအားထားနေကြကြောင်း ဦးကျော်စိုးက ပြောကြားသည်။

၂၀၀၇ ခုနှစ်တွင် ဆောက်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းလာဖွယ်ရှိသည်ဟု မျှော်မှန်းမိသောကြောင့် စီမံကိန်းသစ်များတွင် ဆောက်လုပ်ရေးလုပ်ငန်းများ၏ အခန်းကဏ္ဍသည် များစွာအရေးပါလာမည်ဖြစ်ကြောင်းနှင့် ၂၀၀၆ ခုနှစ် ဆောက်လုပ်ရေးဈေးကွက်တွင် အလားအလာအရှိဆုံးမှာ တည်ဆောက်ဆဲစီမံကိန်းများ အပြီးသတ်ရေးဖြစ်သည်ဟု ဈေးကွက်အတွင်းမှ သုံးသပ်ကြသည်။

မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေး မဖြစ်ပွားသေးသော်လည်း ကူးစက်နိုင်ခြေအလားအလာ အမြင့်ဆုံးတွင်ရှိ

ရန်ကုန်၊ ဖေဖော်ဝါရီ ၄

ဗိုလ်မှူးချုပ်မောင်မောင်သိမ်း

မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ မဖြစ်ပွားသေးသော်လည်း ယင်းရောဂါဖြစ်ပွားခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းဆက်စပ်နေ၍ ရောဂါဖြစ်နိုင်ခြေအလားအလာ အမြင့်ဆုံးအဆင့်တွင် သတ်မှတ် ထားကြောင်း မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ပြောကြားသည်။

ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ပြုလုပ်ခဲ့သော မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဆဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် ၎င်းက ယင်းကဲ့သို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၊ ဥရောပကော်မရှင်၊ ကမ္ဘာ့ဘဏ်တို့က ကြီးမှူး၍ WHO၊ OIE၊ FAO တို့ ပူးပေါင်းကျင်းပသည့် ကြက်ငှက်တုပ်ကွေးဆိုင်ရာ ဝန်ကြီးအဆင့်ညီလာခံတွင် ယင်းသို့သတ်မှတ်ထားသည်ကိုတွေ့ရကြောင်း ဝန်ကြီးက ဆိုသည်။

အဆိုပါညီလာခံကို ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် တရုတ်နိုင်ငံ ဘေဂျင်းမြို့၌ ကျင်းပခဲ့ပြီး ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်မှု ထိရောက်စွာဆောင်ရွက်နိုင်ရန် နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ၊ အလှူရှင်နိုင်ငံများမှ အလှူငွေမတည်ပြီး ကြက်ငှက်တုပ်ကွေးကာကွယ်ရန် ခွဲဝေထောက်ပံ့မည်ဖြစ်ကြောင်း ဝန်ကြီးက ဆိုသည်။

အဆိုပါညီလာခံတွင် အလှူငွေ အမေရိကန်ဒေါ်လာ ၁.၂ ဘီလီယံရရှိရန် မျှော်မှန်းထားသော်လည်း ၁.၉ ဘီလီယံ အထိရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေနှင့် ကြက်ငှက်တုပ်ကွေးမဖြစ်ပွားသေးသော်လည်း ကာကွယ်တားဆီးရေးအတွက် ကြိုတင်ကာကွယ်ရေးသင်တန်းများဖွင့်လှစ်၍ ဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဝန်ကြီးက ထပ်လောင်းပြောကြားသည်။

ကျော်ဆန်းမင်း

www.foreverspace.com.mm

တရုတ်အထည်အလိပ်များ ဈေးကွက်ဝေစုရရန် ထိုးဖောက်၊ ထိုင်းအထည်အလိပ်များ ဈေးကွက်ဝင်ရောက်မှု ပုံသဏ္ဌာန်ပြောင်း

သတင်းဆောင်းပါး – သစ်ထွန်း၊ ဓာတ်ပုံ–အောင်အောင်

၁၀–၂–၀၆

မြန်မာနိုင်ငံ၏ အထည်အလိပ် လက်လီလက်ကားရောင်းချရာ အဓိကဈေးကွက်ကြီးဖြစ်သော ရန်ကုန်မြို့ အဆင့်မြင့် မင်္ဂလာဈေးကြီးအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံထွက် အထည်အလိပ်များ ဈေးကွက်ဝေစုရရန် ထိုးဖောက်လျက်ရှိပြီး ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံမှ အထည်အလိပ်အချို့မှာ ဈေးကွက်အတွင်း ဝင်ရောက်မှုပုံသဏ္ဌာန်များ ပြောင်းလာကြောင်း အဆိုပါဈေးမှ အထည်အလိပ်လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးအောင်အောင်က ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း ပြောကြားသည်။

တရုတ်အထည်အလိပ်များမှာ ပြီးခဲ့သည့် နှစ်အနည်းငယ်မှစတင်၍ ရန်ကုန်ဈေးကွက်အတွင်းသို့ ဝင်ရောက်ခဲ့ရာ ဈေးနှုန်းသက်သာမှုကြောင့် ဈေးကွက်အတွင်း ဝေစုအချို့ရလာရာမှ ဈေးကွက်ချဲ့ထွင်ရန် မြန်မာနိုင်ငံအနှံ့သို့ ကိုယ်စားလှယ်ကုန်သည်များ စေလွှတ်လျက်ရှိကြောင်း ဦးအောင်အောင်က ပြောကြားသည်။

"ဒီကိုယ်စားလှယ်တွေက မူဆယ်က ဆင်းလာတာ ပြီးခဲ့တဲ့ လပိုင်းလောက်ကမှ ရန်ကုန်ရောက်လာတာ။ သူတို့မှာ တရုတ်အထည်အလိပ် နမူနာတွေပါလာတယ်။ နမူနာပစ္စည်းပြပြီး ပစ္စည်းအမှာကို သူတို့ဆောင်ရွက်ပေးနိုင်တယ်လို့ ပြောတယ်။ သူတို့ဆီက ပစ္စည်းတွေမှာကြတာပေါ့။ ဈေးကွက်မှာတော့ ပစ္စည်းတစ်မျိုးဆိုရင် အကုန်ချုပ်ပြီးဝယ်နိုင်ရင် ပိုကောင်းတာပေါ့။ ဒါပေမဲ့ ဒီကုန်သည်တွေက မန္တလေးဈေးကွက်မှာလည်း အကုန်ရောက်ပြီးပြီ။ မကြာခင်ကလည်း မော်လမြိုင်ကို ဆင်းသွားတယ်လို့ ပြောတယ်။ ဒါကိုကြည့်ရင် ဈေးကွက်ချဲ့လာတယ်လို့ ပြောလို့ရပါတယ်" ဟု ဦးအောင်အောင်က သုံး သပ်ပြောကြားသည်။

အဆိုပါ ကုန်သည်များသည် တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရှိ အထည်စက်ရုံများမှတစ်ဆင့် ချိတ်ဆက်ပြီး ရန်ကုန်ဈေးကွက်ကို ထိုးဖောက်လာခြင်းဖြစ်ကြောင်း၊ ယခင်က တရုတ်–မူဆယ် နယ်စပ်ရှိ ဈေးကွက်မှ ဝင်ရောက်ရာမှ ယခုကဲ့သို့ ဈေးကွက်ချဲ့ထွင်လာခြင်းဖြစ်ကြောင်း၊ ထို့အပြင် မိမိလိုအပ်သည့် ပစ္စည်းအရောင်၊ ချည်အစိတ်အကျဲ စသည်တို့ကို မှာယူနိုင်ခြင်းကလည်း ဈေးကွက်အတွင်း အားသာချက်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

"တကယ်ကတော့ ဒီကိုယ်စားလှယ်တွေကလည်း ဘာသာစကားနဲ့ ဈေးကွက်ကျွမ်းကျင်မှုကြောင့် တရုတ်စက်ရုံတွေက ဈေးကွက်ချဲ့ထွင်ရေးမှာ သုံးလာတာပါ။ တကယ်လို့သာ တရုတ်က စက်ရုံတွေအထိ ပစ္စည်းကို ကိုယ်တိုင်စိတ်ကြိုက်သွားရောက်မှာယူမယ်ဆိုရင် ကိုယ့်စိတ်ကြိုက်ပစ္စည်းကို ဈေးနှုန်းနဲ့ လိုသလောက် ချိန်ပြီးမှာလို့ရမယ်။ ဒါပေမဲ့ ဒီစက်ရုံအများစုက မူဆယ်နယ်စပ်ကနေ လေးရက်လောက် ရထားစီးသွားရင် ရောက်မယ့် ကွမ်းကျိုးမှာ အများဆုံးရှိတယ်လို့ သိရတယ်။ အဲဒီမှာ အရည်အသွေးကောင်း

ဈေးနှုန်းသက်သာသော တရုတ်အထည်အလိပ်များက ဈေးကွက်ဝေစုအများဆုံးရရှိသည်



www.foreverspace.com.mm

အထည်တွေ ထုတ်လုပ်နိုင်တဲ့ စက်ရုံတွေ ရှိတယ်" ဟု ဦးအောင်အောင်က ဆိုသည်။

တရုတ်အထည်အလိပ်များ ဈေးကွက်ချဲ့ထွင်လာချိန်တွင် ထိုင်းနိုင်ငံထုတ် အထည်အလိပ်များမှာလည်း ဈေးကွက်သို့ ဝင်ရောက်မှုပုံစံပြောင်းလာသည်ကို တွေ့ရသည်။ အဓိကအားဖြင့် အရည်အသွေးကို ယခင်ကထက် အနည်းငယ်ချထားပြီး ချည်ဒီဇိုင်းကို အားပြု၍ ထုတ်လုပ်လာကြကြောင်း၊ ဈေးနှုန်းမှာ ယခင်ကထက် အနည်းငယ် လျော့သွားသော်လည်း တရုတ်ပစ္စည်းများထက် ဈေးအနည်းငယ် ပိုကြောင်း ဦးအောင်အောင်က ဆက်လက်ပြောကြားသည်။

"ထိုင်းပစ္စည်းတွေဆိုတာကလည်း မြဝတီနယ်စပ်က ကုန်သည်ကြီးတွေက တစ်ဆင့် ရန်ကုန်ဈေးကွက်ထဲကို ရောက်လာတာပါ။ ပစ္စည်းအဆင်တစ်မျိုးဆိုရင် ထုတ်လုပ်တဲ့ အရေအတွက်များလို့ တစ်ဦးတည်းချုပ်ဝယ်ဖို့ဆိုတာ မလွယ်ပါဘူး။ နယ်စပ်က ကုန်သည်တွေကတစ်ဆင့် ခွဲဝယ်ရတာပေါ့။ သူတို့ကလည်း တရုတ်ပစ္စည်းကိုယှဉ်ဖို့ ထိုင်းကစက်ရုံတွေကို ပစ္စည်းမှာတဲ့အခါ ဈေးကွက်မှာယှဉ်နိုင်တဲ့ ပစ္စည်းကို ရွေးချယ်မှာယူလာကြတာပါ။ ဒါပေမဲ့ တရုတ်ပစ္စည်းတွေက ဈေးနှုန်းသက်သာသလို တချို့အထည်တွေက အနံ့ကြီးတော့ ဝယ်သူပိုကြိုက်တာပေါ့" ဟု ဦးအောင်အောင်က ရှင်းပြသည်။

ထိုင်းနိုင်ငံထုတ် အထည်အလိပ်များမှာ ဈေးကွက်အတွင်း အရည်အသွေးကောင်းပြီး ဝယ်လက်ရှိသောပစ္စည်းဖြစ်သော်လည်း ယခုကဲ့သို့ တရုတ်ပစ္စည်းများက ဈေးနှုန်းလျှော့ပြီး ပြိုင်ဆိုင်လာရာ ဝယ်သူများမှာ ဈေးသက်သာရာကိုသာ ရွေးဝယ်ကြောင်း၊ တစ်ဆင့်ရောင်းချရသူများအတွက်လည်း ဈေးနှုန်းသက်သာပြီး အရည်အသွေးသိသိသာသာ ကွာခြားမှုမရှိသဖြင့် တရုတ်ပစ္စည်းအဝယ်လိုက်လာခြင်းဖြစ်ကြောင်း မဂ်လာဈေးမှ စုံစမ်းသိရှိရသည်။

ကုန်ပစ္စည်းအဝင်မှာမူ တရုတ်ပစ္စည်းမှာ ၄၅ ရက် တစ်ကြိမ် ဝင်လေ့ရှိပြီး ထိုင်းပစ္စည်းမှာ အပတ်စဉ်ဆိုသလို ဝင်လေ့ရှိရာ ပစ္စည်းစုဆောင်းမှုအနေအထားမှာ ကွာခြားကြောင်း၊ ထိုင်းပစ္စည်းမှာ အထည်အလိပ်လိုင်းတွင် အစုံဝင်ရောက်လျက်ရှိသော်လည်း တရုတ်ပစ္စည်းများဖြစ်သော အချို့ဖဲ၊ ဇာ စသည့်လိုင်းများမှာ ဈေးကွက်တွင် စဖောက်သည့်အနေအထားမှာပင် ရှိနေကြောင်း ဦးအောင်အောင်က ပြောကြားသည်။ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ၏ အနေအထားအရလည်း ကုန်ပစ္စည်းအဝင်နှင့် ဈေးနှုန်းပေါ်တွင် သက်ရောက်လေ့ရှိသည်။ ယခုအခါ နယ်စပ်တွင် အများစုမှာ နယ်စပ်ကုန်သွယ်ရေးမှသာ အရောင်းအဝယ်ဖြစ်နေကြောင်း မဂ်လာဈေးကုန်သည်အသိုင်းအဝိုင်းမှ စုံစမ်းသိရှိရသည်။

"တရုတ်ပစ္စည်းဝင်တဲ့ လမ်းကြောင်းက ထိုင်းကဝင်တဲ့ လမ်းကြောင်းထက်စာရင် ရန်ကုန်ဈေးကွက်နဲ့တော့ ဝေးတာပေါ့။ တရုတ်ပစ္စည်းက အမှာရှိရင် မန္တလေးကနေ အိန္ဒိယနယ်စပ်အထိ သွားတယ်။

ဘုန်းတော်ကြီး ပညာသင်ကျောင်းသားများကို တရုတ်မှ ပညာသင်စရိတ် ထောက်ပံ့

ရန်ကုန်၊ စက်တင်ဘာ ၂၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လန်းဂျူးအမည်ရှိ သာသနာရေးအဖွဲ့အစည်းတစ်ခုသည် မြန်မာနိုင်ငံ သာသနာရေးဝန်ကြီးဌာနလက်အောက်ရှိ ဘုန်းတော်ကြီးကျောင်းသင်ပညာရေးကျောင်းများရှိ ထူးချွန်သောကျောင်းသားအချို့ကို ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်လျက်ရှိကြောင်း သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်သိန်းညွှန့်က Living Color သို့ ပြောကြားသည်။

အဆိုပါ ပညာသင်ဆုများကို လွန်ခဲ့သော ၂၀၀၃ ခုနှစ်မှစတင်၍ ထောက်ပံ့ပေးလျက်ရှိပြီး တစ်နှစ်လျှင် ကျောင်းသားတစ်ဦးအတွက် ကျပ်နှစ်သိန်းခွဲနှင့် သုံးသိန်းဝန်းကျင်ကြားရရှိလျက်ရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

မြန်မာနိုင်ငံတွင် ဘုန်းတော်ကြီးပညာသင်ကျောင်း စုစုပေါင်း ၁၄၀၀ ကျော်ရှိ၍ ကျောင်းသား ၁၇၀၀၀၀ ကျော် ပညာသင်ကြားလျက်ရှိပြီး အထက်တန်းကျောင်း သုံးကျောင်းနှင့် အလယ်တန်းအဆင့်ကျောင်း ၄၈ ကျောင်းထိ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သာသနာရေးဝန်ကြီးဌာန၏ တရားဝင်စာရင်းများအရ သိရှိရသည်။

ပြည်ပအဖွဲ့အစည်းများထောက်ပံ့လျက်ရှိသည်ဟုဆိုစေကာမူ ဘုန်းတော်ကြီးပညာသင်ကျောင်းများရှိ ကျောင်းသားများအတွက် စာရေးကိရိယာနှင့် ပုံနှိပ်ဗဟုသုတစာအုပ်အများအပြား လိုအပ်ချက်ရှိနေဆဲဖြစ်ကြောင်းလည်း ဦးအောင်သိန်းညွှန့်က မှတ်ချက်ပြုပြောဆိုသည်။

Associated News

www.foreverspace.com.mm

အထက်ပိုင်းဒေသတွေအတွက်လည်း မန္တလေးကတစ်ဆင့် သွားတော့ ရန်ကုန် ဈေးကွက်အတွက် ပစ္စည်းအဝင်က ထိုင်းလောက်တော့ မမြန်ဘူးပေါ့။ ဒါပေမဲ့လည်း ပစ္စည်းအများစုက ကုန်သည်တွေ ဈေးကွက်လမ်းကြောင်းအခြေအနေကြည့်ပြီး တင်ပို့လေ့ရှိပါတယ်" ဟု ဦးအောင်အောင်က ရှင်းပြသည်။

ယခုလက်ရှိ ငွေဈေးအရ တရုတ်ပစ္စည်းမှာ ဝယ်ယူရအဆင်ပြေကြောင်း၊ ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း တရုတ်ငွေတစ်ယွမ်လျှင် မြန်မာငွေကျပ် ၇၀ ခန့် ဈေးပေါက်လျက်ရှိကြောင်း၊ ထိုင်းနှင့် ကုန်သွယ်မှု ဖလှယ်နှုန်းထားများမှာ နေ့စဉ်ကုန်သွယ်မှုအနေအထားအရ အပြောင်းအလဲရှိကြောင်း မင်္ဂလာဈေးကုန်သည်အသိုင်းအဝိုင်းက နယ်စပ်အခြေအနေကို ကိုးကား၍ ပြောကြားသည်။

အိန္ဒိယအထည်အလိပ်များ၏ လက်ရှိအနေအထားမှာ ပစ္စည်းအဝင် လျော့ကျလျက်ရှိပြီး အထူးသဖြင့် အဝယ်ဘက်ကို အားသန်နေကြောင်း၊ အိန္ဒိယ နယ်စပ်သို့လည်း မန္တလေးမှတစ်ဆင့် (သို့မဟုတ်) ရန်ကုန်မှတစ်ဆင့် တရုတ်အထည်အလိပ်များနှင့် ထိုင်းအထည်အလိပ်များလည်း တင်ပို့ရလျက်ရှိကြောင်း ဦးအောင်အောင်က ပြောကြားသည်။

လက်ရှိအနေအထားမှာ တရုတ်နှင့် ထိုင်းအထည်အလိပ်များ ဈေးကွက်အတွင်း ပြိုင်ဆိုင်လျက်ရှိသည်ဟု ဆိုနိုင်သော်လည်း အဓိကအားဖြင့် ကုန်ပစ္စည်းအဝင်၊ ဈေးနှုန်း၊ ကုန်သွယ်မှု မူဝါဒများ အပြင် ဝယ်ယူသူများ၏ ရွေးချယ်သုံးစွဲမှု အပေါ်နှင့် တစ်ဆင့်ရောင်းချသူများ၏ ရင်းနှီးမြှုပ်နှံမှုများမှာ အရေးပါကြောင်း မင်္ဂလာဈေးကုန်သည်အသိုင်းအဝိုင်းက သုံးသပ်ပြောကြားသည်။

■

မြန်မာ - တရုတ်နယ်စပ် မူဆယ်မြို့တွင် GSM ဖုန်းများ အသုံးပြုနိုင်ပြီ

ရန်ကုန်၊ ဇန်နဝါရီ ၂၉

မြန်မာ–တရုတ်နယ်စပ်ကုန်သွယ်ရေးမြို့တစ်မြို့ဖြစ်သည့် မူဆယ်မြို့တွင် ပြီးခဲ့သည့်နှစ်ကုန်ပိုင်း ဒီဇင်ဘာလ ၂၇ ရက်မှစတင်၍ GSM တယ်လီဖုန်းများကို စတင်အသုံးပြုနိုင်ခဲ့သည်ဟု မူဆယ်မြို့ခံတစ်ဦးက Living Color သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ပြောကြားသည်။

GSM တယ်လီဖုန်းများ အသုံးပြုလာနိုင်ခြင်းကြောင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် များစွာ အထောက်အကူပြုကြောင်း၊ အထူးသဖြင့် ယခင်က ကြိုးဖုန်းများကို အသုံးပြုခေါ်ဆိုရသောကြောင့် လိုင်းကျပ်ပြီး ခေါ်ဆိုရခက်ခဲသော်လည်း ယခုအခါ များစွာလွယ်ကူကြောင်း အဆိုပါပုဂ္ဂိုလ်က ဆိုသည်။ လတ်တလောကာလတွင် GSM အငှားချထားပေးရန် လျှောက်လွှာများကို ခေါ်ယူလျက်ရှိသည်ဟု မူဆယ်မြို့ခံတစ်ဦးက ဆိုသည်။

တောင်းပန်လွှာ

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလထုတ် Living Color မဂ္ဂဇင်း စာမျက်နှာ ၄၄ ရှိ 'တင်အောင်ကျော်' ၏ 'အာဟာရဗီတာမင်ကြော်ငြာအသုံးစရိတ်များနှင့် လူထုကျန်းမာရေးအခန်းကဏ္ဍ' ဆောင်းပါးပါ APPETON ကြော်ငြာဆိုင်းဘုတ်ပုံသည် ဆောင်းပါး,ပါအကြောင်းအရာနှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် အဆိုပါပုံဖော်ပြခဲ့သည့်အတွက် သက်ဆိုင်ရာကုမ္ပဏီ၏ အမှတ်တံဆိပ်တစ်ခုအပေါ် တစ်စုံတစ်ရာ ထိခိုက်မှုဖြစ်သွားခြင်းကို အယ်ဒီတာအဖွဲ့မှ အနူးအညွှတ် တောင်းပန်အပ်ပါသည်။

အယ်ဒီတာ

www.foreverspace.com.mm

ပြည်တွင်းရှိ စာရေးကိရိယာများနှင့် ရုံးသုံးစက္ကူများ၏ဈေးကွက် ယခုနှစ် နှစ်ဦးပိုင်း၌ အပြောင်းအလဲဖြစ်ပေါ်

သတင်းဆောင်းပါး – သာမိုးကြည်အောင်၊ ၈-၂-၀၆

ပြည်တွင်း၌ စာရေးကိရိယာများနှင့် ရုံးသုံးစက္ကူများ၏ ဈေးကွက်အခြေအနေသည် ပုဂ္ဂလိကကုမ္ပဏီများ၏ အသုံးပြုမှု အပေါ်မူတည်၍ ဈေးနှုန်းပြောင်းလဲမှုရှိသော်လည်း အဓိကအားဖြင့် ယင်းကုန်ပစ္စည်းများကို ဝယ်ယူအသုံးပြုမှု အများဆုံးသည် အစိုးရရုံးများသာဖြစ်ကြောင်း ရန်ကုန်မြို့ ၃၂ လမ်း စက္ကူဈေးကွက်အတွင်းရှိ အေဝမ်းစာရေးကိရိယာနှင့် စက္ကူရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးမောင်မောင်လေးက ဆိုသည်။

အစိုးရရုံးများက ဝယ်ယူအသုံးပြုမှုအများဆုံးဖြစ်သည်

အစိုးရရုံးများ ပျဉ်းမနားဒေသသို့ ယခုနှစ် ၂၀၀၆ နှစ်ဦးပိုင်းတွင် အပြီးသတ်ပြောင်းရွှေ့ရုံးစိုက်ခဲ့ခြင်းကြောင့် ရန်ကုန်မြို့ရှိ စာရေးကိရိယာနှင့် ရုံးသုံးစက္ကူဈေးကွက်လည်း အထိုက်အလျောက် လျော့ကျသွားခဲ့ကြောင်းလည်း ၎င်းက ပြောသည်။

"အစိုးရရုံးတစ်ရုံးကို စာရေးကိရိယာနဲ့စက္ကူ တစ်လအသုံးပြုနှုန်းက သိန်း ၁၀၀ ဝန်းကျင်လောက်ရှိတော့ ဒီရုံးတွေ ပျဉ်းမနားကို အပြီးသတ်ပြောင်းသွားတဲ့ အခါမှာ စက္ကူဈေးကွက်တစ်ခုလုံးကိုပါ ပျဉ်းမနားဒေသကို ရွှေ့ရမယ့်အခြေအနေ ဖြစ်နေတယ်" ဟု ဦးမောင်မောင်လေးက ၎င်းအဖြစ်ကို ရှင်းပြသည်။

ယင်းကဲ့သို့ ဈေးကွက်တစ်ခု ပြောင်းရွှေ့ပါက စက္ကူသိုလှောင်ရန် ဂိုဒေါင်များ အတွက် အခက်အခဲကို ဖြေရှင်းနိုင်မည့် နည်းလမ်း ရှာနေကြကြောင်းနှင့် အဆိုပါ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေး စရိတ်စကများအတွက်လည်း ကာမိစေရန် စီစဉ်လျက်ရှိကြောင်း ဝါရင့်စက္ကူကုန်သည်တစ်ဦးက ဆိုသည်။

လက်ရှိရုံးသုံးစက္ကူဈေးနှုန်းများမှာ ယခင်နှစ်ကထက်စာလျှင် အနည်းငယ် လျော့ကျနေသော်လည်း ဝယ်လိုအားပိုင်းတွင်မူ ယခင်ကထက် ပိုမိုကျဆင်းနေကြောင်း စက္ကူအရောင်းဆိုင်တစ်ဆိုင်၏ တာဝန်ခံတစ်ဦးက ပြောသည်။

"ဒီကုန်ပစ္စည်းတွေအားလုံးနီးပါးနိုင်ငံခြားက တင်သွင်းတာဆိုတော့ အများအားဖြင့် သင်္ဘောနဲ့ဝင်တာ များတယ်။ ရန်ကုန်မှာဆိုရင် သင်္ဘောပေါ်ကနေ ပစ္စည်းတွေကို ဂိုဒေါင်ထဲတိုက်ရိုက်သွင်းရုံနဲ့ အဆင်ပြေတယ်။ နောက်ပြီး စက္ကူက လည်း ဝန်ပွဆိုတော့ သိုလှောင်ဖို့ ဂိုဒေါင် ကျယ်ကျယ်ဝန်းဝန်း ရှိနိုင်ဖို့က ပျဉ်းမနား မှာ ရှာရဦးမယ်" ဟု ပျဉ်းမနားဒေသတွင် စာရေးကိရိယာများနှင့် ရုံးသုံးစက္ကူ အရောင်းအဝယ်ပြုလုပ်ရန် စီစဉ်နေသူ တစ်ဦးကရှင်းပြသည်။

စာရေးကိရိယာများနှင့် ရုံးသုံးစက္ကူ ဆိုင်အချို့သည် ပျဉ်းမနားဒေသ၌ ဆိုင်ခန်းနေရာများ ရယူထားပြီး ဖြစ်သော်လည်း ၎င်းပစ္စည်းများ သိုလှောင်ထားရန် အတွက်မူ စီစဉ်နေဆဲဖြစ်ကြောင်း ၎င်းက ပြောသည်။

ပြည်တွင်းဈေးကွက်အတွင်း၌ ရုံးသုံးစက္ကူ ဝယ်လိုအားကျဆင်းခဲ့သော်လည်း အခြား ပုဂ္ဂလိကလုပ်ငန်းသုံးစက္ကူ ဈေးကွက်များမှာမူ ပုံမှန်အနေအထား အတိုင်း အရောင်းအဝယ်ဖြစ်ပေါ်လျက် ရှိသည်။

"အခုလို ပျဉ်းမနားဒေသကို စက္ကူ လုပ်ငန်းအတော်များများ ပြောင်းရွှေ့သွား ရင် ကျွန်တော်တို့အတွက် ဈေးကွက်ပိုပြီး ကျယ်လာနိုင်သလို၊ သယ်ယူပို့ဆောင်ရေး နဲ့ ပစ္စည်းလေလွင့်ပျက်စီးမှု ထိန်းသိမ်းရ တဲ့အပိုင်း ပိုပြီး ဂရုစိုက်ရမှာပဲ" ဟု စက္ကူ ဝယ်ရောင်းလုပ်ကိုင်သူတစ်ဦးက ထပ်

www.foreverspace.com.mm

လောင်းပြောကြားသည်။

စာရေးကိရိယာနှင့် ရုံးသုံးစက္ကူ ရောင်းဝယ်သူအများစုသည် ၎င်းတို့၏ ဖောက်သည် မပျောက်စေရန် အစိုးရရုံး စိုက်ရာနေရာသို့ ဈေးကွက်စုံစမ်းမှုများ လိုက်လံပြုလုပ်လျက်ရှိပြီး ဆိုင်ခန်းခွင့်ပြု မိန့်ရရှိရေးအတွက်လည်း ကြိုးပမ်းလျက် ရှိကြောင်း စက္ကူရောင်းဝယ်ရေးလုပ်ငန်း ရှင်တစ်ဦးက ရှင်းပြသည်။

၎င်းတို့ ယခင်ရရှိခဲ့သည့် ဈေးကွက် ဝေစုအခြေအနေမှာ ဆိုင်နေရာများ ချထား မှုအပေါ် မူတည်၍ ပြောင်းလဲမှုများ ရှိနိုင် သော်လည်း ယခင်ပုံမှန်ဝယ်ယူသည့် ဝန်ကြီးဌာနများမှ အမှာစာများ ပြန်လည်ရရှိ နိုင်ရန်အတွက် သင့်တော်သည့်ဈေးနှုန်း များဖြင့် ပြန်လည်ချိတ်ဆက်နိုင်ရန် ကြိုး ပမ်းသွားမည်ဖြစ်ကြောင်း ၎င်းက ပြော ကြားခဲ့သည်။

LIVING COLOR
MAGAZINE
526302 , 504496 ,
4412163

Asia Winner ကုမ္ပဏီမှ အရှေ့အလယ်ပိုင်းနိုင်ငံများသို့ ဆိတ်သားတင်ပို့

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၀

မြန်မာနိုင်ငံ၏ ပုဂ္ဂလိကပိုင်ကုမ္ပဏီတစ်ခုဖြစ်သည့် Asia Winner ကုမ္ပဏီမှ ဆိတ်သားကို အရှေ့အလယ်ပိုင်းဒေသနိုင်ငံများသို့ တင်ပို့လျက်ရှိသည်ဟု Asia Winner ကုမ္ပဏီမှ MD ဦးအောင်နိုင်က ဖေဖော်ဝါရီလလယ်ပိုင်းတွင် ပြောကြားသည်။

အဆိုပါဆိတ်သားတင်ပို့မှုတွင် ပထမအသုတ်အနေဖြင့် ဖေဖော်ဝါရီလ ဆန်းပိုင်းက တန်ချိန် ၅၀ကို စတင်တင်ပို့ခဲ့ပြီးဖြစ်ကြောင်း၊ ဈေးနှုန်းအားဖြင့် ဆိတ်သားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၅၀၀ ဈေးရကြောင်း ၎င်းက ဆိုသည်။ ဆိတ်သားတင်ပို့မှုကို အအေးခန်းကွန်တိန်နာများဖြင့် စင်ကာပူမှ တစ်ဆင့် တင်ပို့လျက်ရှိပြီး ယခုအခါ ဒုတိယအသုတ်အနေဖြင့် ဆိတ်သားတန်ချိန် ၅၀ ကို ဖေဖော်ဝါရီလအတွင်း ထပ်မံတင်ပို့ရန် စီစဉ်ပြီးဖြစ်သည်ဟု အဆိုပါပုဂ္ဂိုလ်က ဆိုသည်။

မြန်မာနိုင်ငံတွင် သိုး၊ ဆိတ်ကောင်ရေ နှစ်သန်းကျော်ရှိရာတွင် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းတို့တွင် တစ်နိုင်ငံလုံး၏ သိုး၊ ဆိတ် အရေအတွက်၏ သုံးပုံနှစ်ပုံခန့်ရှိသည်။ ယခုအခါ ပုဂ္ဂလိကကုမ္ပဏီများမှ ကိုယ်တိုင် မွေးမြူရေးခြံများတည်ထောင်ပြီး သိုး၊ ဆိတ်များကို မြဝတီမှတစ်ဆင့် ထိုင်းနိုင်ငံသို့တင်ပို့ရန် စီစဉ်လျက်ရှိသည်ဟု မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ဖွဲ့နှအရောအနှောများကို စစ်ဆေးရေးအဖွဲ့ဖွဲ့၍ စစ်ဆေးမည်

ရန်ကုန်၊ စက်တင်ဘာ ၂၅

မွေးမြူရေးအစာကုန်ကြမ်းတစ်မျိုးဖြစ်သည့် ဖွဲ့နှများတွင် စပါးခွံ၊ ပြောင်း၊ ပီလာပီနံမှုန့်တို့နှင့်ရော၍ ရောင်းချခြင်းအား စစ်ဆေးရေးအဖွဲ့ဖွဲ့၍ စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ အစည်းအဝေး တစ်ရပ်တွင် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက ပြောကြားသည်။

မွေးမြူရေးအစာကုန်ကြမ်းတစ်မျိုးဖြစ်သည့် ဖွဲ့နှများတွင် ယင်းကဲ့သို့ အရောအနှောများပါဝင်မှုကြောင့် အသားစားငါးများနှင့် အစုံစားသတ္တဝါများတွင် ထိခိုက်မှုမရှိသော်လည်း ငါးမြစ်ချင်း၊ တီလားပီးယားအစရှိသော အူနုသည့်ငါးများမှာ အန္တရာယ်ဖြစ်ပွားနိုင်ကြောင်း၊ ကိုယ်ကျိုးစီးပွားတစ်ခုသာကြည့်သော ကုန်သည်ပွဲစားအချို့ကြောင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးတွင် များစွာ ထိခိုက်ကြောင်း ငါးမွေးမြူရေးလုပ်ငန်းရှင် တစ်ဦးက ပြောကြားသည်။

ဖွဲ့နှအစစ်ဖြစ်ပါက လက်နှင့် ဆုပ်ကိုင်လိုက်လျှင် လက်တွင် အမှုန့်များ ကပ်ကျန်မှုမရှိကြောင်း၊ ဖွဲ့နှမှာ စေးကပ်မှုမရှိခြင်းကြောင့် ယင်းသို့ လက်နှင့်ဆုပ်သော်လည်း လက်ပြန်ဖြန့်လိုက်လျှင် အမှုန့်အတိုင်းသာရှိပြီး အခဲမဖြစ်ကြောင်း၊ ဖွဲ့နှအစစ်မှာ ရောနှောထားသည့် ဖွဲ့နှလောက် မှုန့်ညက်မှုမရှိဘဲ ရေထဲတွင် စိမ်လိုက်ပါက ပြောင်းမှုန့်မှာ ရေပေါ်တွင် ပေါ်လာ မည်ဖြစ်ကြောင်း မွေးမြူရေးအစာကုန်ကြမ်းကုန်ချောကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးအုန်းလွင်က ပြောကြားသည်။

www.foreverspace.com.mm

ရှောင်ရန်လိုသည့်အချက်များ လွတ်ကင်းပါက လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်ပြု

ဗိုလ်မှူးချုပ်ကျော်ဆန်း

ရန်ကုန်၊ ဇန်နဝါရီ ၁၄

ဗိုလ်မှူးချုပ်ကျော်ဆန်း

မြန်မာနိုင်ငံတွင် ထုတ်ဝေဖြန့်ချိနေသော ပုဂ္ဂလိကမီဒီယာအားလုံးကို စိစစ်တည်းဖြတ်နေသည့် စာပေစိစစ်ရေး အနေဖြင့် သုတ၊ ရသ စာအုပ်စာပေများ၊ သတင်းစာစောင်များ ရေးသားထုတ်ဝေကြရာတွင် နိုင်ငံတော်တည်ငြိမ်ရေး၊ လုံခြုံရေး၊ အမျိုးသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ ဘာသာရေးနှင့်ပုဂ္ဂိုလ်ရေးစသည့်အချက်များကို ထိပါးရေးသားခြင်းမှ ရှောင်ကြဉ်ဆောင်ရွက်၍ လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်ပြုထားကြောင်း ဇန်နဝါရီလ ၁၄ ရက်နေ့က ရန်ကုန်မြို့ Traders ဟိုတယ်တွင် ကျင်းပပြုလုပ်သည့် ပထမအကြိမ် 'သုတစွယ်စုံစာပေဆု' ဆုချီးမြှင့်ပွဲအခမ်းအနား အဖွင့်မိန့်ခွန်းပြောကြားရာ၌ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ထည့်သွင်းပြောကြားသည်။

လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတွင် အသိဉာဏ်ပညာ ဗဟုသုတများ ပြန့်ပွားရေးသည် အလွန်အရေးပါသည့်အလျောက် လူကြီးလူငယ်မရွေး သိသင့်၊ တတ်သင့်သော စာပေများကို စာပေရေးသားထုတ်ဝေရေး မူဝါဒများနှင့်အညီ ရေးသားထုတ်ဝေသွားကြပါဟု တိုက်တွန်းလိုကြောင်း၊ စာပေတန်ဖိုး၊ သတင်းတန်ဖိုးဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ ကဏ္ဍအသီးသီးအတွက် အရေးပါကြောင်း၊ ယခုကဲ့သို့ စာပေဆုများ စနစ်တကျ သတ်မှတ်ချီးမြှင့်ပေးခြင်းသည် စာပေလောက အတွက် ဆီလျော်သည့် ဆောင်ရွက်ချက် တစ်ရပ်ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားသည်။

သုတစွယ်စုံစာအုပ်တိုက်မှ ၂၀၀၄ ခုနှစ်အတွက် စာပေဆုငါးမျိုး သတ်မှတ်၍ ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များအနက်မှ သုတစွယ်စုံ၏ မူနှင့် ကိုက်ညီသည့် စာအုပ်ပေါင်း ၅၂ အုပ်ကို ပထမအကြိမ်အဖြစ် 'သုတစွယ်စုံစာပေဆု' ချီးမြှင့်ပေးခြင်းဖြစ်သည်။ သုတသိပ္ပံဆုကို 'ကမ္ဘာကျော်အဆောက်အအုံများနှင့် တည်ဆောက်သူများ' စာအုပ်ရေးသားသော လှိုင်သင်း၊ အသုံးချသိပ္ပံဆုကို 'သွားနှင့်ခံတွင်း အကြောင်းသိကောင်းစရာ' စာအုပ်ရေးသားသော ဒေါက်တာမိုလာ၊ စာပဒေသာဆုကို 'ရိတ်သိမ်းချိန်လွန်မြို့ပြနှင့် အခြားလူမှုစီးပွားအသုံးချဆောင်းပါးများ' စာအုပ်ရေးသားသော အောင်မောင်း၊ စာပေဆု(ဝိဇ္ဇာ)ကို 'တကောင်းမှ အသစ်တွေ့ရှိမှု ပျူအထောက်အထားများ' စာအုပ်ရေးသားသော ချစ်စံဝင်းနှင့် 'သုတစွယ်စုံ' တစ်သက်တာစာပေဆုကို သိပ္ပံမှူးတင်တို့အား အသီးသီးရွေးချယ်ချီးမြှင့်ခဲ့သည်။

တောင်သာစွပ်ကျယ်စက်ရုံမှ တစ်နှစ်လျှင် အထည်အရေအတွက် နှစ်သန်းထုတ်လုပ်နိုင်မည်ဟုဆို

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၃

မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့နယ် တောင်သာမြို့အနီးတွင် တည်ဆောက်ထားပြီး ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ဖွင့်လှစ်လိုက်သည့် အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း၏ စွပ်ကျယ်စက်ရုံ (တောင်သာ) မှ စွပ်ကျယ်၊ တီရှပ်နှင့် စပို့ရှပ်အထည်စုံ တစ်နှစ်လျှင် အရေအတွက် နှစ်သန်းထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း အစိုးရ၏ တရားဝင်ထုတ်ပြန်ချက်များအရ သိရှိရသည်။

အဆိုပါစက်ရုံကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shanghai World Best Group Co., Ltd. နှင့် အမှတ် (၁) စက်မှုဝန်ကြီးဌာနတို့ စာချုပ်ချုပ်ဆို၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုအတွက် စုစုပေါင်းကုန်ကျငွေမှာ ကျပ်သန်းပေါင်း ၂၇၅၀ ဒသမ ၅၂၃၀ သန်းဖြစ်ကြောင်း၊ ယခုဖွင့်လှစ်လိုက်သည့် စက်ရုံမှာ ၁၉၈၈–၈၉ ခုနှစ်နောက်ပိုင်းတွင် အမှတ် (၁) စက်မှုဝန်ကြီးဌာနမှ တည်ဆောက်သည့် ၅၇ ခုမြောက် စက်ရုံဖြစ်ကြောင်းနှင့် ဒေသခံ ၁၆၀၀ ကျော်အတွက် အလုပ်အကိုင်များ ရရှိစေခဲ့ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

■

www.foreverspace.com.mm

အင်းလေး Resort ကြယ်ငါးပွင့်ဟိုတယ်အဆင့် တိုးချဲ့မည်

ရန်ကုန်၊ ဖေဖော်ဝါရီ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) အင်းလေးဒေသရှိ မြန်မာနိုင်ငံသားပိုင် နိုင်ငံတကာအဆင့်မီ တည်ဆောက်ထားသည့် Inle Resortအား အာဆီယံအစည်းအဝေးကဲ့သို့သော နိုင်ငံတကာအစည်းအဝေးများနှင့် Forum များကိုပါ လက်ခံကျင်းပနိုင်မည့် ကြယ်ငါးပွင့်အဆင့်မီ ဟိုတယ်တစ်ခုအဖြစ် အဆင့်မြှင့် တိုးချဲ့တည်ဆောက်လျက်ရှိကြောင်း အဆိုပါ Resort မှ မန်နေဂျာ ဒေါ်စန်းစန်းဌေးက Living Color သို့ ပြောကြားသည်။ အင်းလေးဒေသ မိုင်းသောက်ကျေးရွာ၌ အင်းလေးကန်ရေပြင်နှင့် တစ်ဆက်တစ်စပ်တည်း ဧက ၃၀ ကျယ်ဝန်းသော မြေနေရာပေါ်တွင် အင်းလေးရိုးရာနှင့် မြန်မာမှ မြန်မာ့ဟန်ပေါင်းစပ်၍ တည်ဆောက်ဖွင့်လှစ်ထားသည့် အဆိုပါ Resortတွင် ဧည့်သည် ၆၀ ဦးအထိ တစ်ပြိုင်နက် တည်းခိုနိုင်မည့် Deluxe Villas နှင့် Duplex Cottages ဟု အမည်ပေးထားသည့် ဘန်ဂလို ၃၀ လုံးနှင့် ဧည့်သည် ၄၀၀ ဦးအထိ တည်ခင်းဧည့်ခံကျွေးမွေးနိုင်သော စတုရန်းမီတာ ၁၀၀၀ အကျယ်အဝန်းရှိ ခန်းမဆောင်တို့ပါရှိပြီး ယခုအခါ နိုင်ငံတကာအဆင့်မီ ရေကူးကန်တစ်ခုအပါအဝင် စုစုပေါင်းဧည့်သည်ဦးရေ ၉၀ ဦး တစ်ပြိုင်နက် လက်ခံတည်းခိုနိုင်မည့် ဘန်ဂလို အလုံးရေ ၅၀ အထိ ထပ်မံတိုးချဲ့တည်ဆောက်လျက်ရှိကြောင်း ၎င်းကဆိုသည်။

အင်းလေးကန်အတွင်း နိုင်ငံခြားသားဧည့်သည်များအတွက် တည်ဆောက်ဖွင့်လှစ်ထားသည့် အဆင့်မြင့်ဟိုတယ်နှင့် Resort ငါးခုခန့်ရှိပြီး ယင်းတို့အနက် Inle Resort မှာ အကြီးဆုံးနှင့် အကျယ်ဝန်းဆုံး Resort တစ်ခုဖြစ်သည်။

နာရေးကူညီမှုအသင်း အခြားအဖွဲ့အစည်းများနှင့် တွဲဖက်လုပ်ကိုင်ခြင်းမရှိ

ရန်ကုန်၊ ဇန်နဝါရီ ၁၉

နာရေးကူညီမှုအသင်း(ရန်ကုန်) အနေဖြင့် အခြားမည်သည့်အဖွဲ့အစည်းနှင့်မျှ တွဲဖက်လုပ်ကိုင်ခြင်းမရှိဘဲ ပုံမှန်အတိုင်းသာ အသင်း၏လုပ်ငန်းစဉ်များ လုပ်ကိုင်လျက်ရှိကြောင်း အသင်း၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ သရုပ်ဆောင် ဦးကျော်သူက ဇန်နဝါရီလ တတိယပတ်အတွင်း ပြောကြားသည်။

နယ်ဒေသများရှိ နာရေးကူညီဆောင်ရွက်လျက်ရှိသည့် အသင်းအဖွဲ့အချို့မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် တွဲဖက်လုပ်ဆောင်မှုများရှိကြောင်း၊ နာရေးကူညီမှုအသင်း (ရန်ကုန်)၌ အခြားအသင်းအဖွဲ့များနှင့် တွဲဖက်လုပ်ဆောင်ရန် ဆက်သွယ်လာမှုမရှိကြောင်း ဦးကျော်သူက ရှင်းပြသည်။ နာရေးကူညီမှုအသင်းတွင် အမှုဆောင်အဖွဲ့ဝင် ၃၀ နီးပါးနှင့် ဝန်ထမ်း ၄၀ ကျော်ရှိပြီး နာရေးကူညီယာဉ် ၁၉ စီးဖြင့် နာရေးကူညီမှုများ ဆောင်ရွက်လျက်ရှိသည့် လူမှုရေးအသင်းအဖွဲ့တစ်ခု ဖြစ်သည်။ နာရေးကူညီမှုမှာ လူမှုရေးလုပ်ငန်းများတွင် အလွန်အရေးပါသော လုပ်ငန်းတစ်ရပ်အဖြစ် တွင်ကျယ်လာပြီး ဒေသအသီးသီးတွင် နာရေးကူညီရန်အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ နာရေးစရိတ်မတတ်နိုင်သူများအတွက် များစွာ အထောက်အပံ့ဖြစ်စေသည်။

■

ပြင်ဆင်ချက် Living Color မဂ္ဂဇင်း (အမှတ်-၁၂၆) တွင် ဆရာတော် နန္ဒာဘိဝံသသည် ကာလီဒါသ၏ 'သကုန္တလာ' ပြဇာတ်ကို သက္ကတဘာသာမှ တိုက်ရိုက်အပြည့်အစုံ မြန်မာပြန်ဆိုခဲ့ပြီး ယူနက်စကို စာပေဆုရရှိခဲ့သည်ဟုဖော်ပြခဲ့သော်လည်း ယင်းပြဇာတ်အား ရဝေထွန်း၏ ဘာသာပြန်ဆိုမှုကို ဆရာတော်က အမှာစာရေးသားပေးခဲ့ခြင်းသာ ဖြစ်ပါသည်။ **အယ်ဒီတာ**

www.foreverspace.com.mm

အောင်မင်္ဂလာကားဝင်းအတွင်းရှိ လမ်းအားလုံး မိုးမကျမီ ကတ္တရာခင်းနိုင်ရန်စီစဉ်

ရန်ကုန်၊ ဧနှစ်ဝါရီ ၁၆

မြန်မာနိုင်ငံအရပ်ရပ်ရှိ မြို့ကြီးများနှင့် ရန်ကုန်မြို့တော်အကြား ခရီးသည်များ သယ်ယူပို့ဆောင်ပေးသည့် အဝေးပြေးခရီးသည်တင်ယာဉ်များ စုစည်းရပ်နားရာ မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းအတွင်းရှိ လမ်းအားလုံးကို မိုးရာသီမတိုင်မီ ကတ္တရာခင်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဝင်းအတွင်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အရာထမ်းတစ်ဦးက ဧနှစ်ဝါရီလ ဒုတိယပတ်အတွင်း Living Color သို့ ထုတ်ဖော်ပြောဆိုသည်။

အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းဝင်းအတွင်းရှိ မုံရွာလမ်း၊ စစ်ကိုင်းလမ်း၊ ဥသာလမ်း၊ ပုဂံလမ်း၊ မြင်းခြံလမ်းတို့ကို ကတ္တရာလမ်းခင်းပြီးဖြစ်ကြောင်း၊ မကွေးလမ်းကိုကျောက်စီလုပ်ငန်းများဆောင်ရွက်ထားပြီး တောင်ကြီးလမ်းကိုမူ လမ်းတစ်ဝက် ကတ္တရာခင်းပြီးဖြစ်ကြောင်း ၎င်း၏အဆိုအရ သိရသည်။ ကတ္တရာလမ်းခင်းမှုကြောင့် ယာဉ်အဝင်အထွက်များတွင် အဆင်ပြေကြောင်း၊ လမ်းမကြီးသို့ ထွက်သည့်လမ်းကိုလည်း တိုးချဲ့ပြုပြင်ပေးနိုင်ပါက ယခုထက် ပိုမိုအဆင်ပြေနိုင်ကြောင်း အဝေးပြေးယာဉ်မောင်းတစ်ဦးကသုံးသပ်ပြောဆိုသည်။

Popa Media Group

CNG ယာဉ်များကိုသာ မြို့တွင်းခရီးသည်တင်ယာဉ်လိုင်းများသို့ ဝင်ရောက်ခွင့်ပြုမည်

ရန်ကုန်၊ ဧနှစ်ဝါရီ ၁၀

ရန်ကုန်မြို့တော်အတွင်း၌ ပြေးဆွဲနေသည့်ခရီးသည်တင်ယာဉ်လိုင်းများတွင် ဝင်ရောက်ပြေးဆွဲလိုသော ယာဉ်ပိုင်ရှင်များသည် ၎င်းတို့ပိုင် ဆီသုံးယာဉ်များကို NGV ယာဉ်ခေါ် CNG ဓာတ်ငွေ့သုံးယာဉ်အဖြစ် ပြောင်းလဲပြီးမှသာ ပြေးဆွဲခွင့်ရရှိနိုင်မည်ဖြစ်ကြောင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(မ.ထ.သ) အတွင်းရေးမှူး ဦးမြတ်လှက Living Color သို့ ဧနှစ်ဝါရီလဆန်းပိုင်း၌ ပြောကြားသည်။

ခရီးသည်တင်ယာဉ်လိုင်းများ၌ လက်ရှိပြေးဆွဲနေသော ဆီသုံးယာဉ်များကိုလည်း CNG ယာဉ်များအဖြစ် ပြောင်းလဲနိုင်ရန် စီစဉ်လျက်ရှိပြီး လိုင်းအတွင်း လက်ရှိပြေးဆွဲနေသည့် ယာဉ်များအားလုံးကို CNG ယာဉ်အဖြစ် ပြောင်းလဲရန် ရည်ရွယ်ထားသဖြင့် အသစ်ဝင်ရောက်ပြေးဆွဲခွင့် လျှောက်ထားသောယာဉ်များကိုလည်း CNG ယာဉ်အဖြစ်ပြောင်းလဲပြီးမှသာ ဝင်ရောက်ပြေးဆွဲခွင့် ပေးခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

မထသယာဉ်လိုင်းမှ အမှတ်(၃) ယာဉ်လိုင်းတွင် ဝင်ရောက်မောင်းနှင်နေသည့် ယာဉ်မောင်းတစ်ဦးကလည်း ၎င်းတို့ယာဉ်လိုင်းအတွင်းသို့ လွန်ခဲ့သောလပိုင်းက CNG ယာဉ်အဖြစ် ပြောင်းလဲပြီးသည့် ယာဉ်ငယ်သုံးစီး ထပ်မံဝင်ရောက်ပြေးဆွဲခဲ့ပြီး နောက်ထပ်လည်း စီးရေတိုးချဲ့သွားဦးမည်ဟု သိရကြောင်း၊ တိုးချဲ့ပြေးဆွဲမည့် ယာဉ်ငယ်များကို CNG ယာဉ်များအဖြစ် ပြောင်းလဲနေကြောင်း ပြောကြားသည်။

မော်တော်ယာဉ်များကို ၁၉၈၆ ခုနှစ်မှစ၍ သဘာဝဓာတ်ငွေ့သုံးယာဉ် (NGV) များအဖြစ် ပြောင်းလဲခဲ့ရာ တက္ကစီများအပါအဝင် ၂၀၀၅ ခုနှစ် ဒီဇင်ဘာအထိ CNG ဓာတ်ငွေ့သုံးယာဉ်အရေအတွက် ၅၀၁၇ စီးရှိနေကြောင်း၊ ခရီးသည်တင်ယာဉ်များကို CNG ဓာတ်ငွေ့သုံးယာဉ်အဖြစ် ပြောင်းလဲရန်အတွက် မြဝတီဘဏ်နှင့် စက်မှုလက်မှုဘဏ်တို့မှ ငွေများထုတ်ချေးပေးလျက်ရှိကြောင်း၊ ရန်ကုန်နယ်နိမိတ်အတွင်း ပြေးဆွဲနေသော ယာဉ်လိုင်းများတွင် CNG ပြောင်းပြီးယာဉ် ၂၅၈၇ စီးရှိကြောင်း တာဝန်ရှိသူများထံမှ စုံစမ်းသိရှိရသည်။

www.foreverspace.com.mm

ရေနက်ကွင်းရှိ ယုဇနကုမ္ပဏီပိုင်ငါးမွေးကန်များတွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရန်ဖိတ်ခေါ်၊ BOI ကလည်း သွားရောက်လေ့လာမည်

ရန်ကုန်၊ ဖေဖော်ဝါရီ ၇

ရေနက်ကွင်းတွင် လက်ရှိမွေးမြူနေသော ယုဇနကုမ္ပဏီပိုင် ငါးကန်များအနက်မှ ငါးကန်၈က ၁၀၀၀ တွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လိုသူများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တွဲဖက်အတွင်းရေးမှူး (၅) ဦးဝင်းကြိုင်က ပြောကြားသည်။

အဆိုပါငါးမွေးမြူရေးစခန်းများတွင် ငါးသားပေါက်စခန်းများထားရှိပြီး နည်းပညာလိုအပ်ပါက ယုဇနကုမ္ပဏီမှပင် ကူညီမည်ဖြစ်၍ နည်းပညာလိုအပ်နေသူများအတွက် အဆင်ပြေစေမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ယင်းကဲ့သို့ အကျိုးတူပူးပေါင်းဆောင်ရွက်မှုမှာ ယခုပထမဆုံးအကြိမ်ဖြစ်ပြီး အောင်မြင်ပါက ဆက်လက်ဆောင်ရွက်ရန် မြေယာများစွာကျန်ရှိနေသေးကြောင်း၊ စိတ်ဝင်စားသူများအနေနှင့် ယုဇနကုမ္ပဏီနှင့်သော်လည်းကောင်း၊ မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းနှင့်သော်လည်းကောင်း ဆက်သွယ်နိုင်ကြောင်း သိရသည်။

အဆိုပါအကျိုးတူပူးပေါင်းဆောင်ရွက်မှုကြောင့် ငွေကြေးပိုင်ဆိုင်မှုနည်းသော လုပ်ငန်းလုပ်လိုသူများအတွက် ကိုယ်ပိုင်ငွေနှင့် ငါးသားပေါက်ဝယ်ယူမွေးမြူနိုင်ပြီး ငါးကန်တူးဖော်ရန်မလိုအပ်သောကြောင့် လုပ်ငန်းပိုမိုတွင်ကျယ်စွာလုပ်နိုင်ကြောင်း လုပ်ငန်းရှင်များ၏အဆိုအရ သိရသည်။

ထိုင်းနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုအဖွဲ့ (BOI)သည် ဖေဖော်ဝါရီ ၂၀ ရက်နေ့တွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်သို့ လာရောက်တွေ့ဆုံပြီး ၂၂ ရက်နေ့တွင် ယုဇနကုမ္ပဏီပိုင် ငါးကန်များကို သွားရောက်ကြည့်ရှုမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံနှင့်လည်း အကျိုးတူပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းတို့ထံမှ သိရသည်။

မြို့ကြီးများမှ ဆယ်ကျော်သက်မိန်းကလေးများ ရုပ်သံတွင်ကြော်ငြာသော အစားအစာကို အများဆုံးစားသုံး

ရန်ကုန်၊ စက်တင်ဘာ ၁၉

မြန်မာနိုင်ငံ မြို့ကြီးများမှ ဆယ်ကျော်သက်အရွယ် ကျောင်းသူမိန်းကလေးများသည် ရုပ်သံကြော်ငြာတွင် ပါဝင်သော အစားအစာများကို အများဆုံးဝယ်ယူစားသုံးနေကြကြောင်း ၂၀၀၃–၂၀၀၄ ခုနှစ်တွင် ကရင်ပြည်နယ် ဘားအံမြို့နယ်၌ ဆယ်ကျော်သက်အရွယ်များ၏ အစားအသောက်ပြုမူပုံအပေါ် ပတ်ဝန်းကျင်၏ လွှမ်းမိုးမှုကို လေ့လာခဲ့သည့် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)မှ ပညာရှင်ကိုးဦးပါသော သုတေသနအဖွဲ့ထံမှ သတင်းရရှိသည်။

မြို့ကြီးများမှ ဆယ်ကျော်သက်အရွယ်ကျောင်းသူ မိန်းကလေးများအနေဖြင့် ရုပ်သံကြော်ငြာတွင်ပါသော မုန့်ပဲသရေစာများကို အဓိက ဝယ်စားနေရခြင်းမှာ ၎င်းတို့နှင့်ရွယ်တူ သူငယ်ချင်းများကြားတွင် ပြိုင်ဆိုင်လိုမှုကြောင့်ဖြစ်သည်ဟု အဆိုပါ မိန်းကလေးများ၏အဖြေကို ကိုးကား၍ ဆေးသုတေသနပညာရှင်များက ဆိုသည်။

ထို့ပြင် ဆယ်ကျော်သက်အရွယ် ယောကျ်ားကလေးများမှာမူ သူငယ်ချင်းများနှင့် လမ်းဘေးဆိုင်များတွင် လက်ဖက်ရည်ဆိုင်ထိုင်ရခြင်းကို ပိုမိုနှစ်သက်သည်ဟု ဆေးသုတေသနပညာရှင်များထံမှ သိရသည်။ လေ့လာသုတေသနပြုချက်များအရ မြန်မာဆယ်ကျော်သက်ကလေးငယ်များကို မည်သည့်အစားအစာများ ရွေးချယ်စားသောက်သင့်သည်ကို မိဘများက မတိုက်တွန်းကြကြောင်း၊ တချို့ဆယ်ကျော်သက်ကလေးများမှာ မြန်မာမိရိုးဖလာလွှမ်းမိုးမှုအတိုင်း အမဲသားကို ကျေးဇူးရှင်အဖြစ်လည်းကောင်း၊ ဝက်သားကို နတ်ကိုးကွယ်မှုအရလည်းကောင်း၊ မိဘများက စားသုံးခြင်းမရှိ၍လည်းကောင်း ရှောင်ကြဉ်နေကြကြောင်း သိရသည်။

သို့သော်လည်း မြန်မာဆယ်ကျော်သက်အရွယ် ယောကျ်ားလေး၊ မိန်းကလေးများအားလုံး ခန္ဓာကိုယ်ဝခြင်းကို မနှစ်သက်ကြကြောင်း၊ အများစုမှာ အရပ်ရှည်လိုကြပြီး အရပ်ရှည်ရန်အတွက် ပဲတောင့်ရှည်သီးကို စားသုံးကြသည်ကို တွေ့ရှိရကြောင်း အာဟာရပညာရှင် ဒေါက်တာဖြူဖြူအောင်က ပြောကြားသည်။

ဆယ်ကျော်သက်အရွယ် ကျောင်းမနေသည့် ယောကျ်ားလေး၊ မိန်းကလေးများ၏ အစားအစာစားသုံးမှုမှာမူ ၎င်းတို့၏ ငွေကြေးသုံးစွဲမှုအပေါ် မူတည်နေကြောင်း ဆေးပညာရှင်များ၏ လေ့လာချက်အရ သိရသည်။

■

www.foreverspace.com.mm

တာယာဈေးကွက်အတွင်း တရုတ်တာယာ အဝင်နည်း

ရန်ကုန်၊ ဇန်နဝါရီ ၁၈

ရန်ကုန်မြို့တော်၏ ယာဉ်အပိုပစ္စည်းနှင့် စက်ကိရိယာများ အဓိကရောင်းဝယ်ရာ ဘုရင့်နောင်ဈေးကြီးအတွင်းသို့ ၂၀၀၅ ခုနှစ်ကုန်ပိုင်းမှစ၍ တရုတ်နိုင်ငံလုပ် တာယာများ အဝင်နည်းပါးလျက်ရှိပြီး ဈေးကွက်အတွင်း နာမည်ရ တာယာအမျိုးအစားများသာ အနည်းအကျဉ်းဝင်ရောက်၍ ဈေးနှုန်းအနည်းငယ် ပြောင်းလဲမှုရှိကြောင်း ယင်းဈေးရှိ တာယာ၊ ဘက်ထရီ၊ အင်ဂျင်ဝိုင်ရောင်းဝယ်ရေး လုပ်ငန်းရှင်တစ်ဦးက Living Color သို့ ပြောကြားသည်။

ယခင်က တရုတ်တာယာများ ဘုရင့်နောင်ဈေးအတွင်းသို့ တံဆိပ်အမျိုးမျိုးဖြင့် ဖောဖောသီသီ ဝင်ရောက်လေ့ရှိသော်လည်း တရုတ်ငွေကို အမေရိကန်ဒေါ်လာနှင့် ပုံသေချိတ်ဆက်ထားခြင်းမှ ဖြုတ်ပြီးသည့် နောက်ပိုင်း ငွေဈေးအပြောင်းအလဲဖြစ်ပေါ်လာခြင်း၊ တာယာဈေးနှုန်းများ မြင့်တက်မှုရှိလာရာ အရည်အသွေးညံ့ တံဆိပ်သစ်တာယာများ၊ တံဆိပ်ဟောင်းတာယာများကို ဝယ်ယူအသုံးပြုမှု လျော့နည်းလာသဖြင့် ပစ္စည်းအသစ်များ၊ အရည်အသွေးညံ့ ပစ္စည်းများကို လုပ်ငန်းရှင်များမှ ထပ်မံတင်သွင်းရန် လက်တွန့်နေခြင်းဖြစ်နိုင်ကြောင်း ၎င်းက ခန့်မှန်းသုံးသပ်သည်။

ဈေးကွက်အတွင်း နာမည်ရတာယာများဖြစ်သည့် West Lake၊ Chao Yang၊ HQ ကဲ့သို့သော တာယာများသာ အနည်းငယ်အဝင်ရှိပြီး ဝယ်သူအများစုသည် တာယာဈေးနှုန်းအပြောင်းအလဲများကြောင့် နာမည်ရ တရုတ်တာယာများနှင့် ပြည်တွင်းဖြစ် MTRI တာယာ၊ ကွန်ပေါင်းတာယာ၊ အသုံးခံယိုးဒယားတာယာများကို သာစိတ်ဝင်စားလာကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

တာယာဈေးကွက်တွင် ပြည်တွင်းဖြစ် တာယာများသည် ထုတ်လုပ်သည့် အရေအတွက်အရ ဈေးကွက်၏ ၂၅ ရာခိုင်နှုန်းခန့်သာ လုံလောက်မှုရှိပြီး ကျန်လိုအပ်သည့်ပမာဏကို တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဂျပန်အမျိုးအစား တာယာများက ဈေးကွက်ရရှိထားကြောင်း၊ အထူးသဖြင့် ကားလေးတာယာဈေးကွက်တွင် နည်းပညာလိုအပ်ချက်အရ ပြည်ပမှ ဝင်ရောက်သည့်တာယာများသာ ရာနှုန်းပြည့် ဈေးကွက်ဝေစုရရှိထားကြောင်း၊ ပစ္စည်းအဝင်ကျဲသည့်အပြင် အခြား စရိတ်အပြောင်းအလဲကြောင့်လည်း တာယာဈေးနှုန်းများသည် ယခင်လများထက် မြင့်တက်မှုရှိကြောင်း အခြားလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ဇန်နဝါရီလဆန်းပိုင်းတွင် တာယာဝယ်ယူခဲ့သူတစ်ဦးက ၎င်း၏ ယာဉ်အတွက် ၉ ဆိုဒ်တာယာဝယ်ယူရန် ဈေးနှုန်းစုံစမ်းရာ ယခင် လေးလခန့်ကထက် နှစ်သောင်းကျော် ကွာခြားနေသဖြင့် သုံးပြီးသား တာယာအဟောင်း (ပန်းကျန်)ကိုသာ ရှာဖွေဝယ်ယူခဲ့ရသည်ဟု ဆိုသည်။

ဘုရင့်နောင်ဈေးအတွင်း ပစ္စည်းအဝင်နည်းသောကြောင့် လက်ကျန်ပစ္စည်းများကို ထိန်းရောင်း၍ ဈေးနှုန်းအနည်းငယ် ပြောင်းလဲမြင့်တက်လာသော်လည်း အရောင်းအဝယ်အေးလျက်ရှိကြောင်း၊ ဈေးကွက်အတွင်း ပစ္စည်းပြတ်၍ဖြစ်စေ၊ အခြားအကြောင်းတစ်မျိုးမျိုးကြောင့်ဖြစ်စေ တက်လာသောဈေးနှုန်းသည် ပြန်မကျဘဲ တင်းခံတတ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ဈေးကွက်အတွင်းမှ ကားကြီးတာယာ လတ်တလောပေါက်ဈေး

Brand	Made In	Type	Size	Price (Kyat)
West Lake	China	Nylon	11.00.20	163000
Chao Yang	China	Nylon	11.00.20	164000
Fly Wheel	China	Steel	11.00.20	243000
HQ	China	Steel	11.00.20	228000
HQ	China	Nylon	11.00.20	135000
Aswin	Thai	Nylon	11.00.20	208000
MTRI (Power Lay)	Myanmar	Nylon	11.00.20	172000
Jet-King	India	Nylon	11.00.20	180000

Source : ဘုရင့်နောင်ဈေး (၂၄-၁-၂၀၀၅)

www.foreverspace.com.mm

Eco-Labelling နည်းပညာပြန့်ပွားရန် ဆွီဒင်နိုင်ငံမှပညာရှင်များ လာရောက်ဟောပြော

ရန်ကုန်၊ ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံရှိ ရေထွက်ကုန်ပစ္စည်း ထုတ်လုပ်သူများနှင့် ရေထွက်ကုန်လုပ်ငန်းရှင်များကို Eco-Labelling(သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကင်းလွတ်ကြောင်း ထောက်ခံချက်တံဆိပ်)နှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် ဆွီဒင်နိုင်ငံမှ ပညာရှင်များပါဝင်သောအဖွဲ့က ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ငါးလုပ်ငန်းဦးစီးဌာနအစည်းအဝေးခန်းမတွင် ဟောပြောခဲ့သည်။

လာရောက်ဟောပြောသော ပညာရှင်အဖွဲ့မှာ Swedish Board of Fisheries Sweden (Sida) မှ စေလွှတ်သော Mission အဖွဲ့ဖြစ်ပြီး FAO ၏ 26th Section of FAO Committee on Fisheries (COFI) အစည်းအဝေးတွင် အာဆီယံနိုင်ငံများ အတွင်း ရေထွက်ကုန်ပစ္စည်းများတွင် Eco-Labelling နှင့်ပတ်သက်၍ နိုင်ငံအသီးသီး၏ လက်ရှိဆောင်ရွက်နေသော ငါးလုပ်ငန်းဆိုင်ရာကိစ္စရပ်များအား ကြိုတင်လေ့လာသုံးသပ်နိုင်ရန် စေလွှတ်လိုက်သည့် အဖွဲ့တစ်ခုဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာန၏ကြေညာချက်အရ သိရသည်။

တတိယကမ္ဘာနိုင်ငံများမှ ပို့ကုန်ပစ္စည်းများကို ဥရောပသမဂ္ဂ (EU) သို့ ပို့ပါက Eco-Labelling တပ်ရန်လိုကြောင်း၊ ယင်းတံဆိပ်မှာ သဘာဝပတ်ဝန်းကျင်ယိုယွင်းလာမှုကို ထိန်းသိမ်းနိုင်ရန် စီစဉ်ထားသည့်အစီအစဉ်တစ်ခုဖြစ်ကြောင်း ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

သုံးစွဲသူများအတွက် စိတ်မချရသောတရားမဝင်ကြော်ငြာများကို စိစစ်ရေးအဖွဲ့ဖွဲ့စည်း၍ အရေးယူမည်

ရန်ကုန်၊ ဖေဖော်ဝါရီ ၃

ရန်ကုန်မြို့တော်အတွင်း ပြေးဆွဲနေသော ခရီးသည်တင်ဘတ်စ်ကားများ၊ ရထားများတွင် အများဆုံးကပ်၍ကြော်ငြာလေ့ရှိသော သုံးစွဲသူများအတွက် စိတ်မချရသည့် တရားမဝင်ကြော်ငြာများကို အဖွဲ့ဝင် ၁၁ ဦးပါဝင်သော ဆိုင်းဘုတ်နှင့် ကြော်ငြာလုပ်ငန်းများ စိစစ်ရေးအဖွဲ့ဖွဲ့စည်း၍ ကွင်းဆင်းစစ်ဆေး အရေးယူမှုများ ယခုလမှစတင်၍ ပြုလုပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ ဌာနမှူး ဦးဇော်ဝင်းက ပြောကြားသည်။

ကားများ၊ ရထားများတွင် ကပ်ထားသော ကြော်ငြာအများစုမှာ ပိတ်ပင်ထားသော ခွင့်မပြုသည့် တရားမဝင်ဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများကို မိမိတို့သဘောဆန္ဒအတိုင်း ကပ်ထားကြခြင်းဖြစ်ကြောင်း၊ ဌာနဆိုင်ရာ အဆင့်ဆင့်မှ ခွင့်ပြုချက်ရရှိထားသော ကြော်ငြာဟုတ်၊ မဟုတ် သုံးစွဲသူများ အလွယ်တကူသိရှိစေရန် ကြော်ငြာဆိုင်းဘုတ်ကြီးများတွင် စတင်ခွင့်ပြုသည့်နေ့စွဲ၊ သက်တမ်းကုန်ဆုံးသည့်နေ့စွဲများ ဖော်ပြ၍ ကြော်ငြာခွင့်ပြုထားသကဲ့သို့ ဘတ်စ်ကားများ၊ ရထားများတွင်ကပ်ထားသော ကြော်ငြာများကိုလည်း ခွင့်ပြုနေ့ ကုန်ဆုံးနေ့ပါဝင်သည့် တရားဝင်တံဆိပ်ထုတ်၍ ကြော်ငြာခွင့်ပေးမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

လက်ရှိကပ်ထားသောကြော်ငြာအများစုမှာ သက်ဆိုင်ရာသို့ နှစ်စဉ်ကြေးအခွန်ပေးဆောင်ခြင်းမရှိသော တရားမဝင်ကြော်ငြာအများစုဖြစ်ကြောင်း၊ တရားဝင်နှစ်စဉ်ကြေးပေးဆောင်ထားပြီး ယခုကျင့်သုံးမည့် ခွင့်ပြုနေ့စွဲ၊ ကုန်ဆုံးနေ့စွဲ ပါဝင်သောကြော်ငြာများသည် ဌာနဆိုင်ရာ အဆင့်ဆင့်၏ ခွင့်ပြုကုန်ပစ္စည်းများဖြစ်၍ စားသုံးသူများ ယုံယုံကြည်ကြည် သုံးစွဲနိုင်ကြောင်း အဆိုပါပုဂ္ဂိုလ်ကထပ်လောင်းပြောကြားသည်။ ■

www.foreverspace.com.mm

မြန်မာနိုင်ငံတွင် ၂၀၀၅ ခုနှစ်အတွင်း သွေးအားနည်းရောဂါဖြစ်ပွားမှုနှုန်း ကလေးများတွင် အမြင့်ဆုံးဖြစ်

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံတွင် ၂၀၀၅ ခုနှစ်အတွင်း ကလေးများတွင် သွေးအားနည်းရောဂါဖြစ်ပွားမှုနှုန်းသည် ရာခိုင်နှုန်းအမြင့်မားဆုံးဖြစ်ပွားခဲ့ကြောင်း ကျန်းမာရေးဦးစီးဌာန၏ ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၅ ရက်ပါ ကြေညာချက်အရ သိရသည်။

၂၀၀၅ ခုနှစ်အတွင်း ကလေးများတွင် ၆၄.၆ ရာခိုင်နှုန်းနှင့် ၁၅ နှစ်မှ ၄၀ နှစ်ကြား အမျိုးသမီးများတွင် ၂၄.၅ ရာခိုင်နှုန်း တွေ့ရှိရကြောင်း၊ သွေးအားနည်းခြင်းသည် သန်ကောင်ရောဂါနှင့် ဆက်စပ်လျက်ရှိပြီး သန်ချဆေးတိုက်ကျွေးခြင်းဖြင့် သွေးအားနည်းရောဂါဖြစ်ပွားမှု လျော့နည်းစေကြောင်း ယင်းစာတမ်းတွင် ဖော်ပြပါရှိသည်။

မြန်မာနိုင်ငံတွင် ၂၀၀၅ ခုနှစ်အတွင်း သန်ကောင်ရောဂါဖြစ်ပွားမှုနှုန်းမှာ ကလေးများတွင် ၂၃.၉ ရာခိုင်နှုန်း အမျိုးသမီးများတွင် ၂၄.၅ ရာခိုင်နှုန်းရှိကြောင်း ၎င်းစာတမ်းအရ သိရသည်။

ဘင်္ဂလားဒေ့ရှ်တွင် မှောင်ခိုကုန်သွယ်မှုများကြောင့် အခက်အခဲကြုံတွေ့

စစ်တကောင်း၊ ဇန်နဝါရီ ၁၅

ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့အကြား နယ်စပ်ကုန်သွယ်ရေးနှင့် ပတ်သက်၍ ၁၉၉၅ ခုနှစ်ကတည်းက နှစ်နိုင်ငံသဘောတူညီမှုစာချုပ်တစ်ရပ်ချုပ်ဆိုကာ လုပ်ငန်းများဆောင်ရွက်ရန်မူဘောင်များချမှတ်ထားခဲ့ပြီးဖြစ်သော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေနှင့် ဘင်္ဂလားဒေ့ရှ်မှောင်ခိုကုန်သည်များကြောင့် ကုန်သွယ်ရေးမညီမျှမှုများ ကြုံတွေ့နေရကြောင်း BDNEWS သတင်းဖော်ပြချက်များအရ သိရသည်။

တရားဝင်စာရင်းများအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေနှင့် လစဉ် တန်ဖိုးအားဖြင့် တာကာငွေ ၁၂ သန်းခန့်ရှိသည့် ကုန်စည်မျိုးစုံကို နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် တင်သွင်းလျက်ရှိသော်လည်း ပို့ကုန်တန်ဖိုးမှာမူ လစဉ် တာကာ နှစ်သန်းခန့်သာရှိနေ၍ ကုန်သွယ်ရေး မညီမျှမှုများရှိနေရာ ထိုသို့ဖြစ်ရခြင်းမှာ ဘင်္ဂလားဒေ့ရှ်ကုန်သည်အချို့သည် အုပ်စုများဖွဲ့၍ တရားဝင်လမ်းကြောင်းများအတိုင်း ကုန်စည်တင်ပို့ရောင်းဝယ်ခြင်းမပြုဘဲ မှောင်ခိုကုန်သွယ်မှုပြုနေကြခြင်းကြောင့် ဖြစ်ကြောင်း၊ ၁၉၉၅ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့မှစ၍ အိမ်နီးချင်း နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းစတင်ခဲ့ကြောင်း၊ နှစ်နိုင်ငံ နယ်စပ်ရှိ အရှည်အားဖြင့် ၁၇၂ ကီလိုမီတာရှိသော နတ်မြစ်ကို ဖြတ်ကူး၍ သုံးရက်သက်တမ်းရှိ ဗီဇာရယူကာ အပြန်အလှန် နေထိုင်လည်ပတ်ခွင့်ပေး၍ လုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုထားသော်လည်း သွင်းကုန်အခွန်အခများကို ရှောင်တိမ်းပြီး ပစ္စည်းပမာဏ အများအပြား တင်သွင်းလိုသည့် မှောင်ခိုကုန်သည်များကြောင့် အစိုးရအနေနှင့် နစ်နာရကြောင်း အဆိုပါသတင်း၌ ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်နယ်စပ်လုံခြုံရေးတပ်ဖွဲ့သည် ၂၀၀၄ ခုနှစ်အတွင်းက တန်ဖိုးအားဖြင့် တာကာ ၂၂ သန်းရှိသည့် လူသုံးကုန်များ၊ ဓာတ်မြေသြဇာများ၊ ဆန်၊ သစ်၊ ဆေးဝါးများ၊ အလှကုန်များ၊ သန္ဓေတားဆေးဝါးနှင့် ကိရိယာများစသည့်ကုန်စည်များ မှောင်ခိုတင်သွင်းလာခြင်းကို ဖမ်းဆီးရမိခဲ့ပြီး ၂၀၀၅ ခုနှစ်အတွင်းကလည်း တာကာ ၂၈ သန်းတန်ဖိုးရှိသည့် အလားတူမှောင်ခိုပစ္စည်းများကို ဖမ်းဆီးရမိသည်။ ဘင်္ဂလားဒေ့ရှ်အနေနှင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးတွင် ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်းက တာကာ ၅၃.၄ သန်းဖိုးရှိ ကုန်စည်များ တင်သွင်းခဲ့သော်လည်း ပို့ကုန်တန်ဖိုးမှာ တာကာ ၂.၂၁ သန်းသာရှိခဲ့ကြောင်း၊ ယခု ဘဏ္ဍာရေးနှစ် ပထမခြောက်လတာကာလတွင်း သွင်းကုန်များမှ အခွန်အကောက် တာကာ ၃၄ သန်းရရှိပြီးဖြစ်သော်လည်း ပို့ကုန်မှ အခွန်အခရရှိငွေမှာ မဆိုသလောက်သာရှိကြောင်း၊ ကုန်စည်များကို စက်လှေများသုံး၍ ညအချိန်တွင် နတ်မြစ်ကို ဖြတ်ကူးကာ မှောင်ခို တင်သွင်းနေကြခြင်းဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် အကောက်ခွန်အရာရှိများက ပြောကြားသည်ဟု ဆိုသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရအနေနှင့် အဆိုပါ မှောင်ခိုကုန်သွယ်မှုများကို နှိမ်နင်းရန် ရဲတပ်ဖွဲ့ဝင်များ၊ ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များနှင့် နယ်စပ်ဒေသလုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သည့် မှောင်ခိုနှိမ်နင်းတိုက်ဖျက်ရေးအဖွဲ့များဖွဲ့စည်း၍ နတ်မြစ်ရိုးတစ်လျှောက်နှင့် နတ်မြစ်ဝတွင် နေရာ ၁၃ ခုခွဲကာ စခန်း

www.foreverspace.com.mm

များဖွင့်လှစ်ပြီး လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။

နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးတွင် အဓိကအားဖြင့် မြန်မာနိုင်ငံဘက်မှနေ၍ ငါး၊ သစ်၊ စပါး၊ ငရုတ်ကောင်း၊ ဂျင်း၊ နန္တင်းမှုန့်၊ ပဲ၊ ဝါး၊ ကြံ၊ စောင်နှင့် ဟင်းခတ်အမွှေးအကြိုင်များ တင်သွင်းလျက်ရှိပြီး သံ၊ ဘိလပ်မြေ၊ အလှကုန်၊ လိပ်ခွံနှင့် သားရေထည်များ ပြန်လည်တင်ပို့သည်။ နယ်စပ်ကုန်စည်တင်သွင်းမှုမှ ရရှိသည့် အခွန်အကောက်စုစုပေါင်း ၏ ၈၀ရာခိုင်နှုန်းမှာ ငါးများတင်သွင်းခြင်းမှဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြထားသည်။

(တာကာငွေ ၆၆.၄၃ သည် အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသည်။)

Ref: BDNEWS Chittgong

၂၀၀၆ ခုနှစ်တွင် မြန်မာ့ဆန် ထုတ်လုပ်တင်ပို့မှု မြင့်တက်ဖွယ်ရှိဟု FAO ခန့်မှန်း

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံမှ ဆန်ထွက်ရှိမှုနှင့် ပြည်ပသို့ တင်ပို့မှုမှာ ၂၀၀၆ ခုနှစ်တွင် ပိုမိုမြင့်တက်လာဖွယ်ရှိကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) ၏ တရားဝင်ထုတ်ပြန်ချက်များအရ သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်တင်ပို့မှုမှာ ၂၀၀၄ ခုနှစ်တွင် တန်ချိန် ၀.၁ သန်း၊ ၂၀၀၅ ခုနှစ်တွင် တန်ချိန် ၀.၂ သန်းခန့် တင်ပို့နိုင်ခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် တန်ချိန် ၀.၃ သန်းခန့် တင်ပို့နိုင်ဖွယ်ရှိကြောင်း အထက်ပါထုတ်ပြန်ချက်အရ သိရှိရသည်။

မြန်မာနိုင်ငံတွင် ၂၀၀၄ ခုနှစ်က ဆန်စပါးတန်ချိန် ၂၃.၁ သန်း ထုတ်လုပ်နိုင်ခဲ့သည်။ ၂၀၀၅ ခုနှစ်တွင်မူ တန်ချိန် ၂၃.၇ သန်းခန့်အထိ ထုတ်လုပ်လာနိုင်ပြီး ၂၀၀၆ ခုနှစ်တွင် ဆန်တန်ချိန် ၂၄.၅ သန်း အထိ တိုးတက်ထုတ်လုပ်နိုင်ဖွယ်ရှိကြောင်း FAO ၏ ထုတ်ပြန်ချက်အရ သိရသည်။

Popa Media Group

တောင်ကိုရီးယားနှင့်ပူးပေါင်း၍ ပြောင်းစပ်မျိုးများ ဖော်ထုတ်စိုက်ပျိုးမည်

ရန်ကုန်၊ ဇန်နဝါရီ ၁၆





မြန်မာနိုင်ငံနှင့် တောင်ကိုရီးယားအခြေစိုက် နိုင်ငံတကာပြောင်းဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ပြောင်းစပ်မျိုးများ ဖော်ထုတ်စိုက်ပျိုးရန် အစီ အစဉ်ကို နှစ်နိုင်ငံသဘောတူနား လည်မှုစာချွန်လွှာ (MoU) မူကြမ်း ရေးထိုးထားပြီးဖြစ်ကြောင်း စိုက်ပျိုး ရေးသုတေသနဌာန (ရန်ကုန်)ရုံးခွဲမှ သိရသည်။

လက်ရှိမြန်မာနိုင်ငံတွင် စိုက်ပျိုးလျက်ရှိသည့် ပြောင်း ၁၀ မျိုးအနက် ငါးမျိုးမှာ စပ်မျိုးပြောင်းများဖြစ်သည်။ ပြည်တွင်းဈေးကွက် ဝယ်လိုအားနှင့် ပြည်ပတိရစ္ဆာန် အစာစပ်ဈေးကွက်တွင် ဝယ်လိုအားရှိနေခြင်းကြောင့် ပြောင်းအဓိကစိုက်ပျိုးရာရှမ်း၊ ချင်း၊ စစ်ကိုင်း၊ မကွေး၊ မန္တလေးတို့တွင် ယင်းစပ်မျိုးကိုသာ စိုက်နိုင်လျှင် ပြောင်း လက်ရှိထွက်နေသည့် အထွက်နှုန်းထက် ပိုမိုထွက်ရှိနိုင်ပြီး ပြည်ပဈေးကွက်ဝယ်လိုအားလည်းကြီးထွားနိုင်သဖြင့် မြန်မာ–ကိုရီးယား ပြောင်းစပ်မျိုးကို ပို၍ စိုက်ပျိုးသင့်ကြောင်း စိုက်ပျိုးရေးပညာရှင် တစ်ဦးက သုံးသပ်ပြောကြားသည်။

မြန်မာနိုင်ငံတွင် အစေ့ထုတ်ပြောင်းသီးနှံသုတေသနလုပ်ငန်းများကို မန္တလေးတိုင်း တပ်ကုန်း ဗဟိုစိုက်ပျိုးရေးခြံတွင် ၁၉၆၂ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ပြီး ၁၉၈၄ ခုနှစ် အတွင်း ရေဆင်းဗဟိုစိုက်ပျိုးရေးသုတေသနတွင် သီးနှံဌာနစုအဖြစ်တည်ထောင်ပြီး အစေ့ထုတ်ပြောင်းသုတေသနလုပ်ငန်းများကို ပျဉ်းမနားမြို့နယ် ရေဆင်းသို့ ပြောင်းရွှေ့၍ တိုးချဲ့ ဆောင်ရွက်ခဲ့သည်။

www.foreverspace.com.mm

ကချင်မနောပွဲတော်၌ မီးပုံးပျံပေါ်မှ Free Fall ခုန်ချသရုပ်ပြသ

ရန်ကုန်၊ ဧနှစ်ဝါရီ ၂၃

ကချင်ပြည်နယ် မြို့တော်မြစ်ကြီးနား၌ ဧနှစ်ဝါရီလ ၅ ရက်မှ ၁၀ ရက်နေ့ အထိကျင်းပသော ၂၀၀၆ ခုနှစ် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် ကချင်မနောပွဲတော်သို့လာရောက်သည့် ဆွစ်ဇာလန်နိုင်ငံသား Mr. Peter Blaser ဦးဆောင်သည့် မီးပုံးပျံအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးသည် ဧနှစ်ဝါရီလ ၉ ရက်နေ့နှင့် ၁၀ ရက်နေ့တို့တွင် ပေ ၅၀၀၀ ကျော်အမြင့်မှ မနောကွင်းနေရာသို့ ကချင်ပြည်နယ်အလံကို သယ်ဆောင်လျက် လေထီးဖြင့် Free Fall ခုန်ချကာသရုပ်ပြသခဲ့ကြောင်း အဆိုပါပွဲတော်သို့ရောက်ရှိခဲ့သူ သဘာဝအခြေခံခရီးသွားဇည့်လမ်းညွှန်တစ်ဦးက Living Color သို့ ပြောကြားသည်။

Golden Express ခရီးသွား လုပ်ငန်း၏စီစဉ်မှုဖြင့် မြန်မာနိုင်ငံသို့ လာရောက်သရုပ်ပြသကြသည့် Blaser ဟု အမည်ပေးထားသော အဆိုပါမီးပုံးပျံအဖွဲ့တွင် အဖွဲ့ဝင် ၂၁ ဦးနှင့် မီးပုံးပျံငါးလုံးပါဝင်ပြီး ကချင်မနောပွဲတော်ကို ဂုဏ်ပြုသည့်အနေဖြင့် ပွဲတော်ကာလအတွင်း မီးပုံးပျံများ လွှတ်တင်စီးနင်း၍ မီးပုံးပျံပေါ်မှ ယင်းကဲ့သို့ Free Fall ခုန်ချကာ သရုပ်ပြသကြခြင်းဖြစ်ကြောင်း၊ မြေပြင်ရောက်ခါနီးမှ လေထီးဖွင့်ကာ ကချင်ပြည်နယ်အလံကို သယ်ဆောင်လျက် မနောကွင်းပေါ်သို့ ဆင်းသက်လာခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

ဧနှစ်ဝါရီလ ၁၀ ရက်နေ့တွင် ကျရောက်သည့် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်ကျင်းပသော အဆိုပါ မနောပွဲတော်သို့ ပြည်တွင်းပြည်ပမှ ဧည့်သည်များ နှစ်စဉ်လာရောက်လေ့ရှိပြီး ဒေသခံတိုင်းရင်းသားများနှင့်အတူ တပျော်တပါးဆင်ခြွေ လေ့ရှိကြောင်း၊ ယခုနှစ်မနောပွဲတော်တွင် နိုင်ငံခြားသံရုံးများအပါအဝင် ယမန်နှစ်ကထက် ပြည်ပမှလာရောက်သူ ပိုမိုများပြားပြီး မီးပုံးပျံစီးနင်းသရုပ်ပြသမှုမှာ ပထမဦးဆုံးအကြိမ်ဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

အဆိုပါမီးပုံးပျံအဖွဲ့သည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်ကာလအတွင်း ဧနှစ်ဝါရီလ ၉ ရက်မှ ၁၉ ရက်နေ့အထိ မြန်မာနိုင်ငံအတွင်း မြစ်ကြီးနား၊ မန္တလေး၊ ပုဂံ၊ မြောက်ဦးမြို့နယ်များသို့သွားရောက်၍ မီးပုံးပျံ ပျံသန်းစီးနင်းသရုပ်ပြသခဲ့ကြ (သတင်းဖော်ပြပြီး၊ ခေတ်မြန်မာ Weekly, Vol.3, No.19) သည်။

ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးစီမံချက်အတွက် ဝန်ထမ်းများခေါ်ယူ

ရန်ကုန်၊ ဖေဖော်ဝါရီ ၂

ပညာတန်ဆောင်နှင့် ကမ္ဘာ့ကုလသမဂ္ဂကလေးများ ပညာရေးရန်ပုံငွေအဖွဲ့ (UNICEF) တို့ပူးပေါင်း၍ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ငါးမြို့နယ်တွင် ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးစီမံချက် (ECCD Network Project) တွင် တာဝန်ထမ်းဆောင်ရန်အတွက် ဝန်ထမ်းများကို ခေါ်ယူလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးတစ်ဦးက ဖေဖော်ဝါရီလ ပထမပတ်တွင် Living Color သို့ ပြောကြားသည်။ အဆိုပါစီမံချက်အရ ရန်ကုန်တိုင်းအတွင်းရှိ ကြည့်မြင်တိုင်မြို့နယ်၊ ဒေါပုံမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ သာကေတမြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့တွင် လွန်ခဲ့သော ငါးနှစ်ခန့်မှစတင်၍ မိခင်ဝိုင်းကျောင်းများ၊ မူလတန်းကြိုကျောင်းများအဖြစ် စမ်းသပ်ဖွင့်လှစ်ထားခဲ့ပြီး ယခု ဒုတိယငါးနှစ်သက်တမ်းအတွက် မြို့နယ်များအတွင်း ကျောင်းကိစ္စများ လိုက်လံစီစဉ်ဆောင်ရွက်ရန် ညှိနှိုင်းရေးမှူး (Coordinator)

www.foreverspace.com.mm

နှင့် ကြီးကြပ်ရေးမှူး (Monitor) များ ခေါ်ယူခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

ယင်းဝန်ထမ်းများကို ခေါ်ယူရန် အတွက် အသက်အရွယ်အားဖြင့် ၂၅ နှစ်နှင့် ၃၅ နှစ်ကြား ပညာရေးဆိုင်ရာ ဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရမည့်အပြင် ယင်းငါးမြို့နယ်အတွင်းနေထိုင်သည့် အမျိုးသားများကို ဦးစားပေးရွေးချယ်သွားမည်၊ အမျိုးသမီးဖြစ်ပါက အိမ်ထောင်မရှိသူများကို ဦးစားပေးရွေးချယ်မည်ဟု သတ်မှတ်ထားရှိကြောင်း အဆိုပါ မြို့နယ်ပညာရေးမှူးက ပြောကြားသည်။

ရေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးစီမံချက်များကို ၂၀၀၆ ခုနှစ်မှစတင်၍ မြို့နယ်လေးမြို့နယ်တွင် ထပ်မံတိုးချဲ့လုပ်ကိုင်ရန် စီစဉ်ထားရှိခြင်းကြောင့် ယင်းကဲ့သို့ဝန်ထမ်းများခေါ်ယူခြင်းဖြစ်ကြောင်း၊ လက်ရှိ ယင်းကျောင်းများတည်ရှိရာ မြို့နယ်ပညာရေးမှူးရုံးများတွင် အလုပ်လျှောက်လွှာပုံစံများရယူနိုင်ပြီဖြစ်ပြီး ယခုလ ၁၀ ရက်နေ့နောက်ဆုံးထားရှိ ပညာတန်ဆောင်သို့ ပုံစံများပေးပို့ရမည်ဖြစ်ကြောင်းလည်း ၎င်းက ထပ်လောင်းပြောကြားသည်။

ရွှေတိဂုံကုန်းတော်မှ နေရာရွှေ့သွားသော စေတီတော်တွင် ထီးတော်အသစ်ပူဇော်မည်

ရန်ကုန်၊ ဇန်နဝါရီ ၁၉



ထေရဝါဒဗုဒ္ဓဘာသာ စည်ပင်ထွန်းကားရာ မြန်မာနိုင်ငံရှိ နိုင်ငံသားအားလုံး အမြတ်တနိုး ကြည်ညိုတန်ဖိုးထားသော ကမ္ဘာကျော် ရွှေတိဂုံစေတီတော် တည်ထားရာကုန်းမြေ၌ စေတီတော် မူလတည်ထား ကိုးကွယ်သည့် နေရာမှ နေရာရွှေ့သွားသော အောင်မင်းအောင်စေတီကို ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ထီးတော်တင်လှူပူဇော်၍ အနေကဇာတင်မည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့တွဲဖက် အတွင်းရေးမှူး ဦးထွန်းရွှေက Living Color သို့ ပြောကြားသည်။

ယခုနေရာရွှေ့သွားသော အောင်မင်းအောင်စေတီတော်၏ မူလက တည်ထားကိုးကွယ်ရာနေရာသည် ပြတိုက်၊ ပိဋ္ဌကတ်တိုက်၊ မော်ကွန်းတိုက်တို့၏ အဆောက်အအုံ နေရာတွင်ရှိကြောင်း၊ ၁၉၇၆ ခုနှစ် ဇွန်လ ၃၀ ရက်နေ့က စေတီတော်အောက်ခြေ မြေကြီးပြိုကျရွှေ့လျားသွားခြင်းကြောင့် ဗုဒ္ဓဝင်ပြတိုက်ရှေ့နားသို့ ပေ ၅၀ခန့် ရွှေ့သွားခြင်းဖြစ်ကြောင်းနှင့် အောင်မင်းအောင်စေတီတော်၏ ဥဏ္ဍတော်အမြင့်မှာ ပေ ၃၀ ခန့်ရှိကြောင်း ဂေါပကအဖွဲ့၏အဆိုအရ သိရသည်။

မြောင်းမြမြို့အနီးရှိ ရေးဟောင်းအထောက်အထားများ တူးဖော်ဆဲအဆင့်သာရှိသေး

ရန်ကုန်၊ ဇန်နဝါရီ ၂၀

ဧရာဝတီတိုင်းရှိ မြစ်ဝကျွန်းပေါ် မြို့တစ်မြို့ဖြစ်သည့် မြောင်းမြမြို့အနီးတွင် မကြာမီကတွေ့ရှိထားသော ရေးဟောင်းအထောက်အထားများမှာ တူးဖော်ဆဲအဆင့်သာရှိသေးသဖြင့် အမျိုးသားပြတိုက်တွင်ထားရှိရန် အဆင်သင့်မဖြစ်ကြောင်း အဆိုပါပြတိုက်မှ ပြတိုက်မှူး ဒေါ်နုမြဇံက ဇန်နဝါရီလ တတိယပတ်အတွင်း ပြောကြားသည်။ မြောင်းမြမြို့တွင် တူးဖော်တွေ့ရှိချက်များကို ရေးဟောင်းသုတေသနဦးစီးဌာနကသုံးသပ်ပြီးမှ ပြတိုက်တွင် စီစဉ်ထားရှိသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ မြောင်းမြမြို့အနီးရှိ မြို့ဟောင်းနေရာ အကြေပုဂံ (အောက်အရပ်ပုဂံ) ဒေသတွင် ရေးဟောင်းအုတ်များဖြင့် ခင်းကျင်းထားသော လမ်းမကြီးများနှင့် ရေးဟောင်းစဉ့်ဖိုများအပြင် ထူးခြားချက်အဖြစ် ပုဂံခေတ်လက်ရာဟုယူဆရသည့် ရေးဟောင်းအုတ်ခွက်ဘုရားများကိုလည်း တွေ့ရှိခဲ့ကြောင်း ရေးဟောင်းသုတေသနဦးစီးဌာနမှ ထုတ်ပြန်ချက်များအရ သိရသည်။

မြောင်းမြမြို့သမိုင်းမှတ်တမ်းကော်မရှင်၏အဆိုအရ ပုဂံခေတ်မှတ်တမ်းများအရ ဧရာဝတီတိုင်း မြောင်းမြမြို့တွင် စေတီပေါင်း ၄၉၉ ဆူရှိသည်ဟု သိရှိရပြီး ယခုလက်ရှိ စေတီ ၁၇၈ ဆူကို ရေးဟောင်းသုတေသနဦးစီးဌာနက ပြန်လည်တွေ့ရှိ မှတ်တမ်းတင်ပြီးဖြစ်ကြောင်း သိရသည်။ ရေးဟောင်းသုတေသနလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် ပြည်မြို့ သရေခေတ္တရာမြို့ဟောင်းအနီးတွင် ခေတ်မီ ရေးဟောင်းသုတေသနသင်တန်းကျောင်းတစ်ခုကို ၂၀၀၅ ခုနှစ်အတွင်း ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

www.foreverspace.com.mm

မန္တလေးတွင် မတလဆိုင်ကယ်များ သက်တမ်းတိုး

ရန်ကုန်၊ ဇန်နဝါရီ ၁၀

မြန်မာနိုင်ငံ၏ ဒုတိယမြို့တော် မန္တလေးတွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (ကညန)က တရုတ်နိုင်ငံထုတ် 'မတလ' မော်တော်ဆိုင်ကယ်များအား သက်တမ်းတိုးပေးလျက်ရှိကြောင်း မန္တလေး ကညနတိုင်းရုံးမှ ဇန်နဝါရီလအတွင်း ထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါဆိုင်ကယ်များကို စုံ–မ နံပါတ်များ ခွဲခြားကာ စုံ–မ ဂဏန်းများအလိုက် သက်တမ်းကုန်ဆုံးရက် (နှစ်)မှာ မတူညီကြောင်း၊ စုံဂဏန်းဆိုင်ကယ်များ သက်တမ်းကုန်ဆုံးရက်မှာ ၂ နှစ်ဖြစ်ပြီး မဂဏန်းဆိုင်ကယ်များ သက်တမ်းကုန်ဆုံးရက်မှာ သုံးနှစ်ပြောင်းလဲသတ်မှတ်ထားကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

ယင်းသို့ သက်တမ်းတိုးခြင်းကို မန္တလေးမြို့တွင် ခရိုင်တောင်ပိုင်းရုံး၊ ခရိုင်မြောက်ပိုင်းရုံးခွဲခြားကာ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်ပိုင်းရုံးအောက်တွင် ပါဝင်သော မြို့နယ်များမှာ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ အမရပူရ၊ ပုသိမ်ကြီး၊ မတ္တရာ၊ စဉ့်ကူ၊ မိုးကုတ်မြို့နယ်များ ပါဝင်ပြီး ခရိုင်မြောက်ပိုင်းရုံးတွင် ချမ်းအေးသာစံမြို့နယ်ပါဝင်ကြောင်း လေ့လာသိရှိရသည်။

မန္တလေးခရိုင်အတွင်းတွင် လက်ရှိကာလအထိ 'မတလ' မော်တော်ဆိုင်ကယ်အစီးရေ ၆၃၇၉၄ စီးရှိသည်ဟု ကညနဝန်ထမ်းတစ်ဦးက ဖြည့်စွက်ပြောကြားသည်။

အဆိုပါသက်တမ်းတိုးပေးခြင်း လုပ်ငန်းကို ၂၀၀၆ ခုနှစ်အတွင်း ဆက်လက်ပြုလုပ်ပေးသွားမည်ဖြစ်ပြီး ယာဉ်ပိုင်ရှင်များကို ယာဉ်မှတ်ပုံတင်စာအုပ်၊ မော်တော်ဆိုင်ကယ်၊ အဝိုင်း၊ သက်သေခံလက်မှတ်၊ အိမ်ထောင်စုဇယားများဖြင့် သတ်မှတ်နေ့ရက်များ တွင် ပြုလုပ်ပေးနေကြောင်း ထုတ်ပြန်ချက်များအရ သိရသည်။

သက်တမ်းတိုးရာတွင် မော်တော်ဆိုင်ကယ်တစ်စီး ကျသင့်ငွေမှာ စုံဂဏန်းနံပါတ်များအတွက် ၁၉၀၀ ကျပ်၊ မ–ဂဏန်းနံပါတ်များအတွက် ၂၂၀၀ ကျပ်ဖြစ်ကြောင်း မန္တလေးခရိုင် ကနည ရုံးသို့ သွားရောက်သက်တမ်းတိုးသူတစ်ဦးက Living Color သို့ ပြောကြားသည်။

အလားတူကျောက်ဆည်ခရိုင်အတွင်းရှိ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦးမြို့နယ်များရှိ မတလဆိုင်ကယ်များ သက်တမ်းတိုးမြှင့်ခြင်းကိုလည်း ကျောက်ဆည်ခရိုင် ကညနရုံးတွင် ဆောင်ရွက်ပေးလျက်ရှိကြောင်း ဒေသခံတစ်ဦး၏အဆိုအရ သိရသည်။

ရဲဝင်းနိုင်

တိုက်ကြီးမြို့နယ်အတွင်းသို့ ငလျင်ကော်မတီ ပထမဆုံးအကြိမ်သွားရောက်လေ့လာ

ရန်ကုန်၊ ဇန်နဝါရီ ၁၉

ငလျင်ပညာရပ်ဆိုင်ရာ အထောက်အကူပြုနိုင်ရန် ဇန်နဝါရီလ ၄ ရက်နေ့က တိုက်ကြီးမြို့နယ်ဝန်းကျင်တွင် လှုပ်ခဲ့သော ငလျင်နှင့်ပတ်သက်၍ ငလျင်ကော်မတီမှ သုတေသနပြုရန် ပထမဆုံးအကြိမ် သွားရောက်ခဲ့သည်ဟု မြေငလျင်ကော်မတီအတွင်းရေးမှူး ဦးတင့်လွင်ဆွေက ဇန်နဝါရီ ၁၃ ရက်နေ့တွင် ပြောကြားသည်။

၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့က ဆူနာမီလှိုင်းကြီးများ ဖြစ်ပေါ်စေခဲ့သည့် ရစ်ချ်တာစကေး ၈.၉ ရှိ အင်အားပြင်းထန်လှသည့် ငလျင်ကြီးလှုပ်ခတ်ပြီး ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ဖြစ်ပွားခဲ့သည့် မြန်မာနိုင်ငံ မြေငလျင်ကော်မတီအနေဖြင့် ပထမဆုံးငလျင် အသေးစားလှုပ်ရှားမှုကို လေ့လာခြင်း ဖြစ်သည်။ သွားရောက်လေ့လာသောဒေသများမှာ ကျိုက်စကိုင်ကျေးရွာ၊ လောက်လေးချောင်းကျေးရွာ၊ ချင်ကုန်ကျေးရွာတို့ ဖြစ်သည်။ ရန်ကုန်မြို့နှင့်မိုင် ၃၀ အကွာတွင်ရှိသည့် တိုက်ကြီးမြို့နယ်တွင် လှုပ်ခတ်ခဲ့သော ရစ်ချ်တာစကေး ၃.၉ ခန့်ရှိ ငလျင်အသေးစားတစ်ခုကြောင့် ရှေးဟောင်းစေတီလေးဆူ ပြိုသည်ကို တွေ့ရပြီး တိုက်ကြီးဒေသသည် ယခင်ကလည်း အကြိမ်ကြိမ် လှုပ်ခဲ့ဖူးသည့်မှတ်တမ်းများ လည်းရှိကြောင်း၊ ၂၀၀၅ ခုနှစ် နှစ်ဦးပိုင်းက ငလျင်အသေးစားများ လှုပ်ခတ်ခဲ့သော်လည်း ပျက်စီးမှုမရှိခဲ့ကြောင်း၊ ယခုငလျင်အသေးစားသည် ပျက်စီးမှု အနည်းငယ်ပါလာသည့် အတွက် နောင်တွင် ငလျင်အကျိုးဆက်ဖြစ်ပေါ်လာပါက ငလျင်အန္တရာယ်ကို လျှော့ချနိုင်မည့် နည်းလမ်းကို ရှာဖွေရန်အတွက် ငလျင်ကော်မတီက တိုက်ကြီးဒေသသို့ သွားရောက်ရန်စီစဉ်ခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

■

www.foreverspace.com.mm

ဈေးနှုန်းပေါ်မူတည်၍ ထီဆိုင်များတွင် ရောင်းအားကွာခြားမှုရှိ

ရန်ကုန်၊ ဧပြီလ ၁၉

အောင်ဘာလေထီရောင်းချသည့် ဆိုင်များသည် ဖွင့်လှစ်ရောင်းချလျက်ရှိသည့်နေရာပေါ်မူတည်၍ ဈေးနှုန်းအမျိုးမျိုးဖြင့် ရောင်းချလျက်ရှိရာ ထီကံစမ်းသူများ အနေနှင့် ပုံမှန်ဈေးနှုန်း ၁၅၀ ကျပ်ဖြင့် ရောင်းချသောဆိုင်များတွင် အများဆုံးဝယ်ယူအားပေးမှုရှိကြောင်း ကမာရွတ် မင်းထက်သာ ထီဆိုင်ခွဲပိုင်ရှင်တစ်ဦးဖြစ်သူ ဒေါ်သန်းသန်းက ဆိုသည်။

ပင်ရင်းထီဆိုင်များတွင် ပုံမှန်ဈေးနှုန်းဖြင့် ရောင်းချသော်လည်း ရပ်ကွက်များတွင် ဖွင့်လှစ်ရောင်းချနေသော လက်ခွဲထီဆိုင်အများစုမှာ ၁၈၀ ကျပ်၊ ၂၀၀ ကျပ် စသည်ဖြင့် ရောင်းချနေကြောင်း၊ တရားဝင်ထီလက်မှတ်ဈေးနှုန်းကို တိုးမြှင့်၍ ဆုကြေးများလည်း တိုးမြှင့်ပေးခဲ့ပြီးသည့်နောက်ပိုင်း ထီဆိုင်များ၌ ရောင်းအားတက်လာကြောင်း၊ ဈေးကစားရာ ဈေးနှုန်းမြင့်ကာ ရောင်းချသောဆိုင်များထက် ပုံမှန်ဈေးနှုန်းဖြင့် ရောင်းချသောဆိုင်များက ပို၍ ရောင်းရသော်လည်းအကျိုးအမြတ် မကွာခြားကြောင်း ၎င်းက ပြောကြားသည်။

မရမ်းကုန်းမြို့နယ်ရှိ မြတ်ခွန်နှင့် အောင်သန်းဆု ထီဆိုင်ခွဲပိုင်ရှင်တစ်ဦးက ထီလုပ်ငန်းသည် လုပ်ကိုင်ရလွယ်ကူသကဲ့သို့ ငွေကြေးအရင်းအနှီး မြောက်မြားစွာ မြှုပ်နှံရန် မလိုအပ်သည့်အပြင် နာမည်ကြီးထီဆိုင်များမှ ဖရန်ချိုက်စ်စနစ်နှင့် လုပ်ကိုင်ခွင့်ပေးနေခြင်းကြောင့် ထီဆိုင်ဖွင့်လှစ်လုပ်ကိုင်လိုသူ များပြား၍ ထီဆိုင်ငယ်လေးများ အများအပြား ပေါ်ပေါက်လာသည်ကို တွေ့ရကြောင်း ပြောကြားသည်။

ရပ်ကွက်များ၌ ဖွင့်လှစ်ရောင်းချလာသော လက်ခွဲထီဆိုင်ငယ်များသာ ပုံမှန်ဈေးနှုန်းဖြင့် တစ်ပြေးညီရောင်းချပါက ထီထိုးသူများအနေဖြင့် မြို့လယ်ပင်ရင်းဆိုင်ကြီးများတွင် သွားရောက်ကံစမ်းရန် မလိုတော့ဘဲ နီးစပ်ရာဆိုင်များတွင်လည်း ကံစမ်းနိုင်မည်ဖြစ်ကြောင်း ၎င်းကသုံးသပ်ပြောကြားသည်။

အင်ဗာတာနှင့် မီးစက်များ အရောင်းအဝယ်ကျဆင်း

ရန်ကုန်၊ ဧပြီလ ၂၁

မိုးလွန်ကာလများတွင် အင်ဗာတာနှင့် မီးစက်များရောင်းအားတက်လေ့ရှိသော်လည်း ယခုနှစ်တွင် အရောင်းအဝယ်ကျဆင်းလျက်ရှိနေကြောင်း အောင်လျှပ်စစ်ပစ္စည်းအရောင်းဆိုင်မှ ဦးအောင်မျိုးကျော်က ဧပြီလလယ်တွင် ပြောကြားသည်။

ယင်းကဲ့သို့ရောင်းအားကျရခြင်းမှာ မီးစက်သုံးလောင်စာများနှင့် အင်ဗာတာနှင့်တွဲ၍အသုံးပြုသော ဘက်ထရီအိုးများ ဈေးမြင့်တက်လာခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ဘက်ထရီအိုးဈေးနှုန်းမြင့်လာသော်လည်း ကြာရှည်အထွန်းခံမှုနှင့် အကြမ်းခံမှုမှာ သာမန်အဆင့်သာရှိကြောင်း ၎င်းကဆိုသည်။

မီးစက်၊ အင်ဗာတာကဲ့သို့ လျှပ်စစ်ပစ္စည်းဈေးနှုန်းကျရခြင်းမှာနေရာအနှံ့တွင်ကျယ်လာသော ပဂ္ဂလိက မီးပေးစက်များကြောင့်လည်းဖြစ်နိုင်ကြောင်း၊ ယခုအခါ ယင်းသို့မီးပေးစနစ်ကို ကမာရွတ်၊ သက်နံ့ကျွန်း စသော ရန်ကုန်မြို့တွင်းမြို့နယ်များနှင့် ရွှေပြည်သာ၊ လှိုင်သာယာနှင့် ဒဂုံကဲ့သို့ မြို့သစ်များတွင် တွင်ကျယ်စွာ လုပ်ကိုင်လာကြောင်း ၎င်းအဆိုအရ သိရှိရသည်။

ဈေးကွက်တွင်းသို့ ပြည်တွင်းပြည်ပမှ အင်ဗာတာ၊ မီးစက်၊ မီးအားဖြင့်စက်များ တံဆိပ်အမျိုးမျိုးဖြင့် ဝင်ရောက်လာသော်လည်း ပြည်တွင်းဖြစ်စက်များမှာ ပိုမိုအကြမ်းခံပြီး၊ အသုံးပြုရလွယ်ကူခြင်းကြောင့် ပြည်တွင်းဖြစ်ကိုသာ သုံးစွဲသူပိုမိုများပြားကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

■

www.foreverspace.com.mm

ပျဉ်းမနားသို့ ဌာနဆိုင်ရာပရိဘောဂများနှင့် ရုံးစာရွက်စာတမ်းများ လက်ထိုးတန်ဆာနှုန်းထားဖြင့် တင်ပို့နိုင်

ရန်ကုန်၊ ဒီဇင်ဘာ ၃၁

အစိုးရရုံးများ ပြောင်းရွှေ့ရုံးစိုက်ရာ ပျဉ်းမနားသို့ ဌာနဆိုင်ရာ ပရိဘောဂ ပစ္စည်းများနှင့် ရုံးစာရွက်စာတမ်းများကို ရန်ကုန်မှ ပျဉ်းမနားသို့ ပုံမှန်ပြေးဆွဲနေသည့် အမှတ် (၃၁) အဆန်ရထားဖြင့် တင်ပို့လိုပါက လက်ထိုးတန်ဆာနှုန်းထားဖြင့် တင်ပို့နိုင်သည်ဟု ရန်ကုန်ဘူတာကြီး လက်ဆွဲတန်ဆာဌာနတွင် ကြော်ငြာထားသည်။

လက်ထိုးတန်ဆာနှုန်းထားဆိုသည်မှာ မြန်မာ့မီးရထားမှ ထည့်ပေးသော တန်ဆာပုံးများထဲသို့ မိမိပစ္စည်းများကို ပိသာချိန်ဖြင့်ချိန်တွယ်၍ ထည့်ခြင်းဖြစ်ပြီး ရန်ကုန်မှ ပျဉ်းမနားသို့ လက်ထိုးတန်ဆာနှုန်းထားမှာ တစ်ပိသာလျှင် ၇ ကျပ် ၁၀ ပြားဖြစ်ကြောင်း မြန်မာ့မီးရထားမှ ထုတ်ပြန်ကြေညာထားပါသည်။

လက်ထိုးတန်ဆာကို ရုံးဖိုင်များနှင့် ရုံးသုံးကိရိယာပစ္စည်းများ တင်ပို့ရန်အတွက်သာ ဆောင်ရွက်နိုင်ပြီး တီဗီ၊ မိတ္တူကူးစက်၊ မီးစက်ကဲ့သို့သော ပစ္စည်းများမှာ သတ်မှတ်ထားသောဈေးနှုန်းဖြင့် ပေးဆောင်ရမည် ဖြစ်သည်။

ရန်ကုန်မှ ပျဉ်းမနားသို့ တန်ဆာပစ္စည်းများ တင်ပို့ရာတွင် မိမိတင်ပို့သော ကုန်ပစ္စည်းကို တစ်ဖက်မှ စောင့်ယူရန်လိုအပ်ကြောင်း၊ ပျဉ်းမနားမြို့တွင် မန္တလေးမြို့သို့ ကုန်ပို့ကိုယ်စားလှယ်များ မရှိသေးသည့်အတွက် အိမ်အရောက်ကုန်ပို့ဝန်ဆောင်မှုမပြုနိုင်သေးကြောင်း ကုန်ပို့ကိုယ်စားလှယ်များထံမှ သိရသည်။

မိုးရာသီစိုက်ပျိုးစရိတ် ကျပ်သန်း ၃၀၉၀၀ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ထုတ်ချေး

ရန်ကုန်၊ ဇန်နဝါရီ ၁၆

လယ်ယာကဏ္ဍသီးနှံ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများကို ဖြည့်ဆည်းပံ့ပိုးသည့်အနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးရာသီစိုက်ပျိုးစရိတ်အတွက် ငွေကျပ်သန်းပေါင်း ၃၀၉၀၀ ကျော် ထုတ်ချေးခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလှကျော်က Living Color သို့ ပြောကြားသည်။

အဆိုပါချေးငွေသည် ပြည်နယ်နှင့်တိုင်းအသီးသီးသို့ ထုတ်ချေးခြင်းဖြစ်ပြီး ၎င်းတို့အနက် ဧရာဝတီတိုင်းမှ ငွေကျပ်သန်းပေါင်း ၇၀၀၀ ကျော်၊ ပဲခူးတိုင်းမှ ကျပ်သန်း ၆၈၀၀ ကျော်၊ ရန်ကုန်တိုင်းနှင့် ရန်ကုန်အထူးဇုန်တို့မှ ကျပ်သန်း ၄၀၀၀ ကျော်၊ စစ်ကိုင်းတိုင်းမှ ကျပ်သန်း ၃၀၀၀ ကျော်တို့ဖြင့် အများဆုံးချေးယူထားကြကြောင်း၊ ယခုအခါ အဆိုပါချေးငွေများကို ပြန်လည်ကောက်ခံနေပြီဖြစ်ရာ ၂၀၀၆ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းအထိ ၁.၅၅ ရာခိုင်နှုန်းသာ စတင်ကောက်ခံရသေးကြောင်း ဦးလှကျော်က ထပ်လောင်းပြောကြားသည်။

မိုးရာသီအတွက် စိုက်ပျိုးစရိတ်ချေးငွေသည် ၂၀၀၃–၂၀၀၄ ခုနှစ် မိုးကြို၊ မိုးရာသီ၊ ဆောင်းရာသီ နှစ်စဉ် ချေးငွေနှင့် လယ်ယာဖွံ့ဖြိုးမှုလုပ်ငန်းများအတွက် ခိုင်းကျွေ၊ ခိုင်းနွားနှင့် စိုက်ပျိုးမွေးမြူရေးချေးငွေ စုစုပေါင်းထက် များစွာကျော်လွန်သည်ကို တွေ့ရပြီး ဖော်ပြပါနှစ်အတွင်း စုစုပေါင်းချေးငွေမှာ ငွေကျပ်သန်းပေါင်း ၂၀၄၀၀ ကျော်ရှိကြောင်း အထက်ပါဝန်ကြီးဌာနမှ ထုတ်ပြန်သောစာရင်းဇယားများအရ သိရသည်။ ■

www.foreverspace.com.mm

ကျိုက်ထီးရိုးဘုရားပတ်ဝန်းကျင် ငှက်မျိုးစိတ်များစွာကို လေ့လာသုတေသနပြုနိုင်

ရန်ကုန်၊ ဧန်နဝါရီ ၂၀

မြန်မာနိုင်ငံရှိ ထင်ရှားသည့် တန်ခိုးကြီးဘုရားပုထိုးများတွင် တစ်ဆူ အပါအဝင်ဖြစ်ပြီး ပြည်ပခရီးသွား ဧည့်သည်များကို ဆွဲဆောင်ရာ ယဉ်ကျေးမှု အခြေခံခရီးသွားဒေသ (Culture Tour Site) နှင့် သဘာဝအခြေခံခရီးသွားဒေသ (Eco Tour Site) နှစ်မျိုးစလုံး ပေါင်းစပ်တည်ရှိသော ကျိုက်ထီးရိုးဘုရားပတ်ဝန်းကျင်နှင့် ကျိုက်ထီးရိုးတောင်တက်ရာ လမ်းတစ်လျှောက်တွင် ကုန်းငှက်(Forest Bird) မျိုးစိတ်များကို စုံလင်စွာလေ့လာတွေ့ရှိနိုင်ကြောင်း အဆိုပါဒေသသို့ မကြာခဏသွားရောက်ခဲ့သူ မြန်မာငှက်ဝါသနာရှင်အသင်းအမှူဆောင်တစ်ဦးက ပြောကြားသည်။

မြန်မာငှက်ဝါသနာရှင်အသင်းမှ အသင်းဝင်များပါဝင်သော ငှက်ကြည့်လေ့လာရေးအဖွဲ့သည် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလအတွင်းက တစ်ကြိမ်၊ ၂၀၀၆ ခုနှစ်ဧန်နဝါရီလအတွင်းတွင် တစ်ကြိမ် ကျိုက်ထီးရိုးတောင်ခြေ ကင်ပွန်းစခန်းတစ်ဝိုက်နှင့် ခုနစ်မိုင်ငါးဖာလုံရှည်လျားသော ကျိုက်ထီးရိုးတောင်တက်လမ်းတစ်လျှောက် လေ့လာသုတေသနပြုခဲ့ကြရာ Asian Paradise - flycatcher, Red-billed Blue Magpie, Indochinese Green Magpie, Great Iora, Rufous-Winged Phllentoma စသော မြင်တွေ့ရခဲ့သည့် ငှက်မျိုးစိတ်များအပါအဝင် ကုန်းငှက်မျိုးစိတ် စုစုပေါင်း ၁၀၀ နီးပါး တွေ့ရှိခဲ့ကြကြောင်း၊ ကျိုက်ထီးရိုးတောင်ပတ်ဝန်းကျင် သစ်တောများအတွင်း အချိန်ယူ၍ ဝင်ရောက်လေ့လာသုတေသနပြုနိုင်မည် ဆိုပါက မှတ်တမ်းမတင်ရသေးသော ငှက်မျိုးစိတ်များ အပါအဝင် ငှက်မျိုးစိတ် ၂၅၀ ခန့် တွေ့ရှိနိုင်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

အမြစ်မ်းသစ်တောများ ဖုံးလွှမ်းပေါက်ရောက်လျက်ရှိပြီး အပင်၊ သားငှက်တိရစ္ဆာန်နှင့် ဇီဝမျိုးစုံ မျိုးကွဲများစုံလင်စွာ ပေါက်ရောက် ရှင်သန်ကျက်စားလျက်ရှိသည့် ၆၀.၃၂ စတုရန်းမိုင်ကျယ်ဝန်းသော အဆိုပါဒေသတစ်ဝိုက်ကို သစ်တောဦးစီးဌာနက ၁၉၃၈ ခုနှစ်မှစတင်၍ ကျိုက်ထီးရိုးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် သတ်မှတ်ကာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားသည်။

ရခိုင်မှ ရန်ကုန်သို့ ရေထွက်ကုန်ပစ္စည်းများ ရေကြောင်းခရီးဖြင့် ပြောင်းလဲတင်ပို့

ရန်ကုန်၊ ဧန်နဝါရီ ၁၈

ပြည်ပဈေးကွက်ဝင် ရေထွက်ကုန်ပစ္စည်းအများအပြားထွက်ရှိသော ရခိုင်ပြည်နယ်မှ ရန်ကုန်မြို့တော်သို့ ရေထွက်ကုန်ပစ္စည်းတင်ပို့ရာတွင် ကုန်းလမ်းဖြင့် တင်ပို့နေရာမှ ရေကြောင်းခရီးဖြင့် ပြောင်းလဲတင်ပို့လျက်ရှိကြောင်း ရခိုင်ပြည်နယ်မှ ရေထွက်ကုန်လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးစောလှက ဧန်နဝါရီလ တတိယပတ်အတွင်း ပြောကြားသည်။

ယခင်က ရေထွက်ကုန်ပစ္စည်းများကို အအေးခန်းယာဉ်များဖြင့် ကုန်းလမ်းခရီးမှတစ်ဆင့် ရန်ကုန်သို့ တင်ပို့လျက်ရှိရာမှ ယခုကဲ့သို့ အအေးခန်းပါ ကုန်တင်သင်္ဘောများဖြင့် ရေကြောင်းခရီးမှ တင်ပို့လာကြောင်း၊ ယင်းသို့ တင်ပို့ခြင်းမှာ ကုန်းလမ်းခရီးဖြင့် တင်ပို့ခြင်းထက် ကုန်ကျစရိတ်သက်သာခြင်းအပြင် ကုန်ပစ္စည်းများကို တစ်ကြိမ်တည်း အများအပြားတင်ပို့လာနိုင်ရန် လုပ်ငန်းရှင်များက ဆန္ဒရှိလာသောကြောင့်ဖြစ်ကြောင်း ဦးစောလှက ရှင်းပြသည်။ အဓိကအားဖြင့် ရန်ကုန်မြို့တော်မှ ရေထွက်ကုန်အမှာ အေးလျက်ရှိ၍ လောင်စာဆီဈေးနှုန်းများ အပြောင်းအလဲကြောင့် ယခုကဲ့သို့ ရေကြောင်းခရီးဖြင့် တင်ပို့လာကြခြင်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ရန်ကုန်မြို့တော်ရှိ ရေထွက်ကုန်ဈေးကွက်မှာ ပြည်ပသို့တစ်ဆင့် တင်ပို့ရာ ဈေးကွက်ဖြစ်ပြီး လေကြောင်းခရီးဖြင့် ထိုင်း၊ မလေးရှား၊ ဟောင်ကောင်ဒေသများသို့ တင်ပို့ခြင်းအပြင် မြိတ်၊ ကော့သောင်းသို့လည်း ရေလမ်းခရီးဖြင့်လည်း တင်ပို့လျက်ရှိရာ ယခုကဲ့သို့ ကုန်ပစ္စည်းများကို အမှာစာအရ တစ်စုတစ်စည်းတည်း တင်ပို့လာခြင်းဖြစ်ကြောင်း ဦးစောလှက ဆိုသည်။

တင်ပို့လျက်ရှိသောသင်္ဘောများမှာ ယခင်က ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယသို့ တင်ပို့လျက်ရှိသော ရေထွက်ကုန်ပစ္စည်းတင်သင်္ဘောများဖြစ်သည်။ ရခိုင်ပြည်နယ်မှ ရေထွက်ကုန်များကို မြန်မာ–တရုတ်နယ်စပ် မူဆယ်ဈေးကွက်သို့ ကုန်းလမ်းဖြင့် တင်ပို့လျက်ရှိသော်လည်း ဈေးကွက်အနေအထား အေးလျက်ရှိကြောင်း၊ အဓိကအားဖြင့် အရည်အသွေးနှင့်ပတ်သက်၍ ဈေးနှုန်းအားသာချက်မရရှိကြောင်း ဦးစောလှက ပြောကြားသည်။

■

www.foreverspace.com.mm

အထည်အလိပ်များ တရုတ်နယ်စပ်သို့ သွားရောက်ဝယ်ယူခြင်းဖြင့် ပိုမိုအကျိုးရှိနိုင်

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၀

တရုတ်နိုင်ငံထွက် အထည်အလိပ် ဝယ်ယူရောင်းချလိုသူများအနေဖြင့် မြန်မာ–တရုတ်နယ်စပ်ရှိ အထည်အလိပ်ဈေးကွက်သို့ ကိုယ်တိုင်သွားရောက်စုံစမ်း ဝယ်ယူခြင်းက တစ်ဆင့်ပြန်လည်ရောင်းချရာတွင် ပိုမိုအကျိုးအမြတ်ရှိနိုင်ကြောင်း ရန်ကုန်မြို့ မင်္ဂလာဈေးမှ ဝါရင့်အထည်အလိပ်ကုန်သည်တစ်ဦးဖြစ်သူ ဦးကျော်ဝင်းက ဖေဖော်ဝါရီလဒုတိယပတ်အတွင်း ပြောကြားသည်။

နယ်စပ်သို့ ကိုယ်တိုင်သွားရောက်ဝယ်ယူခြင်းဖြင့် ကုန်ပစ္စည်းရွေးချယ်ဝယ်ယူနိုင်ကြောင်း၊ တစ်ဖက်ကုန်သည်များနှင့် တိုက်ရိုက်ထိတွေ့နိုင်ခြင်းဖြင့် တစ်ဆင့်ဈေးကွက်တွင် ပြန်လည်ရောင်းချရာတွင် အားသာမှုရှိကြောင်း ဦးကျော်ဝင်းက ဆိုသည်။ ကုန်ပစ္စည်းသယ်ယူရာလမ်းကြောင်းတွင် အကောက်ခွန်ပေးဆောင်ပြီး သယ်ယူခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း၊ အခပေး၍ သယ်ဆောင်စေခြင်းသည် ကုန်ပစ္စည်းဆုံးရှုံးမှုများ ဖြစ်နိုင်ကြောင်း၊ အများစုမှာ ကုန်သွယ်မှုကြာမြင့်ချိန်ကိုကြည့်၍ အခပေး၍သယ်ယူခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဝယ်သူအချို့မှာ ကုန်အချို့ကို အကောက်ခွန်ဖြင့်လည်းကောင်း၊ အချို့ကို အခပေးဖြင့်လည်းကောင်း သယ်ယူလျက်ရှိကြောင်း၊ မူဆယ်နယ်စပ်မှ ရန်ကုန်အရောက် တစ်ရက်ခရီးခန့်ကြာမြင့်ကြောင်း ဦးကျော်ဝင်းက ရှင်းပြသည်။

ယခုလက်ရှိတွင် မြန်မာ့ဈေးမှာ မာလျက်ရှိပြီး မြန်မာဘက်မှ တရုတ်ပစ္စည်းဝယ်ယူရာတွင် အားသာမှုရှိနေကြောင်း ဦးကျော်ဝင်း၏အဆိုအရ သိရသည်။ နယ်စပ်မှ ကိုယ်တိုင်သွားရောက်ခြင်းဖြင့် ရန်ကုန်ကုန်သည်များမှတစ်ဆင့် ဝယ်ယူခြင်းထက် အချို့အထည်အလိပ်များမှာ တစ်ကိုက်လျှင် ကျပ် ၂၀၀၊ ၃၀၀ ခန့် ကွာဟကြောင်း ဦးကျော်ဝင်းက ဆိုသည်။

Gas အိုးများ ထပ်မံဖြည့်စွက်တပ်ဆင်ရန် ခွင့်ပြုချက်မပေးသေး

ရန်ကုန်၊ ဧပြီလ ၁၈

ဓာတ်ဆီ၊ ဒီဇယ်ဆီအစားထိုး သဘာဝဓာတ်ငွေ့သုံး CNG ယာဉ်များတွင် Gas အိုးအရေအတွက် ထပ်တိုးတပ်ဆင်ခွင့်ပြုမည်ဟုသတင်းများ ထွက်နေသော်လည်း လောလောဆယ်တွင် သက်ဆိုင်ရာမှ ခွင့်ပြုချက် တရားဝင်မထုတ်ပြန်သေးကြောင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီအတွင်းရေးမှူး ဦးမြတ်လှက Living Color သို့ ဧပြီလ ၁၀ ရက်နေ့ ဒုတိယပတ်အတွင်း ပြောကြားသည်။

CNG ယာဉ်အဖြစ် ပြောင်းလဲစဉ်က ကားပိုင်ရှင်မှ တပ်ဆင်ရသည့်အိုးအရေအတွက်အပြင် အခက်အခဲများ အဆင်ပြေစေရန် GAS အိုးများ ထပ်မံဖြည့်စွက်လိုပါက အပိုတပ်ဆင်သည့် အိုးအတွက် ကျသင့်ငွေ ပေးချေပြီး တပ်ဆင်ခွင့်ပြုခဲ့သော်လည်း နောက်ပိုင်း CNG ဖြည့်သွင်းရာတွင် အခက်အခဲများ ဖြစ်ပေါ်၍ ကြန့်ကြာမှုများရှိသည့်အတွက် ထပ်မံဖြည့်စွက်ခွင့်မပြုတော့ကြောင်း ၎င်းက ဆိုသည်။

အချို့မထသ CNG ယာဉ်များမှာ ပြေးဆွဲရသည့် ခရီးအကွာအဝေးရှည်သောကြောင့် GAS အိုး ပိုမိုတပ်ဆင်ရန် လိုအပ်သဖြင့် သက်ဆိုင်ရာမှ ထပ်မံဖြည့်တင်းခွင့်ပြုခဲ့သည်။ အမှတ် ၅၁ ယာဉ်လိုင်းမှ မင်းလွင်ကုန်း–ဆူးလေ ပြေးဆွဲသောယာဉ်များမှာ GAS လုံလောက်မှုမရှိသောကြောင့် GAS အိုးအလုံးရေ ၁၀ လုံးခန့် တပ်ဆင်ခွင့်ပြုခဲ့ကြောင်း ယာဉ်ပိုင်ရှင်များထံမှ သိရသည်။

CNG ယာဉ်များ ဓာတ်ငွေ့ဖြည့်တင်းရာတွင် ကြန့်ကြာမှု၊ လျှပ်စစ်မီးမလုံလောက်မှုကြောင့် CNG ယာဉ်များ ပုံမှန်အခေါက်ရေအပြည့် ပြေးဆွဲနိုင်ရန် အချို့ CNG ဓာတ်ငွေ့ဆိုင်များတွင် လျှပ်စစ်မီး မပြတ်စေရေး ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူများထံမှ စုံစမ်းသိရှိရသည်။

■

မီးသတိပြုပါ

www.foreverspace.com.mm

မြန်မာ-တရုတ်ကုန်သွယ်ရေး ကန်ဒေါ်လာ ၁၈၇.၁၈ သန်းဖိုး MoU စာချုပ်ချုပ်ဆို

ရန်ကုန်၊ ဧပြီ ၁၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျယ်ခေါင်မြို့တွင် ကျင်းပခဲ့သော ပဋ္ဌမအကြိမ်မြောက် မြန်မာ–တရုတ် နယ်စပ်ကုန်သွယ်ရေးပြပွဲတွင် တန်ဖိုး ကန်ဒေါ်လာ ၁၈၇.၁၈ သန်းဖိုး MoU စာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယအထွေထွေမန်နေဂျာ ဦးဟံသာထွန်းက ပြောကြားသည်။

အဆိုပါ MoU စာချုပ်များတွင် ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၁၇၀.၉၈ သန်း၊ သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၄.၉၈ သန်းနှင့် အရောင်းကန်ထရိုက်ဖြင့် ပို့ကုန် ၁၁.၂၁ သန်း ချုပ်ဆိုနိုင်ခဲ့ကြောင်း ဦးဟံသာထွန်းက ထပ်လောင်းပြောကြားသည်။ ယင်းပြပွဲတွင် မြန်မာကုမ္ပဏီ ၈၇ ခုမှ ပြခန်း ၇၃ ခန်းဖြင့်လည်းကောင်း၊ တရုတ်ကုမ္ပဏီ ၅၁ ခုမှ ပြခန်း ၁၀၃ ခုဖြင့်လည်းကောင်း အသီးသီးပြသခဲ့ရာ မြန်မာနိုင်ငံမှ တိုင်းရင်းဆေးဝါး၊ သစ်အချောထည်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ အိမ်သုံးဆေးဝါးများနှင့် ရော်ဘာစသည့် ကုန်ပစ္စည်းများပြသခဲ့ပြီး တရုတ်နိုင်ငံမှ စားသောက်ကုန်၊ အသင့်ဝတ်အထည်၊ အလှကုန်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ မီးဖိုချောင်သုံးပစ္စည်းများ ပါဝင်ပြသခဲ့ကြကြောင်း ၎င်းက အသိပေးပြောကြားသည်။ မြန်မာ– တရုတ် နယ်စပ်ကုန်သွယ်ရေးပြပွဲများကို မကြာခဏ ကျင်းပလေ့ရှိရာ ၁၄ ကြိမ်မြောက် ကူမင်း ကုန်စည်ပြပွဲကိုလည်း ဇွန်လတွင် ကျင်းပသွားရန် (သတင်းဖော်ပြပြီး The Voice Wekly Vol.2/ No-15)ရှိသည်။ တရုတ်နိုင်ငံတွင် ရွှေလီ–ကျယ်ခေါင် ဈေးကွက်မှာ မြန်မာနိုင်ငံမှ ရေထွက်ပစ္စည်းနှင့် သစ်သီးဝလံများ အပတ်စဉ် ကန်ဒေါ်လာ သန်းဖြင့်ချီ၍ တင်ပို့လျက်ရှိသော ဈေးကွက်ဖြစ်သည်။

ရှမ်းနှင့် ကချင်ပြည်နယ်ထွက် နာနတ်ပွင့် တရုတ်ဝယ်ယူလို

ရန်ကုန်၊ ဧပြီ ၁၈

မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းဒေသများဖြစ်သည့် ရှမ်းနှင့် ကချင်ပြည်နယ်ထွက် နာနတ်ပွင့်များကို တရုတ်တိုင်းရင်းဆေးဝါးကုန်သည်များမှ ထွက်ရှိသမျှ ဝယ် ယူရန်အမှာစာများပေးပို့ထားကြောင်း သိမ်ကြီးဈေးရှိ တိုင်းရင်းဆေးဝါးကုန်သည် တစ်ဦးက ဧပြီ ၁၂ ရက်နေ့တွင် ပြောကြားသည်။

တရုတ်နိုင်ငံတွင် နာနတ်ပွင့်ကို ဟင်းခတ်အမွှေးအကြိုင်အဖြစ်လည်းကောင်း၊ အအေးမိပျောက်ဆေးအဖြစ်လည်းကောင်းအသုံးပြုကြပြီး မြန်မာနိုင်ငံတွင် မြန်မာလူမျိုးတို့ ကွမ်းစားရာတွင်လည်းကောင်း၊ ဟင်းခတ်အမွှေးအကြိုင်အဖြစ်လည်းကောင်း ထည့်သွင်းအသုံးပြုလေ့ရှိကြကြောင်း၊ တရုတ်ဟင်းခတ်မွှေးမဆလာတွင် အမယ်ငါးမျိုးရောစပ်ရာ၌ နာနတ်ပွင့်သည် အဓိကအမယ်တစ်မျိုးအဖြစ် ဝင်နေသဖြင့် နာနတ်ပွင့် စိုက်ပျိုးရေးကို စီးပွားဖြစ်လုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်လျှင် ပြည်ပဝင်ငွေရှာဖွေပေးနိုင်သည့် ထွက်ကုန်တစ်ခုဖြစ်လာနိုင်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အပြည်ပြည်ဆိုင်ရာ Trade Fair Vietnam Expo ပြပွဲသို့ မြန်မာတက်ရောက်ရန် ဖိတ်ကြားခံရ

ရန်ကုန်၊ ဧပြီ ၁၈

ဗီယက်နမ်နိုင်ငံ ဟန္ဒိုင်းမြို့တော်တွင် ၂၀၀၆ ခုနှစ် ဧပြီ ၅ ရက်မှ ၉ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် 16th International Trade Fair Vietnam Expo သို့ မြန်မာနိုင်ငံ ပါဝင်တက်ရောက်ရန် ဗီယက်နမ်ကုန်သွယ်ရေးဝန်ကြီးဌာနမှ ဖိတ်ကြားခြင်းခံရကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၏ ဒီဇင်ဘာလ ၂၂ ရက် နေ့စွဲပါကြေညာချက်အရ သိရသည်။

အဆိုပါပြပွဲကို ဗီယက်နမ်နိုင်ငံ အခြေစိုက် Vietnam Nation Trade Fair & Advertising Company (VINEXAD) မှ စီစဉ်ခြင်းဖြစ်ပြီး Electric Product, Electronic Communication Technology, Fashion, Textile, Garment, Leather, Cosmetics, Personal Care, Machinary and Equipment, Furnishing, Agriculture Products နှင့် အခြားပစ္စည်းများပြသ နိုင်မည်ဖြစ်ကြောင်း ယင်းကြေညာချက်တွင် ဖော်ပြထားသည်။

ပြပွဲသို့သွားရောက်ခြင်းဖြင့် ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်အချင်းချင်း၊ အတွေ့အကြုံနှင့် သတင်းအချက်အလက်များ ဖလှယ်နိုင်ကြောင်း၊ ကုန်ပစ္စည်းများကို ဈေးကွက်တင်ပို့နိုင်ရန် အရောင်းမြှင့်တင်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်သဖြင့် လုပ်ငန်းရှင်များ သွားရောက်လေ့လာသင့်ကြောင်း UMFCCI က တိုက်တွန်းထားသည်။

KKM

■

www.foreverspace.com.mm

မော်တာ၊ ဒိုင်နမိုနှင့် လျှပ်စစ်ပစ္စည်းပြုပြင်ရေးလုပ်ငန်းများတွင် လာရောက်အပ်နှံသူများပြား

ရန်ကုန်၊ ဇန်နဝါရီ ၁၇

မော်တာ၊ ဒိုင်နမိုနှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုး ပြုပြင်ရေးလုပ်ငန်းများတွင် ယခုလအတွင်းပြုပြင်ရန် လာရောက်အပ်နှံသူများပြားလာ၍ လုပ်ငန်းတွင်ကျယ်လျက်ရှိကြောင်း မရမ်းကုန်းမြို့နယ်ရှိ အဆိုပါလုပ်ငန်းလုပ်ကိုင်သူ ဦးရဲဝင်းကိုက Living Color သို့ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ပြောကြားသည်။

ထင်းဆိုင်တွင် ဒိုင်နမို၊ မော်တာအမျိုးမျိုးကို အများဆုံးပြုပြင်ပေးပြီး ယခုရက်ပိုင်း၌ ရေစုပ်စက်မော်တာများ လာရောက်အပ်နှံပြုပြင်မှု ပို၍များကြောင်း၊ အများအားဖြင့် မီးအားမနိုင်၍ မော်တာလောင်သွားခြင်းများဖြစ်ကြောင်း ထင်းကဆိုသည်။

မော်တာလာရောက်ပြုပြင်သူတစ်ဦးက မီးလာချိန်၌ ရေစုပ်စက်မော်တာများကို အိမ်တိုင်းမှ မောင်းနှင်ကြ၍ မီးအားတက်/ကျ မမှန်သောကြောင့် မော်တာလောင်သွားခြင်းဖြစ်ကြောင်း ပြောကြားသည်။

လှိုင်မြို့နယ်ရှိ လျှပ်စစ်ပစ္စည်းပြုပြင်ရေးလုပ်ငန်းပိုင်ရှင်တစ်ဦးကလည်း ထင်းထံသို့ မီးစက်များ၊ အင်ဗာတာများ တစ်နေ့လျှင်တစ်လုံးခန့် ပုံမှန်လာရောက်ပြုပြင်ပြီး အခြားလျှပ်စစ်ပစ္စည်းများ ပြုပြင်မှုလည်းရှိကြောင်း၊ ပြုပြင်ရန်အပ်နှံသူ ယခင်လကထက် ပို၍များလာကြောင်း ပြောကြားသည်။

ပြုပြင်စဉ်လာရောက်အပ်နှံသော မီးစက်များသည် အများအားဖြင့် တရုတ်မီးစက်များဖြစ်ကြောင်း၊ တစ်ခါတစ်ရံ ဆီစားများခြင်းနှင့် အသံကျယ်ခြင်းကို လာရောက်ပြုပြင်ကြကြောင်း၊ အင်ဗာတာများ၊ မီးစက်များကို ယခုလပိုင်းတွင် ပို၍အသုံးချလာပြီး အများစုမှာ အမျိုးအစားနှင့် အရည်အသွေးညံ့ ပစ္စည်းများဖြစ်သည့်အတွက် ပျက်စီးလွယ်သဖြင့် လာရောက်ပြုပြင်မှုများ လာခြင်းဖြစ်ကြောင်း ထင်းကထပ်လောင်းပြောကြားသည်။

မဂ္ဂဇင်း၊ ဂျာနယ်အသစ်များ ထုတ်ဝေခွင့်လျှောက်ထားပါက ခွင့်ပြုမည်

ရန်ကုန်၊ ဇန်နဝါရီ ၂၉

မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် မဂ္ဂဇင်း၊ ဂျာနယ်နှင့် စာအုပ်စာတမ်းအမျိုးမျိုး အသစ်ထုတ်ဝေခွင့်ကို လျှောက်ထားပါက ထုတ်ဝေခွင့် ထပ်မံချပေးမည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဇန်နဝါရီလကုန်ပိုင်းတွင် ထုတ်ဖော်ပြောကြားသည်။

၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့က ရန်ကုန်မြို့ IBC ခန်းမတွင် ကျင်းပသော ဆရာဝန်တင်ရွှေစာပေဆုချီးမြှင့်ပွဲအခမ်းအနားတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ လူသားအရင်းအမြစ် တိုးတက်ဖွံ့ဖြိုးရေးအတွက် စာအုပ်၊ စာပေများ တိုးတက်ထုတ်ဝေရေးမှာ အရေးပါသောကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ ၂၀၀၅ ခုနှစ်အတွင်း စာအုပ်စာတမ်းမျိုးစုံ ၁၀၈၂၉ ခု ထုတ်ဝေခဲ့ပြီး အပတ်စဉ်နှင့် လစဉ်ထုတ်မဂ္ဂဇင်းအရေအတွက်မှာ ၅၅၀၀ ပါဝင်ကြောင်း၊ စာအုပ်စာတမ်းအများစု ပုံနှိပ်ထုတ်ဝေသည့် အရေအတွက်မှာ ၁၀၀၀၊ ၂၀၀၀၊ ၃၀၀၀ အများဆုံးရှိကြောင်း၊ အထက်ပါ ၂၀၀၅ ခုနှစ် ထွက်ရှိသော စာအုပ်စာတမ်းများကို ပျမ်းမျှ ၁၀၀၀၀ ဖြင့်လည်းကောင်း၊ ထုတ်ဝေသည့်အုပ်ရေကိုလည်း ပျမ်းမျှ ၂၀၀၀ ဖြင့်လည်းကောင်း တွက်ချက်ကြည့်ပါက တစ်နှစ်လုံးတွင် ပျမ်းမျှစာအုပ်စာတမ်းအရေအတွက် သိန်း ၂၀ ခန့် ထုတ်ဝေခဲ့သည်ဟုဆိုနိုင်ကြောင်း၊ ယင်းအရေအတွက်မှာ မြန်မာနိုင်ငံလူဦးရေ ၅၄ သန်းဖြင့် နှိုင်းယှဉ်ပါက စာအုပ်စာတမ်း ပိုမိုထွက်ရှိရေးကို ပိုမိုလုပ်ဆောင်ရမည်ဖြစ်ကြောင်းလည်း ဝန်ကြီးက အသိပေးပြောကြားသည်။ ယခုလက်ရှိမဂ္ဂဇင်း၊ ဂျာနယ်ထုတ်ဝေခွင့်အသစ်များ ခွင့်ပြုပေးခဲ့သော်လည်း အချို့မှာ ထုတ်ဝေသည်ကို မတွေ့ရကြောင်း၊ အရေအတွက်အားဖြင့် မဂ္ဂဇင်း ၂၃၁ စောင် ထုတ်ဝေခွင့်ချပေးထားရာ ၁၈၆ စောင်သာ လည်းကောင်း၊ ဂျာနယ် ၁၅၂ စောင်တွင် ၁၂၇ စောင်သာလည်းကောင်း အသီးသီး ထုတ်ဝေလျက်ရှိကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားသည်။

စာအုပ်စာတမ်းများထုတ်ဝေရာတွင်လည်း စာပေစိစစ်ရေးအနေနှင့် ၁၉၇၄ ခုနှစ်ကထုတ်ပြန်ခဲ့သော စာပေလွတ်လပ်ခွင့်ဆိုင်ရာဥပဒေအရ နိုင်ငံတော်တည်ငြိမ်ရေး၊ လုံခြုံရေး၊ စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ ဘာသာရေးနှင့် ပုဂ္ဂိုလ်ရေး အစရှိသည်တို့ကို ထိခိုက်စေနိုင်သည့် အရေးအသားများကို စိစစ်တည်းဖြတ်၍ အမျိုးသားအကျိုးစီးပွားဖြင့် ချိန်ထိုးဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီးက ထုတ်ဖော်ပြောကြားခဲ့သည်။ ■

www.foreverspace.com.mm

ကြက်ဒိုင်များသန့်ရှင်းရေးပြုလုပ်ရာတွင် ကလိရင်းပိုးသတ်ဆေးဖျန်းခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၀

ရန်ကုန်မြို့ရှိ နေ့စဉ်ရောင်းချနေသော ကြက်ဘဲဒိုင်များတွင် သန့်ရှင်းရေးပြုလုပ်ရာ၌ ထုံးမှန့်ပက်ဖျန်းခြင်းနှင့် ကလိရင်းပိုးသတ်ဆေးပက်ဖျန်းခြင်းသည် ရောဂါပျံ့နှံ့မှုကို ဖြတ်တောက်ပေးရာတွင် အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ အစီရင်ခံစာတွင် ဖော်ပြထားကြောင်း ဖေဖော်ဝါရီ ၁ ရက်နေ့တွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းလှက ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါနှင့် ပတ်သက်၍ ဇန်နဝါရီ ၁၂ ရက်မှ ၂၃ ရက်နေ့အတွင်း လာရောက်လေ့လာခဲ့ပြီး ကြက်ဘဲဒိုင်များသည် ရောဂါရှာဖွေရေးအတွက် အကောင်းဆုံးနေရာတစ်ခုဖြစ်ကြောင်း၊ ရန်ကုန်မြို့သို့ အနယ်နယ်အရပ်ရပ်မှဝင်ရောက်လာသော ကြက်ဘဲများ စုစည်းရာနေရာဖြစ်ပြီး ရောဂါဖြစ်လျှင် စောစီးစွာသတိပေးနိုင်ရေးအတွက် ရောဂါစူးစမ်းထောက်လှမ်းမှုအဓိကပစ်မှတ်ဖြစ်နေကြောင်းနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ရောဂါဖြစ်မဖြစ် စစ်ဆေးရန် ပေးပို့လျှင် ခုနစ်ရက်ခန့်ကြာသဖြင့် ကြက်ဒိုင်များတွင် ချက်ချင်းစမ်းသပ်နိုင်သော ကိရိယာများ ထားရှိသင့်ကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြထားသည်ဟု ၎င်းက ထပ်လောင်း ပြောကြားသည်။

ရန်ကုန်မြို့သို့ နေ့စဉ်ဝင်ရောက်လာသော ကြက်ဘဲကောင်ရေ ၄၀၀၀၀ ခန့်ကို စစ်ဆေးရန် တိရစ္ဆာန်ဆေးကုဝန်ထမ်း သုံးဦးတာဝန်ချထားပြီး ဝင်ရောက်လာသော ကြက်ဘဲများတွင် ဘဲကောင်ရေ ၁၀ ရာခိုင်နှုန်းခန့်ပါဝင်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အစီရင်ခံစာဖော်ပြချက်အရ သိရသည်။

အထိတ်တလန့်ဖြစ်မှုများအပါအဝင် မှုခင်းကျဆင်းရေး မြန်မာ-ထိုင်း ပူးပေါင်းဆောင်ရွက်မည်

ကွာလာလမ်ပူ၊ ဇန်နဝါရီ ၁၇

ဒေသတွင်း၌ အထိတ်တလန့်ဖြစ်မှုများ၊ အကြမ်းဖက်မှုများအပါအဝင် မှုခင်းကျဆင်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ဇန်နဝါရီ ၁၇ ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း ဟင်ဒီတိုင်း(မ်) အင်တာနက်စာမျက်နှာတွင်ဖော်ပြထားသည်။

ယခုအခါတွင် နယ်စပ်ဖြတ်ကျော်မှုခင်းများ အမြင့်ဆုံးသို့ရောက်ရှိနေကြောင်းနှင့် အာဆီယံဆယ်နိုင်ငံစလုံး အတူတကွ လက်တွဲနှိမ်နင်းသွားကြမည်ဖြစ်ကြောင်း မလေးရှားဥပဒေရေးရာဝန်ကြီး မစ္စတာ မိုဟာမက်ရာဇီ ရှေ့(ခ်) အာမက်က သတင်းထောက်များကို ပြောကြားသည်။

အဆိုပါဒေသတွင် သဘောတူညီချက်ကို မလေးရှားနိုင်ငံက စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး မှုခင်းအကြမ်းဖက်မှု၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုနှင့် လူမှောင်ခိုတင်သွင်းမှုများကို တားဆီးနှိမ်နင်းရန်ဖြစ်သည်ဟု သတင်းတွင် ဖော်ပြထားသည်။ ကျန် အာဆီယံအဖွဲ့ဝင် ရှစ်နိုင်ငံတို့သည် ၂၀၀၄ ခုနှစ် အောက်တိုဘာလအတွင်းက ယင်းသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်သည်။

ယခုကဲ့သို့ အစီအစဉ်များမချမှတ်ခဲ့ရသေးစဉ်က သက်ဆိုင်ရာဒေသတွင်းနိုင်ငံမှ သက်သေသတင်းအချက်အလက်များမရသည့်အတွက် ယခင်က အပြစ်ရှိသူကိုပင် လွှတ်ပေးခဲ့ရကြောင်း မလေးရှားရှေ့နေချုပ် အဗ္ဗဒုလာဂမ်နီပတ်တလီက ဆိုသည်။

အင်ဒိုနီးရှားအခြေစိုက် ဂျမားအစ္စလာမ်မစ်အစွန်းရောက်အဖွဲ့များသည် ယခင်နှစ်များက အရှေ့တောင်အာရှနိုင်ငံများတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ရန် ကြံစည်လျက်ရှိနေကြောင်း သတင်းတွင် ဖော်ပြထားသည်။

LIVING COLOR MAGAZINE - 526302 , 504496 , 4412163

www.foreverspace.com.mm

လူ့အဖွဲ့အစည်းနှင့် စီးပွားရေးအပျော့ထည်

Civil Society and Economic Soft Infrastructure

အောင်ထွင့်

စီးပွားရေးစီမံကိန်းများ ရေးဆွဲရာတွင်လည်းကောင်း၊ မူဝါဒ၊ ရည်မှန်းချက်ပန်းတိုင်များကို ပုံဖော်ရာတွင်လည်းကောင်း Civil Society ခေါ် လူ့အဖွဲ့အစည်း၏ ပူးပေါင်းပါဝင်မှုသည် အရေးကြီးလှသည့်အလျောက် စျေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲကျင့်သုံးချိန်မှစ၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အပါအဝင် သက်ဆိုင်ရာကဏ္ဍအသီးသီးကို ကိုယ်စားပြုသော အသင်းအဖွဲ့အသီးသီး ပေါ်ပေါက်လာခဲ့ရာ အခုအခါ စီးပွားရေး နယ်ပယ်အသီးသီးတွင် အသင်းအဖွဲ့ကိုယ်စီ ရှိနေကြသည်ကို တွေ့ရပါသည်။

စျေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးသောနိုင်ငံများတွင် ပုဂ္ဂလိကကဏ္ဍသည် နိုင်ငံ၏ စီးပွားရေး၏ အဓိကမောင်းနှင်အားအင်ဂျင်သဖွယ်ဖြစ်ပြီး သက်ဆိုင်ရာအစိုးရများသည် ဖြစ်ထွန်းပေါ်ပေါက်လာသော အသီးအပွင့်များထံမှ ကောက်ခံရရှိသော အခွန်အရပ်ရပ်ကို မူတည်၍ နိုင်ငံတွင်း လိုအပ်ချက်များကို တည်ဆောက်ရပေရာ အပြန်အလှန် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီသကော

www.foreverspace.com.mm



သည် များစွာ ထင်ရှားလှပေသည်။ စီးပွားရေးမူဝါဒ၊ ရည်မှန်းချက်ပန်းတိုင်များကို အဓိကပုံဖော်ပေးရသော အစိုးရများသည် သက်ဆိုင်ရာနိုင်ငံ၏ စီးပွားရေးအင်ဂျင်၏ ကိုယ်စားပြုသော အသင်းအဖွဲ့အသီးသီးနှင့် ဟန်ချက်ညီညီ ပူးပေါင်း၍ စီးပွားရေးတောင့်တင်းမှုကို တည်ဆောက်ကြရခြင်း ဖြစ်ရာ လူ့အဖွဲ့အစည်းအတွင်းရှိ အဆိုပါအသင်းအဖွဲ့များ၏အခန်းကဏ္ဍသည်လည်း များစွာ အရေးကြီးလှပေသည်။ အဆိုပါအသင်းအဖွဲ့များနှင့် အစိုးရများအကြား ပူးပေါင်းဆောင်ရွက်မှု ဟန်ချက်ကောင်းသည်နှင့်အမျှ ရလဒ်ကောင်းများထွက်ပေါ်ခဲ့သော သာဓကများလည်း နိုင်ငံတကာတွင် တွေ့မြင်နိုင်ပါသည်။ ဤနေရာတွင် များစွာ အရေးကြီးသည်မှာ အဆိုပါအသင်းအဖွဲ့များတွင် တာဝန်ထမ်းဆောင်နေသူများ၏ စွမ်းဆောင်ရည်ပင် ဖြစ်ပါသည်။ အဆိုပါအသင်းအဖွဲ့များသည် စီးပွားရေးစီမံကိန်းများ၊ စီးပွားရေးမူဝါဒများ ချမှတ်ရေးအတွက် အဓိက တာဝန်ရှိသည်မဟုတ်သော်လည်း သွင်းအားစုများအဖြစ် တာဝန်ထမ်းဆောင်ကြသူများဖြစ်ရာ ၎င်းတို့၏ အရည်အသွေးထက်မြက်သည်နှင့်အမျှ ကောင်းမွန်သောသွင်းအားစုများအဖြစ် ပေါ်ပေါက်လာရန် ရှိသည်။

ယခုစာတမ်းတွင် အဆိုပါသွင်းအားစုတာဝန်ကို ပီပြင်စွာ ဖော်ဆောင်နိုင်ခဲ့သော သက်တမ်းရှည် စျေးကွက်စီးပွားရေး မော်ဒယ်လ်တစ်ခုတွင် ရှိနေသော လူမှုအဖွဲ့အစည်းကွန်ရက်အကြောင်းကို အနည်းငယ် အကျယ်ချဲ့၍ ဖော်ပြရန် ရည်ရွယ်ပါသည်။ မြန်မာနိုင်ငံနှင့် ကိုက်ညီ၍ အတုယူသင့်သည်များ ရှိပါကလည်း ကိုးကားနိုင်ရန် ရည်ရွယ်ဖော်ပြခြင်း ဖြစ်ပါသည်။

စီးပွားရေးဆိုင်ရာမူဝါဒနှင့် ရည်မှန်းချက်သွင်းအားစုများ ပုဂ္ဂလိကနယ်ပယ်တွင် အစပျိုးပုံ (မြောက်အမေရိကတိုက်မော်ဒယ်လ်)

(AN OVERVIEW OF POLICY PLANNING NETWORK)

စီးပွားရေးဆိုင်ရာသဘောတရားအများစုသည် နိုင်ငံတကာကော်ပိုရေးရှင်းကြီးများ၏ ဒါရိုက်တာအဖွဲ့အစည်းအဝေးများ၊ Soical Club ဟုခေါ်သည့် အစုအဖွဲ့များတွင် အလွတ်သဘောဆွေးနွေးမှုများမှ အခြေခံလေ့ရှိသည်။ စီးပွားရေးနယ်ပယ်တွင် မူဝါဒများကြောင့် ရှောရှောရှူရှူဖြစ်ခြင်း မဖြစ်ခြင်း၊ အခက်အခဲစသည်များသည် ပုဂ္ဂလိကစီးပွားရေးနယ်ပယ်တွင်သာ လက်တွေ့ဖြစ်ပေါ်လေ့ရှိရာ မူဝါဒသဘောတရားဆိုင်ရာ သွင်းအားစုများသည် ထိုနယ်ပယ်မှ အခြေခံလေ့ရှိခြင်း ဖြစ်သည်။ အသားကျနေသော စျေးကွက်စီးပွားရေးစနစ်တွင် ယခုကဲ့သို့ သွင်းအားစုများ စနစ်တကျ ပီပြင်ပြင် ဖြစ်ပေါ်လာစေရန် အင်အားကောင်းသော ကွန်ရက်များ ရှိနေသည်ကို တွေ့ရသည်။ ထိုကွန်ရက်များတွင် အဓိကအားဖြင့် ပါဝင်ပတ်သက်နေကြသူများကို အဓိကအားဖြင့် အမျိုးအစားသုံးမျိုး ခွဲခြားနိုင်သည်။ ၎င်းတို့မှာ

(၁) Think Tanks ခေါ် ဉာဏ်ကြီးရှင်အုပ်စုများ

(၂) Foundations ဖောင်ဒေးရှင်းများ

(၃) Policy Discussion / Interest Group များ အသင်းအဖွဲ့များ စသည်တို့ ဖြစ်သည်။ (ဇယားပုံတွင် Screen ခံ၍ ဖော်ပြထားသော အုပ်စုသုံးခုကို တွေ့မြင်နိုင်ပါသည်။)

အမှတ် (၃) ဖြစ်သည့် Interest Group များမှာ မြန်မာနိုင်ငံတွင်လည်း စတင်တည်ရှိနေပြီ ဖြစ်ပါသည်။ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊

www.foreverspace.com.mm



ပြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း စသည်များသည် Interest Group များဖြစ်ပြီး သက်ဆိုင်ရာနယ်ပယ်ကို စနစ်တကျ ကိုယ်စားပြုရသော အသင်းအဖွဲ့များ ဖြစ်ပေသည်။

အမှတ်စဉ် (၁) ဖြစ်သည့် Think Tanks များမှာ မြန်မာနိုင်ငံတွင် ပီပီပြင်ပြင် အင်နှင့်အားနှင့် မတွေ့ရသေးသော်လည်း အလားအလာအချို့ကို စတင်မြင်တွေ့နေရပြီ ဖြစ်ပေသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သည် အဆိုပါဉာဏ်ကြီးရှင်အစုအဖွဲ့ တစ်ခုကို ထူထောင်ရန် ပညာရှင်များ စုဆောင်းလျက်ရှိနေသည်ကို တွေ့ရသည်။

ဇယားပုံတွင် Think Tanks များ၊ Foundation များ၊ Policy Discussion Group/ Interest Group များနှင့်အတူ University များကိုလည်း တစ်တန်းတည်း တွေ့မြင်နိုင်ပါသည်။ သို့သော် တက္ကသိုလ်များသည် မူဝါဒနှင့် သဘောတရားရေးရာများ ပုံဖော်ရာတွင် တိုက်ရိုက်ပါဝင်ဆောင်ရွက်လေ့မရှိဘဲ သွယ်ဝိုက်၍သာ ပါဝင်သောကြောင့် အထက်တွင် အမှတ်စဉ်ထား၍ ဖော်ပြရာ၌ ချန်လှပ်ထားခဲ့ခြင်း ဖြစ်ပါသည်။ တက္ကသိုလ်များသည် ဖောင်ဒေးရှင်းများ၊ Think Tank များအတွက် လိုအပ်သော လူသားအရင်းအမြစ်များ မွေးထုတ်ပေးခြင်း၊ လေ့ကျင့်ပေးခြင်း၊ သုတေသနပြုပေးခြင်း စသည်များဖြင့် စီးပွားရေးစနစ် ပုံဖော်ရာတွင် သွယ်ဝိုက်၍သာ ပါဝင်လေ့ရှိသောကြောင့် တိုက်ရိုက်သွင်းအားစုများမဟုတ်ဟု သတ်မှတ်ခြင်း ဖြစ်ပါသည်။

အထက်တွင် အမှတ်စဉ်ဖြင့် ဖော်ပြထားသော အစုအဖွဲ့ သုံးခုအနက် စီးပွားရေးစနစ်ကို ပုံဖော်ရာတွင် မည်သူက အရေးပါသနည်းဟုဆိုလျှင် အားလုံးညီတူမျှတူ အရေးပါသည်ဟု ဆိုရမည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပြောရလျှင် မည်သူက မည်သူ၏အထက်တွင် ရှိနေသည်ဆိုသော သတ်မှတ်ချက် မရှိဆိုသော သဘောပင် ဖြစ်ပါသည်။

(၁) Think Tanks ဉာဏ်ကြီးရှင်အုပ်စုများ

နက်နဲပြီး အဆုံးအဖြတ်လိုအပ်သည့် အတွေးများ၊ သဘောတရားများ၊ မူဝါဒများသည် များသောအားဖြင့် အဆိုပါ ဉာဏ်ကြီးရှင်အဖွဲ့များထံမှ ထွက်ပေါ်လာလေ့ရှိသည်ကို တွေ့ရသည်။ အဆိုပါ ဉာဏ်ကြီးရှင်အဖွဲ့အစည်းများအတွင်း အင်ြင်းအခုံမျိုးစုံကို လွန်မြောက်လာနိုင်ခဲ့သော အတွေးသစ်၊ သဘောတရားသစ်များသည် အမှတ်စဉ် (၂) နှင့် (၃) တို့ထံသို့ ရောက်ရှိပြီး ဆက်လက်ဆွေးနွေးသယ်ဆောင်ကာ ပုံဖော်လေ့ရှိသည်ကို ပီပြင်သည့် ဈေးကွက်စနစ် ကျင့်သုံးနေပြီဖြစ်သည့်နိုင်ငံများတွင် မကြာခဏ တွေ့ရသည်။ အမေရိကန်ပြည်ထောင်စုတွင် နာမည်ကျော် Think Tank များ ဒါဇင်နှင့်ချီ၍ရှိနေပြီး များသောအားဖြင့် နယ်ပယ်တစ်ခုခုကို သီးခြားအထူးပြု၍ လေ့လာသော ဉာဏ်ကြီးရှင်အစုအဖွဲ့များ ဖြစ်တတ်သည်ကို တွေ့ရသည်။ အမေရိကန်ပြည်ထောင်စုတွင် ရှိနေသော ကမ္ဘာကျော် Think Tank များအနက် (က) Brooking Institution (ခ) American Enterprise Institute ၊ (ဂ) Urban Institute ၊ (ဃ) National Bureau of Economic Research နှင့် (င) Rand Corporation တို့သည် ကျော်ကြားလှသည်ကို တွေ့ရသည်။ ၎င်းတို့အနက် American Enterprise Institute ကို အမေရိကန်ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ၁၉၄၃ ခုနှစ်တွင် တည်ထောင်ခဲ့ခြင်း ဖြစ်သည်။

www.foreverspace.com.mm

အဆိုပါ Think Tank ခေါ် ဉာဏ်ကြီးရှင်အစုအဖွဲ့များက စီးပွားရေးနယ်ပယ်အတွင်းရှိနေသော အခက်အခဲများ၊ ပြဿနာများကို စနစ်တကျ ဖော်ထုတ်၊ ခွဲခြမ်းစိတ်ဖြာ သုတေသနပြုလုပ်ပြီးနောက် စာတမ်းများအဖြစ် ထုတ်ဖော်လေ့ရှိသည်။ အဆိုပါ စာတမ်းများကို အကန့်အသတ်မရှိဘဲ ထုတ်ဝေခြင်းဖြစ်ရာ စီးပွားရေးနယ်ပယ်ကို တိုက်ရိုက် ကိုယ်စားပြုသော သဘောတရားရှိသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် တိုက်ရိုက်ဆက်နွယ်နေသည့် Foundation များ၊ Interest Group များက ကောက်ယူဆွေးနွေး မွမ်းမံကာ လက်တွေ့ကျအောင် ပြုလုပ်ပေးကြသည်ကို တွေ့ရသည်။ တစ်ခါတစ်ရံ Think Tank များ၏ အယူအဆကို အစိုးရများက တိုက်ရိုက်ကောက်ယူသုံးစွဲသကဲ့သို့ Foundation များ၊ Interest Group များက ပိုမိုမြင်သာထင်သာရှိအောင် ဝိုင်းဝန်းလုပ်ဆောင်ပေးရသည်များလည်း ရှိသည်။

(၂) Foundation များ

ယနေ့ကမ္ဘာပေါ်တွင် မြောက်မြားစွာရှိနေသည့် ဖောင်ဒေးရှင်းများကို အမျိုးအစားအားဖြင့် လေးမျိုး ခွဲခြားနိုင်သည်။

(၁) ရည်ရွယ်ချက် အများအပြားဖြင့် ရပ်တည်သော ဖောင်ဒေးရှင်းများ၊

(၂) မဟာအင်အားကြီး/ နိုင်ငံတကာကော်ပိုရေးရှင်းတစ်ခုခုက ဖွဲ့စည်းထူထောင်ထားသော ဖောင်ဒေးရှင်းများ၊

(၃) ပြည်သူလူထု/ လူအများစုက တည်ထောင်ထားသော ဖောင်ဒေးရှင်းများ၊

(၄) သီးခြားရည်ရွယ်ချက်ဖြင့် တည်ထောင်ထားသော ဖောင်ဒေးရှင်းများဟု လေးမျိုးလေးစား တွေ့မြင်နိုင်သည်။

အထက်ပါဖောင်ဒေးရှင်းလေးမျိုးအနက် အမှတ်စဉ် (၁) ဖြစ်သည့် ရည်ရွယ်ချက် အများအပြားဖြင့် ထူထောင်ထားသော ဖောင်ဒေးရှင်းများသည် မူဝါဒရေးရာ သွင်းအားစုများနှင့် ပတ်သက်၍ အရေးအပါဆုံးဖြစ်သည်ကို တွေ့ရသည်။ အဆိုပါ ဖောင်ဒေးရှင်းများကို စီးပွားရေးနယ်ပယ်အတွင်း သြဇာကြီးမားသည့် စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ နိုင်ငံတကာကော်ပိုရေးရှင်းများက ထူထောင်ထားခြင်းဖြစ်ရာ မူဝါဒရေးရာများနှင့် ပတ်သက်၍ အဓိကသွင်းအားစု ဖြစ်လာသည်မှာ မဆန်းပါ။ ငွေကြေးအားဖြင့်လည်း တောင့်တင်းကြသည်ဖြစ်ရာ Think Tank များ၊ Policy Discussion Groups/ Interest Group များကို ငွေကြေးအထောက်အပံ့ပြုသူများမှာလည်း အဆိုပါဖောင်ဒေးရှင်းများ ဖြစ်နေသည်ကို တွေ့ရသည်။

ဒုတိယအရေးပါဆုံးမှာ နိုင်ငံတကာကော်ပိုရေးရှင်းတစ်ခုခုက တည်ထောင်ထားပြီး ၎င်းတို့၏ ဒါရိုက်တာအဖွဲ့ သို့မဟုတ် ဒါရိုက်တာအဖွဲ့က ခန့်အပ်သူများက ကြီးကြပ်အုပ်ချုပ်သည့် ဖောင်ဒေးရှင်းများဖြစ်သည်။ ကျောထောက်နောက်ခံပြုထားသည့်အဖွဲ့အစည်း မကျယ်ပြန့်သည့်အတွက် အမှတ်စဉ် (၁) အမျိုးအစားလောက် အရေးပါသော သွင်းအားစု မဖြစ်နိုင်သည်ကို တွေ့ရသည်။

မည်သို့ပင်ဖြစ်စေ အဆိုပါဖောင်ဒေးရှင်းများမှာ ငွေကြေးအင်အားတောင့်တင်းသည့် စီးပွားရေးနယ်ပယ်မှ ထိပ်သီးများ အစုအဖွဲ့များဖြစ်ခြင်း၊ သမ္မတဟောင်းများ၊ ဝန်ကြီးဟောင်းများက ကြီးကြပ်လည်ပတ်သည့်အဖွဲ့များ ဖြစ်ခြင်းတို့ကြောင့် စီးပွားရေးမူဝါဒဆိုင်ရာ အရေးပါသော သွင်းအားစုများ ဖြစ်နေသည်ကို တွေ့ရသည်။

၎င်းတို့၏ မူဝါဒဆိုင်ရာ သွင်းအားစုများကို ပုံဖော်ရာတွင် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးများမှ တိုက်ရိုက်စဉ်းစား

www.foreverspace.com.mm



ခြင်းထက် ၎င်းတို့ ထောက်ပံ့ထားသည့် Think Tank များ၊ Policy Discussion Group/ Interest Group များသို့ ပို့ဆောင်၍ စနစ်တကျ လေ့လာသုတေသနပြုစေပြီးနောက်မှ ပြန်လည်စဉ်းစားကာ မူဝါဒရေးရာ တိုက်ရိုက်တာဝန်ရှိ အဖွဲ့အစည်းများနှင့် ထိတွေ့ရန် ကြိုးစားလေ့ရှိသည်ကို တွေ့ရသည်။

(၃) Policy Discussion Group / Interest Group

စီးပွားရေးမူဝါဒဆိုင်ရာ သွင်းအားစုများနှင့် ပတ်သက်၍ နယ်ပယ်အသီးသီးကို ကိုယ်စားပြု၍ မူဝါဒသဘောတရားများကို စဉ်းစားကာ တိုက်ရိုက်တာဝန်ရှိသူများနှင့် အထိအတွေ့အများဆုံး အစုအဖွဲ့ဖြစ်သည်။ စီးပွားရေးမူဝါဒများကို အဓိကပုံဖော်သည့် အစိုးရနှင့် ထိတွေ့မှုအများဆုံး အစုအဖွဲ့လည်း ဖြစ်သည်ကို တွေ့ရသည်။ Interest Group များနှင့် Policy Discussion Group များ အမှန်အားဖြင့် မတူညီပါ။ Policy Discussion Groups များမှာ စီးပွားရေးမူဝါဒများ သက်သက်လေ့လာ ဆွေးနွေးသုံးသပ်ရန် အထူးပြု၍ ဖွဲ့စည်းထားသော အစုအဖွဲ့များ ဖြစ်တတ်ပြီး များသောအားဖြင့် နယ်ပယ်စုံမှ မူဝါဒရေးရာကျွမ်းကျင်သူများ ပါဝင်စေလျက် ဖွဲ့စည်းလေ့ရှိသည်ကို တွေ့ရသည်။

Interest Group များမှာ သက်ဆိုင်ရာနယ်ပယ်တစ်ခုခု၏ အကျိုးစီးပွားအတွက် တစ်စုတစ်စည်းတည်း ကိုယ်စားပြုနိုင်အောင် စုစည်းထူထောင်ထားသော အဖွဲ့အစည်းများဖြစ်သည်။ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း စသည်များသည် Interest Group များ ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

အဆိုပါ Policy Discussion Group များအနက် ထင်ရှားသော ဥပမာတစ်ခုအဖြစ် အမေရိကန်ပြည်ထောင်စုမှ Business Round Table ခေါ် သွင်းအားစုဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်ကို အနည်းငယ်အကျယ်ချ၍ ဖော်ပြလိုပါသည်။

အမေရိကန်ပြည်ထောင်စုမှ Business Round Table သည် နိုင်ငံအဝန်းရှိ စီးပွားရေးနယ်ပယ်နှင့် မူဝါဒရေးရာ သွင်းအားစု နယ်ပယ်၏ ဗဟိုချက်မသဖွယ်ဖြစ်နေသည်ကို တွေ့ရသည်။ ၁၉၉၇ စာရင်းများအရ ၎င်း၏ ဒါရိုက်တာအဖွဲ့ဝင် ၇၉ ဦးသည် အမေရိကန်ပြည်ထောင်စုရှိ နာမည်ကျော်ကုမ္ပဏီ ၁၃၄ ခုတွင် ဒါရိုက်တာအဖွဲ့ဝင်နေရာပေါင်း ၂၀ဖ နေရာရယူထားကြသည်ကို တွေ့ရသည်။ ၃၂ ဦးသည် ထိပ်သီးကုမ္ပဏီ ၅၀ တွင် ပါဝင်ထားကြသည်ကို တွေ့ရသည်။ ၃ဖ ဦးသည် အစိုးရနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံသည့် ပုဂ္ဂလိကကဏ္ဍ မူဝါဒရေးရာအဖွဲ့အစည်း ဖြစ်သည့် Business Council တွင် အဖွဲ့ဝင်အဖြစ် ပါဝင်နေသည်ကို တွေ့ရသည်။ Business Council သည် အစိုးရ၏ မူဝါဒရေးရာ အတိုင်ပင်ခံအဖွဲ့အစည်းသဖွယ် ပုံမှန်အစည်းအဝေးများမှတစ်ဆင့် တိုက်ရိုက်ထိတွေ့နေသော အဖွဲ့အစည်း ဖြစ်သည်။ အဆိုပါ Business Council ကို Business Round Table ၏ ဒါရိုက်တာ ၃ဖ ဦးက ကျောထောက်နောက်ခံပြုပေးထားသည့်သဘောလည်း ဖြစ်သည်။ (Business Round Table ၏ ဖွဲ့စည်းပုံကို ဇယား (၂) တွင် တွေ့မြင်နိုင်ပါသည်။)

နိဂုံး

အထက်တွင်ဖော်ပြခဲ့သော အစုအဖွဲ့ကြီးသုံးခုမှ ထွက်ပေါ်လာသော စီးပွားရေးမူဝါဒဆိုင်ရာ သွင်းအားစုများ စီးပွားရေးသဘောတရားဆိုင်ရာ သွင်းအားစုများသည် စီးပွားရေးမူဝါဒများနှင့် ပတ်သက်၍ တိုက်ရိုက်တာဝန်ရှိသည့် အစိုးရများထံ တိုက်ရိုက်ပေးပို့ကြသည်မဟုတ်ပါ။ အထက်တွင်ဖော်ပြခဲ့သည့် Business Council ကလွဲလျှင် ကျန် အစုအဖွဲ့များသည် အစိုးရများနှင့် တိုက်ရိုက်ဆက်နွယ်နေသည် မဟုတ်ပေ။ အဆိုပါ လေ့လာတွေ့ရှိချက် သွင်းအားစုများသည် မီဒီယာများမှတစ်ဆင့်လည်းကောင်း၊ စာတမ်းဖတ်ပွဲများမှတစ်ဆင့်လည်းကောင်း၊ အလုပ်ရုံဆွေးနွေးပွဲများမှတစ်ဆင့်လည်းကောင်း အစိုးရအပါအဝင် အများသူငါ အလွယ်တကူ မြင်သာထင်သာရှိမည့် နေရာကို တက်ရောက်လာကြခြင်းပင် ဖြစ်သည်။ "We just float the ideas" ဟု ဝါရှင်တန်မြို့တော် အခြေစိုက် International

www.foreverspace.com.mm



Institute of Economics (IIE)မှ အခြေစိုက် Think Tankအဖွဲ့၏ ဒုတိယအမှုဆောင်အရာရှိချုပ်က ပြောကြားခဲ့ဖူးပါသည်။ Think Tank များက ဖော်ထုတ်လိုက်သော တစ်နည်းအားဖြင့် Float လုပ်လိုက်သော Ideaမည်မျှကို အစိုးရက ကောက်ယူသုံးစွဲသနည်း ဆိုသောအချက်က လာမည့်နှစ်များတွင် ဘဏ္ဍာငွေထောက်ပံ့မှု မည်မျှရနိုင်မည်ဆိုသည်ကို အဆုံးအဖြတ်ပေးခြင်း ဖြစ်သည်ဟု အဆိုပါဒုတိယအမှုဆောင်အရာရှိချုပ်က ရှင်းပြသည်။ ဆိုလိုသည်မှာ အစိုးရက Ideaအများအပြား ဆွဲယူအသုံးပြုခံရသည့် Think Tankများကို ဖောင်ဒေးရှင်းများက ပိုမိုထောက်ပံ့လိုကြသည်ဟူသော သဘောလည်း ဖြစ်ပေသည်။

မည်သို့ပင်ဖြစ်စေ စီးပွားရေးမူဝါဒဆိုင်ရာသွင်းအားစုများသည် စီးပွားရေးနယ်ပယ်ရှိ အောင်မြင်နေသောလုပ်ငန်းကြီးများ၊ လုပ်ငန်းရှင်ကြီးများ၊ ဆက်စပ်ပတ်သက်နေသော ပညာရှင်များ၊ ပညာရှင်အစုအဖွဲ့များထံတွင် မြစ်ဖျားခံလေ့ရှိပြီး သာမန်ပြည်သူများနှင့် တိုက်ရိုက်ဆက်စပ်မှုနည်းသည်ကိုလည်း သတိပြုစရာ ဖြစ်ပါသည်။ ထိုလူပုဂ္ဂိုလ်အဖွဲ့အစည်းများကို စုပေါင်း၍ ပညာရပ်ဆိုင်ရာ ဝေါဟာရ Power Eliteဟု ခေါ်ဆိုသည်ကို တွေ့ရသည်။

ဇယား (၁) တွင် တွေ့မြင်ရသည့်အတိုင်း သဘောတရားရေးရာများ၊ မူဝါဒဆိုင်ရာ သွင်းအားစုများသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အစိုးရများထံတွင် လမ်းဆုံးသည်။ ဆိုလိုသည်မှာ မြင်သာထင်သာသော အခြေအနေသို့ ပို့ဆောင်ထားသည့်သွင်းအားစုများကို အစိုးရများက ကောက်ယူသုံးစွဲခြင်းမပြုမခြင်း Policy Planning Network တစ်ပတ်မလည်သည်ကို တွေ့ရမည် ဖြစ်သည်။ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုမရှိ ဘဲ သွင်းအားစုများသည် လက်တွေ့မူဝါဒအဖြစ် အကောင်အထည်ပေါ်လာရန် ခက်ခဲသည်ကို တွေ့ရမည် ဖြစ်သည်။

အောင်ထွန်

Ref:

1- Power Elite-Yale University Social Science Dept.
2- Who rules America
3- Policy Planning Network-Yale University Social Science Dept

www.foreverspace.com.mm

ဤကဏ္ဍတွင်.....

၅၄ ပိုးသတ်ဆေး၊ မှိုသတ်ဆေး နည်းမှန်လမ်းမှန်သုံးစွဲမှုနှင့် ဈေးကွက်အခြေအနေဖြစ်လို
၅၈ ၂၀၀၅ အလွန် မြန်မာ့ခရီးသွားလုပ်ငန်း
၆၄ ရန်ကုန်ကုန်စည်ဈေးကွက်
၆၈ ဆပွားစနစ်ဖြင့် ဈေးကွက်ရှာခြင်း
၇၁ အရည်အသွေးမြင့်ဆန် ပြည်ပတင်ပို့မှုနှင့် ဆန်စက်များ၏ အခန်းကဏ္ဍ
၇၄ ဘေးဥပဒ်ကင်းရှင်းရေးဦးစားပေးလာသည့် နိုင်ငံတကာရေထွက်ကုန်ဈေးကွက်နှင့် မြန်မာ့ရေထွက်ကုန်များ

ပိုးသတ်ဆေး၊ မှိုသတ်ဆေး နည်းမှန်လမ်းမှန် သုံးစွဲမှုနှင့် ဈေးကွက်အခြေအနေဖြစ်လို

ကောင်းမြတ်ထူး

မြန်မာ့လယ်ယာကဏ္ဍ၏ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ရာသီပေါ်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေးတွင် ဓာတုဗေဒ ပစ္စည်းများဖြင့် ထုတ်လုပ်ထားသော ပိုးသတ်ဆေး၊ မှိုသတ်ဆေးနှင့် ဟော်မုန်းဆေးများကို အများအပြား သုံးစွဲလာ ခဲ့ကြသော်လည်း တောင်သူများအနေဖြင့် ထိုဆေးများကို အသုံးပြုရာတွင် နည်းလမ်းမမှန်သည့်အတွက် ဆေး၏ ဘေးထွက် ဆိုးကျိုးခံစားနေရမှုများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတွေ့ရှိလာရကြောင်း စိုက်ပျိုးရေးပညာရှင် (Soil & Crop Specialist) ဦးထင်အောင်ရှိန်က ပြောကြားသည်။

မြန်မာနိုင်ငံတွင် အဆိုပါပိုးသတ်ဆေး၊ မှိုသတ်ဆေးနှင့် ဟော်မုန်းဆေးများ အသုံးပြုခြင်းကို ၁၉၉၀ မတိုင်မီနှစ်များက အတွေ့ရနည်းခဲ့သော်လည်း ယင်းကာလနောက်ပိုင်း၊ အထူးသဖြင့် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းကာလများတွင် အသုံးပြုမှုများပြားလာသည့်အလျောက် မျက်မှောက်ခေတ် လယ်ယာကဏ္ဍတွင် မရှိမဖြစ် ပစ္စည်းတစ်မျိုးဖြစ်လာသည်အထိ တောင်သူများ လက်ခံအသုံးပြုလာကြကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ကျွန်တော် ပိုးသတ်ဆေးသုံးလာတာ ဆယ်နှစ်နီးပါးရှိပါပြီ။ ၁၉၉၇ ခုနှစ်ဆောင်းရာသီက ကျွန်တော့် ကုလားပဲခင်းတွေမှာ 'ခူ' ကျတော့ ပိုးသတ်ဆေးကို စသုံးခဲ့ပါတယ်။ အဲဒီနောက် 'သီးလုံးဖောက်ပိုး'

www.foreverspace.com.mm

တွေကျတော့လည်း ဆေးပဲ ဆက်သုံးလာ ရာကနေ ဒီနေ့ ကုလားပဲအစား မတ်ပဲ စိုက်တော့လည်း ပိုးသတ်ဆေးကိုပဲ အား ကိုးနေရတယ်" ဟု လယ်ဝေးမြို့နယ်မှ တောင်သူကြီး ဦးအောင်မြင့်က ပိုးသတ် ဆေး၏ အသုံးဝင်မှုအမြစ်တွယ်နေပုံကို ပြောကြားသည်။

သီးနှံဖျက်ပိုးများသည် အများအား ဖြင့် ပဲမျိုးစုံသီးနှံနှင့် ဟင်းသီးဟင်းရွက် စိုက်ခင်းများတွင် ရာနှုန်းပြည့်ပျက်စီး သည်အထိ ကျရောက်ဖျက်ဆီးလေ့ရှိပြီး ယခုကဲ့သို့ ဆောင်းသီးနှံများဖြစ်သော ကုလားပဲ၊ မတ်ပဲ၊ ပဲတီစိမ်း စသည့် သီးနှံ စိုက်ခင်းများတွင် အထူးဖျက်ဆီးလေ့ရှိ ကြောင်း၊ ဆောင်းရာသီဖြစ်သော်လည်း ရာသီဥတု ချို့ယွင်းသည့်အတွက် ပုံမှန် အအေးဓာတ်မရရှိခြင်း၊ အပူချိန်မြင့်တက် ခြင်းနှင့် ဆီးနှင်းများ ဖြိုင်ဖြိုင်ကျရောက် ခြင်းရှိပါက ပိုးများ ရှင်သန်ကြီးထွားရန် အခွင့်အရေးရရှိကာ ရာနှုန်းပြည့်ဆုံးရှုံး သည်အထိ ကြုံတွေ့ရကြောင်း စိုက်ပျိုး ရေးတောင်သူများက ဆိုသည်။

ထိုသို့ မြန်မာ့လယ်ယာကုန်ထုတ် လုပ်မှုကဏ္ဍကြီးတွင် ပိုးသတ်ဆေးသုံးစွဲမှု အမြစ်တွယ်နေရခြင်းသည် ဓာတ်မြေသြဇာ နှင့် ဟော်မုန်းဆေးများ အသုံးပြုခဲ့ခြင်းမှ စတင်ကြောင်း၊ အပင်ကို တစ်ပတ်အတွင်း သိသာစွာ ကြီးထွားစေသော ရွက်ဖျန်း အားတိုးဆေးများတွင် မှိုရောဂါတွဲကပ်ပါ လာစေသည့် အကျိုးဆက်များ ပါရှိသည့် အပြင် ယင်းဆေးများတွင် သီးနှံဖျက်ပိုး များ ကြိုက်နှစ်သက်သော အာနိသင်တစ် မျိုးလည်း ပါရှိကြောင်း၊ ထို့ကြောင့် ထို ဟော်မုန်းဆေးများ ပက်ဖျန်းပါက အပင် များ တစ်ပတ်အတွင်း သိသာစွာ ကြီးထွား လာသော်လည်း တစ်ဆက်တည်းတွင် အရွက်များ၌ မှိုရောဂါစွဲကပ်နေပြီးဖြစ်သည့် အပြင် ဖျက်ပိုးများလည်း နာရီပိုင်းအတွင်း ကျရောက်လာနိုင်တော့မည်ဖြစ်ကြောင်း ပိုးမွှားကာကွယ်ရေးလုပ်ငန်းကို ၁၀ နှစ် ကျော် သုတေသနပြုခဲ့သူ အင်ဂြိမ်းစား စိုက်ပျိုးရေးပညာရှင်ကြီးတစ်ဦးက ရှင်းပြ သည်။

သီးနှံဖျက်ပိုးများသည် အဆိုပါ ဓာတ်မြေသြဇာနှင့် ဟော်မုန်းဆေးများ ကြောင့် အဓိကကျရောက်ဖျက်ဆီးလေ့ရှိ သည့်အပြင် ရာသီဥတုမမှန်ခြင်း၊ အပင် အာဟာရချို့တဲ့ခြင်းနှင့် မြေဆီလွှာပျက်စီး ခြင်း စသည့် ချို့ယွင်းမှုများကြောင့်လည်း ကျရောက်ဖျက်ဆီးလေ့ရှိရာ ယခုကဲ့သို့ စပါးရိတ်သိမ်းအပြီး ရာသီချိန်အလွန်တွင် စိုက်ပျိုးသော မတ်ပဲ၊ ကုလားပဲနှင့် ပဲတီ စိမ်းစိုက်ခင်းများသည် အပင်များအာဟာရ ချို့တဲ့လေ့ရှိခြင်းကြောင့် ဖျက်ပိုးများ ကျ ရောက်ဖျက်ဆီးရန် လွယ်ကူကြောင်း၊ တောင်သူများအနေဖြင့် အပင်ကြီးထွား နှုန်းမြန်စေရန်အတွက် ဟော်မုန်းဆေးများ အသုံးပြုခြင်းကလည်း ပိုးများ ကျရောက် ဖျက်ဆီးရန် အခြေအနေကောင်းဖြစ်သွား ကြောင်း ၎င်းက ဆက်လက်ပြောကြား သည်။

ထိုကဲ့သို့ မီးစနစ်ချောင်းနှင့် ရေတစ် မှုတ်ကိုင်လာသော ဟော်မုန်းဆေး (သို့မဟုတ်) အရွက်ဖျန်းဓာတ်မြေသြဇာ များကို တောင်သူများ အလွယ်တကူ လက်ခံ အသုံးပြုကြရာမှ ဖျက်ပိုးများ မြေတွင်း အောင်းနေပြီး ပိုးသတ်ဆေးသည် မရှိ မဖြစ် အသုံးတွင်လာသော ပစ္စည်းတစ်မျိုး ဖြစ်လာခဲ့သည်။ ယနေ့အချိန်တွင် ရုပ်/သံ မီဒီယာများ၌ နာမည်ကျော်အနုပညာရှင် အများဆုံး ပါဝင်သော ကြော်ငြာများကို ငွေကြေးကုန်ကျခံကာ ကြော်ငြာလာခြင်း ဖြင့် အပင်/အသီး ဟော်မုန်းဆေးနှင့် ပိုးသတ်ဆေး၊ မှိုသတ်ဆေးတို့၏ ဝယ်လို အားနှင့် အသုံးပြုမှုကို ခန့်မှန်းနိုင်ကြောင်း၊ အလားတူပင် အနည်းငယ်ကြော်ငြာသော ကုမ္ပဏီအချို့နှင့် လုံးဝမကြော်ငြာသော ကုမ္ပဏီများလည်း အများအပြားရှိနေသေး ကြောင်း စိုက်ပျိုးရေးပညာရှင်များက ဆိုသည်။

အဆိုပါပိုးသတ်ဆေး၊ မှိုသတ်ဆေး နှင့် ဟော်မုန်းဆေးများ တင်သွင်းဖြန့်ဖြူး သောကုမ္ပဏီများသည် ရုပ်/သံ မီဒီယာ များမှ ကြော်ငြာသည့်အပြင် တောင်သူ ပညာပေးအမည်ခံပြီး ဝန်ထမ်းများ ခန့် ထားကာ စိုက်ခင်းများအထိ လိုက်လံစည်း ရုံးလေ့ရှိကြောင်း၊ နယ်မြို့နယ်များတွင် ဟောပြောပွဲများ ပြုလုပ်ကာ လက်ဆောင်

www.foreverspace.com.mm

ပစ္စည်းပေး၍ စည်းရုံးလေ့ရှိကြောင်း၊ ထိုသို့ စည်းရုံးရာတွင် ဆေးအသုံးပြုနည်း၊ ဆေးဖျန်းနည်းကို သာမန်ကာလျှံကာ ရှင်းပြပြီး ပစ္စည်းကောင်းကြောင်းနှင့် အသုံးဝင်ကြောင်းကိုသာ အဓိကဟောပြောလေ့ရှိကြောင်း ပျဉ်းမနားမြို့မှ တောင်သူဦးအောင်က ပြောကြားသည်။

"ဆေးကုမ္ပဏီတွေက ကောင်လေးတွေရော၊ ကောင်မလေးတွေရော ခဏခဏ လာကြတယ်။ သူတို့ ဟောပြောပွဲတွေကို ဖိတ်ကြတယ်။ သွားတော့လည်း ဘာမှမဟုတ်ဘူး။ သူတို့ပစ္စည်းကောင်းကြောင်းကိုပဲ ပြောတယ်။ တစ်ခါဆိုရင် သူတို့ရောင်းတဲ့ 'မတ်ပဲအထူး' ဆိုတဲ့ ဆေးက တစ်ဧကကို မတ်ပဲတင်း ၄၀ အထိ ထွက်တယ်လို့ ပြောတယ်။ အဲဒီမှာ ကျွန်တော်က ဒါဆိုရင် ငါ့မှာ မတ်ပဲ စိုက်ဧက ၂၀ ရှိတယ်။ အပင်ဖြစ်နေပြီ။ ငါ့ကို တစ်ဝက်နှုန်းနဲ့ တင်း ၄၀၀ ပဲပေး။ ကျန်တာ နင်တို့ ဆေးဖျန်းရိတ်သိမ်းပြီး ယူမလားလို့မေးတော့ စကားလွှဲကုန်ကြတယ်" ဟု ဦးအောင်က သူ၏ ဟောပြောပွဲအတွေ့အကြုံတစ်ခုကို ရှင်းပြသည်။

အထက်ပါကုမ္ပဏီကဲ့သို့ပင် နယ်လှည့်ကာ လူစု၍ ဟောပြောစည်းရုံးသော အခြားကုမ္ပဏီများလည်း ရှိသေးကြောင်း၊ ယင်းကုမ္ပဏီဝန်ထမ်းများသည်လည်း ဆိုခဲ့သည့်အတိုင်း ကိုယ့်ပစ္စည်းကောင်းကြောင်းများကိုသာလျှင် တွင်တွင်ပြောသွားကြကြောင်း ဒေသခံများထံမှ သိရှိရသည်။ ထိုကဲ့သို့ မိမိပစ္စည်းကောင်းကြောင်းကိုသာ ကိုယ်ကျိုးကြည့်ပြောဆိုသွားခဲ့သော ဝန်ထမ်းများကြောင့် တောင်သူများမှာ ပိုးသတ်ဆေးပက်ဖျန်းသည့်အခါတွင် နည်းမှန်လမ်းမှန်မဖြစ်သည့်အတွက် အကျိုးသက်ရောက်မှုနည်းသည့်အပြင် ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုးများကိုပါ ခံစားလာရကြောင်း ဆေးဖျန်းခြင်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ ဦးခေတ်သစ်က ပြောကြားသည်။

"သူတို့ကပြောတယ်။ ဆေးဖျန်းရင် နှာခေါင်းကို အဝတ်စည်းဖျန်းတဲ့။

မြန်မာနိုင်ငံတွင် အသုံးများသော ပိုးသတ်ဆေးများ

စဉ်	ပိုးသတ်ဆေးအမည်	သန-၅၀ မီလီဂရမ်၊ ကီလိုဂရမ်	အဆိပ်သင့်ပုံ	ဆေးဖျန်းပြီး စောင့်သင့်သောရက်
၁။	သိုင်အိုဒန် (အင်ဒိုဆာလ်ဖန်)	၈၀-၁၁၀	ထိသေ၊ စားသေ	၇-၁၄
၂။	ဒိုင်အာဇီနွန်	၁၀၀-၁၅၀	-	၃-၁၀
၃။	ဒိုင်မီခရွန် (ဖော့စပါ့ဒွန်)	၁၇	စားသေပင်လုံးပြန့်	၁၅
၄။	အယ်လ်ဆန် (ဖန်သိုအိတ်)	၄၀၀	ထိသေ၊ စားသေ	၇-၃၀
၅။	မာလာသီယွန်	၁၀၀၀-၅၀၀၀	ထိသေ	၇
၆။	နိုင်ဂေါင် (နိုင်ကလိုဖော့စ်)	၅၆-၈၀	ထိသေ၊ စားသေ	၇
၇။	နျူဗာစရွန် (အိုနိုဆန်လိုဖော့စ်)	၈-၂၃	ထိသေ၊ စားသေ၊ ပင်လုံးပြန့်	၂၀-၃၀
၈။	ဖော့စ်ဒရင်း (မယ်ဗင်ဖော့စ်)	၃-၁၂	-	၃
၉။	စီဖင် (ကာဘရိုင်း)	၅၈၀	-	၇
၁၀။	သင်းမက် (ဖော်ရိတ်)	၁၆-၃၇	-	၃၅-၄၀
၁၁။	ဒီစစ် (အယ်တာမီသရင်)	၁၃၅	ထိသေ၊ စားသေ	၃
၁၂။	ဆင်းဘွတ် (ဆိုက်ပါမီသရင်)	၃၀၃	-	၃
၁၃။	ဆူမီစီဒင် (ဖန်ဘလာရိတ်)	၃၀၀	-	၇-၂၈
၁၄။	ဘူမီသီယွန် (ဖီနိုက်ထရိုသီယွန်)	၅၈၀	ထိသေ	၁၅
၁၅။	အင်ဒရေး	၁၁-၁၂	ထိသေ၊ စားသေ	-
၁၆။	အော်ဒရင်း	၅၄-၆၇	ထိသေ၊ စားသေ	-
၁၇။	တိုမိုရင် (ကူမကလော)	၉၀၀	ကြွက်သတ်ဆေး	-
၁၈။	ဇင်ဖော့စ်ဖိုဒ်	၄၅	ကြွက်သတ်ဆေး	-
၁၉။	ပါဒန် (ကာထက်)	၃၂၅	ထိသေ၊ စားသေ	-

Source – မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း

www.foreverspace.com.mm

ကျွန်တော် အဝတ်စည်းပြီး ဖျန်းကြည့်တော့ အသက်ရှူကျပ်လာတာပဲ ရှိတယ်။ ဆေးအနံ့က နံတာပဲ။ အဲဒါကြောင့် အဝတ်ဖြုတ်ပြီး ဒီအတိုင်းပဲ ဖျန်းလိုက်တယ်" ဟု ဦးခေတ်သစ်က ဆိုသည်။ ထိုသို့ ဆေးဖျန်းသည့် သက်တမ်းများလာခြင်းဖြင့် အသက်ရှူမဝသကဲ့သို့ ခံစားရကြောင်း၊ ရင့်ဘတ်အောင့်လာကြောင်း၊ ခေါင်းမကြည်လင်ကြောင်းနှင့် ဆေးရည်နှင့် ထိတွေ့ရသည့် လက်နှင့် ခြေထောက်များတွင် အသားအက်ကွဲခြင်း၊ အမွေးကျွတ်ခြင်းများ ဖြစ်ပေါ်လာသောကြောင့် နောင်နှစ်များတွင် ထိုအလုပ်ကို စွန့်လွှတ်တော့မည်ဖြစ်ကြောင်း ၎င်း၏အတွေ့အကြုံကို ရှင်းလင်းပြောကြားသည်။

ယင်းသို့ လက်ရှိခံစားနေရသော ဝေဒနာများအပြင် ရိတ်သိမ်းပြီးသော ပဲမှော် (အပိုထွက်ပစ္စည်း) နှင့် ပဲပင်များကို ကျွဲ၊ နွားများ ကျွေးရာတွင် ကျွဲသေ၊ နွားသေသွားသည်များကို တွေ့ရကြောင်း၊ အလားတူ ကြက်၊ ဝက်ကဲ့သို့ အိမ်မွေးတိရစ္ဆာန်များ သေကြေပျက်စီးခဲ့သည်ကိုလည်း ကြုံတွေ့ရကြောင်း၊ ရှေးရိုးဆန်သော တောင်သူအချို့မှာ ပိုးသတ်ဆေးအကြောင်း နားမလည်သည့် အတွက် အယူအဆမှားကာ သောက်သုံးမိကြသဖြင့် မိနစ်ပိုင်းအတွင်း သေဆုံးကြသူများ၊ ဆေးရုံတက်ရသူများလည်း ရှိသေးကြောင်း ဦးထင်အောင်ရှိန်က ဆိုသည်။

"တောင်သူအများစုက ဆေးအကြောင်းကို မသိကြဘူး။ ပိုးသတ်ဆေးမှာ ထိသေ၊ စားသေ အမျိုးအစားနဲ့ တဖြည်းဖြည်းမှ အဆိပ်သင့်စေတဲ့ ဆေးဆိုပြီး အမျိုးမျိုး ရှိတယ်။ ဥပမာ–ပိုးကောင်က စားမှသေတဲ့ ပိုးသတ်ဆေးဆိုရင် သူက အပင်တစ်သျှူးတွေ၊ ဆဲလ်တွေထဲကို တစိမ့်စိမ့်ဝင်သွားတာ။ အဲဒီအပင်၊ အသီးကို ပိုးက စားမှ ပိုးသေတာ။ ဒါကို တောင်သူက နားမလည်ဘဲ ပိုးကောင်ပေါ် ဆေးဖျန်းကြည့်၊ ဆေးရည်ထဲကို ပိုးကောင်ထည့်ကြည့်ပြီး ပိုးကမသေတော့ ဒီဆေးပိုးကောင်တောင် မသေးပါဘူးကွာဆိုပြီး သောက်ကြည့်လိုက်တယ်။ အဲဒီတော့ ဆေးရည်အများကြီး ဗိုက်ထဲရောက်ပြီး အဲဒီလူ သေတော့တာပေါ့။

အလားတူပင် ပိုးသတ်ဆေးကို အလွန်အကျွံအသုံးပြုပါက လယ်ယာထွက်ကုန် ပြည်ပတင်ပို့ရေး မူဝါဒအရ ပြည်ပစျေးကွက်တွင် အဟန့်အတားများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ နိုင်ငံတကာစျေးကွက်တွင် ဘေးထွက်ဆိုးကျိုးမတွေ့ရသေးသော GMO (Genetically Modified Organic) မျိုးဗီဇပြောင်းထားသော သီးနှံများပင် လူတိုင်း မစားသုံးကြောင်း၊ ထို့ကြောင့် သဘာဝမြေဆွေးမြေညြောများကိုသာ သုံးသော Organic Farming နှင့် ပိုးမွှားဖျက်ဆီးမှုမှ ရှောင်လွှဲနိုင်သော အလှည့်ကျစိုက်ပျိုးရေး (Alternative Faming) တို့ကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာသည်အထိ စည်းရုံးသင့်ကြောင်း ကုန်သည် ဦးကျော်သီဟက ရှင်းပြသည်။

မြန်မာနိုင်ငံတွင် ဓာတုဗေဒပစ္စည်းဖြင့် ထုတ်လုပ်သော ပိုးသတ်ဆေးများ သုံးစွဲခြင်းကို တရားဝင်ခွင့်ပြုထားခြင်းမရှိသေးသော်လည်း စိုက်ပျိုးရေးလုပ်ငန်းများအတွင်း လူနှင့် တိရစ္ဆာန်များ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေသော ပိုးသတ်ဆေး လွဲမှားစွာ အသုံးပြုခြင်း၊ သီးနှံအရည်အသွေးနှင့် သဘာဝပတ်ဝန်းကျင်ကို ပြုန်းတီးဖောက်ပြန်စေသော ပိုးသတ်ဆေး အလွန်အကျွံသုံးစွဲနေခြင်းတို့ကို အချိန်မီ ထိန်းသိမ်းသွားရန် လိုအပ်လျက်ရှိကြောင်းနှင့် တစ်ဖက်တွင်လည်း ပိုးသတ်ဆေး၊ မှိုဆေးနှင့် ဟော်မုန်းဆေးတင်သွင်းဖြန့်ဖြူးသော လုပ်ငန်းရှင်များအနေဖြင့် အတွေ့၊ ပရ အကျိုးနှစ်ပါးကို ရှေးရှုကာ အမျိုးသားရေးစိတ်ဓာတ်ဖြင့် 'ရှဉ့်လည်း လျှောက်သာ ပျားလည်း စွဲသာ' ပြုလုပ်ဆောင်ရွက်သွားမှသာလျှင် အမျိုးသားစီးပွားတိုးတက်စေမည် ဖြစ်သည်ဟု စိုက်ပျိုးရေးလောကသားအများစုက အကြံပြုသုံးသပ်သည်။

ကောင်းမြတ်ထူး

www.foreverspace.com.mm

၂၀၀၅ အလွန် မြန်မာ့ခရီးသွားလုပ်ငန်း

တင်အောင်ကျော်

J ၀၀၅ ခုနှစ် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ယခုအခါ ငါးနှစ်အတွင်း အကောင်းဆုံးအနေအထားတစ်ရပ်ကို ရောက်ရှိနေကြောင်း မြန်မာနိုင်ငံအစိုးရ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ တရားဝင်စာရင်းများက ဖော်ပြလျက်ရှိနေပါသည်။

ရွှေတိုဂုံသို့ လာရောက်သည့်ခရီးသည် တိုးလာသည်

ပုဂံကဲ့သို့ ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုဒေသ၊ အရှေ့တောင်အာရှတွင် တစ်ခုတည်းသောဆီးနှင်းဖုံးဒေသဖုန်းကန်ရာဇီနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များအပြင် အခြားကြည့်ရှုလည်ပတ်စရာနေရာဒေသများစွာ တည်ရှိသည့် မြန်မာနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် လတ်တလောလိုအပ်ချက်အချို့ ရှိနေသည်ဆိုသော်လည်း ရေရှည်တွင် အကျိုးစီးပွားဖြစ်ထွန်းမည့်အလားအလာများ တစ်စတစ်စ ပေါ်ပေါက်လာလျက်ရှိပါသည်။

၂၀၀၄ ခုနှစ် ဒီဇင်ဘာလ၌ အာရှတောင်ပိုင်းတွင် ဆူနာမီဘေးဒဏ်ခံခဲ့ရပြီးနောက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကို အဓိကစီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်နေသော ထိုင်းနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသည် ကျဆင်းခဲ့ရာ အိမ်နီးချင်း မြန်မာနိုင်ငံသည်လည်း အနည်းငယ်သက်ရောက်မှုရှိခဲ့သည်ကိုလည်း ဆက်စပ်သိမြင်နိုင်ပါသည်။

၂၀၀၅ အလွန် မြန်မာ့ခရီးသွားလုပ်ငန်းသည် အပြုသဘောဆောင်သော စီးပွားရေးရှုထောင့်မှ ကြည့်ရှုမည်ဆိုပါက ဒေသတွင်း၌ စနစ်ကျနသော လုပ်ထုံးလုပ်နည်းများ အသုံးပြုလာနိုင်သည်နှင့်အမျှ တိုးတက်မှု အထင်အရှား တွေ့ရှိလာနိုင်မည်ဟု ယေဘုယျအားဖြင့် သုံးသပ်ရပါလိမ့်မည်။

၂၀၀၅ ပြည်တွင်းခရီးသွားလုပ်ငန်း

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးများ ချိုးဖောက်မှုရှိ မရှိ သိမြင်နိုင်ရန် လာရောက်လည်ပတ်၍ ကြည့်ရှုကြပါဟု မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အာဆီယံခရီးသွားဖိုရမ် ၂၀၀၆ အစည်းအဝေးအပြီး ဖိလစ်ပိုင်နိုင်ငံတွင် သတင်းထောက်များသို့ ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ၂၀၀၅ ခုနှစ်အတွင်းက မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်စုစုပေါင်း ၆၆၀,၂၀၆ ဦး လာရောက်လည်ပတ်ကြောင်း ယခုနှစ် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ထုတ်ပြန်သောတရားဝင်စာရင်းများကဖော်ပြထားသည်။

၂၀၀၄ ခုနှစ်က တရားဝင်ထုတ်ပြန်ခဲ့သော စာရင်းများနှင့် နှိုင်းယှဉ်ပါက ၂၀၀၅ ခုနှစ်အတွင်း မြန်မာနိုင်ငံသို့ ခရီးသည် စုစုပေါင်း ၃၂၉၆ ဦး ပိုမိုလာရောက်ခဲ့သည်ဟုလည်း ယင်းစာရင်းများမှ သိရှိရသည်။ **(၈ယား)**

"ကျွန်မတို့ ခရီးသွားလုပ်ငန်းအနေနဲ့ အခုဆို တရုတ်ကမ္ဘာလှည့်တွေအများကြီး လက်ခံနေရပြီ"ဟု ပြည်တွင်းခရီးသွားလုပ်ငန်းကုမ္ပဏီတစ်ခုမှ Operation တာဝန်ခံ ဒေါ်ကြူကြူက ဆိုပါသည်။

www.foreverspace.com.mm

ဗိုလ်မြတ်ထွန်းလမ်းရှိ Queen's Park ဟိုတယ်မှ မန်နေဂျာဦးရာဇာထွန်းက လည်း "ကျွန်တော်တို့မှာ Regular Customer တွေရှိပါတယ်။ အဆင်ပြေပါတယ်" ဟု ၎င်း၏အမြင်ကို ပြောပါသည်။

စာရင်းများအရ ၂၀၀၅ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် နယ်စပ်ဝင်ပေါက်မှ လာရောက်လည်ပတ်မှု သိသာစွာ တိုးတက်မှုရှိနေပြီး နေ့ချင်းပြန် လာရောက် လည်ပတ်သူများကို ပါရေတွက်ပါက ၄၂၇,၉၈၈ ဦးဖြစ်ရာ ယင်းမှာ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်မှု၏ ၇၀ ရာခိုင်နှုန်း ခန့်လည်း ဖြစ်ပါသည်။

လိုင်စင်ရ ဧည့်လမ်းညွှန်တစ်ဦးကမူ နယ်စပ်ဂိတ်စခန်းများမှတစ်ဆင့် ဝင်ရောက်နိုင်သော (Overland Entry) များ တရုတ်၊ အိန္ဒိယနှင့် ထိုင်းကမ္ဘာလှည့်များကို ထုတ်ပေးလျက်ရှိကြောင်းနှင့် သတ်မှတ်ကာလအတွင်း အဆိုပါ ဗီဇာနှင့် ပတ်စ်پို့ကိုင်ဆောင်သူများသည် ရန်ကုန်မှ လေကြောင်းဖြင့် ပြန်လည်ထွက်ခွာနိုင်ကြောင်း ရှင်းပြသည်။

"ဒီနှစ်မှာ ကျွန်တော်တို့ဆိုင်ကိုလာစားတဲ့ ဧည့်သည်တွေ မနှစ်ကထက်နည်းသွားပါတယ်" ဟု ရန်ကုန်မြို့ လမ်း ၅၀ ရှိ ဥရောပစားသောက်ဆိုင်မှ ဝန်ထမ်းတစ်ဦး၏ မှတ်ချက်ပေးပြောဆိုမှု ဖြစ်ပါသည်။

အဆိုပါပုဂ္ဂိုလ်၏ အမြင်မှာ ယေဘုယျအားဖြင့် မှန်ကန်မှုရှိနိုင်ပြီး ရန်ကုန်ဝင်ပေါက်မှလာရောက်သော ကမ္ဘာလှည့်ခရီးသည်မှာ ယမန်နှစ်ကထက် သိသာစွာ လျော့နည်းခဲ့ကြောင်း တရားဝင်စာရင်းများကလည်း ဖော်ပြထားသည်။

ကမ္ဘာလှည့်ခရီးသည်တိုင်း မဖြစ်မနေ သွားရောက်သော နေရာမှာ ပုဂံဖြစ်သည်

ကုန်သည်ကြီးများဟိုတယ်မှ လူထုဆက်သွယ်ရေးအရာရှိ ဒေါ်ဝင်းပပအောင်က ခရီးသွားရာသီတွင် ၎င်းတို့ဟိုတယ်သည် အခန်းများ၏ ၇၀ ရာခိုင်နှုန်းအထိ ဧည့်သည်ရရှိပြီး ခရီးသွားနည်းသည့်ရာသီတွင် အခန်းများ၏ ၂၅ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ ဧည့်သည်ရရှိကြောင်း ရှင်းပြသည်။

ခရီးသွားလုပ်ငန်းသည် စင်စစ်အားဖြင့် ကုန်ကျစရိတ်အနည်းဆုံးဖြင့် ဝင်ငွေရှာပေးနေသော မီးခိုးမဲ့စက်ရုံများဖြစ်ရာ မြန်မာနိုင်ငံ၏ ဝင်ငွေရှာဖွေရေးအတွက် စွမ်းအားပြည့်လည်ပတ်နိုင်မှုကလည်း အရေးပါပါလိမ့်မည်။

လာမည့်နှစ်ခရီးသွားရာသီသည် မြန်မာနိုင်ငံရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများတွက် ယမန်နှစ်ကထက် တိုးတက်လာဖွယ်ရာ အခြေအနေများရှိကြောင်းလည်း ရန်ကုန်မြို့ရှိ ကြယ်ငါးပွင့် အဆင့်ဟိုတယ်ကြီးတစ်ခုမှ မန်နေဂျာတစ်ဦးက သုံးသပ်ပြောဆိုသည်။

ဝယ်လိုအား၏ပွဲတင်သံ

"မြန်မာပြည်က ရှုခင်းတွေကို ကြိုက်ပါတယ်။ သစ်ပင်တွေ အများကြီး

(ဇယား) ၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ပြည်ပခရီးသွားဧည့်သည်ဝင်ရောက်မှုဇယား

ဝင်ပေါက်	၂၀၀၁	၂၀၀၂	၂၀၀၃	၂၀၀၄	၂၀၀၅
ရန်ကုန်ဝင်ပေါက်	၂၀၃,၂၀၀	၂၁၂,၄၆၈	၁၉၈,၄၃၅	၂၃၆,၃၇၀	၂၂၇,၃၀၀
မန္တလေးနှင့် ပုဂံဝင်ပေါက်	၁,၆၆၂	၄,၇၄၄	၇,၁၇၅	၅,၅၆၈	၄,၉၁၈
နယ်စပ်ဝင်ပေါက်	၂၇၀,၂၄၄	၂၇၀,၂၇၈	၃၉၁,၄၀၅	၄၁၄,၉၇၂	၄၂၇,၉၈၈
စုစုပေါင်း	၄၇၅,၁၀၆	၄၈၇,၄၉၀	၅၉၇,၀၁၅	၆၅၆,၉၁၀	၆၆၀,၂၀၆

(Source : ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန)

www.foreverspace.com.mm



ကျိုက်ထီးရိုးကဲ့သို့ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင် အခြေခံခရီးသွားဒေသများကို ကမ္ဘာလှည့်များက ပို၍ စိတ်ဝင်စားကြသည်

တွေ့ရတယ်။ မြန်မာစကားလုံးဝိုင်းဝိုင်းလေးတွေကို သင်ချင်ပါတယ်" နိုဝင်ဘာလတွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သော ကိုရီးယား Baby Vox အဖွဲ့ဝင်တစ်ဦးက ပြောကြားသောစကားဖြစ်ပါသည်။

အသက် ၂၅ နှစ်အရွယ် အစ္စရေးနိုင်ငံသား Era-Kalmanson ကလည်း "ကျွန်တော်က အစ္စရေးနိုင်ငံ တဲလ်အဗစ်ကပါ။ ကျွန်တော် ဧရာဝတီမြစ်ကို မြင်ချင်လို့ မြန်မာပြည်ကို လာခဲ့တာပါ"ဟု ဆိုပါသည်။

အရပ်ခြောက်ပေခန့်ရှိပြီး ရည်မွန်ဖော်ရွေပုံရသော ထိုလူငယ်သည် မြန်မာနိုင်ငံကိုလာရောက်လည်ပတ်သည့် ၎င်း၏ခရီးစဉ်ကို များစွာကျေနပ်မိသည်ဟုလည်းဆိုသည်။

"ကျွန်တော် တိဗက်၊ နီပေါ၊ ထိုင်းအပါအဝင် အာရှ ၁၀ နိုင်ငံ ရောက်ပြီးပါပြီ။ မြန်မာနိုင်ငံကိုရောက်ကတည်းက အစစအရာရာ ကျွန်တော့်အတွက် စိတ်ဝင်စားစရာချည်းပါပဲ"ဟု အဆိုပါအစ္စရေးကမ္ဘာလှည့်ခရီးသည်က ဆက်လက်ပြောဆိုသည်။

မြန်မာနိုင်ငံသည် ယခုချိန်ထိ အရှေ့တောင်အာရှတွင် စိတ်ဝင်စား လည်ပတ်စရာကောင်းသော ဒေသတစ်ခုဖြစ်ပြီး သဘာဝအလှအပများသည် ခရီးသွားလုပ်ငန်းအတွက် အလားအလာကောင်းများစွာရှိကြောင်း ခရီးသွားလုပ်ငန်းအတွေ့အကြုံရင့်ကျက်သူ ဦးမင်းဆွေဦးက ညွှန်းဆိုမှတ်ချက်ပြုသည်။

"မြန်မာနိုင်ငံကိုလာရင် အရာအားလုံးအဆင်ပြေတယ်တော့မဟုတ်ဘူးပေါ့ဗျာ။ လိုအပ်ချက်လေးတွေ ရှိနေတုန်းပါပဲ။ ဥပမာ–ပဲခူးလိုနေရာမျိုးတောင် ထိုင်းကမ္ဘာလှည့်တွေ တစ်နှစ်ပတ်လုံး လာနေတဲ့နေရာဖြစ်ပေမယ့် အဆင့်မီတည်းခိုခန်း၊ စားသောက်ဆိုင်တွေ လိုအပ်နေပါသေးတယ်"ဟု ၎င်း၏အတွေ့အကြုံကို ဆက်လက်ပြောပြသည်။

ကမ္ဘာ့အဲ့ဖွယ်တစ်ပါးတွင် ပါဝင်သည့် ရွှေတိဂုံစေတီတော်တည်ရှိပြီး ထင်ရှားသည့် လည်ပတ်စရာများစွာရှိသော ရန်ကုန်မြို့သည်ပင်လျှင် ကမ္ဘာလှည့်များအတွက် လမ်းဘေးအဆင့်မီသန့်စင်ခန်းများ မရှိသေးသည်ကို တွေ့ရှိနေရသည်။

ဟိုတယ်ဝန်ထမ်းတစ်ဦးက ပြောသော အခြားအခက်အခဲတစ်ခုမှာ မြန်မာနိုင်ငံခြားငွေကြေးနှုန်းအပြောင်းအလဲဖြစ်ပြီး ကမ္ဘာလှည့်များကို ရှင်းလင်းပြောဆိုရာတွင် ခက်ခဲသော အကြောင်းအရာများဖြစ်သည်ဟုလည်း ၎င်းကဆိုသည်။

အခြားအပြုသဘောဆောင် တိုးတက်မှုမှာ မြန်မာနိုင်ငံတွင် နိုင်ငံခြားသား

ခရီးသွားလုပ်ငန်းဝင်ငွေ

နှစ်	၂၀၀၁(ကန်ဒေါ်လာ)	၂၀၀၂(ကန်ဒေါ်လာ)	၂၀၀၃(ကန်ဒေါ်လာ)	၂၀၀၄(ကန်ဒေါ်လာ)	၂၀၀၅(ကန်ဒေါ်လာ)
စုစုပေါင်း ဝင်ငွေ	၉၀ သန်း	၉၉ သန်း	၁၁၆ သန်း	၁၃၆ သန်း	၁၅၃ သန်း
ခရီးသွားတစ်ဦး တစ်ရက် ပျမ်းမျှသုံးငွေ	၇၀	၈၀	၈၀	၉၄	၉၄
ပျမ်းမျှနေထိုင်ချိန်	၆.၃ ရက်	၆.၅ ရက်	၆.၅ ရက်	၇.၀ ရက်	၇.၀ ရက်

(Source : ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန)

www.foreverspace.com.mm

တိုင်းရင်းသားရိုးရာပွဲတော်များသည်လည်း ကမ္ဘာလှည့်များကို ဆွဲဆောင်နိုင်သည်

များ ရက်ကြာကြာနေထိုင်လာကြခြင်းနှင့် ငွေကြေးတိုးမြင့်သုံးစွဲလာကြခြင်းတို့ပင် ဖြစ်သည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ စာရင်းများအရ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သော နိုင်ငံခြားသားများသည် ပျမ်းမျှ ခုနှစ်ရက်ခန့် နေထိုင်ကြပြီး တစ်ရက်လျှင် ၉၅ ဒေါ်လာခန့် သုံးစွဲနေကြသည်ဟုလည်း သိရသည်။

သို့ရာတွင် ငွေကြေးပိုမိုသုံးစွဲသည့် စီးပွားရေးလုပ်ငန်းဖြင့် လာရောက်သူများသည် ၂၀၀၁ ခုနှစ်ကထက် သိသာစွာ တိုးတက်လာမှုမရှိဘဲ တန့်နေသည့် သဘောတွင်ရှိနေရာ ယင်းနောက်ကွယ်မှ အဖြေများကိုလည်း ရှာဖွေသုံးသပ်သင့်ကြောင်း ခရီးသွားလုပ်ငန်းနယ်ပယ် အတွင်းမှ အကြံပြုကြသည်။

အပြင်ဖိအားနှင့် အတွင်းတွန်းအားများ

အခြားနိုင်ငံများနည်းတူ မြန်မာ့ခရီးသွားလုပ်ငန်းသည် တိုင်းပြည်၏ အရေးကြီးသော GDP ကို ပံ့ပိုးမှုများစွာ ပြုလုပ်ပေးနေသော စီးပွားရေးလုပ်ငန်းတစ်ခုလည်း ဖြစ်ပါသည်။ ၂၀၀၅ ခုနှစ်တွင် နိုင်ငံအတွက် အမေရိကန်ဒေါ်လာ ၁၅၃ သန်းရှာဖွေပေးနိုင်ခဲ့ပြီး ယမန်နှစ်ကထက် ၁၂ ရာခိုင်နှုန်းကျော် တိုးတက်လာခဲ့သည်။ ထိုအချက်ကိုကြည့်ပါက ပြည်ပဖိအားများက မြန်မာနိုင်ငံသို့ မသွားကြရန် ဖိအားပေးသည့်တိုင် ၂၀၀၃ ခုနှစ်တွင် အင်္ဂလန်မှ နာမည်ကျော် Rolling Stone ဂီတအဖွဲ့မှ မစ်ဂျက်ဂါ လာရောက်လည်ပတ်ခဲ့သည့်နည်းတူ လာရောက်လည်ပတ်လိုသည့် နိုင်ငံခြားသားများစွာ ရှိနေပါသေးသည်။

မြန်မာ့ခရီးသွားလုပ်ငန်းများ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ပြည်တွင်းကုမ္ဗဏီများသည် ဒေသတွင်း၌ ကွန်ရက်ချဲ့ထွင်ဆက်စပ်လုပ်ကိုင်နိုင်ရေးမှာ အထူးအရေးပါလှပါသည်။

လိုင်စင်ရခရီးသွားကုမ္ဗဏီ ၆၅၃ ခုတွင် နိုင်ငံခြားခရီးသွားကုမ္ဗဏီတစ်ခုနှင့် ဖက်စပ်ကုမ္ဗဏီ ၁၈ ခုတို့သာ လုပ်ကိုင်လျက်ရှိပြီး ဒေသတွင်း အောင်မြင်မှုများ ရရှိနေသည့် ထိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်းနှင့် အထူးချိတ်ဆက်လုပ်ကိုင်ရန်လည်း လိုအပ်သည်ဟု ရှုမြင်သူများလည်း ရှိပါသည်။

ခရီးသွားလုပ်ငန်း အောင်မြင်ရေးအတွက် ဈေးကွက်ရှာဖွေနိုင်ခြင်းမှာ အထူးအရေးပါပြီး ပြည်ပ၌ ခရီးသွားပြပွဲများ သွားရောက်ပြသခြင်း၊ Onlineမှ ခရီးစဉ်များ ရောင်းချခြင်း စသည့် အချိန်အခါလိုက် အပြောင်းအလဲများ အချိန်နှင့်တစ်ပြေးညီ လုပ်ကိုင်ရန်မှာ လူ့စွမ်းအားအရင်းမြစ်နှင့် အတူ ဖြည့်ဆည်းလေ့လာသင့်သည်များကို ဖြည့်ဆည်းထားသင့်ကြောင်းလည်း ဈေးကွက်လေ့လာသူတို့က ထောက်ပြကြသည်။

ခရီးသွားနယ်ပယ်ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံ၏ ပုံရိပ်တစ်ခုလုံးအတွက်ပါ အကျိုးဝင်လျက်ရှိခြင်းကြောင့် ဒေသတွင်း အိမ်နီးချင်းနိုင်ငံများ နီးကပ်စွာဆက်ဆံ လုပ်ကိုင်ကြရန်မှာ အထူးပင် အရေးပါသည်ဟုလည်း ဈေးကွက်အတွင်းမှ အမြော်အမြင်ရှိသူတို့က ရှုမြင်ကြသည်။

ယခုအခါ ပုဂံရေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ကမ္ဘာ့အဆင့်မီဟိုတယ်များ ပေါ်ပေါက်နေပြီး တစ်ရက်လျှင် မြန်မာငွေ ကျပ်ငါးသိန်းခန့် ပေးချေရသည့်အထိ ဈေးနှုန်းဝန်ဆောင်မှုကောင်းမွန်သော ဟိုတယ်ကြီးများနည်းတူ ကမ္ဘာလှည့်များကို ဆွဲဆောင်နိုင်သော သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမှာ အထူးအရေးပါလှပါသည်။

ခရီးသွားလုပ်ငန်းနယ်ပယ်နှင့် ရေရှည်သန်စွမ်းမှုရှိရေး

၁၉၆၀ ခုနှစ်က စတင်ခဲ့သည်ဆိုသော မြန်မာ့ခရီးသွားလုပ်ငန်းသည် နှစ် ၄၀ အကြာ တစ်စတစ်စ ဖွံ့ဖြိုးလာသည်နှင့်အမျှ ပုဂံခရီးသွားလုပ်ငန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သော မြန်မာဧည့်လမ်းညွှန်ဦးရေမှာ တစ်နေ့တခြား တိုးပွားလျက် ရှိပါသည်။

မြန်မာနိုင်ငံတွင် တရားဝင်ဧည့်လမ်းညွှန် ၄၀၇၉ ဦးရှိပြီး အင်္ဂလိပ်စကားပြော ဧည့်လမ်းညွှန်အရေအတွက်မှာ ၂၇၃၃ ဦးထိရှိကြောင်း တရားဝင်စာရင်းများအရ သိရှိရသည်။

ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ပြည်တွင်းထုတ် သတင်းဂျာနယ်တစ်ဆောင်၏

www.foreverspace.com.mm

ခရီးသွားအများစုက ယဉ်ကျေးမှုကို လေ့လာလိုကြသည်

ဖော်ပြချက်အရ မြန်မာ့ခရီးသွားလုပ်ငန်းကဏ္ဍတွင် ဧည့်လမ်းညွှန်များသည် ခရီးသွားလုပ်ငန်းကုမ္ပဏီများထက် ဝင်ငွေကောင်းနေပြီး ဝင်ငွေအကောင်းဆုံးရရှိသည့် ဝန်ဆောင်မှုပေးသူများဖြစ်ကြောင်းလည်း သိရှိရသည်။

"ကျွန်တော်တို့ဆီကို တခြား အိမ်နီးချင်းနိုင်ငံတွေကလိုပဲ ဧည့်သည်တွေ အများကြီးဝင်လာမယ်ဆိုရင် ဧည့်လမ်းညွှန်တွေရဲ့ ဝင်ငွေဟာ ကုမ္ပဏီတွေထက် မြင့်နေမှာ မဟုတ်ပါဘူး" မြန်မာ Polestar ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာဦးကျော်မင်းထင်၏ ပြောကြားချက်ကို ယင်းဂျာနယ်တွင် အထက် ပါအတိုင်း ဖော်ပြထားသည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည့် ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ ပုဂံ၊ တောင်ကြီး၊ မန္တလေး စသော ဒေသများတွင် ဟိုတယ်၊ စားသောက်ဆိုင်၊ ပို့ဆောင်ရေး၊ အမှတ်တရအရောင်းဆိုင်များ ဝင်ငွေကောင်းရုံသာမက နိုင်ငံခြားဘာသာစကားကို ကျွမ်းကျင်စွာ ပြောဆိုနိုင်သော ဒေသခံလူငယ်များ ဧည့်လမ်းညွှန်အဖြစ် ဝင်ရောက်လုပ်ကိုင်နေကြသည်ကို တွေ့မြင်နိုင်ပါသည်။ ထို့အပြင် ယင်းဒေသထွက် အမှတ်တရပစ္စည်းပြုလုပ်ရောင်းချသူများသည် အလုပ်အကိုင်အခွင့်အလမ်းများစွာ ပေါ်ပေါက်လာခဲ့သည်။ မြန်မာနိုင်ငံသို့ အိမ်နီးချင်း ထိုင်းနိုင်ငံကဲ့သို့ ကမ္ဘာလှည့်ခရီးသည် သန်းနှင့်ချီ လာရောက်လည်ပတ်မည်ဆိုပါက ယခုထက် အရေအတွက်နှင့် အရည်အသွေးမြင့်မားသည့် ဧည့်လမ်းညွှန်များ မြန်မာ့ခရီးသွားလုပ်ငန်းတွင် လိုအပ်ချက် ရှိနေဦးမည်ဖြစ်ပါသည်။

၂၀၀၆ ကို မျှော်ကြည့်သော်

မည်သို့ပင်ဆိုစေ၊ ကမ္ဘာလှည့်ခရီးသည်များ ရောင်ရှားသော လုံခြုံရေးပြဿနာ၊ ဟိုတယ်အခန်းခနှင့် ကြိုတင်ရောင်းချထားသော Package Tour ခရီးစဉ်များနှင့် လောင်စာဆီဈေးနှုန်း အပြောင်းအလဲနောက်ပိုင်း မြန်မာ့ခရီးသွားလုပ်ငန်းသည် ငါးနှစ်အတွင်း အကောင်းဆုံးအနေအထားတစ်ရပ်ရရှိခဲ့ပြီး ၂၀၀၆ ၏ လာမည့်ကာလများတွင် ကမ္ဘာလှည့်များ ယခုထက် ပိုမိုလာရောက်ရန်ရှိသည်ဟုလည်း မျှော်လင့်ရပေသည်။

မြန်မာ့ခရီးသွားနှစ်ဟု သတ်မှတ်ခဲ့သည့် ၁၉၉၆ ခုနှစ်မှ ရေတွက်ပါက ၁၀ နှစ်တာ ကာလအတွင်း ဒေသတွင်းနိုင်ငံများ၏ ခရီးသွားလုပ်ငန်းကို မယှဉ်ပြိုင်သေးသည့်တိုင် အတိုင်းအတာတစ်ခုအထိ ဖွံ့ဖြိုးလာခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါခရီးသွားလုပ်ငန်းများ ပွင့်လန်းလာမှုအပေါ်တွင် တာဝန်ယူထိန်းကျောင်းနေသော အဖွဲ့အစည်းများက လိုက်လျောညီထွေရှိသော လုပ်ထုံးလုပ်နည်းများဖြင့် အစားထိုးခြင်း၊ သတင်းအချက်အလက်များ ပေါများစွာ ရရှိနိုင်သော လက်ရှိအချိန်တွင် မျက်ခြည်မပြတ် စူးစမ်းလေ့လာခြင်း၊ ပြောင်းလဲနေသော ကမ္ဘာနှင့် အဝန်းအခြေအနေများကို အနာဂတ်အတွက် မှန်းဆလုပ်ကိုင်ခြင်းတို့ဖြင့် ဒေသတွင်း အနည်းငယ်အေးစက်နေသည်ဟုဆိုရသော မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအတွက် ၂၀၀၆ သည် ကြိုတင်ပြင်ဆင်ရတော့မည့် အချိန်ကာလပင် ဖြစ်ပါသည်။

တင်အောင်ကျော်

LIVING COLOR
MAGAZINE
526302
504496
4412163

www.foreverspace.com.mm

အခြေခံစားကုန်များ ပြည်ပတင်ပို့ရာနှင့် အနယ်နယ်အရပ်ရပ်သို့ ကုန်စည်များ ဖြန့်ဖြူးရာတွင် အချက်အချာကျသော ဘုရင့်နောင်ပွဲရုံဝင်း၌ ပြီးခဲ့သည့် ဧနှစ်ဝါရီလရှိ ကုန်စည်ဈေးကွက်အခြေအနေမှာ ပဲမျိုးစုံအရောင်းအဝယ်ဖြစ်ထွန်းပြီး ဈေးမြင့်တက်လာကာ ကြက်သွန်နှင့် ငရုတ်မှာလည်း ဈေးအနည်းငယ် မြင့်တက်ခဲ့ပြီး အခြားကုန်စည်များမှာ ဈေးငြိမ်လျက်ရှိသည်။ အခြေခံစားသောက်ကုန်များ ဖြန့်ဖြူးရာ ညောင်ပင်လေးဈေးတွင်မူ အရောင်းအဝယ်အေးလျက်ရှိပြီး ယခင်နှစ် အရောင်းစံချိန်ထက် များစွာလျော့ကျလျက်ရှိကြောင်း၊ ကုန်ပစ္စည်းဈေးနှုန်းအချို့မှာ ကုန်ကြမ်းအခြေအနေ၊ နယ်စပ်သယ်ယူပို့ဆောင်ရေး အခြေအနေအချို့ကြောင့် အပြောင်းအလဲဖြစ်လျက်ရှိကြောင်း ကုန်စုံဆိုင်လုပ်ငန်းရှင်အသိုင်းအဝိုင်းမှ စုံစမ်းသိရှိရသည်။

ရန်ကုန် ကုန်စည်ဈေးကွက်

သန်းထိုက်သူ ၊ သစ်ထွဋ်

ဆန်ဈေးတန်၊ ဆီဈေးငြိမ်

အနယ်နယ်အရပ်ရပ်မှ ဆန်အသစ်များ ဝင်ရောက်လာခြင်းနှင့် နယ်အချို့သို့ ဆန်တင်ပို့ရခြင်း နည်းပါးမှုတို့ကြောင့် အရောင်းအဝယ်မှာ ပုံမှန်အခြေအနေတစ်ရပ်တွင် ရှိနေပြီး ဆန်ဈေးတန်လျက်ရှိသည်ဟု ဆန်ပွဲရုံလုပ်ငန်းရှင်များက ပြော ကြားသည်။

လက်ရှိအခြေအနေတွင် ဆန်အဟောင်းလက်ကျန် နည်းသွားပြီး ဆန်အကြမ်းဈေးနှုန်းမှာ တစ်အိတ်လျှင် ၈၈၀၀ ကျပ်မှ ၁၀၀၀၀ ကျပ်ကြားတွင်ရှိကြောင်း၊ ဆန်အသစ်ဈေးနှုန်းမှာ ၇၀၀၀ ကျပ်မှ ၈၃၀၀ ကျပ်ဝန်းကျင်နှင့် ဆန်ချောဈေးနှုန်းမှာ ၁၁၀၀၀ ကျပ်မှ ၁၄၀၀၀ ကျပ်ဝန်းကျင်တွင်ရှိကြောင်း ဆန်ကုန်သည်များက ဆိုသည်။ ဆန်ဈေးနှုန်း၏ ရှေ့အလားအလာကို ခန့်မှန်းရန်မှာ မြဝတီ၊ ဘားအံ၊ ထားဝယ်ဘက်ရှိ လမ်းအချို့ ပိတ်ထားခြင်းနှင့် နယ်မြို့သို့ ဆန်တင်ပို့ရန် ကားပြန်ဆင်းလာမှုမရှိသေးခြင်း စသည့် ကားအခက်အခဲရှိခြင်းတို့ကြောင့် အရောင်းအဝယ်ပေါ်မူတည်နေသည့် ဆန်ဈေးနှုန်းမှာ ခန့်မှန်းရန် ခက်ခဲကြောင်းနှင့် နယ်မြို့တစ်မြို့နှင့်တစ်မြို့ ဆန်ပေါက်ဈေးမှာ လည်းတူညီနိုင်မည်မဟုတ်သေးကြောင်း ဆန်ပွဲရုံလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

ယခင်လက ဆက်တိုက်ကျဆင်းခဲ့သော စားအုန်းဆီဈေးနှုန်းမှာ ယခုလအတွင်း ၁၁၉၀ ကျပ်ဝန်းကျင်တွင် ဈေးငြိမ်လျက်ရှိကြောင်း၊ ဆောင်းရာသီအအေးဒဏ်ကြောင့် နယ်မြို့များသို့ တင်ပို့မှုလျော့ကျခြင်းနှင့် စားသုံးမှုလျော့ကျခြင်းတို့ ရှိနေသော စားအုန်းဆီမှာ ယခုလနောက်ပိုင်းတွင် အပူချိန်အနည်းငယ်မြင့်တက်လာ၍ အရောင်းအဝယ်ပြန်လည်ဖြစ်ထွန်းလာနိုင်ကြောင်း ဆီကုန်သည်များက သုံးသပ်ပြောကြားသည်။ ဦးပိုင်မှ ရောင်းချသော စားအုန်းဆီဈေးနှုန်းမှာ အပြောင်းအလဲမရှိဘဲ ဒိုင်ဖြန့်ဈေး ၁၁၀၀ ကျပ်၊ ရောင်းဈေး ၁၁၅၀ ကျပ်ပင်ဖြစ်ကြောင်း၊ ဆောင်းရာသီပဲဆီစားသုံးမှု မြင့်တက်ခြင်းကြောင့် ယခင်လက တစ်ပိဿာလျှင် ၁၉၅၀ ဝန်းကျင်ရှိ ပဲဆီမှာ ယခုလအတွင်း ကျပ် ၂၀၀၀ ဝန်းကျင်သို့ မြင့်တက်လာခဲ့ကြောင်း ဆီကုန်သည်တစ်ဦးက ဆိုသည်။

ပဲမျိုးစုံ အရောင်းအဝယ်ဖြစ်ထွန်း

နယ်ဒေသအစုံမှ ပဲအမျိုးမျိုး စတင်ဝင်ရောက်လာပြီးဖြစ်၍ ပဲမျိုးစုံ အရောင်းအဝယ်ဈေးကွက်မှာ သက်ဝင်လှုပ်ရှားလာခဲ့သည်။ ယခင်လက ခန့်မှန်းခဲ့သည့် အတိုင်း မိုးထိသော ပဲလွန်းဖြူမှာ တစ်အိတ်

www.foreverspace.com.mm

လျှင် ၂၅၀၀၀ ကျပ်အထိ ဈေးနှုန်းကျဆင်းခဲ့သည်။ ပဲလွန်းနီမှာအခြေအနေကောင်းပြီး ၃၇၀၀၀ ကျပ်ဖြင့် Export တင်ပို့မှုရှိကြောင်း ကုန်သည်များက ဆိုသည်။ လက်ရှိအခြေအနေကို ခြုံ၍သုံးသပ်လျှင် ဖေဖော်ဝါရီလအကုန်မှသာ ဝင်ရောက်ရန်ရှိသည့် ပဲကြီး၊ ပဲထောပတ်၊ ပဲနီပြားတို့မှလွဲ၍ အခြားပြည်ပပို့ ပဲအမျိုးမျိုးမှာ ကုမ္ပဏီကြိုက်အနေအထားနှင့် ပြည်ပတင်ပို့ရန် အသင့်ရှိနေပြီး ဈေးနှုန်းအမြင့်တွင် ရှိနေသည်ဟု ပဲပွဲရုံလုပ်ငန်းရှင်များက သုံးသပ်သည်။ လက်ရှိဖြစ်ပေါ်နေသော ပေါက်ဈေးမှာ အိန္ဒိယကြိုက်၍ ဈေးပိုရနေသော မတ်ပဲတစ်အိတ်လျှင် ၄၂၀၀၀ ကျပ်မှ ၄၄၀၀၀ ကျပ်၊ ပဲတီစိမ်းခရမ်းရွှေဝါမှာ ၄၉၅၀၀ ကျပ်မှ ၅၁၀၀၀ ကျပ်၊ ပဲစင်းငုံပေါ်စ ၂၄၀,၀၀၀ ကျပ်မှ ၂၆၀,၀၀၀ ကျပ်၊ ပဲပုပ် (သိပ်ပွ၊ အထွက်တိုး) မှာ ပေါ်စ ၂၀၀၀၀ ကျပ်မှ ၂၃၅၀၀ ကျပ် ဘိုကိတ်ပဲ ၂၉၀၀၀ ကျပ်၊ မြေပဲဆန် (နီ၊ ဖြူ) တစ်ဆယ်သားလျှင် ၁၀၀၀ ကျပ် အသီးသီး ပေါက်ဈေးရှိသည်။ ပြည်ပတင်ပို့မှုမှာ ဧန်နဝါရီလပိုင်းက ပဲပေါ်ချိန်တွင် အမြတ်အစွန်းရရန် ကုန်သည်ဝယ်လက်က ဝယ်လှောင်ခြင်းဖြစ်ပြီး ယခုအချိန်တွင် အမှန်တကယ် ပြည်ပတင်ပို့နေရသည်ဟု ပဲကုန်သည်များက ဆိုသည်။

အချိုရည်မျိုးစုံ

ပြီးခဲ့သည့် ဧန်နဝါရီလအတွင်း အချိုရည်ရောင်းအားမှာ မထင်မှတ်အောင် ကျဆင်းခဲ့ရာ အချိုရည်ဈေးနှုန်းများ လည်း ကျဆင်းခဲ့ကြောင်း ညောင်ပင်လေး ဈေးမှ ကုန်စုံဆိုင်လုပ်ငန်းရှင်တစ်ဦးဖြစ် သူ ဦးသိန်းက ပြောကြားသည်။ အထူး သဖြင့် ပြည်တွင်းထုတ်အချိုရည်မှာ ထုတ်လုပ်ရာတွင် အသုံးပြုသော ကုန်ကြမ်းဖြစ်သည့် သကြားဈေးနှုန်းများ ဦးမော့လျက်ရှိသည့်အတွက် ထုတ်လုပ်မှုများလည်း လျော့ကျသွားကြောင်း ၎င်းက သုံးသပ်ပြောကြားသည်။ လက်ရှိအချိန်တွင် နယ်ဒေသများ၌ လယ်ယာလုပ်ငန်းခွင်များ ပြီးဆုံး၍ ငွေပေါ်ချိန်ဖြစ်သော်လည်း ဝယ်လိုအားမှာ တက်မလာကြောင်း၊ နယ်လက်လီအရောင်းသမားများအဆိုအရ ပွဲလမ်းအလှူများ လျော့နည်းသွားခြင်းနှင့် တစ်ဦးချင်း ဝယ်လိုအား ကျဆင်းမှုကြောင့် အချိုရည်များ အရောင်းကျခြင်းဖြစ်နိုင်ကြောင်း ဦးသိန်းက ရှင်းပြသည်။ ယခင်လထက် ဧန်နဝါရီလကုန်ပိုင်းတွင် ပြည်တွင်းထုတ်အချိုရည်ဈေးနှုန်းမှာ တစ်ဖာလျှင် ကျပ် ၂၀၀ မှ ၆၀၀ ထိ ကျဆင်းသွားပြီး ပြည်ပမှ တင်သွင်းလာသော အချိုရည်များမှာမူ ဈေးငြိမ်လျက်ရှိကာ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများအရ ပစ္စည်းအချို့မဝင်၍ အချို့အနည်းငယ်သာ ဝင်လျက်ရှိကြောင်း ညောင်ပင်လေး ဈေးအချိုရည်ဈေးကွက်အတွင်းမှ စုံစမ်းသိ ရှိရသည်။ ယခင်က တစ်ရက်လျှင် ၂၅ ဖာခန့်ကုန်သည့် C-Plus အချိုရည် မှာ တစ်ပတ်လုံးနေမှ ၂၅ ဖာ ရောင်းရ သည့် အနေအထားဖြစ်သွားကြောင်း၊ ယမန် နှစ်ရောင်းအားနှင့် အလွန်ကွာဟကြောင်း ဦးသိန်းက ရှင်းပြသည်။ ပြည်တွင်းထုတ်

www.foreverspace.com.mm

အချိုရည်များမှာ အမှတ်တံဆိပ်အသစ်များ ထွက်ရှိလာပြီး အချို့အမှတ်တံဆိပ်များမှာ ဈေးကွက်အတွင်းမှ ပြန်လည်ထွက်သွားကြောင်း၊ လာမည့် မတ်လပိုင်းတွင် ဈေးကွက်ဝယ်လိုအား အနေအထား တက်လာမည်ဟု မျှော်လင့်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ဧန်နဝါရီလကုန်ပိုင်းတွင် C-Plus တစ်ဖာ ဈေး ၆၇၀၀ ကျပ်၊ Ve Ve ပင်မှည့် ၁၈၅၀ ကျပ်၊ Ve Ve ဒိန်ချဉ် ၂၉၀၀ ကျပ်၊ ထိုင်း Coke ၈၅၀၀ ကျပ်၊ ဆန်းကစ် ၈၃၀၀ ကျပ်၊ 100 Plus ၈၄၀၀ ကျပ်၊ 7up ၈၆၀၀ ကျပ်၊ Shark ၈၆၅၀ ကျပ် ပေါက်ဈေးရှိသည်။

သကြား၊ နို့ဆီ

သကြားဈေးနှုန်းများမှာ ဧန်နဝါရီလကုန်ပိုင်းအရောက် ဦးမော့လျက်ရှိရာ ၎င်းကို အသုံးပြုလျက်ရှိသော လုပ်ငန်းများအပေါ် သက်ရောက်မှုရှိမည် ဖြစ်သည်။ တစ်ပိဿာလျှင် ကျပ် ၉၀၀ ခန့် ထိ ပေါက်ဈေးရှိရာ အဓိကအားဖြင့် ပြည်တွင်းသကြားစက်ရုံများမှ ထွက်ရှိမှု လျော့ကျသောကြောင့်ဖြစ်ကြောင်း ညောင်ပင်

လေးဈေးမှ စုံစမ်းသိရှိရသည်။ နို့ဆီဘူးရောင်းအားမှာ ပုံမှန်ရှိပြီး ဧန်နဝါရီလ အတွင်း စင်ကာပူနိုင်ငံမှ တင်သွင်းသော Golden Coil အမှတ်တံဆိပ်နှင့် ထိုင်းနိုင်ငံမှ တင်သွင်းသော Joy အမှတ်တံဆိပ် အသစ်နှစ်ခု ဈေးကွက်အတွင်း ဝင်ရောက်လာကြောင်း ဈေးကွက်အတွင်းမှ သိရသည်။ ဧန်နဝါရီလကုန်ပိုင်းတွင် Dawn ၅၃၀ ကျပ်၊ Dawn နို့စိမ်း ၄၉၀ ကျပ်၊ Crown ၄၄၅ ကျပ် ဖြစ်ခဲ့သည်။

ဆပ်ပြာ၊ ဆပ်ပြာမှုန့်

ရွှေဝါနှင့် ကာဘော်လစ်မှာ ဈေးငြိမ်လျက်ရှိပြီး ဝယ်လိုအားကိုလိုက်၍ ဈေးအပြောင်းအလဲရှိကြောင်း၊ ရွှေဝါတစ်ဖာ ၇၇၀၀ ကျပ်၊ ကာဘော်လစ်တစ်တုံး ၁၈၀ ကျပ်ဖြစ်ကြောင်း ညောင်ပင်လေးဈေးအတွင်းမှ စုံစမ်းသိရှိရသည်။ ဆပ်ပြာမှုန့်ဈေးနှုန်းများ အနည်းငယ်တက်ရိပ်ပြလျက်ရှိပြီး Rose ၅၀ တစ်ပါကင်လျှင် ၆၂၀၀ ကျပ်၊ Elan ၅၄၇၀ ကျပ်၊ Eco ၅၇၀၀ ကျပ် ပေါက်ဈေးရှိပြီး အပတ်စဉ် ဈေးအပြောင်းအလဲရှိကြောင်း၊ အထူးသဖြင့် ကုန်ကြမ်းဈေးနှုန်းများကြောင့် ဖြစ်ပြီး ကုန်သွယ်မှုဖလှယ်နှုန်းထားများ အရလည်း သက်ရောက်မှုရှိသည့် ပြည်တွင်းထုတ်ကိုယ်တိုက်ဆပ်ပြာဈေးနှုန်းများ အေးလျက်ရှိ၍ နယ်ဒေသများမှ အဝယ် လျော့ကျလျက် ရှိသည်။

သန်းထိုက်သူ၊ သစ်ထွန့်

ကြော်ငြာ

www.foreverspace.com.mm

ဆပွားစနစ်ဖြင့် ဈေးကွက်ရှာခြင်း

ထားထားမြင့်

ကြီးမားသော ကြော်ငြာ Billboard ကြီးများမထောင်၊ မီဒီယာမျိုးစုံမှ သိန်းပေါင်းများစွာ အကုန်အကျခံ၍လည်း မကြော်ငြာ။ ဆူပါမားကက်နှင့် ရှော့ပင်းစင်တာကြီးများတွင်လည်း သိသာထင်ရှားလောက်အောင် သီးသန့် ကောင်တာထောင်၍လည်းမရောင်း၊ တူညီဝတ်စုံဆင်မြန်းထားသော ပျိုမျစ်တင့်တယ်သည့် အမျိုးသမီးဝန်ထမ်းငယ်ကလေး များကိုလည်း မတွေ့ရ၊ ကမ္ဘာကျော်အမှတ်တံဆိပ်လည်းမဟုတ်သော်ငြား မြန်မာအမျိုးသမီးထုအတွင်း တစိမ့်စိမ့် ဝင်ရောက် နေရာယူနေသော အလှကုန်ပစ္စည်းအချို့နှင့် ကျန်းမာရေးနှင့် သက်ဆိုင်သော ဓာတ်စာဆေး ဆပွားရောင်းချမှုများက ဈေးကွက်အတွင်း အခိုင်အမာ နေရာယူလျက် ရှိနေပါသည်။ ယင်းလုပ်ငန်းအချို့ကို လေ့လာကြည့်သောအခါ စိတ်ဝင်စားဖွယ် မားကက်တင်းဗျူဟာတစ်ရပ်ကို တွေ့မြင်နိုင်ပါသည်။

ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်း လမ်းပေါ်က ကျဉ်းမြောင်းသော မြေညီ ထပ်တိုက်ခန်းငယ်လေးဖြစ်သည်။ ဘေးချင်း ကပ်ဆိုင်ခန်းတွေက ဈေးဆိုင်ခန်းတွေ ဖွင့်ထားသော်လည်း ထိုတိုက်ခန်း၏ အရှေ့တွင် အလှကုန်ပစ္စည်းတွေ အလှပြ ထည့်ထားသော မှန်ဗီရိုလေးတစ်လုံးသာ ရှိ၏။ ခပ်မှောင်မှောင်အခန်းအတွင်းဘက် တွင်မူ အသက်နှစ်ဆယ်အရွယ်၊ သုံးဆယ် အရွယ်၊ လေးဆယ်အရွယ်၊ ငါးဆယ် အရွယ်စသော အရွယ်မျိုးစုံ အမျိုးသမီး ကြီးငယ်များက ကောင်တာတစ်ခုတွင် စုပြုံ တိုးဝှေ့ရပ်နေကြသည်။ ကောင်တာ နောက်မှာရှိသော မိန်းမပျိုလေးနှစ်ဦးကမူ ထိုအမျိုးသမီးကြီးငယ်တို့ နှုတ်က ရွတ်ဆို ပြနေသော အလှကုန်ပစ္စည်းတွေကို လွန်း ပျံအောင် သယ်ယူနေရသလို ကျသင့်သမျှ ကိုလည်း ကွန်ပျူတာဖြင့် တွက်ချက်၍ ငွေလက်ခံပေးနေရသည်။

"ဒါတောင် ဒီနေ့က လူနည်းတာ လေ။ ခါတိုင်းဆို စနေနေ့အစည်းအဝေး ပြီးရင် ဒီမှာပစ္စည်းလာထုတ်ကြတာ အများကြီးပဲ"

Giffarine အလှကုန်ပစ္စည်းတွေကို အိတ်တစ်ခုထဲ စနစ်တကျထည့်နေရင်း ဒေါ်မြတ်ဆွေက ပြောလိုက်ခြင်း ဖြစ်သည်။ ဒေါ်မြတ်ဆွေအပါအဝင် အခန်းငယ်လေးမှာ အလှကုန်ပစ္စည်းတွေ လာထုတ်နေကြ သော အမျိုးသမီးများသည် Giffarine အလှကုန်ပစ္စည်းများကို Multi-Level Marketing ခေါ် ဆပွားစနစ်ဖြင့် ဈေးကွက်

www.foreverspace.com.mm

ရှာဖွေကြိုးစားနေကြသူများ ဖြစ်သည်။

"ကျွန်မကတော့ ကလေးတစ်ယောက် အမေ အိမ်ရှင်မပါ၊ Giffarine အလှကုန် ပစ္စည်းတွေကို Multi-level Marketing လုပ်နေတာလေးနှစ်ရှိပြီ။ ကျွန်မတို့ဆီမှာ လူအစုံရှိတယ်။ ဆက်သွယ်ရေးကဝန်ထမ်း တွေလည်း ရှိတယ်။ စည်ပင်သာယာက အန်တီကြီးလည်းရှိတယ်။ အားလုံးနယ်ပယ် စုံကပဲ" ဟု ဒေါ်မြတ်ဆွေ ပြောကြားသည်။

Multi-Level Marketing ခေါ်ဆပွားစနစ်

Multi-Level Marketing ခေါ် ဆပွားစနစ် ဈေးကွက်ရှာဖွေခြင်းပုံစံကို မြန်မာနိုင်ငံသို့ စတင်မိတ်ဆက်ပေးခဲ့သူ မှာ တရုတ်တိုင်ပေမှ လင်ဇီးဆေးဝါး ကုမ္ပဏီများဖြစ်သည်။ ၁၉၉၀ ကျော်နှစ် များတွင် လင်ဇီးဆေးကုမ္ပဏီတို့၏ ဆပွား စနစ်ရိုက်ခတ်မှုကြောင့် မြို့နေလူတန်းစား များတွင် လူပ်လူပ်ရှားရှားဖြစ်ခဲ့သော်လည်း နောက်ပိုင်းတွင် တဖြည်းဖြည်း ငြိမ်သက်သွားခဲ့သည်။ သို့ရာတွင် ၂၀၀၀ ပြည့်နှစ်များအလွန်တွင်မူ Giffarine ၊ KK ကဲ့သို့ အလှကုန်ပစ္စည်းများနှင့် Nulife ကဲ့သို့ ဆေးဝါးကုမ္ပဏီများက ၎င်းတို့၏ ပစ္စည်းများကို Multi-Level Marketing စနစ်ဖြင့် ဖြန့်ချိလာခြင်းကြောင့် ဆပွား စနစ်သည် မြန်မာနိုင်ငံတွင် တစ်ကျော့ပြန် အသက်ဝင်လာသည်ကို တွေ့ရသည်။

နိုင်ငံတကာစီးပွားရေးဂျာနယ်တွင် စီးပွားရေးဆောင်းပါးများစွာ ရေးသားခဲ့ သူ ရန်ကုန်စီးပွားရေးတက္ကသိုလ် ကထိက ဟောင်း ခင်မောင်ညို (ဘောဂဗေဒ) က Multi-Level Marketing အားသာချက် ကို ယခုကဲ့သို့ မှတ်ချက်ချသည်။

"ဆပွားစနစ်က ရုံးသွားရင်း၊ အလုပ် သွားရင်း၊ ကုမ္ပဏီထဲနေရင်း အလုပ်လုပ်လို့ ရတယ်။ ကြော်ငြာစရာမလိုဘူး။ ရုံးခန်း မလို ဘူး။ အရောင်းပြခန်းမလိုဘူး။ အဲဒီ စရိတ် သက်သာတဲ့အတွက် အမြတ်များတယ်"

သို့ရာတွင် ဆရာခင်မောင်ညို (ဘောဂ ဗေဒ) က ဆပွားစနစ်ဖြင့် ဈေးကွက်ရှာ ဖွေရာတွင် အဓိကအားနည်းချက်မှာ သုံးစွဲ သူကို အလွယ်တကူ လိမ်ညာ၍ရခြင်းဖြစ် သည်ဟု ပြောကြားပါသည်။

Giffarine အလှကုန်ပစ္စည်းများကို ဆပွားစနစ်ဖြင့် ရောင်းချရာတွင် မာကျူရီ ဟု ဆပွားစနစ်အရ သတ်မှတ်ထားသော နေရာတွင် ရောက်နေသော ဒေါ်မြတ်ဆွေကမူ...

"လူဆင့်ပွားစနစ်နဲ့ ပစ္စည်းဖြန့်တယ် ဆိုရင် မကောင်းလို့မရဘူး။ ကြော်ငြာနဲ့ ဖြန့်တာက လူမသုံးရင် နောက်တံဆိပ်နဲ့ ပြန်ကြော်ငြာလို့ရတယ်။ Multi -Level မှာ ဒီလိုလုပ်လို့မရဘူး။ အရည်အသွေးထိန်း ချုပ်မှုရှိရမယ်။ ISO 9001 လက်မှတ်ကို ရယူထားရမယ်" ဟုဆိုသည်။

ဆပွားစနစ်ဖြင့် ရောင်းချသည့် ကုမ္ပဏီများ

မြန်မာနိုင်ငံဈေးကွက်ထဲတွင် ဆပွား စနစ်ဖြင့် ရောင်းချနေသည့် ကုန်ပစ္စည်း ခြောက်ခုခန့်ရှိပြီး ၎င်းတို့ထဲတွင် ရှိုင်းဟုပ် လင်ဇီး Nu-Life ဓာတ်စာဆေးနှင့် Giffarine အလှကုန်ပစ္စည်းများမှာ ထင် ရှားပြီး အသင်းဝင်ဦးရေမှာလည်း အများ အပြားရှိကြသည်။

၎င်းတို့အထဲတွင်မှ Giffarine အလှကုန်ပစ္စည်းအသင်းဝင်ဦးရေ နှစ် သောင်းခန့်ရှိပြီး အသင်းဝင်အများစုမှာ အမျိုးသမီးများ ဖြစ်ကြသည်။ ထိုကဲ့သို့ အသင်းဝင်အများစုမှာ အမျိုးသမီးများ ဖြစ်နေရခြင်းသည် ဆပွားစနစ်ဖြင့် ဈေး ကွက်ရှာဖွေသည့် ကုန်ပစ္စည်းမှာ အမျိုးသမီး များအကြိုက် အလှကုန်ပစ္စည်းများ ဖြစ် နေခြင်းဆိုသည်ကို တွေ့ရသည်။ နိုင်ငံခြား ဘာသာတက္ကသိုလ်တွင် တရုတ်ဘာသာ ကို လေ့လာသင်ယူနေသူ ဒေါ်သဠာက...

"သမီးက Giffarine မှာ ရွှေကြယ် အဆင့်ရထားတယ်။ ဘာလို့အသင်းဝင် ဖြစ်ရလဲဆိုတော့ သမီးက မိတ်ကပ်ဆို အကုန်စိတ်ဝင်စားတယ်။ ဈေးကွက်ရှာဖို့ ထက် ကိုယ်တိုင်သုံးဖို့ စိတ်ဝင်စားလို့ အသင်းဝင်ဖြစ်တာ" ဟု ပြောကြားသည်။

မာကျူရီရာထူးရယူထားသူ ဒေါ်မြတ် ဆွေကလည်း လင်ဇီးဆေးကုမ္ပဏီများ ခေတ်စားစဉ်က လာရောက်ဆွယ်သော်လည်း စိတ်မဝင်စားခဲ့ဘဲ Giffarine အလှ ကုန်တွင်မှ အသင်းဝင်ဖြစ်ခဲ့ခြင်းမှာ အလှ ကုန်ပစ္စည်းများကို နှစ်ခြိုက်စွာ သုံးစွဲသူ ဖြစ်သောကြောင့်ဟု ဆိုသည်။

ဆရာဝန်များအများစုအသင်းဝင် ဖြစ်နေကြသော Nu-Life အသင်းဝင် ဆရာ ဝန်တစ်ဦးကလည်း ဆရာဝန်ဖြစ်နေ သဖြင့် ဓာတ်စာဆေးတစ်မျိုးဖြစ်သော Nu-Life ကို အလွယ်တကူဈေးကွက်ရှာ ဖွေနိုင်သည်ဟု ဆိုသည်။

တစ်ဦးတစ်ယောက်အနေဖြင့် Nu-Life အသင်းသို့ အသင်းဝင်လိုပါက ဆေး လုံးရေ ၁၀၀ ပါရှိသော Nu-Life ပုလင်း တစ်ပုလင်းကို သုံးသောင်းခြောက်ထောင် ကျပ်ဖြင့် ဝယ်ရမည်ဖြစ်သော်လည်း Giffarine ထဲသို့ အသင်းဝင်လိုပါက အသင်းဝင်ကြေး ငါးထောင်ကျပ်သာပေး ရမည်ဖြစ်သည်။ အဆိုပါ ငါးထောင်ကျပ် သည် ရာသက်ပန်အသင်းဝင်ကြေးဖြစ်ပြီး အသင်းဝင်ကတ်၊ အလှကုန်ပစ္စည်း အညွှန်းမျိုးစုံပါသော ကတ်တလောက်၊ ဘာသာပြန်စာအုပ်၊ ဆပွားစနစ်ဈေးကွက် ရှာဖွေခြင်း လမ်းညွှန်စာအုပ်တစ်အုပ်ကိုပါ ရရှိမည်ဖြစ်သည်။ ထို့ပြင် Giffarine မှ တင်သွင်းရောင်းချသော အလှကုန်ပစ္စည်း နှင့် အချို့ကုန်ပစ္စည်းမျိုးစုံကို ၂၅ ရာခိုင်နှုန်း လျှော့ဈေးဖြင့် ဝယ်ယူနိုင်ဦးမည် ဖြစ်၏။

ယခုအခါ ၎င်းတို့အဆိုအရ အသင်း ဝင်ဦးရေ နှစ်သောင်းကျော်ရှိနေပြီဖြစ်သော Giffarine တွင် အသင်းဝင် အသီးသီး သည် ၎င်းတို့၏ ဝယ်ယူနိုင်မှု၊ လူတန်း စားအလွှာအသီးသီးအတွင်း ဆပွားနိုင်မှု အပေါ် ကြေးကြယ်၊ ငွေကြယ်၊ ရွှေကြယ်၊ မာကျူရီ၊ ဂျူပီတာ၊ ဗီးနပ်စ်၊ စေတန်၊

www.foreverspace.com.mm

ပါရာဒိုက် စသော အဆင့်အသီးသီးဖြင့် အကျိုးခံစားခွင့်ရှိရာ မြန်မာနိုင်ငံ၌ Giffarine အလှကုန်ပစ္စည်းများ ရောင်းချနေသည့် လေးနှစ်တာကာလအတွင်း ပါရာဒိုက်အဆင့်သို့ ရောက်ရှိနေသူ မြန်မာအမျိုးသမီး နှစ်ဦး ရှိနေပြီဖြစ်သည်။ ထိုသူတို့၏ ဝင်ငွေမှာလည်း တစ်လလျှင် ဆယ်သိန်းနီးပါးခန့် ရှိနေရာ အမျိုးသမီးများအတွက် အားကျစဖွယ်ဖြစ်နေသည်ကို တွေ့ရသည်။

မြန်မာအမျိုးသမီးများနှင့် ဆပွားစနစ်

"ကျွန်မကတော့ အလှကုန်ပစ္စည်းဆိုရင် အိမ်ကိုလာရောင်းတာမကြိုက်ဘူး။ ကိုယ်တိုင် ရွေးဝယ်ရမှကြိုက်တယ်။ အိမ်ကိုလာရောင်းရင် မဝယ်ဖြစ်ပါဘူး"

အသက် ၃၀ အရွယ် ပညာတတ် အမျိုးသမီးတစ်ဦးက ပြောကြားခြင်းဖြစ်သည်။ သို့သော်လည်း အမျိုးသမီးအများစုမှာ အိမ်မှာနေရင်း အသိမိတ်ဆွေတို့ကလာရောက်ပြသကြသော ဆပွားစနစ်ဖြင့် အလှကုန်ပစ္စည်းများကို မြင်င်းဆန်နိုင်သူများဖြစ်ကြသည်။ ထို့ထက်ပို၍ အလှကုန်ပစ္စည်းတွေကို စိတ်ဝင်စားသူက လျှော့ဈေးများများဖြင့် ဝယ်ယူနိုင်ရေးအတွက် အလွယ်တကူပင် အသင်းဝင်ဖြစ်လာကြသည်။ ထို့ပြင် နောက်ဆုံးအဆင့်ရာထူးများဖြင့် အကျိုးအမြတ်များစွာမရသည့်တိုင် ကြာရှည်စွာ စွဲမြဲလုပ်ကိုင်သူတို့မှာ ဆပွားစနစ် အကျိုးအမြတ် အတော်အသင့်ရနေသည်ကို တွေ့ရသည်။

"ကျွန်တော် အခု Nu-Life မှာ ခြောက်လပဲရှိသေးတယ်။ တစ်လကို နှစ်သိန်းကျော်ရတယ်။ ဆေးခန်းထိုင်တာ ထက်တောင် ပိုကိုက်နေသေးတယ်" ဟု Nu-Lifeအသင်းဝင် အထွေထွေရောဂါကုဆရာဝန်တစ်ဦးကဆိုသည်။ Giffarine တွင် ရွှေကြယ်အဆင့်ဖြင့် လုပ်ကိုင်နေသူ ဒေါ်ဆွေဆွေကလည်း ဆပွားစနစ်မှ ရရှိသော ဝင်ငွေဖြင့် မြေကွက်ငယ်တစ်ခုကို

ဝယ်ယူထားနိုင်ပြီဟု ပြောကြားသည်။ အိမ်ရှင်မတစ်ဦးဖြစ်သူ ဒေါ်မြတ်ဆွေကလည်း...

"အရင်တုန်းကတော့ သိပ်မလုပ်တတ်မကိုင်တတ်ဘူး။ ခုတော့ နေ့ခင်း ၁၁နာရီ ကလေးကျောင်းပို့ပြီးတာနဲ့ အိတ်ဆွဲပြီးထွက်။ ကျောင်းတုန်းက အပေါင်းအသင်းမိတ်ဆွေတွေဆီလည်း ရောက်ဖြစ်တယ်။ ဝင်ငွေကလည်း အမျိုးသားနဲ့ မတိမ်းမယိမ်းဘဲ" ဟု သူမ၏ အတွေ့အကြုံကို ရှင်းပြသည်။ နိုင်ငံခြားဘာသာ တက္ကသိုလ်ကျောင်းသူ ဒေါ်သန္ဓာက ရွှေကြယ်အဆင့်ဖြင့် သူမရရှိသောငွေ ခွဲတမ်း တစ်သိန်းခွဲကို ကုမ္ဗဏီရုံးခွဲတွင် သွားရောက်ထုတ်ယူသော အခါတွင် အတူပါလာသော သူငယ်ချင်းများက အားကျအထင်ကြီးကြသည်။

သို့သော်လည်း အသိုင်းအဝိုင်းကောင်းမွန်သူ ကိုယ်တိုင်ကလည်း ပစ္စည်းကိုသုံးစွဲနိုင်သူ အသင်းဝင်များသာ ဆပွားစနစ်အောင်မြင်ပြီး အောက်ခြေလူတန်းစားအလွှာတွင် ကျင်လည်နေသူများအတွက် ဆပွားစနစ်ဖြင့် ဈေးကွက်ဖြန့်ချိမှုတွင် အောင်မြင်မှုမရသည်ကို တွေ့ရသည်။

သုံးသပ်ချက်နှင့် နိဂုံး

စီးပွားရေးဆိုင်ရာ ဆောင်းပါးများ ရေးသားသူ ခင်မောင်ညိုု (ဘောဂဗေဒ) ကမူ Multi-Level Marketing ခေါ် ဆပွားစနစ်သည် ဝင်ငွေနည်းသူလူတန်းစားများအပေါ်တွင် အသုံးချထားပြီး မြန်မာနိုင်ငံ၌ တွင်ကျယ်နေသည်ဟု သုံးသပ်ပြသည်။

"နာမည်ကြီးကုန်ပစ္စည်းတွေဆိုဒီကို ဆပွားစနစ်နဲ့ မဖြန့်ဘူး။ ဆပွားစနစ်နဲ့ ဖြန့်တယ်ဆိုတာက နာမည်မကြီးတဲ့ ပစ္စည်းတွေဖြစ်တယ်။ ဈေးနှုန်းတွေ အများကြီးတင်ထားတယ်။ အသင်းဝင်ဖြစ်မှ စရိတ်ကျေမယ်" ဟု ၎င်းက ဆိုသည်။

ထို့ပြင် အမေရိကားကဲ့သို့သော နိုင်ငံများတွင် ဆပွားစနစ်ဖြင့် ဈေးကွက်ရှာဖွေခြင်းကို ဥပဒေအရ တားမြစ်ထားပြီး၊ ထိုင်းနိုင်ငံနှင့် တရုတ်တိုင်ပေတို့တွင်သာ အဆိုပါစနစ် တွင်ကျယ်နေသည်ဟု ၎င်းက ထောက်ပြသည်။ ထိုနိုင်ငံတို့တွင်လည်း ဆပွားစနစ်ဖြင့် ကုန်ပစ္စည်းဖြန့်ချိနေမှုကြောင့် ပြဿနာများ မကြာခဏဆိုသလို ဖြစ်ပွားနေကြောင်း၊ နိုင်ငံစီးပွားရေးတိုးတက်လာပြီး မိမိကြိုက်နှစ်သက်သည်ကို ဝယ်ယူရလျှင် ထိုစနစ် ပပျောက်သွားမည်ဟု ခင်မောင်ညိုု (ဘောဂဗေဒ) က ရှင်းပြသည်။ သို့သော်လည်း ဆပွားစနစ်ဖြင့် KK အလှကုန်ပစ္စည်းများကို ဖြန့်ချိနေသော ကုမ္ဗဏီ၏ အသင်းဝင်များကို နှစ်ပတ်လည်တွေ့ဆုံပွဲသို့ တက်ရောက်လာသူ ဒေါ်ကြူကြူကမူယခုကဲ့သို့ မှတ်ချက်ပေးပါသည်။

"ကျွန်မတို့ တစ်သက်လုံး ဆပ်ပြာတွေ၊ မိတ်ကပ်တွေ၊ ပစ္စည်းတွေစုံနေပြီ။ သုံးခဲ့တာ။ ဝတ်ခဲ့တာ။ ဘယ်ပစ္စည်းကဒါလောက် တစ်သက်လုံးသုံးနေတာကို ဘာတုံ့ပြန်ခဲ့ဖူးလို့လဲ။ အခု ကျွန်မက ပစ္စည်းသုံးရင်း အမြတ်ရနေတာလေ။ ဒါကြောင့်မို့ အဲဒီစနစ်ကို ကျွန်မကတော့ ကြိုက်တယ်။ နောင်လည်း ဆပွားစနစ်နဲ့ ပစ္စည်းတွေသုံးမှာပဲ"

ထားထားမြင့်

www.foreverspace.com.mm

အရည်အသွေးမြင့်ဆန် ပြည်ပတင်ပို့ရေးနှင့် ဆန်စက်များ၏ အခန်းကဏ္ဍ

သန်းထိုက်သူ

ပြည်ပနိုင်ငံများသို့ အရည်အသွေးမြင့်ဆန်များ တင်ပို့နိုင်ရေးအတွက် အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်စပါးများကို စနစ်တကျ စိုက်ပျိုးရေးနှင့် ခေတ်ဟောင်းကတည်းက ယနေ့အထိ အသုံးပြုလျက်ရှိသော ဆန်စက်များကို အရည်အသွေးမီ ကြိတ်ခွဲနိုင်သောဆန်စက်များအဖြစ် ပြုပြင်ပြောင်းလဲရေးတို့ကို ဟန်ချက်ညီညီ ပြောင်းလဲရန် လိုအပ်နေပြီ ဖြစ်ကြောင်း ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့လျက်ရှိသူ ဆန် Exporter အများစုက သုံးသပ်ပြပါသည်။

ဆန်စက်အရည်အသွေးမြင့်မှ ဆန်အရည်အသွေးမြင့်မားမည်

ဒေသအများစုတွင် ဆန်စက်အရည်အသွေးညံ့ဖျင်းလာ၍ အကျိုးအကြေများပြီး အလေအလွင့်များစွာဖြစ်ပေါ်လာခြင်းကြောင့် စပါးစိုက်တောင်သူများ ထိခိုက်နစ်နာရကြောင်း တောင်ဂူမြို့မှ လယ်သမားတစ်ဦးကဆိုလာခဲ့ရာ အဆိုပါ အချက်ကို ကိုးကား၍ ဆန်အရည်အသွေးညံ့ခြင်းသည် ဆန်စက်ကြောင့်ဟုဆိုနိုင်သော်လည်း စပါးစိုက်ပျိုးမှုစနစ်မှာလည်း များစွာ အဓိကကျပါသည်ဟု မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး (MAPT) မှ ဒုတိယအထွေထွေမန်နေဂျာ ဦးလှဆင့်က ပြောကြားသည်။

ရေးလယ်သမားများသည် စပါးမျိုးအတွက် စိုက်ခင်းအတွင်းမှ နှံကောင်းကို သီးခြားညှပ်ယူ၍ သိမ်းဆည်းထားကြသော်လည်း နောက်ပိုင်းတွင် အခြေအနေအရပ်ရပ်ကြောင့် မပြုလုပ်နိုင်ကြတော့ကြောင်း၊ အခြားနိုင်ငံများတွင် စပါးမျိုးကောင်းမျိုးသန့်လေးငါးမျိုးခန့်ကိုသာ စနစ်တကျ စိုက်ပျိုးလျက်ရှိပြီး မြန်မာနိုင်ငံတွင် အမျိုးပေါင်း ၂၀၀ ကျော်ရှိကြောင်း ဦးလှဆင့်က ပြောကြားသည်။

အဆိုပါစပါးမျိုးများကို သီးခြားဇုန်မခွဲခြားဘဲ စိုက်ခင်းများ နီးကပ်စွာ ရောနှောစိုက်ပျိုးသဖြင့် ဝတ်မှုံကူးခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် မူလမျိုးအရည်အသွေးကျဆင်းလာပြီး နှစ်ပေါင်းများစွာကြာလာသောအခါ မျိုးပျက်သည့်အဆင့်သို့ ရောက်လာကြောင်း၊ မူလမျိုးရိုးအရည်အသွေးကျဆင်းလာသော စပါးမျိုးများသည် အရောင်မလှခြင်း၊ မြေဖြူရောင်များပါလာခြင်း၊ စပါးလုံးအရွယ်အစားမညီခြင်းတို့ဖြစ်လာပြီး ကြွပ်ဆတ်မာကျောလာကြောင်း၊ ယင်းကဲ့သို့သော စပါးမျိုးများကို ကြိတ်ခွဲလျှင် အကျိုးအကြေများ၍ အလေအလွင့်များ ဖြစ်ပေါ်လာသည်မှာ သဘာဝပင်ဖြစ်ကြောင်း ဦးလှဆင့်က ထပ်လောင်းပြောကြားသည်။

လွတ်လပ်ရေးမရမီကာလများက အင်္ဂလန်၊ ဂျာမနီတို့မှ မှာယူထားသော ဆန်စက်များရှိနေခြင်းကြောင့် မြန်မာနိုင်ငံရှိ ဆန်စက်များ၏ အရည်အသွေးသည်

www.foreverspace.com.mm

ထိပ်တန်းတစ်နေရာတွင် ရပ်တည်နိုင်ခဲ့ပြီး ဆန်စက်များ တိုက်ရိုက်မှာယူတင်သွင်း၍ မရတော့သည့်နောက်ပိုင်းတွင် တစ်စထက်တစ်စ ယိုယွင်းလာကာ ကြိတ်ခွဲမှုအရည်အသွေး ညံ့ဖျင်းလာခဲ့သည်ဟု တောင်ဋ္ဌမြို့မှ လယ်သမားကြီး ဦးကြီးငွေက ပြောကြားသည်။

မြန်မာနိုင်ငံတွင် လက်ရှိကြိတ်ခွဲနေသော ဆန်စက်များတွင် နိုင်ငံပိုင်ဆန်စက်အရေအတွက်မှာ တန် ၃၆၀ ကျ၊ တန် ၂၅၀ ကျနှင့် တန် ၁၅၀ ကျ ဆန်စက်နှစ်လုံးစီ၊ တန် ၁၀၀ ကျ ၁၉ လုံး၊ ၇၅ တန်ကျဆန်စက် ၁၃ လုံး အပါအဝင် စုစုပေါင်းဆန်စက် ၆၈ လုံးရှိကြောင်း၊ ပုဂ္ဂလိကပိုင် ဆန်စက်အရေအတွက်မှာ အမျိုးအစားမျိုးစုံ ၄၃၂ လုံးဖြင့် စုစုပေါင်းဆန်စက်အလုံးရေ ၅၀၀ ရှိပြီး ဒေသခံအဖွဲ့အစည်းများ၏ ခွင့်ပြုချက်ရယူလည်ပတ်နေသော ဟာလာဆန်စက် ၃၀၀၀၀ ကျော်ရှိကြောင်း မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး (MAPT) မှ တရားဝင်ထုတ်ပြန်သောစာရင်းဇယားများအရ သိရသည်။

ယင်းစာရင်းများအရ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ကြည့်လျှင် ပြည်ပတင်ပို့မှုအတွက် ၄၀ ရာခိုင်နှုန်းကို နိုင်ငံပိုင်ဆန်စက်များက ကြိတ်ခွဲ၍ကျန်သည့် ၆၀ ရာခိုင်နှုန်းကို ဟာလာစက်များ၊ ဆန်စက်အကြီးအငယ်များဖြင့် ပုဂ္ဂလိက ဆန်စက်များတွင် ကြိတ်ခွဲလျက်ရှိသည်ဖြစ်၍ ဆန်စက် ၉၀ ရာခိုင်နှုန်းမှာ အရည်အသွေးကျဆင်းနေပြီ ဖြစ်သည်။

ပြည်တွင်းစားသုံးမှုတွင် အရည်အသွေးသည် အဓိကမကျသော်လည်း ပြည်ပအဆင့်မီ အရည်အသွေးရရှိရန်အတွက်မူ မျိုးကောင်းမျိုးသန့်ဆန်များကို အရည်အသွေးမီ ကြိတ်ခွဲနိုင်ရေးမှာ များစွာအဓိကကျလာကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဈေးကွက်သတင်းအချက်အလက်နှင့် သုတေသနအဖွဲ့ (MIRT) မှ ဦးဟံသာထွန်းက ပြောကြားသည်။

အရည်အသွေးကောင်းသော ဆန်ကြိတ်ခွဲနိုင်ရန် ယခင်က ကျောက်ဖြင့်ကြိတ်သောနေရာတွင် ရော်ဘာကြိတ်လုံးများဖြင့် အစားထိုးအသုံးပြုနေပြီဖြစ်၍ ကျိုးကြေမှု ၂၀ ရာခိုင်နှုန်းသက်သာလာကြောင်း၊ ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့ရန်အတွက်မူ လှိုင်သာယာရှိ တစ်နေ့လျှင် တန် ၃၆၀ ကျ ဆန်ပြန်လည်ကြိတ်ဖွပ်သန့်စင်ရုံတွင် ကြိတ်ခွဲကြောင်း ၎င်းက ဆိုသည်။

ပြည်ပတင်ပို့ရာတွင် Computerize ပုံစံဆန်စက်များစွာရှိရန်လိုအပ်ကြောင်း၊ အဆိုပါလှိုင်သာယာ Colour Sorter ဆန်စက်တွင် တစ်လိုင်းလျှင် တန် ၁၂၀ ကျသော လိုင်းသုံးလိုင်းမှ ဆန်များကို ကွန်ပျူတာစနစ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးမကောင်းသော၊ အရောင်မလှသောဆန်များကို လေဖြင့်မှုတ်၍ ဖယ်ထုတ်ခြင်း၊ ဈေးကွက်ဝင်ဆန်ဖြစ်စေရန် ပေါ်လစ်တင်ခြင်း (အရောင်တင်ခြင်း) များ ပြုလုပ်ခြင်းဖြင့် ပြည်ပတင်ပို့နိုင်သော အရည်အသွေးမီဆန်များကို ရရှိသည်ဟု ၎င်းက ပြောကြားသည်။

အဆိုပါဆန်စက်မျိုးကို မြန်မာနိုင်ငံတွင် များစွာလိုအပ်လျက်ရှိပြီး ပုဂ္ဂလိကကဏ္ဍမှ ဝယ်ယူတပ်ဆင်နိုင်လျှင် များစွာအကျိုးရှိမည်ဟု ဆိုနိုင်သော်လည်း ဆန်စက်တစ်လုံးသည် သိန်းရာချီ၍ပေးရခြင်းကြောင့် ရင်းနှီးမြှုပ်နှံရန်အတွက် များစွာအခက်အခဲရှိနိုင်ကြောင်း ဆန်ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။

ကာလကြာရှည်စွာ အသုံးပြုခဲ့ပြီးဖြစ်သော လွတ်လပ်ရေးမရမီကာလက အကောင်းဆုံးဖြစ်ခဲ့သည့် အင်္ဂလန်၊ ဂျာမနီ လုပ်ဆန်စက်ကြီးများမှာလည်း ချို့ယွင်းချက်ရှိလာသော နေရာများတွင် အစားထိုးရန်ပစ္စည်းအပိုဝယ်ယူ၍ မရခြင်းကြောင့် ပြည်တွင်းဖြစ်များဖြင့် အစားထိုးအသုံးပြု ပြုပြင်ရာ နဂိုမူလပစ္စည်းနှင့် အံဝင်ခွင်ကျ မရှိခြင်းကြောင့် ချို့ယွင်းမှုများဖြစ်လာကြောင်း၊ ဘွိုင်လာများမှာလည်း အနည်းဆုံး နှစ် ၄၀ ခန့် အသုံးပြုခဲ့ပြီးဖြစ်၍ ယိုယွင်းခြင်း၊ အင်ဂျင်ကောင်းကောင်းမလည်ပတ်နိုင်ခြင်းတို့ဖြစ်ပေါ်လျက်ရှိကြောင်း၊ အဆိုပါဆန်စက်များနေရာတွင် အသစ်သစ်သော အရည်အသွေးကောင်းဆန်စက်

ခေတ်မမီတော့သော ဆန်စက်ဟောင်းများကို အဆင့်မြှင့်တင်ဖို့ လိုပေမည်

www.foreverspace.com.mm

ထားသိုမှုတွင်လည်း စနစ်ကျရန်လိုသည်

များဖြင့် အစားထိုးနိုင်ရေးမှာ များစွာ အဓိကကျလာပြီဖြစ်သော်လည်း အရင်း အနှီးများစွာလိုအပ်ပါကြောင်း တောင်ဂူမြို့ မှ လယ်သမားတစ်ဦးဖြစ်သူ ဦးကြီးငွေက ဆိုသည်။

ယင်းကဲ့သို့ တောင်သူလယ်သမား များ ရင်းနှီးမြှုပ်နှံရန် အခွင့်အရေးမရသော အချက်များအနက် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်တစ်လျှောက်လုံး ပြည်ပ သို့ ဆန်တင်ပို့ခွင့်မရခဲ့ခြင်းမှာလည်း များစွာ အဓိကကျသောအချက်ဖြစ်ကြောင်း၊ တစ် နိုင်ငံလုံးအဓိကထား စားသုံးသောဆန်ကို ပြည်တွင်းတွင် ဈေးမတက်စေရန် ထိန်း ချုပ်လိုရ်ု ပြည်ပတင်ပို့ခွင့်ပိတ်ထားခြင်း သည် ရေရှည်တွင် တောင်သူလယ်သမား များ၏ ဖွံ့ဖြိုးတိုးတက်မှုကို များစွာ ထိခိုက်စေကြောင်း စီးပွားရေးပညာရှင် တစ်ဦးက သုံးသပ်သည်။

အဆိုပါအခြေအနေသည် The Voice Weekly Vol.1, No.42 တွင် အယ်ဒီတာတစ်ဦးရေးသားခဲ့သော 'ပို့ကုန် မြှင့်တင်ရေးသည်သာ' ဆောင်းပါးတွင် ပါဝင်သည့် ပြည်ပတင်ပို့လျှင် ပြည်တွင်း ဈေးမတက်သော်လည်း တိုင်းပြည်ဝင်ငွေ

မတိုး၊ တစ်ဦးချင်းဝင်ငွေမတိုးသော အခြေ အနေနိမ့်တွင် တည်ငြိမ်နေသည့် (Low Trap Equalibrium) ဟန်ချက်ညီသော မျှခြေတစ်ခုနှင့် များစွာကိုက်ညီနေသည်။ ယင်းဆောင်းပါးတွင် ပါဝင်သော ပြည်ပ တင်ပို့လျှင် ရရှိမည့် အကျိုးကျေးဇူးများ အရ ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့လျှင် တစ်ဦးချင်းဝင်ငွေတိုးခြင်း၊ တိုင်းပြည် ဝင်ငွေတိုးခြင်း၊ အခွန်အကောက်တိုး၍ ရရှိခြင်း၊ ကုန်သွယ်မှုလိုငွေလျှော့ချနိုင် ခြင်း၊ ပိုငွေပြန်ခြင်းအပြင် ကျွဲကူးရေပါ သဘောဆောင်သော အလုပ်အကိုင်အခွင့် အလမ်းပွင့်လာမည်ဖြစ်ပြီး တိုင်းပြည်ဝင် ငွေကောင်းခြင်းကြောင့် အခြေခံစီးပွားရေး အဆောက်အဦများ တိုးချဲ့တည်ဆောက် နိုင်မည်ဖြစ်ပြီး တောင်သူများအနေဖြင့်လည်း ရရှိသောဝင်ငွေဖြင့် ဆန်စက်ကဲ့သို့သော အရင်းအနှီးကြီးမားသည့်လုပ်ငန်းများကို ရင်းနှီးမြှုပ်နှံနိုင်မည် ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် အထက် တွင်ဖော်ပြပြီးဖြစ်သကဲ့သို့ မျိုးကောင်းမျိုး သန့်ဆန်များ စိုက်ပျိုးနိုင်ရေး၊ ကြိတ်ခွဲ သောဆန်စက်များကို အရည်အသွေးမီ ကြိတ်ခွဲနိုင်သော ဆန်စက်များဖြင့် အစား ထိုးရေးတို့ကို ဟန်ချက်ညီညီပြောင်းလဲလာ ခြင်း၊ လယ်သမားများ၏ အသိပညာ ရေချိန်မြင့်တက်လာခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု များ ပြုလုပ်နိုင်ရန်အတွက် ကုန်သွယ်ရေး ဆိုင်ရာ မူဝါဒများ ယခုထက်ပိုမိုပွင့်လင်း လာပါက အရည်အသွေးမီဆန်များ ပြည်ပ တင်ပို့ရေးသာမက အခြား နိုင်ငံဝင်ငွေ တိုးစေမည့် ကဏ္ဍအသီးသီးအတွက်ပါ အကျိုးရှိနိုင်ပါကြောင်း ကျွမ်းကျင်သူ ပညာရှင်များက တညီတညွှတ်တည်း ကောက်ချက်ချကြပါသည်။

သန်းထိုက်သူ

■

www.foreverspace.com.mm

ဘေးဥပဒ်ကင်းရှင်းရေးဦးစားပေးလာသည့် နိုင်ငံတကာရေထွက်ကုန်ဈေးကွက်နှင့် မြန်မာ့ရေထွက်ကုန်များ

ကျော်ဆန်းမင်း

မြန်မာနိုင်ငံ၏ အသားနှင့် ရေထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းသည် ပြည်တွင်းအသားတင်ထုတ်လုပ်မှု (GDP)၏ အဆင့်(၄)တွင်ရှိနေပြီး ရေထွက်ပစ္စည်းများ ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံအတွက် နိုင်ငံခြားငွေရှာဖွေပေးနေသည့် ကဏ္ဍတွင်လည်း အဆင့်(၄)နေရာ၌ရှိရာ ယင်းသို့ နိုင်ငံခြားငွေပိုမိုရရှိစေရန် အရည်အသွေးကောင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သော ပို့ကုန်များတိုးတက်တင်ပို့ရန် လိုအပ်လျက်ရှိပါသည်။

မြန်မာ့ရေထွက်ကုန်ကြွယ်ဝမှု

မြန်မာနိုင်ငံမှ မွေးမြူဖမ်းဆီးရရှိသော ရေထွက်ကုန်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်၊ ဩစတြေးလျနိုင်ငံ၊ အာဆီယံနိုင်ငံများ၊ အာရပ်နိုင်ငံများနှင့် အီးယူနိုင်ငံများအပါအဝင် နှစ်စဉ် နိုင်ငံပေါင်း ၄၀ သို့ ရေခဲရိုက်ပုံစံ၊ အေးခဲပုံစံ၊ ဆားနယ်၊ အခြောက်၊ အရှင်ပုံစံများဖြင့် အမျိုးမျိုးထုတ်လုပ်တင်ပို့ကာ နိုင်ငံခြားငွေရှာဖွေပေးလျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာန ဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ ပြည်ပပို့ကုန်အရည်အသွေးစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်လှက ဇန်နဝါရီလ ၂၈ ရက်နေ့တွင်ကျင်းပခဲ့သော ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း ပထမအကြိမ် နှစ်ပတ်လည်အစည်းအဝေးတွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ပင်လယ်ကမ်းရိုးတန်း ကီလိုမီတာ ၂၈၃၀ ခန့်ရှိပြီး၊ ပင်လယ်ပြင်တွင် နှစ်စဉ်ဖမ်းဆီးရရှိသည့်

www.foreverspace.com.mm

ရေထွက်ပစ္စည်းရောင်းချသူများ အနေဖြင့် ရေထွက်ပို့ကုန်များတွင် အလေးချိန်ပိုမိုရရှိစေရန် ငါး၊ ပုစွန်များတွင် ခဲ၊ သံနှင့် အခြားပစ္စည်းများ ထည့်သွင်းခြင်း၊ ရေထိုးခြင်းများကဲ့သို့ မသမာသောနည်းလမ်းများ အသုံးပြုခြင်းကြောင့် ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချရာ၌ လူကို အန္တရာယ်ဖြစ်စေသည့်အပြင် တင်ပို့သည့်ကုမ္ပဏီများအနေဖြင့် စျေးကွက်ဆုံးရှုံးရခြင်း၊ လျော်ကြေးပေးရခြင်းများရှိကြောင်း ရေထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးမျိုးအောင်က ပြောကြားသည်။

ရေထွက်ပစ္စည်းရောင်းချသူများ အနေဖြင့် ရေထွက်ပို့ကုန်များတွင် အလေးချိန်ပိုမိုရရှိစေရန် ငါး၊ ပုစွန်များတွင် ခဲ၊ သံနှင့် အခြားပစ္စည်းများ ထည့်သွင်းခြင်း၊ ရေထိုးခြင်းများကဲ့သို့ မသမာသောနည်းလမ်းများ အသုံးပြုခြင်းကြောင့် ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချရာ၌ လူကို အန္တရာယ်ဖြစ်စေသည့်အပြင် တင်ပို့သည့်ကုမ္ပဏီများအနေဖြင့် စျေးကွက်ဆုံးရှုံးရခြင်း၊ လျော်ကြေးပေးရခြင်းများရှိကြောင်း ရေထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးမျိုးအောင်က ပြောကြားသည်။

အဆိုပါ မသမာသောနည်းလမ်းများအသုံးပြုခြင်းကြောင့် လူကိုအန္တရာယ်ဖြစ်စေနိုင်သည့်အပြင် ဆုံးရှုံးမှုများရှိခြင်းကြောင့် ငါးလုပ်ငန်းဦးစီးဌာနမှ တင်းကျပ်စွာ တားဆီးပေးခဲ့ပြီး ရေထွက်ပစ္စည်းများ ရောင်းချသည့် စျေးများတွင် သွားရောက်စစ်ဆေးခဲ့ကြောင်း၊ ယင်းကဲ့သို့သောကိစ္စများမရှိသလောက် နည်းပါးသွားပြီဖြစ်ကြောင်း ၎င်းကဆိုသည်။

ရန်ကုန်မြို့ရှိ Jetty၊ ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများမှာ ငါး၊ ပုစွန်များကို နံနက် ၈ နာရီ၊ ၉ နာရီခန့်မှ စတင်ရောင်းချရာ ကုမ္ပဏီစက်ရုံများသို့ ကုန်ကြမ်းများ နေ့လယ် ၁၂ နာရီခန့်မှရောက်ရှိသဖြင့် ငါး၊ ပုစွန်များ လတ်ဆတ်မှုထိခိုက်ခြင်း၊ နံနက်ပိုင်းတွင် စက်ရုံများ၌ ကုန်ကြမ်းမရှိသောကြောင့် ဝန်ထမ်းများအားလပ်နေရခြင်း၊ အလုပ်ချိန်စောသိမ်းပေးရသဖြင့် ထုတ်လုပ်မှုမပြီးစီးပဲ ကုန်ကြမ်းများထိန်းသိမ်းရသဖြင့် လတ်ဆတ်မှုကျဆင်းကြောင်း စက်ရုံလုပ်ငန်းရှင်များက ဆိုသည်။

ပြည်ပနိုင်ငံများတွင် ရေထွက်ကုန်ကြမ်းများကို နံနက်စောစောပိုင်းတွင် အရောင်းအဝယ်လုပ်လေ့ရှိသောကြောင့် နေပူမထိ၍ ပိုမိုလတ်ဆတ်ကြောင်း၊ Jetty များမှာ ဖမ်းဆီးရမိသောငါးများကို ငါးဖမ်းစက်လှေတွင်ပါရှိသော အအေးခန်းများတွင်ထည့်သွင်းထားပြီး ကမ်းသို့ အချိန်တိုအတွင်း အရောက်ပို့နိုင်ခြင်းကြောင့် ပိုမိုလတ်ဆတ်ကြောင်း ရေထွက်ကုန်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိုးထွန်းရှိန်က ဆိုသည်။

မြန်မာနိုင်ငံရှိ ငါးဖမ်းသင်္ဘောများတွင် အအေးခန်းမပါရှိခြင်း၊ ကမ်းရောက်ရန် အချိန်ယူရခြင်းတို့ကြောင့်လည်း ဖမ်းဆီးရမိသော ငါး၊ ပုစွန်များမှာ အရည်အသွေးကျဆင်းရကြောင်း ရေထွက်ပစ္စည်းထုတ်ကုန်များ၏ ကုန်ကြမ်း ငါး၊ ပုစွန်များမှာ အရည်အသွေးမပြည့်ဝမှုကြောင့် ရေထွက်ကုန်များလည်း အရည်အသွေးကျဆင်းပြီး စျေးကွက်အတွင်း စျေးကောင်းမရကြောင်း စျေးကွက်အတွင်းမှ သုံးသပ်ကြသည်။

ကမ္ဘာနိုင်ငံများတွင် နိုင်ငံအလိုက် ဘေးအန္တရာယ်ကင်း၍ အရည်အသွေးပြည့်မီသည့်အစားအသောက်များရရှိရေးအတွက် ချမှတ်ကျင့်သုံးသည့်နည်းစနစ်များမှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူတတ်ပါ။ အချို့နိုင်ငံများတွင် ဘေးအန္တရာယ်ကင်းရှင်းရေးသတ်မှတ်ချက်များ အလွန်တင်းကျပ်မြင့်မားသော်လည်း အချို့နိုင်ငံများ၌ သတ်မှတ်ချက်များမှာ အလွန်လျော့နည်းတတ်ပါသည်။

သတ်မှတ်ချက်များ အလွန်တင်းကျပ်သည့်အတွက် ကမ္ဘာကုန်သွယ်ရေးအဆင်ပြေချောမွေ့မှုကို အနည်းနှင့်အများ ထိခိုက်မှုကြုံတွေ့နိုင်ပြီး ဘေးအန္တရာယ်ကင်းရှင်းရေးသတ်မှတ်ချက် အလွန်လျော့နည်းပါက စားသုံးသူများ၏ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ရန်လုံလောက်မှုမရှိခြင်းတို့ကြောင့် ဒေသခံအာဏာပိုင်များအနေဖြင့် ထုတ်လုပ်လိုက်သည့်အစားအသောက်များသည် ဘေးအန္တရာယ်ကင်းရှင်းပြီး စားသုံးသူများကို အန္တရာယ်မဖြစ်စေရန် အာမခံကြရပါသည်။

စနစ်တကျထုပ်ပိုးထုတ်လုပ်မှုနှင့် ဘေးအန္တရာယ် ကင်းရှင်းစေရေး

ယခင်က အစားအသောက်ထုတ်လုပ်ရာတွင် GMP ဟုခေါ်သည့် ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်နှင့် ကုန်ချောကိုသာ စစ်ဆေးသည့်စနစ်ကို ကျင့်သုံးခြင်းပြုခဲ့သည်။ ယင်းစနစ်မှာ စစ်ဆေးမှုကို ထုတ်လုပ်ထားသောပစ္စည်းများမှ ရာခိုင်နှုန်းအနည်းငယ်သာ ကောက်ယူစစ်ဆေးရသောကြောင့် စားသုံးသူကို အန္တရာယ်ကင်းမှုရာနှုန်းပြည့်မပေးနိုင်

www.foreverspace.com.mm

ကြောင်း တွေ့ရသည်။

ကုန်ချောထုတ်လုပ်သည့်အဆင့်ရောက်မှ မှားယွင်းမှုတွေ့ရှိပါက ပြုပြင်ရန်မဖြစ်နိုင်တော့ခြင်း၊ စီးပွားရေးအရ ဆုံးရှုံးနစ်နာမှုကြီးမားခြင်းတို့ကြောင့် ယခုနောက်ပိုင်း ဖမ်းဆီးမွေးမြူသည်မှ ကုန်ချောရသည်အထိ အဆင့်တိုင်းတွင် ပါဝင်စစ်ဆေးသည့် စနစ်တစ်မျိုးဖြစ်သည့် HACCP စနစ် ပေါ်ပေါက်လာသည်။

အဆိုပါစနစ်သည် အစားအသောက်ထုတ်လုပ်မှုတွင် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များကို စိစစ်ခြင်းနှင့် အဓိကကျသောအဆင့်ကို ထိန်းသိမ်းကွပ်ကဲခြင်းဖြစ်ပြီး ယင်းစနစ်ကို ကျင့်သုံးခြင်းဖြင့် ဘေးအန္တရာယ်ကင်းသောအစားအသောက်များကို ရနိုင်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးတင်လှက ဆိုသည်။

ၛင်း HACCP (Harards Analysis Critical Control Point) စနစ်ကို အမေရိကန်ပြည်ထောင်စုရှိ Pillsbury Co., NASA (National Aeronautical Space Agency) နှင့် US Army Laboratories မှ ၁၉ဖိ၀ အစောပိုင်းကာလတွင် လကမ္ဘာသို့သွားမည့် အာကာသယာဉ်မှူးများအတွက် ရာနှုန်းပြည့်ဘေးအန္တရာယ်ကင်းသည့်အစားအစာများ ထုတ်လုပ်မှုမှ စတင်သုံးလာကြကြောင်း မှတ်တမ်းများအရ သိရသည်။

HACCP စနစ်မှာ ထုပ်ပိုးပြုပြင်၍ စားသုံးရန်အသင့်ဖြစ်ပြီးသောအဆင့်ကိုရောက်ရှိသည့် အစားအသောက်ကို စစ်ဆေးခြင်းထက် အစားအသောက်ထုတ်လုပ်သော လုပ်ငန်းစဉ်အဆင့်ဆင့်တို့တွင် ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်တို့ကို ကြိုတင်စီစဉ်၍ အဆင့်လိုက်ထိန်းသိမ်းကွပ်ကဲခြင်း ဦးစားပေးထားသည့်စနစ်ဖြစ်သည်။

ယင်းစနစ်သည် အစားအသောက်ထုတ်လုပ်မှုတစ်လျှောက် ကုန်ကြမ်းမှ စားသုံးရန်အဆင့်ရောက်သည်အထိ အဓိကကျသောအဆင့်များတွင် ကွပ်ကဲထိန်းသိမ်းခြင်းများကို ဆင့်ကဲဆင့်ကဲဆောင်ရွက်သွားခြင်းကြောင့် ထုတ်လုပ်သည့် အစားအသောက်၏ ချို့ယွင်းမှုများကို အချိန်မီပြုပြင်ထိန်းသိမ်းနိုင်သည်။

နိုင်ငံတကာဈေးကွက်တွင် စိတ်ချရသောအစားအသောက် (Safety Food) ရရှိစေရန်အတွက် HACCP စနစ်ကို ကျင့်သုံး၍ ထုတ်လုပ်လိုက်သည့်အစားအသောက်များကိုသာ လက်ခံ၀ယ်ယူလိုလာကြခြင်းမှာ အစားအသောက်ကုန်သွယ်မှုဈေးကွက်၏ အဓိကကျသောအချက်ဖြစ်ပြီး နိုင်ငံတကာဈေးကွက်သို့ တင်ပို့နေသောနိုင်ငံများအနေဖြင့် HACCP စနစ်ကျင့်သုံးရန် တိုက်တွန်းဖိအားပေးနေသကဲ့သို့ပင် ဖြစ်နေသည်။

ဥရောပနိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စုတို့တွင် HACCP စနစ်မကျင့်သုံးသည့်နိုင်ငံများမှ ထုတ်လုပ်လိုက်သည့် ငါး၊ ပုစွန် ရေထွက်ပစ္စည်းများ မ၀ယ်ယူရန် ကန့်သတ်ထားခြင်းကြောင့် ယင်းစနစ်ကို မကျင့်သုံးနိုင်ပါက ရေရှည်တွင် နိုင်ငံတကာဈေးကွက်ရရှိမှုလျော့နည်းလာနိုင်ကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှာလည်း ငါး၊ ပုစွန် ရေထွက်ပစ္စည်းများ ထုတ်လုပ်ရာတွင် HACCP စနစ်ကျင့်သုံးလာပြီဖြစ်ကြောင်း ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များမှ ထုတ်ဝေသော စာတမ်းတွင် ဖော်ပြထားသည်။

ယခုအခါ မြန်မာနိုင်ငံတွင်လည်း HACCP စနစ် ဖွံ့ဖြိုးတိုးတက်စေရန် ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်ပံ့ပိုးမှုဖြင့် အအေးခန်းစက်ရုံများတွင် လုပ်ငန်းခွင်မပျက်သင်ယူနိုင်ရန်နှင့် လက်တွေ့လေ့ကျင့်နိုင်ရန် လုပ်ငန်းခွင်လက်တွေ့သင်တန်းများတွင်လည်းကောင်း၊ အသေးစားဓာတ်ခွဲခန်းများတွင်လည်းကောင်း တာ၀န်ထမ်းဆောင်နေကြသော၀န်ထမ်းများ လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိစေရေးအတွက် အဏုဇီ၀ပိုးမွှားစစ်ဆေးခြင်းနှင့် ကောင်းမွန်သောဓာတ်ခွဲခန်းကျင့်စဉ် သင်တန်းများကို ဇန်နဝါရီလဆန်းပိုင်းမှ ပို့ချလျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးခင်ကိုလေးက ရှင်းပြသည်။

နိုင်ငံတကာရှိ ရေထွက်ကုန်ပစ္စည်းဈေးကွက်များတွင် မြန်မာနိုင်ငံမှ ရေထွက်

ရေထွက်ကုန်များ အရည်အသွေးကောင်းမွန်ပါက ဈေးကွက်အတွင်း ဈေးကောင်းရမည်

www.foreverspace.com.mm

ကုန်ပစ္စည်းများ ဈေးကွက်လုပ်ပြီး ဈေးကောင်းရစေရန် အရည်အသွေးစံချိန်မီစေရန်အတွက်သာမက စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေးတို့နှင့် လည်းညီညွတ်ရန်လိုအပ်ကြောင်းကို မြန်မာလုပ်ငန်းရှင်အများစုအနေဖြင့် ယေဘုယျလက်ခံနားလည်ထားကြပါသည်။

Safety Food သည် ရေထွက်ပစ္စည်းတင်ပို့ရေးတွင် အဓိကကျသောအချက်တစ်ခုဖြစ်သည့်အပြင် ကုန်သွယ်ရေးအတားအဆီးများကိုပါ ကျော်လွှားစေနိုင်ပါသည်။ ပြည်ပဈေးကွက်သို့ တင်ပို့လိုက်သော ရေထွက်ကုန်များ Safety Food မဖြစ်ပါက ကွန်တိန်နာအလိုက် အပယ်ခံရခြင်း၊ ဖျက်ဆီးခံရခြင်း စသောဆိုးကျိုးရလဒ်များ ဖြစ်ပေါ်နိုင်ပါသည်။

မြန်မာနိုင်ငံတွင် ရေထွက်ပစ္စည်းထုတ်လုပ်သောစက်ရုံ ၁၀၀ ကျော်တွင် စက်ရုံ ၂၅ ရုံခန့်သာ HACCP စနစ်ကို အပြည့်အဝကျင့်သုံးသဖြင့် ASEAN Economic Co-operation ကဏ္ဍ၊ 11 Priority Sector (ဦးစားပေးကဏ္ဍ ၁၁ ချက်) ပါ ငါးကဏ္ဍပူးပေါင်းရေးတွင် အခက်အခဲများတွေ့နိုင်ကြောင်း ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးတင်လှက သုံးသပ်သည်။

နိုင်ငံ၏ ဦးစားပေးကဏ္ဍ ၁၁ ရပ်တွင် ငါး၊ ပုစွန် ပြုပြင်ထုတ်လုပ်သော စက်ရုံများအနေဖြင့် ၂၀၀၆ ခုနှစ်တွင် HACCP စနစ်ကျင့်သုံးရန် Road Map ၌ ဖော်ပြထားကြောင်း၊ ယင်းကြောင့် မြန်မာနိုင်ငံရှိ ရေထွက်ကုန်စက်ရုံများအနေဖြင့် HACCP စနစ်ကျင့်သုံးနိုင်ရန် စတင်လုပ်ဆောင်သင့်ပြီဖြစ်ကြောင်း ၎င်းကတိုက်တွန်းပြောကြားသည်။

HACCP စနစ်ကြောင့် ဘေးအန္တရာယ်ကင်းသော အစားအသောက်များကို ရနိုင်သည်

သန့်ရှင်းမှုရှိစေရေး

ငါး၊ ပုစွန်ရေထွက်ပစ္စည်းများ ပြုပြင်ထုတ်လုပ်မှုလုပ်ငန်းတွင် ပြုပြင်ထုတ်လုပ်သူများအနေဖြင့် ထုတ်လုပ်လိုက်သည့် ငါး၊ ပုစွန်ရေထွက်ပစ္စည်းများကို သန့်ရှင်းပြီး စားသုံးသူများ အန္တရာယ်မဖြစ်စေရန်အတွက် ထုတ်လုပ်မှုလုပ်ငန်းနှင့် တိုက်ရိုက်ဆက်နွယ်နေသည့် ဝန်ထမ်းများ၊ ပစ္စည်းကိရိယာများ သန့်ရှင်းရန် အထူးလိုအပ်လှသည်။ ငါး၊ ပုစွန်များကို အပူချိန်ထိန်းရန် အသုံးပြုသည့်ရေခဲနှင့် ငါး၊ ပုစွန်များ ဆေးကြောသည့်ရေများကို သောက်သုံးရေအဆင့်ရှိသော ရေခဲနှင့် ရေများသာ အသုံးပြုသင့်ကြောင်း၊ ပြုပြင်ထုတ်လုပ်ရေးစက်ရုံတွင် ကြွက်၊ ယင်၊ ပိုးဟပ်၊ ပုရွက်ဆိတ်၊ ငှက်တို့ မရှိစေရန် ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း ရေထွက်ပစ္စည်းလုပ်ငန်းရှင် ဦးအောင်နိုင်ကဆိုသည်။

အသိပညာဗဟုသုတအရေးကြီး

မြန်မာနိုင်ငံရှိ အအေးခန်းစက်ရုံဝန်ထမ်းအများစုမှာ လုပ်ငန်းပိုင်းကျွမ်းကျင်ကြသော်လည်း စနစ်တကျလုပ်ဆောင်တတ်မှု၊ နိုင်ငံတကာစံနှုန်းများ စသော ပညာဗဟုသုတပိုင်း အားနည်းချက်များ ရှိနေသည်ကို လေ့လာသိရှိရသည်။ နိုင်ငံတကာဈေးကွက်မှ လိုအပ်သောဘေးဥပဒ်ကင်းစင်သည့် သန့်ရှင်းသန့်စင်သော ရေထွက်ပစ္စည်းများ ထုတ်လုပ်နိုင်ရန်မှာ အဆိုပါ ရေထွက်ပစ္စည်းထုတ်လုပ်သူ အလုပ်သမားများ၏ အသိပညာဗဟုသုတ ရေချိန် ထိုက်သင့်သလောက်မြင့်မားနေရန် လိုအပ်လှသည်။

နိုင်ငံတကာဈေးကွက်တွင် မြန်မာ့ရေထွက်ကုန်ပစ္စည်းများ ဈေးကွက်ခိုင်မာစေရန်၊ နိုင်ငံခြားငွေ တိုးတက်ရရှိပြီး တိုင်းပြည်၏ GDP မြင့်မားလာစေရန် မြန်မာ့ရေထွက်ကုန်ပစ္စည်းထုတ်လုပ်သူများ၊ ရေလုပ်သားများ၊ စက်ရုံဝန်ထမ်းများကို နည်းပညာ၊ အသိပညာနှင့် ဗဟုသုတတိုးတက်ရရှိစေရန် စက်ရုံလုပ်သားများအနေဖြင့် စီမံကိန်းများ ချမှတ်ဆောင်ရွက်ရန်လိုအပ်နေပြီ ဖြစ်ပါသည်။

ကျော်ဆန်းမင်း

■

www.foreverspace.com.mm

ဤကဏ္ဍတွင်.....
၇၈ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီသောလယ်ယာ
၈၂ ပို့ကုန်တိုးချဲ့ရေးနှင့် အနာဂတ်စီးပွား

ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီသောလယ်ယာ

ဒေါက်တာမောင်မောင်စိုး (ဘောဂပေဒ)

ကျေးလက်နေလူတန်းစားများသည် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းကြသည်။ ကျေးလက်နေလူတန်းစားများ၏ ဘဝသည် စိုက်ပျိုးရေးသာဖြစ်သည်ဟု အထင်ရောက်စရာရှိသည်။ အမြင်လည်း ဖြစ်ပေါ်လာနိုင်သည်။ လက်တွေ့ဘဝတွင် စိုက်ပျိုးရေးသည် ကျေးလက်နေလူများအတွက် စားဝတ်နေရေးသာမကဘဲ မြို့နေလူထုအတွက် လိုအပ်သော စားနပ်ရိက္ခာများကို ဖြည့်ဆည်းပေးရန်အတွက်လည်းကောင်း၊ စက်မှုလုပ်ငန်းများအတွက် လိုအပ်သော စက်မှုကုန်ကြမ်းသီးနှံများကို ဖြည့်ဆည်းပေးရန်အတွက်လည်းကောင်း၊ လိုအပ်သောလုပ်အားဖြည့်ဆည်းပေးနိုင်မှုနှင့် လယ်ယာကဏ္ဍမှရရှိခဲ့သည့် အရင်းအနှီးများကို အရင်းအနှီး လိုအပ်သော အခြားကဏ္ဍပုံ့ပိုးမှုများအတွက် အထောက်အကူဖြစ်စေပါသည်။

အခြားတစ်ဖက်တွင်လည်း ထုတ်လုပ်မှုကိုလေ့လာမည်ဆိုပါက ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ လယ်ယာပေါ်တွင် လုပ်အားသုံးစွဲမှုအခြေအနေလည်း ခြားနားသည့် အခြေအနေရှိနေပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများသည် အရင်းအနှီးစူးစိုက်သုံးစွဲသောနည်းလမ်း (Capital Intensive Technology) ကို အသုံးပြုလေ့ရှိသည်။ စက်အင်အားဖြင့် လယ်ယာကို ထွန်ယက်စိုက်ပျိုးကြခြင်းဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် လုပ်အားကို စူးစိုက်သုံးစွဲရသောနည်းလမ်း (Labor Intensive Technology) ကို အားထားရဆဲဖြစ်သည်။ လုပ်အားကိုအခြေပြုပြီး ထုတ်လုပ်သော လယ်ယာထုတ်ကုန်များသာဖြစ်သည်။

ယင်းအတွက် ဝယ်လိုအားရှုထောင့်အရဖြစ်စေ၊ ရောင်းလိုအားရှုထောင့်အရ ဖြစ်စေ၊ အားမျှခြေသဘောအရဖြစ်စေ စဉ်းစားစရာများ ဖြစ်လာပါသည်။ ပထမအချက်မှာ စက်မှုလယ်ယာထူထောင်ရေးဖြစ်သည်။ စက်မှုလယ်ယာထူထောင်ရေးသည် တိုင်းပြည်အတွက်အရေးကြီးသည်မှာ အမှန်ဖြစ်သည်။ များသောအားဖြင့် စိုက်ပျိုးသောလယ်ယာများသည် လုပ်ကွက်ငယ်သည့် ပြဿနာဖြစ်သည်။ တစ်နည်းအားဖြင့် လယ်ယာစိုက်ပျိုးရေးကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးနေကြခြင်း ဖြစ်သည်။ တစ်ဦးချင်း ဈေးကွက်ကို လွှမ်းမိုးထားနိုင်သော အပိုင်းသည် အလွန်သေးလွန်းသည်။ ဈေးကွက်ကို မည်သည့်တောင်သူကမျှ လွှမ်းမိုးချုပ်ကိုင်ထားနိုင်သော အင်အားမရှိကြ။ ထို့ကြောင့်လည်း

www.foreverspace.com.mm

ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လယ်ယာထုတ်လုပ်မှုကို အပြည့်ပြိုင်ဆိုင်မှု ဈေးကွက် (Perfect Competition Market) အသွင်ဖြင့် တင်စားခေါ်ကြခြင်းဖြစ်သည်။ စက်မှုလယ်ယာစိုက်ပျိုးရေး သို့မဟုတ် စီးပွားဖြစ်စိုက်ပျိုးရေးလုပ်တော့မည်ဆိုလျှင် စိုက်ပျိုးမြေများသည် တစ်ဆက်တစ်စပ်တည်းဖြစ်ရန်လိုသည်။ လယ်ယာမြေ အရွယ်အစားပြုပြင်ပြောင်းလဲရန် (Land Reform) လိုလာသည်။ ယင်းသည်လည်း မလွယ်သော ကိစ္စဖြစ်သည်။ ပေါ်လစီပိုင်းနှင့် သက်ဆိုင်သည်။

ဒုတိယအချက်မှာ လုပ်ကွက်ငယ်ဖြင့် လုပ်ကိုင်နေသူများသည် များသောအားဖြင့် အရင်းအနှီးလည်း ပိုင်ဆိုင်မှုနည်းတတ်သည်။ အရင်းအနှီးပိုင်ဆိုင်မှုနည်းသည်နှင့်အမျှ စက်မှုအတွက်လိုအပ်သော သွင်းအားစုများဝယ်ယူမှုသည် အခက်အခဲရှိနိုင်သည်။ ချေးငွေအရစ်ကျစနစ်ဖြင့် ဝယ်ယူရရှိသည့်တိုင် နောက်ဆက်တွဲ သွင်းအားစုများ အသုံးပြုရသည့်အတွက် ကုန်ကျစရိတ်လည်း ရှိနိုင်သည်။ စရိတ်တိုင်းတွင် ရင်းနှီးမတည်မြဲစရိတ် (Capital Cost or Fixed Costs) များရှိသည့်တိုင်၊ ယင်း Capital Cost or Fixed Costs များ အတွက်လည်ပတ်ရသောစရိတ် (Running Cost or Current Cost or Working Capital Cost) သည်လည်း အရေးကြီးသော စရိတ်တွင် ပါဝင်နေပါသည်။ စက်ပစ္စည်းရှိပြီး လောင်စာဖိုး၊ ပြုပြင်စရိတ်ဖိုး၊ လည်ပတ်မှုစရိတ်များမတတ်နိုင်လျှင် ယင်းစက်ကိရိယာအနေဖြင့် လုပ်စားရန်မလွယ်ကူပါ။ ယင်းသည် စက်မှုလယ်ယာ ထူထောင်ရာတွင် တွေ့ရှိနိုင်သည့်အခက်အခဲများပင်ဖြစ်သည်။

သို့သော်လည်း စက်မှုလယ်ယာထူထောင်ရေးတွင် ယင်းသို့သော အခက်အခဲများရှိသည့်တိုင် ယင်းအခက်အခဲများကို ကျော်လွှားနိုင်မည်ဆိုပါကလည်း အခွင့်အလမ်းရရှိမှုများသည် သာမန်တစ်ပိုင်တစ်နိုင်ဝမ်းစာအဆင့်ထက် များစွာသော အကျိုးကျေးဇူးများ ရှိနိုင်ပါသည်။ အဓိကအခွင့်အရေးမှာ အကြီးစားထုတ်လုပ်မှုမှ ရရှိသောအကျိုးကျေးဇူး (Benefits from the Large Scale Production) ပင်ဖြစ်သည်။ ထို့ပြင် အကြီးစားထုတ်လုပ်ခြင်းမှ အရည်အသွေးမီ၊ စံချိန်မီ ထုတ်ကုန်များရရှိမှုလည်း ဖြစ်လာနိုင်ပါသည်။ များများတင်ပို့နိုင်သောအကျိုးကျေးဇူးသည် ဈေးကွက်ရှယ်ယာကိုလည်း ပိုမိုကျယ်ပြန့်စေပါသည်။

အထူးအရေးပါသော အကျိုးကျေးဇူးကား အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် လယ်ယာစိုက်ပျိုးရေးတွင် စိုက်ပျိုးထုတ်လုပ်မှုသာမက ဈေးကွက်ပါကျယ်ပြန့်လာသည်နှင့်အမျှ အပြန်အလှန်အားဖြင့် လယ်ယာကဏ္ဍအတွက် တင်သွင်းမှုဈေးကွက်သည်လည်း ပိုမိုကျယ်ပြန့်လာပါလိမ့်မည်။ ဈေးကွက်သဘောအရ မိမိထုတ်ကုန်အတွက် ဈေးကွက်ပွင့်လာသည်နှင့်အမျှ ထိုထုတ်လုပ်မှုအတွက် လိုအပ်မည့် သွင်းအားစုများတင်သွင်းရမည့်ဈေးကွက်လည်း အပြန်အလှန် ရှိလာခြင်းဖြစ်သည်။ ရောင်းချလိုက်သည့်ဈေးကွက်ဖြစ်လာသလို ဝယ်ယူတင်သွင်းသည့်ဈေးကွက်လည်း ဖြစ်လာလေ့ရှိသည်။ များသောအားဖြင့် ဈေးကွက်ပျောက်ရခြင်း သဘောတရားတွင် ရောင်းချရမည့်ဈေးကွက်ကိုသာ အာရုံပြုထားပြီး ဝယ်ယူမှုအတွက်ကိုမူ လက်နေးပြီး မဆုံးဖြတ်ကြသော တစ်ဖက်သတ်အယူကြောင့် မိမိဈေး ကွက်ပါပျက်ရသောသဘောမျိုးများသည် မျက်မှောက်ခေတ်စီးပွားရေးတွင် အားနည်းချက်တစ်ရပ်အဖြစ် မြင်နေရသည်။ အမှန်အားဖြင့် ဈေးကွက်ကျယ်ပြန့်မှုနှင့် တည်ငြိမ်မှုအနေအထားများသည် အပြန်အလှန်အခြေအနေ (Reciprocal Relationship Concepts) များမရှိသောကြောင့် ဈေးကွက်ပျောက်နေခြင်းဖြစ်သည်။

လယ်ယာထုတ်လုပ်မှု၏ အခြေခံအကြောင်းတရားသည် ရိက္ခာဖူလုံရေးအတွက်ပင်ဖြစ်သည်။ ရိက္ခာဖူလုံမှုအဆင့်သည် ဘောဂဗေဒသဘောတရားအရ လိုအပ်ချက် (The need for food) ကို ဖြည့်ဆည်းခြင်းပင်ဖြစ်သည်။ ဈေးကွက်ကျယ်ပြန့်လာမည်ဖြစ်ပါက ဝယ်လိုအား (The Effective Demand for Food) ကိုပါ ဖြည့်ဆည်းပေးရာရောက်ပါသည်။ လူ့ဘဝ သည် လိုအပ်ချက်နှင့်လည်း မပြည့်စုံသေး ပါ။ လိုအပ်ချက်များတွင် ကြိုက်ရာရွေး ချယ်စားသုံးနိုင်သော The Effective Demand for Food ပြည့်စုံမှသာ လူ့ဘဝ တိုးတက်သည်ဟု ပြောနိုင်ပါသည်။

တိရစ္ဆာန်များဘဝသည် လိုအပ်ချက်သာ ဖြစ်သည်။ ဥပမာ–နွားသည် မြက်စားမည်။ ကောက်ရိုးစားမည်။ နမ်းဖတ်လောက်တော့ အဆင့်မြင့်မြင့်စားနိုင်မည်။ ရေသောက်မည်။ နွား ပလာတာမစားဟူသော စကား ရှိပါသည်။ ကျော်နီဝါးကားလည်း မသောက်တတ်ပါ။ (ရှားရှားပါးပါး လေ့ကျင့်ထားမည်ဆိုပါက သဘာဝလွန်ဖြစ်ရပ်သာဖြစ်ပါမည်။) ထိုတိရစ္ဆာန်များဘဝသည် လိုအပ်ချက်သာဖြစ်သည်။ လူသည်ကား ကောင်းနိုးရာရာ ရွေးချယ်စားသုံးကြသည်။ ရွေးချယ်မှုအခွင့်အလမ်းများလာသည်နှင့်အမျှ လူ့ဘဝအဆင့်အတန်းလည်း မြင့်လာသော သဘောရှိသည်။ ရွေးချယ်မှုအခွင့်အလမ်းများလာမှု၊ နည်းလာမှုများသည် ဈေးကွက်ပေါ်တွင်မူတည်သည်။ ဈေးကွက်ကျယ်ပြန့်ပြီး တည်ငြိမ်လာသည်နှင့်အမျှ လူတို့၏ဘဝလည်း သာယာဝပြောလာသောသဘော ရှိပါသည်။ ယင်းကိုပင်လျှင် တိုးတက်ဖွံ့ဖြိုးမှုဟု ခေါ်ဆိုကြခြင်းဖြစ်သည်။

လိုအပ်ချက်နှင့် ရွေးချယ်နိုင်မှုအခွင့်အလမ်းများသည် တူညီမှုမရှိဟုဆိုနိုင်သော်လည်း ဆက်စပ်မှုတော့ ရှိကြပါသည်။ စီးပွားရေးသဘောတရားတွင် အခြေခံသည့် လိုအပ်သောအစားအစာ (The need for food) များ ပြီးပြည့်စုံမှု ရှိပြီးမှသာ လိုအပ်သောရွေးချယ်မှု (The

www.foreverspace.com.mm

Effective Demand For Food) အတွက် စဉ်းစားရသောသဘော ရှိပါသည်။

သီအိုရီအရ အစားအစာများ ဝယ်လိုအားနှင့် ယင်းတို့၏ ဈေးနှုန်းများသည် ပြောင်းပြန်ဆက်စပ်ပြောင်းလဲကြသည်ဟု တင်ပြထားပါသည်။ ကုန်စည်တစ်မျိုး၏ ဈေးနှုန်းတက်လျှင် ထိုကုန်စည်အပေါ် ဝယ်လိုအား ကျဆင်းသွားပြီး ထိုကုန်စည်၏ ဈေးနှုန်း ကျဆင်းမည်ဆိုပါက ထိုကုန်စည်၏ ဝယ်လိုအားတက်လာသည်ဟု ဆိုပါသည်။ ယင်းကို ဝယ်လိုအားဥပဒေသ (The Law of Demand) ဟုလည်း ခေါ်ကြပါသည်။ သီအိုရီအရ ပြဋ္ဌာန်းမှုဖြစ်သော်လည်း ဈေးနှုန်းများကျဆင်းသည်ဖြစ်စေ၊ တက်သွားသည်ဖြစ်စေ အဓိကမှာ ဝယ်ယူနိုင်စွမ်းအားမရှိလျှင် ဝယ်လိုအား ကျဆင်းသွားမည်ဖြစ်ပါသည်။ ဝယ်ယူနိုင်စွမ်းအားရှိနေသရွေ့ ကာလပတ်လုံးလည်း ဈေးတက်သည့်တိုင်အောင် လိုအပ်သော၊ ဝယ်ချင်သောဆန္ဒရှိသော ကုန်စည်မျိုးများကို ဝယ်ယူနေကြဦးမည်ဖြစ်ပါသည်။

ထို့ကြောင့် ဈေးနှုန်းထက် အခြားသော ဝယ်ယူနိုင်စွမ်းအားတိုးစေသည့် အကြောင်းတရားများက ပိုမိုအရေးပါလာသည်။ များသောအားဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဝယ်ယူကြခြင်းများသည် ဈေးနှုန်းဟူသော အကြောင်းတရားကြောင့်ချည်း မဟုတ်ပါ။ ဥပမာအားဖြင့် ပြောရမည်ဆိုပါက လူဦးရေတိုးပွားလာလျှင်လည်း မဝယ်မဖြစ်ဝယ်ရတော့မည်ဖြစ်သည်။ အချို့သော ပုဂ္ဂိုလ်များသည် ဝင်ငွေကောင်းလွန်းနေသောကြောင့် ဈေးနှုန်းများ တရိပ်ရိပ်တက်နေသည့်တိုင် အသုံးမပျက်၊ အစားအသောက်မပျက်သော လူများလည်း ရှိကြပါသည်။ တစ်ဦးကျဝင်ငွေမြင့်မားလာသည်နှင့်အမျှ ဝယ်လိုအားလည်း တိုးလာနိုင်ပါသည်။

များသောအားဖြင့် ဝယ်လိုအားသဘောသည် ဈေးနှုန်းထက် ဝင်ငွေအခြေအနေက ပိုမိုဆက်စပ်လျက် ရှိပါသည်။ လူဦးရေတိုးပွားလာခြင်းသည်လည်း ကုန်စည်များအပေါ် ဝယ်လိုအားတိုးပွားစေသည်ဟု ဆိုနိုင်သည့်တိုင် ဝင်ငွေမရှိပါက ဝယ်လိုအားလည်း တိုးလာစရာလမ်းမရှိပါ။ စားသုံးကုန်စည်များသည် လယ်ယာထွက်ကုန်များသာ ဖြစ်ပါသည်။ ထို့ကြောင့် စားသုံးကုန်စည်နှင့် ဝင်ငွေဆက်စပ်မှုအခြေအနေကို တင်ပြကြရာတွင် လယ်ယာထုတ်ကုန်များ ဝယ်ယူစားသုံးမှုအခြေအနေနှင့် ဝင်ငွေရရှိနိုင်မှုအပေါ်တွင်သာ ဆက်စပ်စဉ်းစားလေ့ ရှိကြပါသည်။ ထိုသို့ ဆက်စပ်စဉ်းစားကြရာတွင်လည်း နိုင်ငံအလိုက် မတူသော အခြေအနေများကို တွေ့နိုင်ပါသည်။

ဖွံ့ဖြိုးပြီးတိုင်းပြည်များတွင် ဝင်ငွေနှင့် စားသောက်ကုန်စည်များ ဆက်စပ်မှုအားသည် ဖွံ့ဖြိုးဆဲနိုင်ငံများလောက် ဆက်စပ်မှုအားမကောင်းကြောင်း တွေ့ရှိရသည်။ အဓိကအကြောင်းရင်းသည် သူတို့၏ဝင်ငွေများသည် ဖူလုံမှုအဆင့်ထက် မြင့်နေသောကြောင့် ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် လေ့လာရာတွင်များသော အားဖြင့် လယ်ယာထွက်ကုန်များဝယ်ယူစားသုံးမှုနှင့် စားသုံးသူဝင်ငွေများဆက်စပ်မှုအခြေအနေများသည် ဆက်စပ်မှုအားကောင်းကြသည်ကို တွေ့ရပါသည်။ သို့သော်လည်း ဆက်စပ်မှုအခြေအနေသည် မတူကြပါ။ ဝင်ငွေအဆင့်နိမ့်သော အိမ်ထောင်စုများတွင် ဝင်ငွေနှင့် စားသုံးကုန်စည်များ၏ အပြန်အလှန်ဆက်စပ်မှုသည် အပေါင်းလက္ခဏာဆောင်နေတတ်ပါသည်။ တစ်နည်းအားဖြင့် ဝင်ငွေများများရလာသည်နှင့်အမျှ စားကုန်ကုန်စည်အပေါ် သုံးစွဲမှုလည်း များလာလေ့ ရှိပါသည်။ ဝင်ငွေအဆင့်မြင့်ပြီးသားသူများအတွက်မူ ဝင်ငွေထပ်တိုးပွားမှုသည် အခြေခံစားကုန်ဖူလုံပြီးသားဖြစ်၍ စားသုံးကုန်စည်အပေါ် ပိုမိုသုံးစရာ မလိုတော့သည့်အလျောက် စားသုံးကုန်စည်အပေါ် သုံးစွဲမှုအချိုးလည်း ကျဆင်းသွားပါသည်။ (မှတ်ချက်–စားသုံးမှုပမာဏကျဆင်းသွားခြင်းကို ဆိုလိုသည် မဟုတ်ပါ။ စားသုံးမှုအချိုး Consumption Ratio ကျဆင်းသွားခြင်းကိုသာ ရည်ညွှန်းခြင်းဖြစ်ပါသည်။) ယင်းကို Engel's Law ဟု လယ်ယာစီးပွားရေးပညာရပ်တွင် ခေါ်ဆိုကြပါသည်။

ဒေါက်တာမောင်မောင်စိုး
(ဘောဂဗေဒ)

■

www.foreverspace.com.mm

ပို့ကုန်တိုးချဲ့ရေးနှင့် အနာဂတ်စီးပွား

အဂ

နိုင်ငံတစ်ခု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ပို့ကုန်တိုးချဲ့နိုင်မှုနှင့်ဆက်စပ်လျက်ရှိသည်။ ထိုနည်းတူစွာ ပို့ကုန်တိုးချဲ့တင်ပို့နိုင်ရေးအတွက် ပြည်တွင်းစီးပွားရေးမူဝါဒအထောက်အကူကောင်းများ သတ်မှတ်ပြဋ္ဌာန်းနိုင်မှုသည်လည်း အရေးပါသောအကြောင်းတစ်ရပ်ပင် ဖြစ်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အလို့ငှာ ပို့ကုန်တိုးချဲ့ရာ၌ နိုင်ငံ၏ သယံဇာတအရင်းအမြစ် ထုတ်လုပ်မှုနှင့် ကမ္ဘာ့ဈေးကွက်၏ ဝယ်လိုအားကို ထိရောက်စွာဆက်စပ်ပေးနိုင်သော ပြည်တွင်းစီးပွားရေးအဖွဲ့အစည်းများပေါ်တွင် မူတည်ပေသည်။ အဘယ်ကြောင့်ဆိုသော် ပြောင်းလဲလာသည့် ယနေ့ ကမ္ဘာ့စီးပွားရေးပုံစံကို အာရှမဟာတိမ်းညွှတ်မှု (Megatrends Asia) ရေးသားသူ John Navisbitt က ဤသို့ ရေးသားထားခြင်းကြောင့် ဖြစ်သည်။

"ယနေ့ခေတ် ကမ္ဘာ့စီးပွားရေးတွင် နိုင်ငံများအနေဖြင့် ကုန်သွယ်မှုလုပ်ငန်းများကို မလုပ်ဆောင်ကြတော့ဘဲ ကုမ္ပဏီအလိုက်၊ လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် အပြန်အလှန်ကုန်သွယ်မှုပုံသဏ္ဌာန်များဖြင့် စီးပွားရေးလုပ်ငန်းများကို ဆက်သွယ်ဆောင်ရွက်ကြသည်။ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး၏ အဓိကမောင်းနှင်အားသည် ကွန်ရက်များအသွင်ဖြင့် ဆက်သွယ်ဆောင်ရွက်ခြင်းပင်ဖြစ်သည်"

ထို့ကြောင့် ပြည်တွင်းစီးပွားရေးအဖွဲ့အစည်းများ ရှင်သန်ကောင်းမွန်ခြင်းသည် ပို့ကုန်တိုးချဲ့ရေးကို အထောက်အကူပြုနိုင်ပေသည်။ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုအခြေအနေ (ပို့ကုန်အနေအထား) ကိုကြည့်မည်ဆိုပါက ပြီးခဲ့သည့် ၂၀၀၅ ခုနှစ်အတွင်း သဘာဝဓာတ်ငွေ့တင်ပို့မှုသည် ပထမနေရာ၌ရှိပြီး သစ်နှင့် သစ်တောထွက်ပစ္စည်းတင်ပို့မှုက ဒုတိယနှင့် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းတင်ပို့မှုက တတိယနေရာ၌ရှိကြောင်း တရားဝင်စာရင်းဇယားများအရ သိရှိရသည်။ ဤသည်ကိုကြည့်လျှင် သဘာဝသယံဇာတအရင်းအမြစ်များတင်ပို့မှုက အဓိကနေရာ၌ တည်ရှိနေကြောင်း တွေ့မြင်နိုင်သည်။ ၂၀၀၄ ခုနှစ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းအားဖြင့် ၆၇ ရာခိုင်နှုန်းခန့် တိုးတက်ခဲ့သည်ဟုလည်း စာရင်းဇယားများအရ သိရသည်။

အလားတူ ပို့ကုန်တိုးချဲ့တင်ပို့နိုင်ရေးအတွက် ပြည်တွင်းစီးပွားရေးမူဝါဒဟုဆိုရာတွင်လည်း–

(၁) ငွေကြေးဆိုင်ရာမူဝါဒများ၊

(၂) ကုန်ထုတ်လုပ်မှုစွမ်းအားလျော့ နည်းသော လုပ်ငန်းများကို ကုန်ထုတ်စွမ်း အား ပိုမိုကောင်းမွန်သော ပို့ကုန်ကဏ္ဍသို့ ပြောင်းရွှေ့မြှင့်နှံရေး၊

(၃) ကုန်ထုတ်စွမ်းအားစုံ၏ ဈေးနှုန်းသတ်မှတ်ရာ၌ လွဲမှားမှုမရှိစေရေး (ဥပမာ– ဈေးနှုန်း သတ်မှတ်မှု မှန်ကန်ခြင်းဖြင့် ပြည်ပ

www.foreverspace.com.mm

ကုန်သွယ်မှုတွင် အသာစီးရရှိစေခြင်း)

(၄) ပြည်တွင်းစီးပွားရေးအဖွဲ့အစည်းများသည် နိုင်ငံ၏ စီးပွားရေးမူဝါဒကို အထောက်အကူပြုရန် လိုအပ်မှု စသည်တို့ ဖြစ်သည်။

ဤသို့သော အခြေအနေများနှင့် ပြည်ပပို့ကုန်တိုးချဲ့တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေရရှိစေပြီး ပြည်တွင်း၌လိုအပ်သော အရင်းအနှီးပစ္စည်းများကို ပြည်ပမှ တင်သွင်းနိုင်မည်ဖြစ်သည်။ ဥပမာ–စားသုံးကုန်အပါအဝင် အခြားကုန်ပစ္စည်းမျိုးစုံကို ဈေးသက်သာစွာ တင်သွင်းနိုင်မှုကြောင့် နိုင်ငံ၏ကုန်ထုတ်လုပ်မှုကို တစ်နည်းအားဖြင့် အားပေးရာရောက်ပေသည်။ ရေရှည်တွင်လည်း ပို့ကုန်တိုးချဲ့မှုဖြင့် နိုင်ငံခြားသုံးငွေ ရရှိရုံမျှမက ပြည်တွင်းပြည်ပဈေးကွက်၏ ပြောင်းလဲလာသော ဝယ်လိုအားပုံစံနှင့် အညီ ကုန်ထုတ်လုပ်မှုပုံစံကို ပြောင်းလဲနိုင်သောစွမ်းဆောင်ရည်များ ပေါ်ပေါက်စေသဖြင့် ပြည်တွင်းစီးပွားရေးအဖွဲ့အစည်းများကို အားသစ်လောင်းရာရောက်စေသည်ဟု အရှေ့တောင်အာရှနိုင်ငံများ၏ စီးပွားရေးရာကျွမ်းကျင်သူ ပညာရှင်တစ်ဦးက ဆိုသည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံ၏ ကုန်သွယ်မှုအခြေအနေ (ပို့ကုန်အနေအထား)တွင် သဘာဝဓာတ်ငွေ့နှင့် သစ်နှင့် သစ်တောထွက်ပစ္စည်းများတင်ပို့မှုများက အဓိကနေရာတွင် တည်ရှိရာ မြန်မာနိုင်ငံကဲ့သို့ စိုက်ပျိုးရေးကိုအခြေခံသောနိုင်ငံတစ်ခုအနေဖြင့် လယ်ယာထွက်ကုန်များ တိုးချဲ့တင်ပို့နိုင်ရေးသည်လည်း အရေးကြီးသဖြင့် တော်တည့်မှန်ကန်သောမူဝါဒများ ချမှတ်နိုင်ရန် လိုအပ်ပေသည်။ ဥပမာ–ကန်ထရိုက်လယ်ယာစနစ်ကဲ့သို့ အလားတူလယ်ယာကဏ္ဍထုတ်လုပ်သူများအား မက်လုံးပေးဆွဲဆောင်နိုင်သော မူဝါဒများဖြစ်သည်။

အထူးသဖြင့် ပို့ကုန်တိုးချဲ့အောင်မြင်စေရန်အတွက် ပို့ကုန်အစားထိုးလမ်းစဉ် (Export Substitution) သည် အလားအလာအကောင်းဆုံးဖြစ်သည်ဟု အာရှဖွံ့ဖြိုးရေးဘဏ်၏ အစီရင်ခံစာတစ်ခုက ဆိုသည်။ ပို့ကုန်တိုးချဲ့မှုတွင် လက်ရှိတင်ပို့လျက်ရှိသော ကုန်ကြမ်းအစားပြုပြင်ပြီး ကုန်ချော (Processed Materials) သို့မဟုတ် တစ်ပိုင်းတစ်စပြုပြင်ထားသောပစ္စည်း (Semi Processed Materials) တင်ပို့သောနည်းဟူ၍ ဖြစ်သည်။

ဤသို့ ပို့ကုန်အစားထိုးဖြစ်စဉ်ကြောင့် နိုင်ငံ၏ စက်မှုအသွင်ပြောင်းလဲရေးကို ပိုမိုအထောက်အကူပြုစေနိုင်သည့်အပြင် ကုန်ချောထုတ်လုပ်ငန်းအတွက် အရင်းအနှီးသစ်များဝင်ရောက်ရန် အလိုအလျောက်လမ်းဖွင့်ပေးလိုက်သကဲ့သို့ ဖြစ်သွားသည်ဟု အဆိုပါအစီရင်ခံစာက ဆိုသည်။ ဤနည်းဖြင့် အရှေ့တောင်အာရှနိုင်ငံများ (ဥပမာ–မလေးရှား)သည် စီးပွားရေးဖွံ့ဖြိုးမှုလမ်းကြောင်းသို့ ရောက်ရှိခဲ့သည်ဟု စီးပွားရေးသုံးသပ်သူတစ်ဦးကဆိုသည်။ သို့ဖြစ်၍ နိုင်ငံတစ်ခု၏ ရေရှည်အကျိုးစီးပွားအတွက် ပို့ကုန်တိုးချဲ့ရေးဟူသည်မှာ ယင်းနိုင်ငံ၏ ကဏ္ဍအသီးသီးတွင် ကြောင်းကျိုးဆက်နွယ်မှုသဘော ပါဝင်လျက်ရှိသည်ကို တွေ့မြင်နိုင်ပေသည်။ ထို့ကြောင့် ပို့ကုန်တိုးချဲ့တင်ပို့နိုင်ရေးအတွက် ယထာဘူတကျသော အခြေအနေမှန်များ ထည့်သွင်းစဉ်းစားရန်လိုအပ်သကဲ့သို့ နိုင်ငံခြားသုံးငွေလျှောပေါ့ရေးအတွက် သွင်းကုန်အစားထိုးအခြေခံအယူအဆ၏ နောက်ဆက်တွဲအကျိုးတရားများနှင့် နှိုင်းယှဉ်သုံးသပ်ရန်လိုအပ်ပေသည်။

အချုပ်ဆိုရလျှင် မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများ၏ လွတ်လပ်သည့် ကုန်သွယ်မှုဧရိယာ(AFTA)၊BIMSTEC ကဲ့သို့ အဖွဲ့ဝင်နိုင်ငံများအဖြစ် ပါဝင်ပြီး လွတ်လပ်သောကုန်သွယ်ရေးဇုန်များ၏ သဘောသဘာဝအတိုင်း အနာဂတ်ကုန်သွယ်မှုလုပ်ငန်းများ လုပ်ကိုင်ရာတွင် မြန်မာနိုင်ငံအဖို့ ပို့ကုန်တိုးချဲ့တင်ပို့နိုင်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့ တစ်ဆက်တစ်စပ်တည်းဖြစ်ထွန်းလာရန် လိုအပ်ပေသည်။

အဂ္ဂ

www.foreverspace.com.mm

"မန္တလေးမှာ တန်းတူအခွင့်အရေးတွေ ရှိနေမယ်ဆိုရင် IT လောကလည်း တန်းတူဖြစ်လာမှာ"

မန္တလေးတိုင်း ကွန်ပျူတာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးရဲမြတ်သူနှင့် တွေ့ဆုံခြင်း

ကျော်နိုင်

မြန်မာနိုင်ငံ၌ မည်သည့်လုပ်ငန်းနယ်ပယ်တွင်မဆို IT နှင့် အင်တာနက်အသုံးချမှုမှာ မရှိမဖြစ် အရေးပါလာပြီ ဖြစ်သည်။ မြန်မာနိုင်ငံ၏ ဒုတိယမြို့တော်ဖြစ်သော မန္တလေးမြို့တွင်လည်း မြို့တော်ရန်ကုန်နည်းတူ ICT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေလျက်ရှိရာ ယင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း အမှုဆောင်တစ်ဦးလည်းဖြစ် မန္တလေးတိုင်း ကွန်ပျူတာလုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌလည်းဖြစ်သူ ဦးရဲမြတ်သူနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များ အနက်မှ အချို့ကို ကောက်နုတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။

မေး ။ ။ လက်ရှိမန္တလေး IT စျေးကွက်ရဲ့အခြေအနေနဲ့ တိုးတက်မှုကို သိပါရစေ။ ရန်ကုန်နဲ့ ကွာဟမှုအခြေအနေကို ရောပေါ့။

ဖြေ ။ ။ မန္တလေးမှာ IT က သိသိသာသာ တက်လာပါတယ်။ ကွန်ပျူတာဆိုင်တွေ များလာတယ်။ တရုတ်က ကွန်ပျူတာပစ္စည်းတွေ ဝင်လာတာလည်း ပါတယ်။ ရန်ကုန်ကနေသွင်းတဲ့ စင်ကာပူတို့၊ ထိုင်းတို့ကလာတဲ့ပစ္စည်းတွေကိုယ်တိုင်က တရုတ်ကပစ္စည်းတွေ ဖြစ်လာတယ်။ ပစ္စည်းချင်းတူလာတော့ တချို့ဆို ရန်ကုန်လည်း ပြန်ဖြန့်တယ်။ တချို့ဆို မန္တလေးတောင်မဝင်ဘဲနဲ့ ရန်ကုန်ကို တိုက်ရိုက်ဖြန့်တဲ့ပစ္စည်းတွေ ရှိတယ်။ မန္တလေးမှာလည်း အဲဒီပစ္စည်းတွေကို တင်ရောင်းတဲ့ဆိုင် တဖြည်းဖြည်းများလာတယ်။ အဓိက,က IT ပစ္စည်းတွေ လူသုံးများလာသလို ပိုပြီးတော့ လူသုံးများလာတာက MP3 တို့လို၊ MP4 တို့လို Player လေးတွေ၊ Divice လေးတွေ၊ Digital Camera လေးတွေက တစ်အားပေါက်လာတယ်။ အဲဒီ Filed တွေထဲမှာ ကလေးတွေက ကွန်ပျူတာ ထက်ပိုပြီး Crazy ဖြစ်ပြီးတော့ သုံးလာတော့ အဲဒီဆိုင်တွေ များလာတယ်။ ကွန်ပျူတာသုံးတဲ့သူတွေ ပိုများလာတယ်။ လျှပ်စစ်မီးအခြေအနေအရ အကန့်အသတ်တော့ ရှိနေတာပေါ့။

အင်တာနက်ရနေတဲ့အတွက် အချို့နေရာတွေမှာ ရန်ကုန်နဲ့ မန္တလေး သိပ်မကွာဘူး။ တကယ်တမ်း Learning လုပ်မယ်ဆိုလို့ရှိရင် ရန်ကုန်နဲ့ မန္တလေးမှာ ကွာခြားမှုတော့ သိပ်မရှိဘူး။ Market ရှိနေတဲ့နေရာကို လူတွေစုနေတဲ့သဘောပဲ။ မန္တလေးမှာလည်း ရန်ကုန်ကလူတွေ လာလုပ်နေသလို ရန်ကုန်မှာလည်း မန္တလေးကလူတွေ အများကြီးပဲ။ Technically ကွာခြားမှုထက် စာလို့ရှိရင် စျေးကွက်ရှိ မရှိဆိုတဲ့နေရာပေါ် ထိုင်နေရတာပဲ။ ဥပမာ–အစိုးရဌာနကို ရောင်းချင်တဲ့လုပ်ငန်းကို လုပ်တဲ့သူတွေ ဆိုလို့ရှိရင် ရန်ကုန်ပဲ လုပ်ရမှာပဲ။ ဘာလို့လဲဆို ဝန်ကြီးဌာနတွေက ရန်ကုန်မှာပဲ ရှိတာကိုး။ ရန်ကုန်မှာပဲ Decision Maker

www.foreverspace.com.mm

တွေရှိတဲ့အတွက် ရန်ကုန်မှာပဲ လုပ်ကြတဲ့သဘောပဲ။ တကယ်လို့သာ မန္တလေးလို အထက်မြန်မာပြည်လို နေရာမျိုးမှာ တန်းတူအခွင့်အရေး (Equal Chance) တွေ ရှိမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ရဲ့ IT လောကကလည်း တန်းတူဖြစ်သွားမှာပေါ့။ ရန်ကုန်က IT ကုမ္ပဏီတော်တော်များများမှာ မန္တလေးကလူတွေကို တွေ့နေရတယ်။ ကျွန်တော်တို့ဆီမှာသာ သူတို့ကို အဲဒီထက်လခပေးပြီး အဲဒီအလုပ်တွေကို လုပ်ခွင့်ရမယ်ဆိုလို့ရှိရင် မန္တလေးကို ပြန်လာချင်တဲ့သူတွေအများကြီး ရန်ကုန်မှာ တွေ့ရတယ်။ Chance ရှိနေလို့သာ ကွာတယ်လို့ ယူဆတယ်။ Location ကြောင့် ကွာနေတာ မဟုတ်ဘူး။ မြို့တော်ဖြစ်နေတာရယ်၊ ဝန်ကြီးဌာနတွေ Decision ချနိုင်တဲ့ဌာနတွေ ရှိနေတာရယ်။ ရန်ကုန်ကလူတွေကိုပဲ အကုန်နိုင်ငံခြားကို ပို့တယ်။ မန္တလေးကလူတွေက အဲဒီအခွင့်အရေးလိုချင်တော့ ရန်ကုန်ကိုသွားပြီးဖြေ၊ ရန်ကုန်မှာသွားပြီး လုပ်ရတယ်။ မန္တလေးမှာ အဲဒီလိုမျိုးဟာတွေရှိမယ်ဆိုလို့ရှိရင် မန္တလေးရဲ့ ဖွံ့ဖြိုးတိုးတက်မှုက အခုပုံစံထက် နည်းနည်းလေးတော့ သာသွားမှာပေါ့။ မန္တလေးကလူတွေ ရန်ကုန်ကို မသွားကြတော့ဘူးပေါ့။

မေး ။ ။ မန္တလေးက H.R တွေ တော်တော်များများက ရန်ကုန်မှာ သင်တန်းတွေ လာတက်ကြတယ်။ ပြန်ပြီးအသုံးချတဲ့အခါကျတော့ ကိုယ့်မြို့ကိုယ်ပြန် Apply လုပ်တာ နည်းသွားတာ တွေ့ရတယ်။ ရန်ကုန်မှာပဲလုပ်၊ ရန်ကုန်ကို Step ယူပြီးတော့ နိုင်ငံခြားထွက်တာ တွေ့ရတယ်။ အဲဒါကို ဘယ်လိုသုံးသပ်မိသလဲ။

ဖြေ ။ ။ အဓိက,ကတော့ ကျွန်တော်တို့က အလုပ်အကိုင်တွေ ရှာမပေးနိုင်တဲ့ ပြဿနာပေါ့။ ကျွန်တော်တို့ဆီက အလုပ်တွေက အရင်းအနှီးက များနေတော့ အမြတ်ရတဲ့ဟာတွေကို ကိုယ့်ဝန်ထမ်း (H.R) ကို ပေးရမယ့်အစား ပိုပြီးအရေးကြီးတဲ့ ပစ္စည်းတွေကို ပေးနေရတဲ့အတွက် လုပ်ငန်းတွေ သိပ်အဆင်မပြေတဲ့အခါမျိုးမှာ သူတို့ကို သိပ်မပေးနိုင်ဘူး။ အဲဒါကြောင့် သူတို့လိုသလောက်ပေးနိုင်မယ့်နေရာတွေကို သွားကြတာပေါ့။ တော်တော်များများ သင်တန်းတွေကလည်း နိုင်ငံတကာ Certificate ယူတယ်ဆိုတာ နိုင်ငံခြားမှာ အလုပ်လျှောက်လို့ရအောင်ဆိုတဲ့ သဘောမျိုးနဲ့ ယူကြတာများတော့ နိုင်ငံခြားကိုသွားဖို့က နည်းနည်းလေး ပိုများတယ်။ ကျွန်တော်တို့ကလည်း အဲဒါမျိုးကို မတားချင်ဘူး။ တစ်နေ့နေ့တစ်ချိန်ချိန်မှာ ကျွန်တော်တို့လုပ်ငန်းတွေ အဆင်ပြေလာတဲ့အချိန်မှာ သူတို့ရဲ့ Experience တွေ ပြန်ပါလာလို့ရှိရင်၊ သူတို့ကိုယ်တိုင်လည်း လုပ်နိုင်လို့ရှိရင် လုပ်ပေါ့။ မလုပ်နိုင်လို့ရှိရင် သူတို့ရဲ့ Experience တွေက ဒီကလုပ်ငန်းတွေအတွက် အကျိုးရှိမယ်ဆိုပြီးတော့ နိုင်ငံခြားသွားတဲ့ဟာကို ကျွန်တော်တို့က အားပေးတယ်။ ဘာပဲဖြစ်ဖြစ် လုပ်ရမယ်ဆိုတဲ့ နည်းလမ်းတွေနဲ့ ပညာတွေကိုသိပြီး ပြန်လာတာမျိုး ဖြစ်စေချင်တယ်။

နောက်တစ်ခုက ကွန်ပျူတာပညာသင်ဖို့ ရန်ကုန်လာနေရပြီဆိုကတည်းက ကျွန်တော်တို့ မြန်မာနိုင်ငံကြီးက IT အနေနဲ့ တိုးတက်ဖို့ဆိုတာ မရှိနိုင်ဘူး။ လူတွေအကုန်လုံးက အသုံးလုံးတတ်သလို စာတတ်သလိုမျိုးပဲ ကွန်ပျူတာနဲ့ ပတ်သက်တဲ့ အသုံးပြုမှုကို လူတန်းစားအသီးသီးက တတ်ရမယ်။ ကွန်ပျူတာ ပညာရှင်တွေ တော်နေတာချည်းသက်သက်မဟုတ်ဘူး။ လူထု လူတန်းစားအသီးသီးဆိုလို့ရှိရင် ရုံးဝန်ထမ်းတွေ၊ ဆရာ ဆရာမတွေအကုန်လုံးက Level တူတတ်မှ သူတို့က တစ်နေရာနဲ့ တစ်နေရာသွားလို့ရမှာပေါ့။ မော်တော်ကားတစ်စီးကို ရန်ကုန်ကလူနဲ့ မန္တလေးကလူ ဘယ်သူပိုမောင်းတတ်သလဲဆိုတာမျိုး ဖြစ်စရာမလိုဘူး။ အဲဒီသဘောမျိုးပဲ၊ ဘယ်သူပဲဖြစ်ဖြစ် ကားမောင်းတတ်သလိုမျိုးပဲ။ အဲဒါမှ မော်တော်ကားက တစ်နိုင်ငံလုံးမှာ အသုံးကျသလိုမျိုးပဲ IT က အသုံးကျမှာပေါ့။ မော်တော်ကား မောင်းချင်ရင် ရန်ကုန်လာမောင်းရမယ်မျိုးဆိုရင် မော်တော်ကားရှိတာ အလကားဖြစ်သလို IT လည်း အလကားဖြစ်မှာပဲ။ အဲဒီလိုအားလုံးကို သုံးဖို့ဆိုတဲ့အခါမှာ အားလုံးကို အသုံးပြုဖို့အတွက်ကို စနစ်တကျ Supporting ပေးနိုင်မယ့် Service တွေ၊ Technology တွေ၊ Network တွေ၊ Programming တွေက ICT Sector တွေ အနေနဲ့ ဝင်လာမှာ။ အားလုံးကိုသုံးအောင် လုပ်ဖို့ဆိုတာက နိုင်ငံတစ်နိုင်ငံလုံးဖြစ်ဖို့ လိုတယ်။ နိုင်ငံတစ်နိုင်ငံလုံးဖြစ်ဖို့ဆိုတာက ကြီးကျယ်တဲ့ Campaign တွေနဲ့၊ Show တွေနဲ့၊ မီဒီယာတွေပါ အများကြီးပါလာပြီးတော့ ကြိုးစားမှ ရမှာ။ ဒီနား ဟိုနား ကိုယ့်နားလေးမှာ ရှိနေတဲ့သူတွေကိုပဲ သင်တန်းပေးနေရုံနဲ့ Industry တိုးတက်လာမှာ မဟုတ်ဘူး။ Training of Trainer ဆိုတာကလည်း ဒီနားလေးမှာပဲ ကပ်ပြီးတော့ ကျဉ်းကျဉ်းလေးပွားနေလို့မရဘူး။ အဝေးကြီးကိုပါ Training of Trainer ဖြစ်ရမယ်။ ဥပမာ– ဂျပန်ဒါမှမဟုတ် နိုင်ငံတစ်နိုင်ငံကလူက ရန်ကုန်မှာရှိနေတဲ့ Trainer ကိုပေးတယ်။ အဲဒီရန်ကုန်မှာရှိနေတဲ့ ဆရာတွေက မန္တလေးတို့၊ တောင်ကြီးတို့၊ လားရှိုးတို့၊ မုံရွာတို့က လူတွေကိုပေးမှ မြန်မာပြည်ပျံ့မှာ။ ပထမပေးတဲ့သူရော၊ ဒုတိယပေးတဲ့သူရော၊ တတိယပေးတဲ့သူရော အဆင့်တွေအကုန်လုံးက ဒီနားလေးကလူတွေကိုပဲ သင်သွားတယ်ဆိုရင်တော့ ကျွန်တော်တို့ရဲ့ ICT ဖွံ့ဖြိုးမှုက မဖြစ်နိုင်ဘူး။

မေး ။ ။ မန္တလေးမှာ ICT ပြပွဲတွေ ရန်ကုန်ထက် အရှိန်ရနေတာ တွေ့ရတယ်။ အဲဒီ ICT ပြပွဲတွေက မန္တလေးမြို့ခံတွေအတွက် ဘယ်လောက်အထိ အထောက်အကူပြုသလဲ။

ဖြေ ။ ။ ကိုယ်ဝယ်ထားတဲ့စက်နဲ့ အလုပ်လုပ်နေပေမယ့်လည်း အပြင်မှာ ပြောင်းသွားတဲ့ဟာကို လိုက်ပြီးတော့ မသိနိုင်ဘူး။ စက်တွေကို အမြဲတမ်း လိုက်လဲနေဖို့ မလွယ်သလိုမျိုးပဲ အပြင်မှာ

www.foreverspace.com.mm

ဘာတွေ ပြောင်းနေတယ်ဆိုတာ လိုက်ကြည့်ဖို့ကိုလည်း မလွယ်ဘူး။ အဲဒါတွေအကုန်လုံးကို ကျွန်တော်တို့က တစ်နေရာတည်းမှာ ပြခြင်းအားဖြင့် ဒီဟာလေးကတော့ ငါတို့ ဒီပိုက်ဆံနဲ့ သုံးလိုက်ခြင်းအားဖြင့် ငါတို့လုပ်ငန်းအတွက် ဘယ်လို အကျိုးရှိသွားရဲ့ ဆိုတဲ့ဟာမျိုး ခေါင်းထဲပေါ်လာဖို့ပဲ။ သူ့လုပ်ငန်းကိုပိုပြီး အကျိုးပြုစေချင်လို့ပဲ။ ဒီ Business လုပ်ငန်းတွေအကုန်လုံးကို ကျွန်တော်တို့က Supporting မပေးနိုင်ဘဲနဲ့ အဲဒီ Industry က မကြီးထွားနိုင်ဘူး။ ဆိုလိုတာက ICT နဲ့ ပတ်သက်တဲ့ Sector ကြီးစေချင်လို့ရှိရင် အဲဒီ ICT နဲ့ ပတ်သက်တဲ့ Sector ဝင်ငွေဝင်ဖို့လိုတယ်။ အဲဒီလို ဝင်ငွေဝင်ဖို့ဆိုတာ ဒီ Sector ကနေ အခြား Sector ကို အကျိုးရှိအောင် လုပ်မပေးဘဲနဲ့ အလကားနေရင်းနဲ့ ဝင်ငွေဝင်စရာအကြောင်းမရှိဘူး။ သူတို့ကို ကောင်းကောင်းလုပ်ပေးမှ သူတို့က ပိုက်ဆံပေးမှာကိုး။ ကိုယ်လုပ်ချင်တာ လုပ်ပြီးတော့ သူတို့က ပိုက်ဆံပေးတဲ့သဘောမျိုးက ဖြစ်မှမဖြစ်နိုင်တာ။ အဲဒီလိုမျိုးပေးဖို့က သူတို့ဘာလိုသလဲဆိုတာ ပညာရှင်တွေက မသိနိုင်ဘူး။ ဒါမျိုးပြဿနာတွေမှာ သူတို့ကိုချပြမှ သူတို့လိုချင်တဲ့ဟာကို သူတို့နဲ့ ကိုယ်နဲ့ ပေါင်းကူးသဘောမျိုး ဆက်စပ်မိပြီးတော့ သူတို့ သုံးဖြစ်သွားအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြဿနာတွေ လုပ်ပေးတာပေါ့။

မေး ။ ။ မုံရွာမှာ အသင်းတွေ ဖွဲ့နိုင်ပြီပေါ့နော်။ အဲဒါ မန္တလေးအတွက် အင်အားဖြစ်နိုင်သလား။ သီးခြားဖြစ်နေမလား။

ဖြေ ။ ။ သီးခြားမဖြစ်ပါဘူး။ မန္တလေးအတွက် အင်အားတစ်ခုပဲ။ ဘာဖြစ်လို့လဲဆို မြန်မာနိုင်ငံနဲ့ Image က ရန်ကုန်တစ်ခုတည်း မဟုတ်သလို မန္တလေးတစ်ခုတည်းလည်း မဟုတ်ဘူး။

မန္တလေးက မုံရွာမှာ မကြာခဏဆိုသလို ပြပွဲတွေ လုပ်ဖူးပါတယ်။ e-Library ထောင်တယ်။ အဲဒီ Effect က Intangible အနေနဲ့ အများကြီး ဖြစ်လာတယ်။ အဲဒီဘက်ကနေပြီး ကျွန်တော်တို့ မန္တလေးကို Programmer တွေ ရောက်လာဖူးတယ်။

မေး ။ ။ လုပ်ငန်းတွေရဲ့ ကွန်ပျူတာအသုံးချမှု Utility နဲ့ Software ဈေးကွက်အခြေအနေကကော။

ဖြေ ။ ။ ကျွန်တော်တို့ မန္တလေးမှာ အခုနောက်ပိုင်းမှာ ဒီ Software ဈေးကွက်ကိုမလုပ်ခင်မှာ Layer တစ်ခု လိုနေတာကို ဖြည့်နေရတယ်။ ဘာလဲဆို Computerized Accounting လုပ်မယ်ဆိုလို့ရှိရင် သူတို့လက်ရှိသုံးနေတဲ့ Account System နဲ့ Computerized Account System ကြားမှာ တကယ့် Standard Account Procedure မရှိဘဲနဲ့ ကျော်လို့မရဘူး။ ဗလာစာအုပ်မှာရေးထားတာတွေ ကွန်ပျူတာထဲ ရိုက်ထည့်ရုံနဲ့ Account System မဖြစ်ဘူး။ သူတို့ရဲ့လုပ်ငန်းကို Structure ကျကျ Account System ဖြစ်ဖို့ဆိုတာက Business တို့ ဘာတို့ သင်ဖို့က လိုလာပြီ။ Management ဆိုတာဘာလဲ၊ Business ဆိုတာဘာလဲ၊

Accounting ဆိုတာဘာလဲ၊ Planning ဆိုတာ ဘာလဲ။ ဥပမာ–စီးပွားရေးတက္ကသိုလ်က ဆရာမကြီးတွေကို ဟောပြောပွဲတွေလုပ်ခိုင်းတာတို့။ အဲဒါမျိုးတွေ လူတွေကြားထဲကိုရောက်အောင် ကျွန်တော်တို့က ကြိုးစားပြီးလိုက်လုပ်နေရတယ်။ အဲဒီလိုမလုပ်ဘဲနဲ့ ကျွန်တော်တို့ တိုက်ရိုက်သွားလို့မရဘူး။ ဥပမာ–တွင်ခုံလုပ်နေတဲ့သူတွေ အကုန်လုံး Computerized သွားဖို့ဆိုတာ သူတို့က Drawing အခြေခံအရင်သင်ရဦးမယ်။ အင်ဂျင်နီယာတွေတတ်တဲ့ Drawing Method အခြေခံမှမရှိဘဲနဲ့ 3 D ကိုမြင်နိုင်ဖို့နဲ့ ဒီ Drawing ရဲ့ Term တွေကို နားလည်ဖို့ဆိုတာ လိုသေးတယ်။ ကျွန်တော်တို့မှာ ဒီကြား Layer လေးတွေလိုနေသေးတယ်။ Transaction က Smooth မဖြစ်သေးဘူး။ တစ်ဆင့်ကျန်နေသေးတယ်။ Computerization မှာ အပြင်မှာရှိနေတဲ့ International Level Software တွေ သုံးနိုင်ဖို့က သူတို့ရဲ့ Standard နဲ့ ကျွန်တော်တို့ရဲ့ Standard က မတူဘူး။ ဥပမာ–နိုင်ငံခြားမှာဆိုလို့ရှိရင် ပစ္စည်းတပ်တဲ့အခါ Invoice က နောက်ဆုံးမှဖြတ်တာ။ Invoice မဖြတ်ခင်မှာ Procedure တွေက အများကြီးပဲ။ မြန်မာပြည်မှာက အဲဒီလိုမဟုတ်ဘူး။ Invoice အရင်ဖြတ်တယ်။ ပစ္စည်းဝယ်ပြီး အဆင်မပြေတဲ့အခါ အဲဒီပစ္စည်းပြန်လဲတယ်။ Accounting System က အလုပ်လုပ်လို့မရတော့ဘူး။ အဲဒီတော့ ကွန်ပျူတာက အားကိုးလို့မရပါလားဆိုတဲ့ဘဝကို ရောက်ရော။

အဲဒီတော့ ကျွန်တော်တို့ဆီကရှိနေတဲ့ ဘာတွေက ဘယ်လို

www.foreverspace.com.mm

ဦးရဲမြတ်သူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်း

- ၁၉၆၈ ခုနှစ်တွင် အဖဦးအေးကိုနှင့် အမိ ဒေါ်ဆွေဆွေတို့က မန္တလေးမြို့တွင်မွေးဖွားခဲ့။
- ၁၉၈၄ ခုနှစ်တွင် မန္တလေးမြို့ အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်းမှ အခြေခံပညာအထက်တန်း အောင်မြင်ခဲ့။
- ၁၉၉၇ ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ M.Sc (Physics) ဘွဲ့ရရှိခဲ့။
- စင်ကာပူနိုင်ငံ၌ ကွန်ပျူတာနှင့်စပ်လျဉ်းသည့်ပညာရပ်များကို လေ့လာဆည်းပူးခဲ့။
- ၁၉၉၈ ခုနှစ်တွင် Alpha Info-Tech Co., Ltd. ကို တည်ထောင်ခဲ့ပြီး Software များ ရေးဆွဲထုတ်လုပ်ခြင်းနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများ တင်သွင်းရောင်းချခြင်းတို့ကို ဆောင်ရွက်လျက်ရှိ။
- မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းအလုပ်အမှုဆောင်တစ်ဦးဖြစ်ပြီး ၂၀၀၄ ခုနှစ်မှစ၍ ယနေ့အထိ မန္တလေးတိုင်း ကွန်ပျူတာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌတာဝန်ကိုပါ ထမ်းဆောင်လျက်ရှိ။
- မန္တလေးမြို့ အမရပူရမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော်ကြီး ဟောကြားတော်မူခဲ့သော တရားတော်များနှင့် ရေးသားပြုစုတော်မူခဲ့သော ကျမ်းဂန်များကို Digital စနစ်သို့ ကူးပြောင်းခြင်း၊ ကုသိုလ်တော်ဘုရားဝင်းအတွင်း မင်းတုန်းမင်းတရားကြီး တည်ထားကိုးကွယ်ခဲ့သော ပဌမသင်္ဂါယနာတင်ပိဋ္ဌကတ်သုံးပုံကျောက်စာချပ်များကို DVD အဖြစ် ပြောင်းလဲထုတ်ဝေခြင်း စသည်တို့ကို ဦးစီးဆောင်ရွက်ခဲ့သူဖြစ်။

မှားတယ်၊ ဘယ်လိုပြင်လို့ရတယ်၊ နိုင်ငံတကာမှာ ဘာလို့ရသလဲ ဆိုတဲ့အသိတွေရဖို့အတွက်က Business ပညာတွေလိုနေသေးတယ်။ Manager တွေလိုနေသေးတယ်။ Teamwork တွေ လိုနေသေးတယ်။ အဲဒါတွေအတွက် အချိန်တစ်ခုလိုနေသေးတယ်လို့ ကျွန်တော်ထင်တယ်။ အဲဒီအချိန်တစ်ခုက ကြာသလား၊ မြန်သလားဆိုတာ သူတို့ရဲ့လိုအပ်တဲ့ဘာသာရပ်အပေါ် လေ့လာမှုအပေါ်ပဲမူတည်တယ်။ သူတို့ Accounting စိတ်ဝင်စားတယ်။ ဒါမှမဟုတ် Business Management တွေကို စိတ်ဝင်စားတယ်ဆိုလို့ရှိရင် ခုနကပြောတဲ့ သူတို့ရဲ့လုပ်ငန်းကို Computerize လုပ်တာ လွယ်လွယ်လေးဖြစ်သွားမှာ။

မေး ။ ။ မန္တလေးမှာ အခု ကွန်ပျူတာတက္ကသိုလ်အပြင် KMD တို့ MCC တို့ စတဲ့ပုဂ္ဂလိကသင်တန်းတွေရှိနေပြီ။ နောက် MCPA တို့ JITEC တို့ Exam တွေကိုလည်း ရန်ကုန်နည်းတူ ဖြေခွင့်ရအောင်စီစဉ်ထားတယ်။ ရလာတဲ့ H.R နဲ့ ပတ်သက်လို့ ဘယ်လိုမြင်သလဲ။

ဖြေ ။ ။ H.R နဲ့ပတ်သက်လို့ Academic နဲ့ Industry က ချိတ်ဖို့လိုနေတယ်။ ဘာဖြစ်လို့လဲဆို Academic က Academic လိုပဲသွားမှာပဲ။ ဒါပေမဲ့ Academic ကထွက်တဲ့ Product တွေက Industry က လိုဖို့ဆိုတာ Industry ကို သူတို့က အကူအညီပေးနိုင်မှရမှာ။ အဲဒီလို အကူအညီပေးနိုင်ဖို့ သူတို့သိနေတဲ့ဟာနဲ့ ငြိမ်နေလို့မရဘူး။ Vander နဲ့ပတ်သက်တဲ့ Knowledge တွေလိုတယ်။ အဲဒါတွေထပ်ပြီးတော့ လိုက်ရမယ်ဆိုတဲ့အသိလိုတယ်။ အဲဒီလိုမဟုတ်ဘူးဆိုရင် ကျောင်းမှာစာတော်ရင် ကျောင်း ဆရာ/ဆရာမပဲ ပြန်ဖြစ်သွားမယ်။ Ph.D ဆက်ရချင်ရသွားမယ်။ ဒီမှာသုံးလို့မရဘူးဆိုလို့ရှိရင် ကွန်ပျူတာပညာရှင်ဆိုတာ ဘယ်လိုသတ်မှတ်ရမှန်းမသိတော့ဘူး။ ဒီစာကို ပြန်သင်လာတဲ့သူပဲ ပြန်ဖြစ်သွားမှာပဲလေ။ သူတို့ရဲ့ Learning Style နဲ့ ဒီအပြင်ဘက်ကဟာတွေကိုပါ စိတ်ဝင်စားတယ်ဆိုလို့ရှိရင် အသုံးကျမှာပဲ။ နောက် အပြင်ဘက်မှာ ဘာလိုနေသေးသလဲဆိုတာကိုလည်း ကျောင်းကိုပြန်ရောက်သွားဖို့လိုတယ်။ ကျောင်းတွေမှာ သင်တဲ့ဟာတွေအကုန်လုံး Industry မှာသုံးလို့ရအောင် ပေါင်းကူးဖို့လိုနေတယ်။ ခပ်ကင်းကင်းနေမယ်ဆိုလို့ရှိရင် ဘယ်သူမှ အကျိုးရှိမှာမဟုတ်ဘူး။ နှစ်ဦးနှစ်ဖက် ပြိုင်တူညှိသွားမှရမှာ။

မေး ။ ။ ကွန်ပျူတာလုပ်ငန်းရှင်၊ ပညာရှင်တစ်ဦးအနေနဲ့ပေါ့ ကွန်ပျူတာပညာ လေ့လာနေကြတဲ့ မျိုးဆက်သစ်လူငယ်တွေကို ဘာ Message ပေးချင်သလဲ။

ဖြေ ။ ။ သူတို့ကို ကမ္ဘာမှာဖြစ်နေတဲ့ဟာတွေကို ဒီ့ထက်ပိုပြီး သိစေချင်တယ်ပေါ့။ သူ့ပတ်ဝန်းကျင်မှာ ဖြစ်နေတဲ့ဟာကိုပဲ သိနေလို့မရဘူး။ ဒီမှာရှိနေတဲ့ Culture တွေ၊ Environment တွေနဲ့ ပြည်ပက Culture တွေ၊ Environment တွေ ယှဉ်လိုက်လို့ရှိရင် ဆရာဝန်တွေ၊ ရှေ့နေတွေမှာ Culture Shok ရှိနိုင်ပေမယ့် IT မှာ မရှိဘူး။ ဒီမှာတွေ့တဲ့ Windows' XP က ဟိုမှာတွေ့တဲ့ Windows' XP နဲ့ အတူတူပဲ။ ကျွန်တော်တို့ဆီကလူတွေတိုးဖို့ အတွက် ပိုလွယ်တဲ့ Chance ရှိတယ်။ ဒါပေမဲ့ ကြိုးစားဖို့တော့လိုတယ်။ နိုင်ငံတကာမှာ ဘာစံချိန်စံညွှန်းတွေနဲ့ ဘာတွေဖြစ်ပေါ်နေပြီဆိုတဲ့အထိ လိုက်မလေ့လာဘဲနဲ့တော့ မဖြစ်လာဘူး။ နောက်တစ်ခုက ငယ်ငယ်ကလေးကတည်းက ကြိုးစားခဲ့မှ၊ အလုပ်ရဲ့ Pressure ကို ခံနိုင်မှ ကိုယ်ကထိပ်ရောက်ဖို့လွယ်မှာ။

www.foreverspace.com.mm

အခက်အခဲတစ်ခုခုတွေ့တိုင်း နောက်ပြန်ဆုတ်မယ်ဆို ဘယ်တော့မှ ထိပ်ရောက်မှာ မဟုတ်ဘူး။ ကမ္ဘာကြီးမှာ ဘာတွေဖြစ်နေပြီ ဆိုတဲ့ဟာတွေ အကုန်လုံးသိဖို့အတွက်က အင်တာနက်ကနေ တစ်ဆင့် ပိုပြီးတော့ လေ့လာဖို့လိုတယ်။

ကွန်ပျူတာသင်တန်းတက်တဲ့အခါမှာလည်း ကျွန်တော် အခု Basic ပြီးသွားပြီ။ Advance ဆက်တက်မယ်။ ပြီးလို့ရှိရင် Networking ဆက်တက်မယ်။ ပြီးရင် A+ တက်မယ်။ အဲဒီလို လုပ်နေတဲ့ကလေးတွေ တွေ့တယ်။ သူတို့ရဲ့လမ်းကြောင်းက မှားနေတယ်။ ဆိုလိုတာက ကွန်ပျူတာဆိုတာက Basic , Advance, Network ဆိုပြီးသွားတဲ့လမ်းကြောင်းမဟုတ်ဘူး။ နောက်တစ်ခုက ပြီးရင်သူတို့ကို ဘယ်နေရာသုံးရမှန်းလည်းမသိဘူး။ သူတို့က တစ်ခုခုမှာ Professional ဖြစ်သလား။ Microsoft မှာ Professional ဖြစ်သလား။ Programmer ဆိုရင် Java မှာ Professional ဖြစ်သလား။ ဒါမှမဟုတ်ရင် Photoshop မှာ ကျွမ်းသလား။ Pagemaker မှာ ကျွမ်းသလား။ တစ်ခုခုကို အလုပ်ဖြစ်အောင် ဘယ်လောက်အထိ လုပ်တတ်သလဲဆိုတာလိုတယ်။ ကိုယ်တာဝန်ယူပြီး ဘယ်လောက်အထိ လုပ်တတ်သလဲဆိုတဲ့ Level ဖြစ်အောင် လုပ်နိုင်ဖို့လိုတယ်။

နောက်သင်တန်းတွေဆီက လေ့လာတဲ့နည်းကို သိလာဖို့ လိုတယ်။ ဘယ်လောက်အထိ ဆက်လေ့လာသင့်သလဲဆိုတာ အဲဒီဟာကို ပြန်ပြီးမကိုင်တွယ်နိုင်ဘူးဆိုရင် ကိုယ်သင်တန်းတက်ခဲ့တာဟာ အလကားပဲ။ ဘာဖြစ်လို့လဲဆို Expert တွေ ကိုယ်တိုင်က သတ်မှတ်ထားတာရှိတယ်။ ကွန်ပျူတာသမားတစ်ယောက်ဟာ ဘယ်လောက်ပဲသိသိ နှစ်နှစ်ဆိုရင် တစ်ဝက်ကသုံးလို့မရတော့ဘူး။ လေးနှစ်လောက်ရှိသွားပြီ၊ ခြောက်နှစ်လောက်ရှိသွားပြီဆိုလို့ရှိရင် ဘာဘွဲ့ပဲရရ ဒီ Field ထဲမှာ ထပ်လေ့လာမှုမရှိဘူးဆိုရင် သွားပြီပဲ။ သင်တန်းတွေကပေးတဲ့ပညာဆိုတာ ငါတို့ ဆက်လေ့လာဖို့ ပေးတာပဲဆိုတာကိုနားလည်မှ။ သင်တန်းတွေက မတတ်အောင်သင်တယ်လို့ဆိုလိုတာမဟုတ်ဘူး။ သင်တန်းတွေကပေးလိုက်တာက ပညာမဟုတ်ဘူး။ လေ့လာနည်းသင်ပေးလိုက်တာပဲ။ လေ့လာနည်းပဲဆိုတာ သဘောပေါက်ဖို့လိုတယ်။

IT ပဲလုပ်လုပ်၊ ဒီဗြင်အလုပ်ပဲလုပ်လုပ်၊ အလုပ်တစ်ခုရတယ်ဆိုတာက ဒီအလုပ်မှာ ကိုယ်က ဘာအသုံးကျသလဲဆိုတာပေါ် မူတည်ပြီးတော့ ကိုယ့်ရဲ့ရာထူးတက်တာတို့၊ ကိုယ့်ရဲ့ဝင်ငွေဝင်တာတို့ ဖြစ်လာတာပဲ။ ကိုယ်က ဘာလုပ်ပေးနိုင်သလဲဆိုတာကို စဉ်းစားရမှာ။ ကိုယ်ဘာဖြစ်သလဲဆိုတာနဲ့ သူတို့ကပေးတာ မဟုတ်ဘူး။ ကိုယ်သိနေတာတွေအကုန်လုံးက သူ့ဆီမှာ အသုံးမကျတာတွေ၊ ဗြုတ်စဗျင်းတောင်းဖြစ်နေရင် ဘာမှလုပ်လို့ရမှာ မဟုတ်ဘူး။ ဟာ ငါ့မှာ Certificate ဘယ်နှခုတောင်ရှိတာ။ သူတို့က ဒီလောက်ပဲပေးရသလားဆိုတဲ့လူမျိုးတွေ ဘယ်တော့မှ အလုပ်ကောင်းကောင်းရမှာမဟုတ်ဘူး။ နောက်တစ်ခုက သင်တန်းတစ်ခုပြီးတစ်ခု လျှောက်တက်ပြီးပျော်နေလို့ ဘဝက ပြီးသွားမှာ မဟုတ်ဘူး။ အဲဒီသင်တန်းက သင်လာတဲ့ဟာတွေကကော အသုံးကျရဲ့လားဆိုတဲ့ကိစ္စက ရှိသေးတယ်။

ကျော်နိုင်

LIVING COLOR MAGAZINE
526302 , 504496 , 4412163
Chief Editor - c-editor@myanmarpartners.com.mm
News Room - myanfo@myanmarpartners.com.mm
Marketing - paz@myanmarpartners.com.mm

ဈေးဝယ်လမ်းညွှန်

အမှတ် ၁၂၈ ၂၀၀၆ ခုနှစ်၊ မတ်လ

Mandalay City Hotel ရဲ့ အထူးအစီအစဉ်

အခုလို ပွင့်လင်းရာသီအတွင်းမှာ မန္တလေးမြို့ကို သွားရောက်လည်ပတ်မယ့် နိုင်ငံသားဧည့်သည်များအတွက် မန္တလေးမြို့လယ်မှာရှိတဲ့ Mandalay City Hotel က အထူးဈေးနှုန်းနဲ့ လက်ခံဆောင်ရွက်ပေးလျက်ရှိတယ်လို့ဆိုပါတယ်။ ဟိုတယ်ရဲ့အတွင်းပိုင်း (Interior Decoration) တွေကို ရေကန်၊ ဥယျာဉ်၊ ရေတံခွန်တွေနဲ့ နိုင်ငံတကာအဆင့်မီ Landscaping ပြုပြင်မွမ်းမံထားတာမို့လို့ ဟိုတယ်အတွင်းဝင်ရောက်လိုက်တာနဲ့ အိုအေစစ်တစ်ခုထဲ ရောက်သွားသလိုခံစားနိုင်ပါတယ်။ ကျယ်ဝန်းလှတဲ့ ဟိုတယ်ဝင်းအတွင်းနဲ့ ရေကူးကန် (Pool Site) နံဘေးမှာ ဧည့်ခံပွဲတွေကိုပါ လက်ခံကျင်းပလျက်ရှိတယ်လို့ သိရပါတယ်။

Superior နဲ့ Deluxe ဆိုပြီး အခန်းနှစ်မျိုးနှစ်စားရှိပြီး မနက်စာ International Buffet အပါအဝင် နိုင်ငံခြားသားဧည့်သည်များအတွက် Superior (Single) တစ်ခန်းလျှင် 40 US$ ၊ Superior (Double) တစ်ခန်းလျှင် 45 US$ ၊ Deluxe တစ်ခန်းလျှင် 50 US$ နှုန်းသတ်မှတ်ထားပြီး ပြည်တွင်းမှ နိုင်ငံသားဧည့်သည်များအတွက်မူ အထူးနှုန်းဖြင့် Superior (Single) တစ်ခန်းလျှင် ၁၇၀၀၀ ကျပ်၊ Superior (Double) တစ်ခန်းလျှင် ၁၉၀၀၀ ကျပ်နှုန်းနဲ့ လက်ခံလျက်ရှိပါတယ်။

မန္တလေးလိပ်စာ–
Mandalay City Hotel
၂၆ လမ်း၊ ၈၂ လမ်းနှင့် ၈၃ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊
မန္တလေးမြို့။
ဖုန်း–၀၂–၆၁၇၀၀~၀၄၊ ဖက်စ်–၀၂–၆၁၇၀၅
E-mail: offmdycity@myanmar.com.mm

ရန်ကုန် Booking လိပ်စာ–
အခန်း–၆၀၃၊ အမှတ်–၇၂၊ ပင်လုံထိပ်ထားအဆောက်အအုံ၊
(၆ ထပ်)၊ ဦးဝိစာရလမ်းနှင့် ချင်းတွင်းလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း – ၅၃၅၅၃၅၊ ၅၃၄၃၃၃၊ ၅၀၁၂၈၉၊ ဖက်စ်– ၅၃၈၁၆၈

အင်္ဂလိပ်စာသင်တန်းများနှင့် ဂျပန်ဘာသာ ဧည့်လမ်းညွှန် ကျွမ်းကျင်မှုသင်တန်း တက်မယ်ဆို

အင်္ဂလိပ်စာသင်တန်းများကို အမေရိကန်လူမျိုးဆရာမနှင့် သင်ကြားလိုသူတွေအတွက် အမေရိကန်လူမျိုးဆရာမ Ms. Oliva Phelps ဦးဆောင်သင်ကြားမယ့် Better Life Education & Career Supporting Center ကို လမ်းညွှန်ပေးပါရစေ။ အင်္ဂလိပ်စာသင်တန်းကတော့ ၃ လ ကြာမြင့်ပြီး စာသင်ချိန်စုစုပေါင်း ၇၂ နာရီ ရှိမှာပါ။ သင်တန်းကြေးကတော့ တစ်လ လျှင် ကျပ် ၃၅၀၀၀ နှင့် သုံးလ ကျပ် ၁၀၀,၀၀၀ ဖြစ်ပါတယ်။ Writing Class လည်း သီးခြားရှိပါတယ်။

ဂျပန်ဘာသာဧည့်လမ်းညွှန်လက်တွေ့ကျွမ်းကျင်မှုသင်တန်းကတော့ ဂျပန်စကားတတ်မြောက်ပြီး ဧည့်လမ်းညွှန်လုပ်ကိုင်လိုသူတွေအတွက် ဝါရင့်ဂျပန်ဧည့်လမ်းညွှန်တွေက သင်ပေးသွားမှာပါ။ သင်တန်းကြေးကတော့ တစ်လကို ကျပ် ၂၀၀၀၀ ဖြစ်ပါတယ်။

သင်တန်းလိပ်စာ–
Better Life Education & Career supporting Center
အမှတ်–၅၊ တိုက်–၃၃၇၊ (၅) ရပ်ကွက်၊
အနောက်ရန်ကင်း၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်မြို့။

www.foreverspace.com.mm

www.foreverspace.com.mm

ပူဖောင်းအရုပ်မျိုးစုံ မှာနိုင်တဲ့နေရာ

ကလေးကစားစရာ ပူဖောင်းရုပ်လေးများကို ပုံစံအမျိုးမျိုး၊ တိရစ္ဆာန်ရုပ်အမျိုးမျိုးတို့ကို ပုံသွင်းရောင်းချတဲ့နေရာ ဖြစ်ပါတယ်။ နဂါးပတ်ရုပ်၊ တိုရိတာပရာဒိုကား၊ ကဒေါင်းတို့အပြင် အခြားပုံစံ ၆၀ ခန့် ပုံသွင်းရောင်းချနေကြောင်း ဆိုပါတယ်။ မွေးနေ့၊ ပါတီ စတဲ့ အခမ်းအနားများအတွက် အော်ဒါလက်ခံတယ်လို့ သိရပါတယ်။

လိပ်စာ–

အမှတ်–၇၈၊ စိန်ပန်းမြိုင်လမ်း၊
(၉) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၆၃၀၉၁၊ ၇၀၄၇၇၂

Website လမ်းညွှန်

အင်္ဂလိပ်စာလေ့လာသူတို့ကို ဒုက္ခပေးတတ်တဲ့ Phrasal Verb တွေကို လေ့ကျင့်ပေးမယ့် Website တစ်ခုကို လမ်းညွှန်လိုပါတယ်။ Website ထဲမှာ လက်တွေ့ဝင်ပြီး လေ့ကျင့်ခန်းလုပ်နိုင်ပါတယ်။ ပြီးလျှင် မှန်မမှန် ပြန်စစ်ပေးပါတယ်။ လေ့ကျင့်ခန်းလုပ်ရမယ့်ကွက်လပ်တွေမှာ မဖြေနိုင်ခဲ့ရင်တောင် အစစာလုံးများ ပေးထားလို့ ဖြေနိုင်မှာပါ။

လိပ်စာမှာ http://www.churchillhouse. com/english/exercises/phrasals/ ဖြစ်ပါတယ်။ လေ့ကျင့်ခန်းတွေနဲ့ စာလုံးအသစ်တွေကို Subcribe လုပ်ယူနိုင်ပါတယ်။ စာသင်သားတို့အတွက် အင်္ဂလိပ်စာသင်ကြားရမယ့် နည်းလမ်း၊ စာမေးပွဲလမ်းညွှန်၊ အင်္ဂလိပ်စာ ဆရာများအတွက် လမ်းညွှန်နဲ့ ဒေါက်တာသဒ္ဒါ ကဏ္ဍများ ပါဝင်ပါတယ်။ Phrasal Verb နဲ့ ပတ်သက်၍ပဲဖြစ်ဖြစ်၊ သဒ္ဒါနဲ့ ပတ်သက်၍ပဲဖြစ်စေ၊ မေးလိုရာ မေး ဆွေးနွေးနိုင်မယ့် လိပ်စာများ ပါဝင်ပါတယ်။

အမျိုးသမီးငယ်များအတွက် ခေတ်ပေါ်ဖက်ရှင် အဝတ်အထည်

ဆယ်ကျော်သက် မိန်းမငယ်လေးတွေ အကြိုက်တွေ့မယ့် ဖက်ရှင်အဝတ်အထည်အမျိုးမျိုးရောင်းချပေးနေတဲ့ ဆိုင်သစ်တစ်ခု ဖြစ်ပါတယ်။ လက်တလောအတွေ့ရများနေတဲ့ ဒီဇိုင်းဆန်းအင်္ကျီ၊ စကတ်အတို၊ အရှည်၊ ဘောင်းဘီ စတာတွေကို စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်မှာပါ။ ဆိုင်ဖွင့်လှစ်ခါစမို့ ဈေးနှုန်းကို အတတ်နိုင်ဆုံး လျှော့ရောင်းပေးနေတယ်လို့ ဆိုပါတယ်။ ထိုင်းနဲ့ ကိုရီးယားနိုင်ငံက အဝတ်အထည်တွေကို ရောင်းချပေးနေတာပါ။

လိပ်စာ–

Pyae Pyae Kyaw
Fashion Shop
အမှတ်–C-12၊ တတိယထပ်၊
ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊
ရန်ကုန်။ ဖုန်း–၇၀၀၅၀၆

မန္တလေးက ဟူးကောင်းဟိုတယ်

မန္တလေးကို အလည်အပတ်ရောက်ခဲ့လို့ တည်းခိုဖို့နေရာ စဉ်းစားနေသူတွေအတွက် မန္တလေးမြို့တော်က အသစ်မွမ်းမံပြင်ဆင်ဖွင့်လှစ်ထားတဲ့ ဟိုတယ်တစ်ခုကို လမ်းညွှန်လိုပါတယ်။ လာရောက်တည်းခိုတဲ့သူတွေကိုလည်း စိတ်ကျေနပ်မှုရစေသည်အထိ ဝန်ဆောင်မှုပေးနေတယ်လို့ ဆိုပါတယ်။ ဂျပန်၊ တရုတ်၊ အီတာလျံ စတဲ့ အစားအစာမျိုးစုံကို စိတ်ကြိုက် ရွေးချယ်သုံးဆောင်နိုင်မှာပါ။

လိပ်စာ – ဟူးကောင်းဟိုတယ်
အမှတ်–၁၇၀၊ ၃၁ လမ်း × ၈၂ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။
ဖုန်း–၀၂–၆၆၅၃၆၊ ၃၄၂၉၉၊ ၃၄၂၈၆

နားကြားကိရိယာ ဝယ်လိုရင်

အကြားအာရုံချို့တဲ့သူများအတွက် အသုံးတည့်မယ့် နားကြားကိရိယာအမျိုးမျိုး စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်မယ့်ဆိုင် ဖြစ်ပါတယ်။ ကြိုးမဲ့နဲ့ အိတ်ဆောင်နားကြားကိရိယာ၊ ဆရာဝန်သုံးနားကြပ်နားကြားကိရိယာနဲ့ နားကြားကိရိယာသုံးဓာတ်ခဲ၊ အပိုပစ္စည်းအမျိုးမျိုး ရနိုင်တာတွေ့ရပါတယ်။ ဒါ့အပြင် အဲဒီကိရိယာတွေ ပြုပြင်ရေးနဲ့ တပ်ဆင်ရေး ဝန်ဆောင်မှုလုပ်ငန်းတွေကိုလည်း ဆောင်ရွက်ပေးတယ်လို့ ဆိုပါတယ်။

ဝယ်ယူရရှိနိုင်မယ့်လိပ်စာ–

AUTRON Hearing Aid Centre
အမှတ်–၃၇၇၊ ရွှေဘုံသာလမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၄၃၆၄၄၊ ၃၈၀၉၅၅၊ ၅၅၅၄၉၁
E-mail : autron@myanmar.com.mm

www.foreverspace.com.mm

လုပ်ငန်းသစ် ၊ ဆိုင်သစ်

- **Hotel Mandalay**
  ၇၈ လမ်း၊ ၃၇ × ၃၈ လမ်းကြား၊ မန္တလေး။
- **ပြားပြား (အိတ်အမျိုးမျိုးရောင်းဝယ်ရေး)**
  ၇၈ လမ်း၊ ၃၁ လမ်းထောင့်၊ ဘူတာကြီးရှေ့၊ မန္တလေး။
- **Professional Satellite Installations (P.S.I)**
  အမှတ်–၈၉၊ သီရိမြိုင်၊ ၃၄ လမ်း၊ ၇၀ × ၇၁ လမ်းကြား၊ မန္တလေး။ ဖုန်း– C/O ၀၂–၆၈၆၀၉
- **Black Canyon Coffee (မန္တလေး)**
  ၆၆ လမ်း၊ ၂၆ × ၂၇ လမ်းကြား၊
  ချမ်းအေးသာဇံမြို့နယ်၊ မန္တလေး။
- **Lolane Showroom နှင့် Hair & Beauty Centre ဝေဃယန္တာ Shopping Centre**
  အမှတ်–၅၄၊ ဝေဃယန္တာလမ်းမကြီး၊ သင်္ကန်းကျွန်းမြို့နယ်၊ ရန်ကုန်။
- **Top Two Digital Studio**
  အမှတ်–၃၆၊ မြေညီထပ်၊ ကျွန်းတောလမ်း၊
  စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
- **Kids Unlimited**
  အမှတ်–၁၄၊ မြေညီထပ်၊ ပုလဲကွန်ဒို၊ ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
- **မဟာဗန္ဓုလ ထရက်တာ ကုမ္ပဏီလီမိတက်**
  အမှတ် – ၁၅၂၊ မင်းကြီးမဟာမင်းခေါင်လမ်း၊
  စက်မှုဇုန်(၄)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။
- **စာသူကြီး စာအုပ်ဆိုင်**
  အမှတ် – ၃၁၇၊ ဗညားဒလလမ်း၊သီတာလမ်းမှတ်တိုင်၊
  ကျောက်မြောင်း၊ တာမွေမြို့နယ်၊ရန်ကုန်။
  ဖုန်း–၀၉–၅၀၁၅၈၂၇၊ ၀၉–၅၁၃၀၉၇၇
- **သိန်းသန်းစိန်ရွှေရတနာဆိုင်**
  အမှတ် – ၂၆၆၊ ရွှေဘုံသာလမ်း(အလယ်)၊ပန်းဘဲတန်း
  မြို့နယ်၊ ရန်ကုန်။
- **မြန်မာဂေါက်ကလပ်လေ့ကျင့်ရေးဂေါက်ကွင်းနှင့် Han Golf Master Golf Academy**
  ကျောက်ရေတွင်းလမ်း၊ မြန်မာဂေါက်ကလပ်ဝင်း၊
  မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
- **ပန်းလှိုင်အထူးကုဆေးခန်း**
  အမှတ် – ၃၈၀၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ၄ လွှာ၊
  FMI Centre ၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၄၃၀၁၀၊ ၂၄၃၀၁၂၊၂၄၃၀၁၃
- **Pyae Pyae Kyaw Fashion Shop**
  အမှတ်–C-12၊ တတိယထပ်၊ ယုဇနပလာဇာ၊
  မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၀၅၀၆

www.foreverspace.com.mm

- **ရောင်ခြည်စာပေ**
  တိုက်အမှတ်–၈၆၊ အခန်း–၅၊ မြေညီထပ်၊ အနော်ရထာလမ်း(၃၉ လမ်းနှင့် ဆိပ်ကမ်းသာလမ်းကြား)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၄၆၆၅

- **ချင်းတွင်းအိမ် စာပေဖြန့်ချိရေး (၂)**
  ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဒေါနခြံလမ်း၊ မုံရွာမြို့။

- **Kemhangan-Pacific Medical and Dental Centre**
  အမှတ်–၈၁၊ Block (B)၊ ပထမထပ်၊ F 17 ၊ ပုလဲကွန်ဒိုမီနီယမ်၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

- **Beauty House**
  Beauty & Health Care
  Hair Cut, Shampoo Reflexology
  အခန်း–၀၀၁၊ တိုက်–၀၃၊ အောင်သပြေလမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၅၇၇၈၊ ၂၀၀၇၄၇၊ Ext–၇၄၈၈ E-mail-outrade@mptmail.net.mm

ကလေးတွေအတွက် သီးသန့်ထုတ်လုပ် ရောင်းချတဲ့ ပရိဘောဂဆိုင်

မွေးကင်းစကနေ အသက်ဆယ့်ငါးနှစ်အရွယ်အထိ အသုံးပြုနိုင်မယ့် ပရိဘောဂပစ္စည်းတွေရောင်းချပေးတဲ့ဆိုင် ဖြစ်ပါတယ်။ ပစ္စည်းတွေကို ကလေးတွေအတွက် သီးသန့်ရည်ရွယ်ပြီး ပြည်တွင်းမှာပဲထုတ်လုပ်ထားတယ်လို့ ဆိုပါတယ်။ ကလေးခုတင်၊ ပုခက်၊ လမ်းလျှောက်ကုလားထိုင်၊ စာရေးစာဖတ်စားပွဲ စတဲ့ ပရိဘောဂတွေ အစုံအလင် ရနိုင်တာတွေ့ရပါတယ်။ မိမိလိုချင်တဲ့ပုံစံတွေကို အော်ဒါမှာရင်လည်း အပ်နှံသူစိတ်တိုင်းကျ လက်ခံဆောင်ရွက်ပေးနေတယ်လို့ သိရပါတယ်။ ရန်ကုန်မြို့မှာ ပထမဆုံးဖွင့်လှစ်တဲ့ ကလေးသီးသန့်ပရိဘောဂဆိုင်ဖြစ်ပြီး ဇန်နဝါရီလ ကုန်ပိုင်းကမှ ဖွင့်လှစ်ထားတာ ဖြစ်ပါတယ်။

ဝယ်ယူနိုင်မယ့်လိပ်စာ – Kids Unlimited
အမှတ်–၁၄၊ မြေညီထပ်၊ ပုလဲကွန်ဒို၊ ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

ထမင်းကြော် ကောင်းကောင်း

ရန်ကုန်မြို့မှာရှိတဲ့ ထမင်းကြော်ဆိုင်တွေအနက် နောက်ထပ်ဆိုင်တစ်ဆိုင်ကို လမ်းညွှန်လိုပါတယ်။ ယခင် ဝက်သတ်ရုံများ တည်ရှိရာ ဆင်မလိုက်သင်္ဘောကျင်းအနီးမှာ တည်ရှိပါတယ်။

ဆိုင်က ညနေခင်းနဲ့ ညဘက်တွေမှာ ဖွင့်တာပါ။ ဝက်အူ၊ ဝက်အသား၊ ဝက်အစုံတို့နှင့် တွဲဖက်စားသုံးနိုင်မှာ ဖြစ်ပါတယ်။ ဈေးနှုန်းသင့်တင့်ပြီး ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အုန်းတောရပ်ကွက် အုန်းတောလမ်းမှာ တည်ရှိပါတယ်။

Billboard ကြော်ငြာဖန်တီးပေးနေတဲ့ နေရာများ

စီးပွားရေးလုပ်ငန်းတွေမှာ မိမိတို့ရဲ့ထုတ်ကုန်ပစ္စည်းတွေကို စားသုံးသူတွေဆီ အထိရောက်ဆုံးပို့ပေးနိုင်တဲ့နည်းလမ်းတွေထဲမှာ ကြော်ငြာခြင်းလုပ်ငန်းကလည်း အဓိကအခန်းကဏ္ဍကနေပါဝင်ပါတယ်။ ဒီလိုကြော်ငြာလုပ်ငန်းတွေကို ဖန်တီးပေးနေတဲ့ လုပ်ငန်းတွေထဲကနေပြီး လူမြင်ကွင်းမှာ Billboardတွေနဲ့ဖန်တီးထားတဲ့ကြော်ငြာတွေကို ဖန်တီးပေးနေတဲ့လုပ်ငန်းတွေကို လက်လှမ်းမီသလောက် စုစည်းဖော်ပြပေးလိုက်ပါတယ်။ Billboard ကြော်ငြာလုပ်ငန်းတွေလို့ဆိုပေမယ့်လည်း အခြားကြော်ငြာနဲ့ ပတ်သက်တဲ့ဝန်ဆောင်မှုတွေကို ဆောင်ရွက်ပေးနေတာတွေ့ရပါတယ်။ အောက်မှာ ဖော်ပြထားတဲ့ လိပ်စာအပြည့်အစုံနဲ့ ဖုန်းနံပါတ်တွေမှာ အသေးစိတ်စုံစမ်းကြည့်လို့ရပါတယ်။

❑ **Myanmar Apple (Digital Printing Co., Ltd.)**
အမှတ်–၅၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၆၆၇၄၇၊ ၆၆၂၄၅
E-mail : myanmarapple@myanmar.com.mm

❑ **Main Top**
– အမှတ်–၉၀(C) ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၄၄၇၄၊ ၀၉–၈၀၂၀၈၈၇
– အမှတ်–၁၅၁၊ အနော်ရထာလမ်း (၁၆လမ်းထောင့်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း– ၂၂၀၅၅၀၊ ၂၂၉၆၉၉၊ ၀၉–၈၀–၂၀၈၈၇၊ ဖက်စ်–၂၁၄၀၃၀

❑ **Diamond Neon & Advertising**
Golden Universe Co., Ltd.
– အမှတ်–၈၃၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၃၆၈၃၊ ၂၄၄၇၈၀
– အမှတ်–၃၉၈/စီ၊ ရီရီဓာတ်ပုံတိုက်ခြံ၊ ၈၁ လမ်း၊ ၃၀× ၃၁လမ်းကြား၊ မန္တလေး။ ဖုန်း–၀၂–၃၅၂၅၅၊ ၃၅၄၁၆

❑ **IDEA Digital Inkjet Printing**
– အမှတ်–၂၂၀/၂၂၂၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၀၂၂၂၄၊ ၀၉–၅၁၅၀၀၃၁၊ ဖက်စ်–၂၀၁၂၀၇
E-mail: idea@mptmail.net.mm
– ရတနာပုံဈေး၊ ဒုတိယထပ်၊ ၃၃× ၃၄ လမ်းနှင့် ၇၇× ၇၈ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေး။
ဖုန်း–၀၉–၅၂ဂ၃၅၅
E-mail: skzmcc@myanmar.com.mm

❑ **GOAL**
– အမှတ်–၁၄ (A-2) ၊ ဦးဝိစာရလမ်း၊ Blazon အနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၂၇၁၅
– အမှတ်–၃၀၇၊ ၇၆ လမ်း၊ ၃၃× ၃၄ လမ်းကြား၊ မန္တလေး။ ဖုန်း–၀၂–၃၁၇၁၁

www.foreverspace.com.mm

www.foreverspace.com.mm

- **Multimedia Group Ltd.**
  - အမှတ်–၄/၆၊ ကျိုက္ကဆံလမ်း၊ ကန်တော်ကြီးတာဝါ၊ ၀၁–၀၂၊ တာမွေမြို့နယ်၊ ရန်ကုန်။
    ဖုန်း–၂၉၅၃၆၈၊ ၂၉၆၈၃၀၊ ၀၉–၅၁၂၁၁၂၈၊ ၀၉–၅၁၂၁၁၂၉၊ ဖက်စ်–၅၄၁၅၁၀
    E-mail: mmedia@myanmar.com.mm
    M.MEDIA@mptmail.net.mm
    Website : www.mmediagroup.org.mm
- **SAIL**
  အမှတ်–၄၀၃၊ ဓနသီဟစင်တာ၊ ၇၉၀၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၁၁၈၇၀၊ ၂၂၄၈၂၀၊ ၂၂၇၂၄၃ (လိုင်းခွဲ–၄၀၃)
  E-mail : sailme@mptmail.net.mm
  Website : www.myanmar.advertising.com
- **SKY JET (Digital Inkjet Printing)**
  အမှတ်–၁၆၉/၁၇၁၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၄၅၇၁၇၊ ၅၄၀၁၃၅၊ ၀၉–၅၀၁၀၁၆၀
  E-mail: skyjet@myanmar.com.mm
- **Advertising Technical Management Co., Ltd.**
  - အခန်းအမှတ်–၃၀၁၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
    ဖုန်း–၅၄၆၆၆၃၊ ၅၄၂၃၇၅ (လိုင်းခွဲ–၁၃၀၁)

ရန်ကင်းက ဒိန်ချဉ် ကောင်းကောင်း

ဒိန်ချဉ်ကြိုက်သူတွေ အဆင်ပြေစေဖို့ ရန်ကင်းမှာရှိတဲ့ ဒိန်ချဉ်ဆိုင်လေးတစ်ဆိုင်ကို ညွှန်ပြပေးလိုပါတယ်။ ဖာလူဒါ၊ ရေခဲမုန့်နဲ့ သီးစုံအအေးအပြင် ခြံထွက်နွားနို့စစ်စစ်လည်း ရနိုင်တာ တွေ့ရပါတယ်။ မြည်းစမ်းကြည့်ချင်ရင်–

ယွန်း – တိုက်(၁)၊ ၁၂ လုံးတန်းမှတ်တိုင်၊ ရန်ကင်းလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၅၁၀၉၅၄၁

  - အခန်းအမှတ်–၂၂၂ (ယာ)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
    ဖုန်း–၀၉–၅၁၃၉၁၃၉၂
- **POS (Professional Outdoor Service Limited)**
  - အမှတ်– ၅၀ (C)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၁၄၁၂၃၊ ၅၀၂၂၈၆၊ ၅၂၆၁၃၃
    ဖက်စ် – ၅၂၆၁၃၃
    E-mail : eyecorp @mptmail.net.mm
    eyecorp @baganmail.net.mm
- **FLORA Digital Printing Co., Ltd.**
  အမှတ်– ၉၉၊ ၄၉ လမ်း(အလယ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၆၈၉၅၊ ၀၉–၅၀၀၇၂၀၄

www.foreverspace.com.mm

ဘုရားဖူးခရီးသွားလိုသူနှင့် အပန်းဖြေခရီး သွားလိုသူတွေအတွက်

စိတ်ပင်ပန်းနွမ်းနယ်နေသူ၊ စိတ်ဖိစီးမှုများနေသူတွေနဲ့ အလုပ်ခွင်မှာပဲ နစ်မြုပ်နေသူတွေအဖို့ အပန်းဖြေခရီး ဒါမှမဟုတ် ဘုရားဖူးခရီးပဲဖြစ်ဖြစ် ခရီးတစ်ခုထွက်လိုက်ရင်တော့ အတန်ငယ် ပြေလျော့သွားပြီး စိတ်လန်းဆန်းမှုတွေရရှိလာမှာပါ။ ဒါ့အပြင် နွေရာသီအားလပ်ရက်နဲ့လည်းတိုက်ဆိုင်နေတာမို့ ခရီးတစ်ခုခု သွားလိုသူတွေအတွက် သင့်လျော်မယ့် ဟိုတယ်အချို့ရဲ့လိပ်စာနဲ့ ကြိုတင် Booking လုပ်နိုင်မယ့် ဖုန်းနံပါတ်နဲ့ ရုံးခွဲလိပ်စာတွေကို ဖော်ပြပေးလိုက်ပါတယ်။ ပုဂံ၊ ကျိုက်ထီးရိုး၊ အင်းလေး၊ ငပလီ၊ ငွေဆောင်၊ ချောင်းသာ စတဲ့နေရာတွေက ဟိုတယ်အချို့ကို လမ်းညွှန်လိုက်ပါတယ်။ ခရီးတစ်ခုမသွားခင် ဟိုတယ်ရဲ့အနေအထား၊ ဝန်ဆောင်မှု၊ ကျသင့်ငွေ စတာတွေကို အသေးစိတ်မေးမြန်းနိုင်မှာပါ။ စိတ်ကြိုက်ဖြစ်ပြီဆိုရင်တော့ Booking လုပ်လိုက်ရုံပေါ့။

❑ **Thiripyitsaya Sakura Hotel**

အမှတ်–၃၃၉၊ အခန်း–၀၅၀၅၊ ပဌမထပ်၊ ဆာကူရာတာဝါ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဆူးလေဘုရားလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၅၂၅၅၊ ၂၅၅၃၃၃

❑ **Aureum Palace Hotel**

– မင်းနန်းသူရှာ၊ ညောင်ဦးမြို့။
  ၀ဖ၁–ဖ၀၀၄ဖ

– အမှတ်–၅ဖ၊ အခန်း–၂၉၊ ရွှေတောင်ကြားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၀၂ဖ၄၈၊ ၅၀၂ဖ၄၉၊ ဖက်စ်–၅၁၃၄၀၀

❑ **Aye Yar River View Hotel**

အမှတ်–၂၀၄၊ ဓမ္မသုခကျောင်းလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၃၇၉ဖ၁၊ ၅၃၇၉ဖ၂၊ ဖက်စ်–၅၃၇၈ဖ၃
E-mail : abk@myanmar.com.mm
ပုဂံ –ဖုန်း–၀ဖ၁–ဖ၀၃၁၃၊ ဖ၀၃၅၂
ဖက်စ်–၀ဖ၁–ဖ၀၃၅၃

❑ **Bagan Thiri Zarni**

– အမှတ်–၂၈ (B)၊ ဖိုးစိန်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၄၄၃၀၇၊ ၀၉–၈၀၂၀၄၁၈

– လောကနန္ဒာဘုရားအနီး၊ ပုဂံမြို့သစ်၊ ညောင်ဦးမြို့နယ်။
  ဖုန်း–၀ဖ၁–ဖ၀၃၀၉၊ ၀၉–၂၀၄၂၀၅၇

❑ **The Hotel @ Tharabar Gate**

– အမှတ်–၃၅၀၊ အခန်း–၂၀၃၊ Summit Parkview Hotel ၊ အလုံလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၁၁၈၈၈၊ ၂၁၁၉ဖ၆၊ လိုင်းခွဲ–၂၀၁၊ ၁၉၂၊ ဖက်စ်–၂၂၇၉၈၀
  E-mail : sales@hoteltharabarbagan.com.mm

– သရပါဂိတ်အနီး၊ ပုဂံမြို့ဟောင်း
  ၀ဖ၁–ဖ၀၀၃၇၊ ဖ၀၀၄၂၊ ဖ၀၀၄၃၁၊ ဖက်စ်–ဖ၀၀၄၄
  E-mail : rdm@hoteltharabarbagan.com.mm
  Web : www.hoteltharabarbagan.com.mm

❑ **BAGAN THANDE HOTEL**

– အမှတ်–၇၅ (D)၊ ဗညားဒလလမ်းနှင့် ဖိုးစိန်လမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၄ဖ၂၂၅၊ ၅၄ဖ၂၂ဖ၊ ၅၄ဖ၂၂၇၊ ၇၀၃၉၉၂၊ ၇၂၇၄၉၈
  ဖက်စ်–၅၄ဖ၂၂၇

– ဧရာဝတီမြစ်ကမ်းဘေး၊ ပုဂံမြို့ဟောင်း
  ဖုန်း–၀ဖ၁–ဖ၀၀၂၅၊ ဖ၀၀၃၁
  ဖက်စ်–၀ဖ၁–ဖ၀၀၅၀
  E-mail : thande@myanmar.com.mm
  Web : www.baganthande.com

ကျိုက်ထီးရိုး

❑ **Kyaikhto Hotel**

အမှတ်–၇ (B)၊ မြေနီကုန်းပလာဇာ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၁၂၅၁၊ ၀၉–၉၉၂၃၁၀၀၊ ၀၉–၉၉၂၁၅၅၃၊
E-mail : onyx@mptmail.net.mm
Web : www.myanmar.com.onyx

❑ **Thuwunna Bomi Mountain View Hotel**

အခန်း–၅၀၈၊ ၅ လွှာ၊ တိုက်–၂ ၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်။
ဖုန်း–၇၀၇၁၁၅၊ ၀၉–၅၀၀၂၂၁၄
ဖုန်း/ဖက်စ်– ၅၅၇၄၈၁၊ ၅၅၇၄၈ဖ၆၊ လိုင်းခွဲ–၃၅၀၈
E-mail : mountainview@myanmar.com.mm

❑ **Golden Rock Hotel**

အမှတ်–၇၂၊ ဒုတိယထပ်၊ အခန်း–၂၀၃၊ ပင်လုံထိပ်ထား အဆောက်အအုံ၊ ဦးဝိစာရလမ်းနှင့် ချင်းတွင်းလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၇၀၉၄၀၂၊ ၅၃ဖ၅၅၃၊ ၅၃ဖ၁၇၄၊ ၅၃ဖ၀၈၅

❑ **Golden Sunrise Hotel**

ကင်မွန်းစခန်း၊ ကျိုက်ထို
ဖုန်း–၇၀၁၀၂၇၊ ၅၃၉၁၇၉၊ ဖုန်း/ဖက်စ်–၅၀၀၃၅၁

www.foreverspace.com.mm

E-mail : gsunrise@myanmar.com.mm
Web : www.goldensunrisehotel.com

အင်းလေး

❑ **Inle Regal Resort**

– အမှတ်–၁၁ဖ(D)၊ သီရိမင်္ဂလာလမ်းသွယ်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–ဖဖ၄၅၅၉၂၂
E-mail : regal@myanmar.com.mm

- အင်းလေးကန်၊ ရွှမ်းပြည်နယ်(တောင်ပိုင်း)
ဖုန်း–၀၈၁–၂၉၄၈၁၊ ၂၉၄၈၂
ဖက်စ်–၀၈၁–၂၉၃၁၂

❑ **Golden Insland Cottages**

အမှတ်– ၄၅၉၊ အခန်း–၁၁၊ ၅ လွှာ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း– ၅၄၉၀၁၉၊ ၇၀၀၅၁၅၊ ဖက်စ်–၅၅၉၇၅ဖ၊
E-mail : gicinle@myanmar.com.mm
Web : www.gicmyanmar.com

❑ **Inle Lake View Resort**

– အမှတ်–ဖဖ (A)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၃၈၅၅၀၊ ၂၅၄၁၈၃၁
ဖက်စ်–၂၄၉၄၅၇
– အင်းလေးခေါင်တိုင်ကျေးရွာ၊ ညောင်ရွှေမြို့နယ်၊ ရွှမ်းပြည်နယ် (တောင်ပိုင်း)။
ဖုန်း/ ဖက်စ်–၀၈၁–၂၃ဖ၅ဖ
E-mail : LV Rinle@mptmail.net.mm
Web : www.myanmars.net/ lvrinle

❑ **Shwe Inn Tha Village Resort**

– အမှတ်–၁၂ (A-6)၊ ကုက္ကိုင်းရိပ်သာလမ်း၊ ရွှေတောင်ကြားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း– ၇၀၅၀၃၅၊ ၅၄၃၇၁၁၄၊ ၀၉–၉၉၂၄၀၀၄

❑ **Inle Resort Hotel**

– အခန်း–ဖ၀၃၊ အမှတ်–၇၂၊ ပင်လုံထိပ်ထားအဆောက်အအုံ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၃၅၅၃၃၊ ၅၃၄၃၃၃၊ ဖက်စ်–၅၃၈၁ဖ၈
– မိုင်းသောက်ကျေးရွာ၊ အင်းလေးကန်၊ ညောင်ရွှေမြို့နယ်၊ ရွှမ်းပြည်နယ် (တောင်ပိုင်း)
ဖုန်း–၀၈၁–၂၉၃ဖ၂၊ ၂၉၃ဖ၁၊ ၂၉၄ဖ၆
E-mail : revinleresort@myanmar.com.mm
Web : www.inlesort.com.mm

❑ **Golden Express Hotel**

အမှတ်–၁၉၊ ဖောင်တော်ပြန်လမ်း၊ ညောင်ရွှေမြို့နယ်၊ ရွှမ်းပြည်နယ် (တောင်ပိုင်း)။
ဖုန်း–၀၈၁–၂၉၀၃၇၊ ၂၉၁၅၁။

ငပလီ

❑ **Silver Beach Hotel**

– အခန်းအမှတ်– (S–၈)၊ အပေါ်ဆုံးထပ်၊ အောင်ဆန်းအားကစားကွင်းမြောက်ဘက်တန်း၊ ကွမ်းခြံလမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း– ၂၄၂ဖ၅၂၊ ၃၈၁၈၉၈၊ ၇၀၀၉၇၃၊ ဖက်စ်–၂၄၂ဖ၅၂
E-mail : sbho1@goldenbrothers.com.mm
Web : www.silverbeachhotelngapali.com
– ငပလီ–ဖုန်း–၀၄၃–၄၂၂ဖ၆၊ ၄၂၂၇၇၊ ၄၂၂၈၈

❑ **Linn Thar Oo**

– အမှတ်–၇၈၈/L ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
ဖုန်း/ ဖက်စ်–၂၂၉၉၂၈
– ငပလီ–၀၄၃–၄၂၃၃၃၊ ၄၂၃၂၂

❑ **Ngapali Beach Hotel**

– အခန်းအမှတ်–၂၀၁၊ Summit Parkview Hotel ၊ အမှတ်–၃၅၀၊ အလုံလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၁၁၈၈၈၊ ၂၁၁၉ဖ၆၊
လိုင်းခွဲ–၂၀၁၊ ၁၉၂၊ ၂၁၂၅၅၁၊ ၂၁၀၄၃၇၊ ဖက်စ်–၂၂၇၉၈၀
E-mail : sales@ngapalibeachhotel.com.mm
– မဇင်ရွာ ငပလီကမ်းခြေ၊ သံတွဲမြို့နယ်။
ဖုန်း–၀၄၃–၄၃၈၀၀၊ ၄၃၈၁၁၊ ၄၃၈၂၂၊
ဖက်စ်–၀၄၃–၄၂၂၀၀
E-mail : ngapalihotel.com.mm

❑ **Aureum Palace Hotel**

– အမှတ်–၅ဖ၊ အခန်း–၂၉၊ ရွှေတောင်ကြားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၀၂ဖ၄၈၊ ၅၀၂ဖ၄၉၊ ဖက်စ်–၅၁၃၄၀၀
– မြပြင်ရွာ၊ ရွှေဝါချောင်း ငပလီကမ်းခြေ၊ သံတွဲမြို့နယ်။
ဖုန်း–၀၄၃–၄၄၁၂၂၊ ၄၄၁၃၃၊ ၄၄၁၄၄

❑ **Sandoway Resort**

အမှတ်–၂၀၁၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၄ဖ၆၁၂၊ ၂၀၀၈၈၃၊ ၂၀၁၂၇၁
ဖက်စ်–၂၀၁၁၁၅
E-mail : sandoway@mptmail.net.mm

www.foreverspace.com.mm

- **Bay View Hotel**
  အမှတ်–၂၈၉ (A)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၀၄၄၇၁

ချောင်းသာ

- **HOTEL MAX**
  အမှတ်–၁၊ ရွာမကွေ့၊ ဘုရင့်နောင်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၀၀၁၂၃၊ ၅၁၃၀၀၉၊ ၅၀၁ဖ၇၇၊ ၅၀၁ဖ၇၈
  ဖက်စ်–၅၂၇၇၉၇၊ ၅၂၄၀၁ဖ
  ချောင်းသာ–၀၄၂–၂၄၉ဖဖ၊ ၂၄၉၇၇
  E-mail : reservation@maxmyanmar.com.mm
  beach@maxmyanmar.com.mm
  Web : http//www.hotelmaxchaungthabeach.com
- **KHINE CHAUNG THA HOTEL**
  အမှတ်–၁၁ဖ/၈၊ ၁၅ လမ်း၊ လမ်းမတော်မြို့နယ်၊ရန်ကုန်။
  ဖုန်း–၂၂ဖ၆၂၈၊ ၂၂ဖ၆၂၉၊ ဖ၆၀၄၇၉၊ ဖ၆၁၂၈၂၊
  ၀၉–၅၀၀ဖ၀၀၅၊ ဖက်စ်–၂၂ဖ၆၂၇
  E-mail : khine@mptmail.net.mm
  ချောင်းသာ–၀၄၂–၂၄၈၈၀~ ၈၇ ၊ လိုင်းခွဲ–၂၄၂၊ ၂၄၃
- **Golden Beach Hotel**
  အမှတ်–၃၄ဖ၊ ကမ်းနားလမ်းနှင့် ၂၁ လမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၄ဖ၁၄ဖ၊ ၂၄၄၃၂၂၊ ၀၉–၅၂၀၀၅ဖ၄၊ ၀၉–၅၂၀၀၅ဖ၅
- **Lai Lai Hotel**
  အမှတ်–၇၈၃၊ မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၇၈၇၈၊ ၂၂၇၈၃၅၊ ဖက်စ်–၂၂၇၃၄၂
  E-mail : Lai-Lai@myanmar.com.mm
  ချောင်းသာ–ဖုန်း–၀၄၂ ၂၄၈၈၀–၂၊ လိုင်းခွဲ–၃၂၄၊ ၃၂၅
- **Co Co Beach Resort**
  ချောင်းသာ။ ဖုန်း–၀၉–၅၀၀၄၈၉၃၊ ၀၉–၉၉၂၅၅ဖ၉
- **Chaung Tha Co Beach Hotel**
  အမှတ်–၂၉၉၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၄၇၀၈~၉၊ ၂၅၀၂၇၉
  ဖက်စ်–၂၅၀၂၈၀
  E-mail : htoo.maw@mptmail.net.mm
  ချောင်းသာ–ဖုန်း–၀၄၂–၂၂၈၈၈၊ ၂၄၈၈၀~၈၈၃
  (လိုင်းခွဲ–၃၅၃၊ ၃၅၄)
  ငွေဆောင်–ဖုန်း–၅၈၁၁၀၀၊ ၅၈၁၁၀၅၊
  (လိုင်းခွဲ–၃၂၄၊ ၃၂၅)

ငွေဆောင်

- **The Palm Beach Resort**
  အမှတ်–၂ဖ၂/ ၂ဖ၄၊ ပြည်လမ်း၊ ဒဂုံစင်တာ# A-၀၃–၀၁၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၀၁၉၃၇၊ ၅၀၂ဖ၇၅၊ ၅၃ဖ၂၅၅၊ ဖက်စ်–၅၀၄၅၂၈။
  E-mail : DAGON@mptmail.net.mm
  Web : www.thepalmbeachresort.com
- **The Emerald Sea Resort Hotel**
  တိုက်–RHN(1)၊ ဝေဃယန္တာဥယျာဉ်အိမ်ရာ၊ (ဝေဃယန္တာ Shopping Center အနောက်ဘက်ခြမ်း) ဝေဃယန္တာလမ်း၊ သင်္ကန်းကျွန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၀၉–၅၂၀၀၈၉၀၊ ၀၉–၂၀၀၅၄၂၉၊
  ၀၉–၅၂၀၀၈၈၉၊ ၀၉–၅၂၀၀၈၉၀
- **Sunny Paradise Resort**
  အမှတ်–၉၀ A/B၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄ဖ၀၀၂~ ၈၊ ဖက်စ်–၅၄ဖ၀၀၁/ ၉
  E-mail : tmwlwynn@mptmail.net.mm
  Web : www.sunnyparadise.net
  ငွေဆောင်–ဖုန်း–၀၉–၅၂၀၀၅၅၃၁၊ ၀၉–၅၂၀၀၅၅၂
  E-mail : tmwsp@tmw.com.mm
- **Silver View**
  အမှတ်–၄၄၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၀၂ဖ၈၁–၂၊ ၅၀၃၇၁ဖ၊ ၅၀၄၂၄၈
  ဖက်စ်–၅၀၄၂၄၇၊ ၅၀၄၂၄၉
- **Yuzanna Resort**
  အမှတ်–၁၃၀၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၄၉ဖ၀၀၊ ၅၄၃၃ဖ၇၊ ၅၄၃၃၇၀
  ဖက်စ်–၅၄၄၉၉၈၊ ၅၄၃၈၃၅
  E-mail : YUZANAHOTEL@mptmail.net.mm
- **Aureum Palace Hotel**
  အမှတ်–၅ဖ၊ အခန်း–၂၉၊ ရွှေတောင်ကြားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၀၂ဖ၄၈၊ ၅၀၂ဖ၄၉၊ ဖက်စ်–၅၁၃၄၀၀
  Sunny Paradise Hotel အနီး၊ ငွေဆောင်ကျေးရွာ
  ဖုန်း–၄၄၈၁၀၈၉
- **Myanmar Treasure Resort**
  အမှတ်–၅ဖ၊ အခန်း–၂၉၊ ရွှေတောင်ကြားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၁၃၄၀၀၊ ၅၁၃၄၀၀
  ငွေဆောင်ကျေးရွာ–ဖုန်း–၄၄၈၁၀၈၇၊ ၄၄၈၁၀၈၈

www.foreverspace.com.mm

- **AMBO Resort Hotel**
  အမှတ်–၇၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၄၃၁၆၂၊ ၅၄၃၁၆၃၊ ၅၄၈၅၂၆

စားသောက်ဆိုင်သစ်

- **ပန်းသစင်ကဖေးနှင့်အအေး**
  ၃၄ လမ်း၊ ၇၇× ၇၈ လမ်းကြား၊ ရတနာပုံဈေးနှင့် မျက်နှာချင်းဆိုင်၊ မန္တလေး။
- **ICE Blue (Cold & Snack)**
  အမှတ်–A7, A8 ၊ ၃၂× ၃၃ လမ်းကြား၊ ၇၇× ၇၈ လမ်းကြား၊ ဇောတိကလမ်းသွယ်၊ မန္တလေး။
  ဖုန်း–၀၂–၈၉၆၆၅
- **Spider Orchid Food Garden**
  အမှတ်–၁၃၁၊ ဗဟိုလမ်း၊ အဏ္ဏဝါရိပ်သာအနီး၊ အလုံမြို့နယ်၊ ရန်ကုန်။

Special Effect
ဖန်တီးတတ်လိုသူများအတွက်

ကြော်ငြာများ၊ ကာရာအိုကေသီချင်းများနှင့် VCD ၊ DVD များကို မိမိတို့စိတ်ကြိုက် ဖန်တီးပြုလုပ်လိုသူများအတွက် Special Effect သင်တန်းတစ်ခုကို လမ်းညွှန်လိုပါတယ်။ အသံသွင်းခြင်း၊ ကူးယူခြင်း၊ ပြုပြင်ခြင်း၊ သီချင်းစာသား ထည့်သွင်းခြင်း၊ ကားကူးကားဆက်များကို လှပအောင် Special Effect များ ထည့်သွင်းခြင်း၊ Graphics ပုံများကို သက်ဝင်လှုပ်ရှားအောင်ပြုလုပ်၍ Video File များနှင့်ပေါင်းစပ်ခြင်း စတာတွေကို ဦးစားပေးသင်ကြားပေးလျက်ရှိပါတယ်။ သင်တန်းကာလက နာရီ ၃၀ သတ်မှတ်ထားပြီး ရန်ကုန်မြို့က KMD ကွန်ပျူတာစင်တာတွေမှာ တက်ရောက်နိုင်ကြပါတယ်။

လိပ်စာ – KMD Computer Centre (ရုံးချုပ်)
အမှတ်–၅၅၀/၅၅၂၊ ကုန်သည်လမ်း၊ ၃ဖ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၉၁၅၅၊ ၃၈၁၂၉၊ ၁၈၁၇ဖ၊ ဖက်စ်–၂၄၅၁၈၀။E-mail : info@kmd.com.mm

သမိုင်းက အင်တာနက်သုံးနိုင်မယ့် နေရာ

မရမ်းကုန်းမြို့နယ် သမိုင်းနဲ့ ခဝဲခြံ တစ်ဝိုက်မှာ အင်တာနက် အသုံးပြုလိုသူများအတွက် အဆင်ပြေစေမယ့် နေရာတစ်ခုကို ညွှန်ပြလိုပါတယ်။ မြန်နှုန်းမြင့် ADSL အင်တာနက်စနစ်ဖြင့် အင်တာနက်၊ E-mail , Chat , Skype နဲ့ G-Talk စတာတွေကို အသုံးပြုနိုင်မှာဖြစ်ပြီး တစ်နာရီအသုံးပြုခ ၅၀၀ ကျပ်သာ ကျသင့်ပါတယ်။ Member စနစ်နဲ့လည်း အသုံးပြုနိုင်ပြီး ငါးနာရီစာ ၂၂၅၀ ကျပ်နဲ့ ၁၀ နာရီစာ ၄၀၀၀ ကျပ် အသီးသီးသတ်မှတ်ထားပါတယ်။ အင်တာနက်နဲ့ E-mail ကို ကျွမ်းကျွမ်းကျင်ကျင်အသုံးပြုလိုသူများအတွက် အင်တာနက်နဲ့ E-mail အခြေခံသင်တန်းကိုပါ ဖွင့်လှစ်ထားပြီး သင်တန်းကာလက ရက်သတ္တပတ် တစ်ပတ် ကြာမြင့်မှာ ဖြစ်ပါတယ်။

အင်တာနက်နဲ့ E-mail ဝန်ဆောင်မှုနဲ့အတူ Office 2003, Advanced Windows, D.T.P Course, Graphic Design ,3D CG (Maya ,3 DsMax), Web Design , Auto CAD, Programmaing, Accounting စတဲ့ ကွန်ပျူတာနဲ့ စာရင်းကိုင်အခြေခံသင်တန်းများကိုပါ ပူးတွဲဖွင့်လှစ်ထားပြီး Installer , Game , Larning CD များနဲ့ ကလေးများအတွက် ပညာရပ်ဆိုင်ရာ CD များကိုပါ ဝယ်ယူရရှိနိုင်ပါတယ်။

ထူးခြားတာကတော့ Web Cam စနစ်ကို အသုံးပြုပြီး အင်တာနက်ပေါ်မှာ မိမိတို့ရဲ့ ရုပ်ရောအသံပါ အသုံးပြုနိုင်ကြခြင်းဖြစ်ပါတယ်။

လိပ်စာ –
AKG Computer Training ,
Sale & Service Center
အမှတ်–၉၅/၉ဖ (က/၂) ၊ အင်စိန်လမ်း၊ ခဝဲခြံမှတ်တိုင်အနီး ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၆၄၈၅၅ ၊
E-mail : akgy@myanmar .com.mm

မိုးညှင်းက စားတော်ဆက်

မိုးညှင်းမြို့မှာ မြန်မာစည်ဘီယာနဲ့ တွဲဖက်သုံးဆောင်နိုင်မယ့် စားသောက်ဆိုင်တစ်ခုကို လမ်းညွှန်ပါရစေ။ အထပ်နှစ်ထပ်ပါရှိပြီး အပေါ်ထပ်က လေဟာပြင်နေရာမှာ ဧည့်ခံပွဲတွေ စီစဉ်ကျင်းပနိုင်ပါတယ်။ ယမကာမျိုးစုံနဲ့ တရုတ်အစားအစာအကြော်အလှော် ဟင်းလျာမျိုးစုံကို မှာယူသုံးဆောင်နိုင်ပြီး ငုံးကြွပ်ကြော်အရသာထူးခြားကောင်းမွန်တာ တွေ့ရပါတယ်။ ဧည့်သည် ၁၂၀ ခန့် တစ်ပြိုင်တည်း သုံးဆောင်နိုင်ပြီး နယ်မှ ဧည့်သည်တွေအတွက် တည်းခိုနိုင်ရန်ပါ စီစဉ်ထားပါတယ်။

လိပ်စာ–
ကြံတိုင်းအောင်
စားတော်ဆက်နှင့် မြန်မာစည်ဘီယာ
အမှတ်–၁၀၈၊ နားခါတောင်ရပ်ကွက်၊ ဘူတာအနီး၊ မိုးညှင်းမြို့၊
ဖုန်း–၀၇၄–၆၀၁၇၉၊ ၀၇၄–၆၀၀၃၇

www.foreverspace.com.mm

ပလတ်စတစ်ဘူးအကြည် ပုံစံအမျိုးမျိုး အော်ဒါမှာမယ်ဆိုရင်

စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ မိမိတို့ရဲ့ ထုတ်ကုန်ပစ္စည်းတွေကို စားသုံးသူတွေ ရှင်းရှင်းလင်းလင်း မြင်ရစေဖို့ ရည်ရွယ်ပြီး ပလတ်စတစ်အကြည်ဘူး ဒါမှမဟုတ် ပုလင်းတွေကို ထုပ်ပိုးပစ္စည်းအနေနဲ့ အသုံးပြုလေ့ရှိကြပါတယ်။ ဒါကြောင့်မို့ လုပ်ငန်းရှင်တွေနှစ်သက်ရာ ဒီဇိုင်းအမျိုးမျိုးကို အလွယ်တကူ မှာယူနိုင်ဖို့ နေရာတစ်ခုကို လမ်းညွှန်လိုက်ပါတယ်။ ဒါ့အပြင် ကြိုက်နှစ်သက်ရာ ဘူးဒီဇိုင်းတွေကို ကိုယ်တိုင်ဖန်တီးထုတ်လုပ်လိုတဲ့ လုပ်ငန်းရှင်တွေအတွက်လည်း ထုတ်လုပ်တဲ့စက်ပစ္စည်းတွေကို ပြည်ပကနေ မူရင်းဈေးအတိုင်း မှာယူပေးမယ်လို့လည်း ဆိုပါတယ်။

ဆက်သွယ်နိုင်မယ့်လိပ်စာ–

– Top Quality Company Limited
(Plastic Bottle Factory)
အမှတ်–၁၈၀၊ ဆိပ်ကမ်းသာလမ်း၊ လှိုင်သာယာစက်မှုဇုန်(၁)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။
ဖုန်း–၆၈၄၀၅၆၆၊ ၂၄၇၀၀၂ ၊ ဖက်စ်–၆၈၄၀၅၆

ခန်းဆီး၊ လိုက်ကာ ဒီဇိုင်းလှလှ တပ်ဆင်မယ်ဆိုရင်

လှပတဲ့အခန်းတစ်ခန်းအဖြစ် ဖန်တီးရာမှာ ခန်းဆီး၊ လိုက်ကာလေးတွေကိုလည်း လှလှပပလေးတပ်ဆင်ထားမှ ပြည့်စုံနိုင်မှာပါ။ ဒီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် ခန်းဆီး၊ လိုက်ကာတွေချုပ်လုပ်တပ်ဆင်ပေးနေတဲ့ဝန်ဆောင်မှု လုပ်ငန်းအချို့ကို စုစည်းဖော်ပြပေးလိုက်ပါတယ်။

- **SHU TONE**
  အမှတ်–၅၆၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၅၄၈၈၅၊ ၂၅၄၇၆၀
  E-mail: goldenrainbow@mptmail.net.mm
- **99 Curtain Service (ခန်းဆီး၊ လိုက်ကာလုပ်ငန်း)**
  အမှတ်–၂၇၆ (B)၊ အနော်ရထာလမ်း၊ ၇ လမ်းထိပ်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၂၃၉၇၀၊ ၂၂၃၈၇၅
- **BRIGHTER**
  – အမှတ်–၁၀၄၊ ဘိုကလေးဈေးလမ်း (၄၂ လမ်းနှင့် ၄၃ လမ်းကြား)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၄၀၁၂၊ ၂၉၆၇၂၂၂၊ ၀၉– ၉၉၇၃၀၂၃
  – အမှတ်–၃/၃၊ သံသုမာလမ်းမကြီး၊ စုပေါင်းအိမ်ရာ (စုပေါင်းမှတ်တိုင်နှင့်ရေနုံ့သာမှတ်တိုင်ကြား)၊ သုဝဏ္ဏ၊ သင်္ကန်းကျွန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၆၅၇၀၇
- **သာလွန်ကျော်**
  – အမှတ်–၇၀၊ ဆရာစံလမ်း၊ ပုလဲကွန်ဒိုအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၀၆၈၂
  – ယုဇနပလာဇာ၊ စတုတ္ထထပ်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၀၀၇၄၇ (လိုင်းခွဲ–၅၈၀၀)
  – ၇ မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
  – အမှတ်–၁၄၊ ၃၀× ၇၃ လမ်းထောင့်၊ Mingalar Furniture Centre၊ မင်္ဂလာဈေးပထမထပ်၊ မန္တလေး။ ဖုန်း–၀၂–၆၁၆၂၆ (လိုင်းခွဲ–၅၀၅၁)
- **Three Friends Co., Ltd.**
  – အမှတ်–၄၄ (A-1)၊ ကျီတော်အိမ်ရာ၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၀၁၁၂၁၊ ၂၉၄၈၆၄၊ ၂၀၁၄၇၈၊ ၀၉–၅၀၁၁၄၄၃၃၊ ၀၉–၅၀၁၀၂၈၉
- **စန်းပွင့်ဖြူ**
  – အမှတ်–၃၊ ပါရမီလမ်းသစ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၄၂၅၉၊ ၀၉–၅၀၁၇၇၅၅
- **တော်ဝင်**
  – အမှတ်–၂၅၊ နတ်စင်လမ်း(သီတာလမ်းအနီး)၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း– ၅၄၂၃၁၁၊ ၀၉– ၅၀၀၂၀၀၃
- **Miss**
  ယုဇနပလာဇာ (စတုတ္ထထပ်)၊ ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၀၀၇၄၇ (လိုင်းခွဲ–၅၉၀၀)
- **ရွှေဘီးပျံ**
  – အမှတ်–၂၁၆၊ တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၉၂၈၀၄၊ ၂၄၅၄၅၁၊ ၀၉–၅၀၁၉၈၆၃၊ ၀၉–၉၉၂၃၃၅
- **ဂန္ဓဝင်**
  အမှတ်–၄၂၊ ၁၁၉ လမ်း၊ မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၀၂၁၉၇၊ ၀၉–၅၀၃၂၁၇၉

www.foreverspace.com.mm

နေရာပြောင်း ၊ လိပ်စာသစ်

- **အာယုသုခဆေးခန်း**
  အမှတ်–၃၆၊ ၂၇ လမ်း၊ ၇၂× ၇၃ လမ်းကြား၊ မန္တလေး။
  ဖုန်း–၀၂–၆၆၈၈၇၊ ၇၁၀၈၇

- **Anycall (Mobile Phone Sales & Services)**
  အမှတ်–C - ၆၊ ၇၈ လမ်း၊ ၂၇× ၂၈ လမ်းကြား၊
  ချမ်းအေးသာဇံမြို့နယ်၊ မန္တလေး။
  ဖုန်း–၀၂–၆၄၇၀၆၊ ၆၈၈၈၆၊ ၀၉–၂၀၀၁၁၂၂

- **Ayeyarwaddy Group Co., Ltd.**
  အမှတ်–၇၉၀၊ အခန်းအမှတ်–၄၀၂၊ ဓနသီဟစင်တာ၊
  ဗိုလ်ချုပ်လမ်းနှင့် ဝါးတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊
  ရန်ကုန်။
  ဖုန်း–၂၁၀၆၇၄၊ ၂၁၀၆၇၀၊ ၂၁၁၆၇၆၊ ၂၁၂၉၇၅၊ ၂၁၂၉၇၆
  ၂၁၂၉၇၈၊ ၂၂၇၂၄၃၊ ၂၂၇၆၅၀၊ ၂၂၃၂၈၈၊ ၂၂၈၁၉၇၊
  ၂၂၈၃၉၁ (လိုင်းခွဲ–၄၀၂)

- **KCK အမေရိကန်ကြက်ကြော်**
  အမှတ်–၇၇၆၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗဟိုစည်အိမ်ရာ၊
  လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၃၉၆၀

- **DELTA (MYANMAR) INTERNATIONAL GROUP LTD . IMPERIAL JADE သောက်ရေသန့်**
  အမှတ် – ၁၄၄၊ အထက်ပန်းဆိုးတန်းလမ်း၊
  မင်္ဂလာတောင်ညွှန့်မြို့နယ်၊ရန်ကုန်။
  ဖုန်း–၂၄၂၁၉၈၊ ၂၄၂၂၀၁

ခရီးသွားလျှင် သတိရပါ

ဆိုက်ရောက်ရာနေရာတွေမှာ ကြုံဆိုပေးမှုအပါအဝင် မော်တော်ယာဉ်များစုံ ငှားရမ်းပေးခြင်းကို အထူးဆောင်ရွက်ပါတယ်။ မော်တော်ယာဉ်ပိုင်ရှင်တွေလည်း ဆက်သွယ်နိုင်တယ်လို့ ဆိုပါတယ်။ Hotel နဲ့ Restaurant Reservation စတာတွေ အပါအဝင် ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်တဲ့ ဝန်ဆောင်မှုတွေ ပေးနိုင်တယ်လို့ ဆိုပါတယ်။

လိပ်စာ –
Asia Route Travels & Tours Co., Ltd.
အမှတ်–၈၄၊ မြေညီထပ်၊ ၅၁ လမ်း(လယ်)၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်။ ဖုန်း–၂၉၃၁၉၁
E-mail-nicecom@myanmar.com.mm

ဘားအံက စားသောက်ဆိုင် ကောင်းကောင်း

ကရင်ပြည်နယ်ရဲ့မြို့တော် ဘားအံမြို့ကို ရောက်တုန်း ရောက်ခိုက် ဆိတ်ငြိမ်အေးချမ်းတဲ့ပတ်ဝန်းကျင်နဲ့ ရန်ကုန် လက်ရာစားသောက်ဖွယ်ရာတွေ သုံးဆောင်နိုင်မယ့် စားသောက်ဆိုင်တစ်ဆိုင်ကို လမ်းညွှန်လိုပါတယ်။ အရက်၊ ဘီယာ ယမကာ အမှတ်တံဆိပ်အမျိုးမျိုးအပြင် ရန်ကုန်မှ စားဖိုမှူးများကိုယ်တိုင် ကြော်လှော်ချက်ပြုတ်ထားတဲ့ တရုတ်အစားအစာအကြော် အလှော်နဲ့ ဟင်းလျာမျိုးစုံကို မှာယူသုံးဆောင်နိုင်မှာပါ။ ရန်ကုန် လက်ရာ ဝီကင်းဘဲကင်ကိုပါ မှာယူသုံးဆောင်နိုင်ပြီး ခေါက်ဆွဲကြော်အရသာပါ ထူးခြားကောင်းမွန်တာကို တွေ့ရပါတယ်။ နေ့စဉ် နံနက် ၁၀ နာရီကနေ ည ၁၁ နာရီအထိ ဆိုင်ဖွင့်ပြီး ညပိုင်းမှာ စင်တင်တေးဂီတဖျော်ဖြေမှုကိုပါ တွဲဖက်တင်ဆက်ထားပါတယ်။

လိပ်စာ – Bravo စားသောက်ဆိုင်
ယဉ်ကျေးမှုပြတိုက်ရှေ့၊ ခရေလမ်း၊ အမှတ် (၄) ရပ်ကွက်၊
ဘားအံမြို့။ ဖုန်း–၀၅၈–၂၂၂၅၂

SHISEIDO Professional ရဲ့ Hair Saloon ဆိုင်သစ်

မကြေသေးမီကမှ ဖွင့်လှစ်လိုက်တဲ့ Hair Saloon ဆိုင်သစ်တစ်ခု ကို လမ်းညွှန်လိုပါတယ်။ ဆံပင်ပုံစံအမျိုးမျိုးကို ဂျပန်နည်းပညာ များနဲ့အတူ Shiseido Hair Care များကို အသုံးပြုပြီး လာရောက် သူများ စိတ်ကျေနပ်မှုရစေသည်အထိ ဝန်ဆောင်မှုပေးနေတယ်လို့ ဆိုပါတယ်။

လိပ်စာ – SHISEIDO Professional Hair Saloon
အမှတ်–၄၅၅၊ ဗိုလ်လရောင်လမ်း၊ အရှေ့ရွှေဂုံတိုင်လမ်းမကြီး၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။

အင်ဒိုနီးရှားပါတိတ် ဝယ်မယ်ဆို

ရန်ကုန်မြို့လယ်မှာ အဝတ်အထည်များစုံဝယ်ယူနိုင်တဲ့ဆိုင်ဖြစ်ပါတယ်။ အင်ဒိုနီးရှားပါတိတ်အမျိုးမျိုးနဲ့ နိုင်ငံခြားဖြစ် အမျိုးသမီးဝတ် အသင့်ချုပ်ပြီး အဝတ်အထည်တွေကို ဈေးနှုန်းအသင့်အတင့်နဲ့သာ ရောင်းချပေးနေပါတယ်။ အဝတ်အထည်တွေအပြင် ပုဆိုးနဲ့ မန္တလေးဖိနပ်တွေကိုပါ ဝယ်ယူနိုင်တာတွေ့ရပါတယ်။

လိပ်စာ –
Treasure Fashion and Fabrics ၊ အမှတ်–၁၅၄၊
မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

www.foreverspace.com.mm

၂၀၀၆ ခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများအတွင်း ထွက်ရှိသော စာအုပ်များ

စဉ်	စာအုပ်အမည်	စာရေးသူ	အုပ်ရေ	တန်ဖိုး (ကျပ်)	ထုတ်ဝေတိုက်	ထုတ်ဝေနှစ်	စာအုပ် အမျိုးအစား
၁။	နီတိပုံပြင်များ [စာမူခွင့်ပြုချက်အမှတ်-၅၁၀၀၇၄၀၅၀၈]	ပါရဂူ	၁၀၀၀	၆၀၀	The Couple	၂၀၀၅၊ နိုဝင်ဘာ (ဒု-ကြိမ်)	နီတိပုံပြင်
၂။	မူဆိုလီနီနောက်ဆုံးနေ့ရက်များ [စာမူခွင့်ပြုချက်အမှတ်-၃၁၀၁၀၅၅၀၅၁]	အောင်မြိုင်	၅၀၀	၇၀၀	အောင်ပင်လယ်	၂၀၀၆၊ ဇန်နဝါရီ (ပ-ကြိမ်)	ဘာသာပြန်
၃။	မဖြစ်နိုင်ဘူးဆိုတာမရှိပါ [စာမူခွင့်ပြုချက်အမှတ်-၄၀၀၄၆၃၀၅၀၅]	ထက်နိုင် (တလုပ်မြို့)	၁၀၀၀	၅၀၀	ရတနာ ကောင်းကင်	၂၀၀၅၊ ဒီဇင်ဘာ (ပ-ကြိမ်)	ကြီးပွားရေး စာစုများ
၄။	မြည်နေတဲ့ ထရမ်းပက် [စာမူခွင့်ပြုချက်အမှတ်-၅၀၁၂၁၇၀၅၀၉]	နေမျိုး	၅၀၀	၇၀၀	မိုးကောင်း	၂၀၀၆၊ ဇန်နဝါရီ (ပ-ကြိမ်)	ဝတ္ထုတိုစု
၅။	လရောင်ထဲက မြင်းရိုင်းများ [စာမူခွင့်ပြုချက်အမှတ်-၄၀၀၅၈၃၀၅၀၆]	အောင်ဝေး	၅၀၀	၈၀၀	The Couple	၂၀၀၅၊ ဒီဇင်ဘာ (ပ-ကြိမ်)	မဂ္ဂဇင်း ကဗျာများ
၆။	၂၁ ရာစုခေါင်းဆောင်မှုပြိုင်ပွဲ [စာမူခွင့်ပြုချက်အမှတ်-၃၁၀၀၂၁၀၃]	ကိုနေ (မန်း)	၅၀၀	၆၀၀	စိတ်ကူးချိုချို	၂၀၀၅၊ ဒီဇင်ဘာ (ပ-ကြိမ်)	ဘာသာပြန်
၇။	မောင်တို့မယ်တို့ချစ်တဲ့ တို့တိုင်းပြည် [စာမူခွင့်ပြုချက်အမှတ်-၄၀၁၁၇၇၀၅၁၀]	ချစ်နိုင် (စိတ်ပညာ)	၁၀၀၀	၁၁၀၀	ကျော်ညွှန့်ရည်	၂၀၀၅၊ ဒီဇင်ဘာ (ပ-ကြိမ်)	ဆောင်းပါးများ
၈။	ရှိုင်း [စာမူခွင့်ပြုချက်အမှတ်-၄၂၀၀၃၅၀၅၀၈]	မောင်လှမျိုး (ချင်းချောင်းခြံ)	၅၀၀	၈၅၀	စမ်းရေပြာ	၂၀၀၆၊ မတ် (ပ-ကြိမ်)	ကဗျာပေါင်းစု
၉။	ခေါင်းဆောင်မှုစွမ်းရည် ဥပဒေသများ [စာမူခွင့်ပြုချက်အမှတ်-၄၀၀၅၀၄၀၅၀၅]	မောင်မြင့်ကြွယ်	၁၀၀၀	၁၈၀၀	ထွန်းဖောင်ဒေးရှင်း ဘဏ္ဍာစာပေကော်မတီ	၂၀၀၆၊ ဇန်နဝါရီ (ပ-ကြိမ်)	ဘာသာပြန်
၁၀။	သူသေကိုယ်သေ [စာမူခွင့်ပြုချက်အမှတ်-၅၀၀၇၅၃၀၅၁၂]	တက္ကသိုလ်နေဝင်း	၁၀၀	၁၅၀၀	ကျော်မွေး	၂၀၀၆၊ ဖေဖော်ဝါရီ (ဒု-ကြိမ်)	ဘာသာပြန်
၁၁။	ဖခင်နို့တိုက်ခဲ့သည့်ကျွန်တော့် အဖေ [စာမူခွင့်ပြုချက်အမှတ်-၅၀၁၆၄၄၆၀၅၁]	ကသီပန်ဦးလှမြင့်	၁၀၀၀	၁၅၀၀	နေရီရီ	၂၀၀၆၊ ဇန်နဝါရီ (ပ-ကြိမ်)	ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ
၁၂။	သူငြေးဖေဖေရဲ့အောင်မြင်သူတို့ ဓာတ်လမ်းများ [စာမူခွင့်ပြုချက်အမှတ်-၅၁၀၀၇၅၀၅၀၈]	ညီညီနိုင်	၅၀၀	၉၀၀	ပန်းရွှေပြည်	၂၀၀၆၊ ဇန်နဝါရီ (ပ-ကြိမ်)	တက်ကျမ်း
၁၃။	ဖြစ်ရပ်ဆန်းကြယ်ဝတ္ထုတိုများ [စာမူခွင့်ပြုချက်အမှတ်-၅၀၀၉၀၀၀၅၀၇]	ကလောင်စုံ	၅၀၀	၆၀၀	စိတ်ကူးသစ်	၂၀၀၆၊ ဖေဖော်ဝါရီ (ပ-ကြိမ်)	ဝတ္ထုတိုစု
၁၄။	ဆိုဖီယာရဲ့ငါ့ကမ္ဘာ [စာမူခွင့်ပြုချက်အမှတ်-၅၀၀၀၁၅၀၆၀၁]	ကလောင်စုံ	၅၀၀	၈၀၀	Mother Eye's	၂၀၀၆၊ ဖေဖော်ဝါရီ (ပ-ကြိမ်)	ဝတ္ထုတိုစု
၁၅။	ဣတ္ထိယခေါ် မိန်းမတို့သည် [စာမူခွင့်ပြုချက်အမှတ်-၅၀၀၉ဖ၃၀၅၀၇]	ကြပ်ကလေး	၅၀၀	၄၅၀	စာပေရွှေဒီပါ	၂၀၀၆၊ ဖေဖော်ဝါရီ (ပ-ကြိမ်)	အချစ်ဟာသ

www.foreverspace.com.mm

၁၆။	မြန်မာပြည်လေကြောင်းတိုက်ပွဲနှင့် အခြားဝတ္ထုတိုများ	ဦးလှဝင်း (လေသူရဲတစ်ဦး)	၅၀၀	၁၃၀၀	ရတနာပုံ [စာမူခွင့်ပြုချက်အမှတ်-၅၀၀၇၂၆၀၅၀၆]	၂၀၀၆၊ ဇန်နဝါရီ (ပ-ကြိမ်)	ဝတ္ထုတိုစု
၁၇။	မဆုံးနိုင်သောလမ်းကလေး [စာမူခွင့်ပြုချက်အမှတ်-၄၂၀၀၆စ၀၅၁၂]	တက္ကသိုလ်မင်းခန့်	၅၀၀	၆၀၀	အဏ္ဏဝါ	၂၀၀၆၊ ဇန်နဝါရီ (ပ-ကြိမ်)	ကဗျာစုစည်းမှု
၁၈။	စိအိုင်အေ [စာမူခွင့်ပြုချက်အမှတ်-၃၁၀၁၀၆၀၅၁၁]	သောင်းထိုက်	၁၀၀၀	၇၀၀	မင်းမဟာ	၂၀၀၆၊ ဇန်နဝါရီ (ပ-ကြိမ်)	ဘာသာပြန်
၁၉။	ဗြောစည်တီး၍လှုပ်လိုက်သည် [စာမူခွင့်ပြုချက်အမှတ်-၅၈၈၀၃၆၀၆၀၁]	ထူးဆွေအောင်	၅၀၀	၁၀၀၀	တော်ဝင်မြို့မ	၂၀၀၆၊ မတ် (ပ-ကြိမ်)	ဟာသဝတ္ထု
၂၀။	ကမ္ဘာကျော်မိန်းမတို့၏အတွင်းရေးများ [စာမူခွင့်ပြုချက်အမှတ်-၄၀၀၂၄၂၀၅၀၃]	အောင်မြတ်ဦး		၄၅၀	စံလှ	၂၀၀၆၊ ဇန်နဝါရီ (ပ-ကြိမ်)	ဘာသာပြန်
၂၁။	တင်မောင်ဆွေနှင့်နဂါးလက်သည်း [စာမူခွင့်ပြုချက်အမှတ်-၅၀၀၃၅၉၀၅၀၃]	မိုးဝေ	၅၀၀	၉၀၀	စိတ်ကူးချိုချို	၂၀၀၆၊ ဇန်နဝါရီ (ပ-ကြိမ်)	စုံထောက်ဝတ္ထု
၂၂။	ဆယ်ကြိမ်မြောက်အလည်ရောက်ခြင်း [စာမူခွင့်ပြုချက်အမှတ်-၅၀၀၆၄၆၀၅၀၅]	မြသန်းတင့်	၁၀၀၀	၈၀၀	သီဟရတနာ	၂၀၀၆၊ ဖေဖော်ဝါရီ (ပဋ္ဌမအကြိမ်)	ဝတ္ထု
၂၃။	အင်ဂျင်နီယာအဘိဓာန် (အင်္ဂလိပ်-မြန်မာ)	ဦးအုန်းမြင့် (ဒီဇယ်)	၅၀၀	၄၀၀၀	မိုးမြင့်ကြယ် [စာမူခွင့်ပြုချက်အမှတ်- ၄၀၁၁၃၈၀၅၁၁]	၂၀၀၆၊ ဇန်နဝါရီ (ပ-ကြိမ်)	အဘိဓာန်
၂၄။	သံစဉ်သံလှိုင်းစိတ်ခိုင်းစေရာ [စာမူခွင့်ပြုချက်အမှတ်- ၅၀၁၅၈၈၀၅၁၁]	ဝင့်ပြုံးမြင့်	၁၀၀၀	၂၀၀၀	ပုဂံ	၂၀၀၆၊ ဇန်နဝါရီ (ပ-ကြိမ်)	ဘာသာပြန် ဝတ္ထုရှည်

စာအုပ်လမ်းညွှန်

Editor's Choice

မြန်မာ့ကျင့်ဝတ်သိက္ခာနှင့်လူမှုတန်ဖိုး ကျွန်ပ်တို့ဘိုးဘွားများ မည်သို့ နားလည်၍ မည်သို့ လိုက်နာခဲ့ကြပါသနည်း

တိုးလှ M.A., Ph.D (NIU, USA)



မြန်မာ့ကျင့်ဝတ်ဗေဒ (Ethics)ကို သမိုင်းတစ်လျှောက်ခြေရာခံ၍ ဆန်းစစ်သုံးသပ်ထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ မြန်မာ့ကျင့်ဝတ်သိက္ခာနှင့် လူမှုတန်ဖိုးကို မြန်မာရှေးလူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးကဏ္ဍအသီးသီး၌ ဆန်းစစ်လေ့လာထားသည်။

မြန်မာ့ကျင့်ဝတ်သိက္ခာနှင့် လူမှုတန်ဖိုးများကို လေ့လာရာတွင် ခေတ်အသီးသီး၌ ပေါ်ထွက်ခဲ့သော ကျမ်းဂန်အသီးသီးကို ကိုးကားသည်။ အချို့ကျမ်းများမှာ မဏ္ဍိမဒေသ (အိန္ဒိယ) ဖြစ် ကျမ်းများဖြစ်ပြီး အချို့ကျမ်းများမှာ ပြည်တွင်းဖြစ် ကျမ်းများဖြစ်ကြောင်း ဖော်ပြထားသည်။ မြန်မာ့လူမှုအဖွဲ့အစည်းတွင် ဗုဒ္ဓသာသနာတော် ရောက်ရှိလာခဲ့ချိန်မှစ၍ လူမှုဆက်ဆံရေးတွင် အလွန်သိသာသော ပြောင်းလဲမှုကြီး ဖြစ်ပေါ်လာခဲ့သည်ဟု ဒေါက်တာတိုးလှက ထောက်ပြထားသည်။

မင်းတို့ ကျင့်ကြံရာသော ကျင့်ဝတ်

www.foreverspace.com.mm

သိက္ခာကို ဖော်ပြရာ၌ မှန်နန်းရာဇဝင် ပြုစုရေးအဖွဲ့ဥက္ကဋ္ဌ မုံရွှေးဆရာတော်၏ ရာဇိန္ဒရာဇဝရမဏ္ဍာဇီခေါ် ရာဇဝင်ကျော်မှ ထုတ်နုတ်ဖော်ပြထားသည်။ "မင်းကျင့်တရားတို့ကို မည်သူတစ်စုံတစ်ဦးကမှ ချမှတ်ပေးခဲ့သည်မျိုး မဟုတ်ချေ။ မင်းတစ်ပါးချင်းတိုင်းက ယင်းတို့အသိပညာဖြင့် ယှဉ်လျက် လိုအပ်သဖြင့်လည်းကောင်း၊ ပြည်သူတို့အပေါ် စေတနာထားသဖြင့်လည်းကောင်း ကျင့်ကြံလာခဲ့ကြခြင်းသာ ဖြစ်သည်။ ဤသို့သော မင်းတို့ကို စေတနာရှေ့ထား၍ အုပ်ချုပ်ခဲ့ကြသော မင်းများ (Benevolent Kings) ဟူ၍လည်းကောင်း၊ အသိပညာနှင့်ယှဉ်၍ အုပ်စိုးသော မင်းများ (Enlightened Kings) ဟူ၍လည်းကောင်း အသိအမှတ်ပြုကြရမည်" ဟု သုံးသပ်ထားသည်။

မြန်မာ့မိသားစုစနစ်နှင့် မင်္ဂလာတရား၊ ရှေးဟောင်းပညာရေးစနစ်ကပေးသော ကိုယ်ကျင့်တရားကဏ္ဍတွင် 'ဗုဒ္ဓစာပေတို့သည် မြန်မာ့စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုကို များစွာ ထောက်ကူပေးခဲ့သော စာပေပညာဖြစ်၍ လူမှုလောကကို ရုပ်ပိုင်းအရတိုးတက်အောင် ထင်သာမြင်သာစွာ မစွမ်းဆောင်နိုင်သော်လည်း ဇြိမ်းချမ်းသာယာမှုကို ကောင်းစွာ ထောက်ကူပေးနိုင်သည်' ဟု အကဲဖြတ်ထားသည်။ ဗုဒ္ဓအယူဝါဒကို မြန်မာ့လူ့အဖွဲ့အစည်းက လက်ခံကျင့်သုံးရာ၌ အားနည်းချက် အားသာချက်ကို ထင်ထင်ပြတ်ပြတ် မီးမောင်းထိုးပြသော အဖိုးတန်သုံးသပ်ချက် ဖြစ်ပါသည်။ လူမှုကျင့်ဝတ်စံအဖြစ် ၃၈ ဖြာ မင်္ဂလာတရားကို အထူးပြုဖော်ပြသည်။

အသခ်ီယာစောယွန်း နတ်တင်ထားသော ထမင်းကိုစားမိ၍ တစ်လုပ်စားဖူးသူ့ကျေးဇူးဟု ယူမှတ်ကာ စောယွန်းကို မလုပ်ကြံဘဲ ပြန်ခဲ့သော ငခင်ညို၊ ဦးဆွေးဆံမြည့်အမှုတော်ထမ်းသော အုတ်လှင်ယ်၊ နိုင်ငံနှင့် လူမျိုးအရေးကို မြော်ခေါ်ပြီး မြန်မာများဘက်မှနေ၍ တရုတ်သူရဲကောင်း ဂါမဏိနှင့် စီးချင်းထိုးသည့် မွန်သူရဲကောင်း သမိန်ပရမ်း၊ ရှင်တစ်ဆူနှင့် လူတစ်ယောက်ဟု ရာဇဝင်တွင်ခဲ့သော ရန်သူများကို ဓားနှင့် နောက်ဆုံးအချိန်အထိ ခုခံခဲ့သည့် ဆယ့်သုံးနှစ်သား ငထင်ငယ်တို့၏ ပညာရေး၊ ကျင့်ဝတ်သိက္ခာနောက်ခံများကို လေ့လာသုံးသပ်ထားသည်။

ရှေးဟောင်းမြန်မာ့ပညာရေးကို လေ့လာရာ၌ ရှင်မဟာရဋ္ဌသာရ၏ သု–စိ–ပု–ဘာ အစီရင်ခံစာကို ကိုးကား၍ 'ဆရာတော်၏ ပညာလေ့လာမှုသည် ခေတ်သစ်နိုင်ငံတကာ အသုံးပြုနေသော အလွန်ခေတ်မီသည့် သုတေသနထုံး (Research Technique) ဖြစ်ပေသည်' ဟု ကောက်ချက်ဆွဲသည်။ ဆယ့်နှစ်ရာသီပွဲတော်များနှင့် မြန်မာ့လူမှုတန်ဖိုး၊ လောကနီတိနှင့် လူမှုအဖွဲ့အစည်းပုံဖော်မှုတို့ကိုလည်း ရှုထောင့်မျိုးစုံမှ ချဉ်းကပ်လေ့လာထားသည်။ ပြန်လည်သုံးသပ်ချက်တွင် သမိုင်းဆရာ၏ မျိုးချစ်စိတ်ကဲသော ရေးသားချက်တို့ကို တွေ့ရသည်။ မြန်မာ့လူမှုဘဝကို ပုံဖော်ပေးသော ခေတ်အလိုက် ဆုံးမစာများကိုလည်း စုစည်းဖော်ပြပေးထားသည်။

လူမှုသိပ္ပံ၊ မြန်မာ့ဒဿနဗေဒတို့အတွက် အထောက်အကူပေးနိုင်မည့် စာအုပ်ဖြစ်ပြီး အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထုတ်ဝေမည်ဆိုပါက မြန်မာ့အရေး၊ မြန်မာ့သမိုင်း၊ မြန်မာ့ဒဿနလေ့လာသည့် နိုင်ငံတကာပညာရှင်များအဖို့ လက်မလွတ်တမ်း ဖတ်ရှုလေ့လာရမည့်စာအုပ်ဖြစ်သည်။

ထုတ်ဝေတိုက်– လင်းရတနာ
ထုတ်ဝေနှစ် – ၂၀၀၅၊
နိုင်ငံဘာ
အကြိမ် – ပထမအကြိမ်
တန်ဖိုး – ၁၅၀၀ ကျပ်
အုပ်ရေ – ၁၀၀၀
စာမူခွင့်ပြုချက်အမှတ် – ၃၁၀၀၇၁၀၅၀၈

အတာ

သာရ

၁၉၇၈ ခုနှစ်၊ ဖေဖော်ဝါရီလကနှစ်တွဲပေါင်း ပထမအကြိမ်အဖြစ် ထုတ်ဝေခဲ့သော အတာစာအုပ်ကို စိတ်ကူးချိုချို အနုပညာမှ ဒုတိယအကြိမ်အဖြစ် ထုတ်ဝေခြင်းဖြစ်သည်။ ဤစာအုပ်သည် အမေနှင့် သားဆက်ဆံရေးကို ဇောင်းပေးရေးသားထားသော ဘဝသရုပ်ဖော်ဝတ္ထုအမျိုးအစားဖြစ်သည်။

ဤဝတ္ထုကို ဖတ်ရသူတိုင်း မျက်ရည်စို့ပြီး ရင်နင့်အောင် ခံစားခဲ့ရကြောင်း စီစဉ်သူက ဆိုပါသည်။ (အတာဝတ္ထုနှင့် ပတ်သက်၍ ပေဖူးလွှာမဂ္ဂဇင်း၊ ၁၉၈၄ ဒီဇင်ဘာနှင့် ၁၉၈၅ ဇန်နဝါရီတို့တွင် နှစ်လဆက်တိုက် ဖော်ပြခဲ့သော ဆရာ သာရနှင့် အင်တာဗျူးတွင် "အတာဝတ္ထုက ဆရာ့အကြောင်းကို ဆယ်ရာခိုင်နှုန်းလောက် ပါတယ်။ တစ်ခုတော့ ရှိတယ်။ အတာနဲ့ပတ်သက်ပြီး ဝေဖန်ခံရတာ ရှိတယ်။ အမေအရင်းက သားအရင်းပေါ်မှာ ဒါလောက်တောင်မှ စိတ်သဘောထား၊ စေတနာမေတ္တာမဲ့ရသလား၊ ဒါလောက်တောင် မေတ္တာမဲ့နိုင်ပါ့မလား၊ ဆိုးနိုင်ပါမလားလို့ ဝေဖန်ကြတယ်။ ဆရာ့ကို

www.foreverspace.com.mm

လည်း မေးကြတယ်၊ ဆရာက တစ်ခွန်း တည်းပဲ ပြောလိုက်တယ်။ ဒီထက်ဆိုးတာ တွေတောင် ရှိသေးတယ်၊ ရေးမကောင်း လို့၊ ရေးမဖြစ်လို့ မရေးတာလို့။ တစ်ခု တော့ ရှိတယ်၊ အမေအရင်းက ကိုယ့်သား သမီးအပေါ်မှာ ဒါလောက်တောင် ဆိုးရ သလားဆိုတာက ဒီသားသမီးရဲ့ အကု သိုလ်က ဘယ်လောက်တောင်မှ ကြီးခဲ့မှန်း မှ မသိတာ၊ ဝဋ်ခံရတာပါလို့ သဘောက တော့ အဲဒါပါပဲ" ဟု ဆရာသာဓုက ပြော ကြားခဲ့သည်။

ဤစာအုပ်သည် ဘဝသရုပ်ဖော်ကို ဖော်ညွှန်းပေးသောဝတ္ထု ဖြစ်သည်။ ဝတ္ထု၏အစတွင် စကားပြောဖြင့် စတင်၍ အခန်း ကို ဖွင့်ထားသည့်အတွက် ဝတ္ထုမှာ ပို၍ အသက်ဝင်ပြီး စာဖတ်သူကို ဆွဲငင်နိုင်သည် ကို တွေ့ရသည်။

"အဲဒါ ကျွန်တော် အလုပ်လုပ်လို့ ရတဲ့ ပထမဆုံးလခမေမေ၊ မေမေ သုံးချင် တာသုံးပေါ့၊ ကျွန်တော် ကန်တော့ပါတယ်"

"မှားခဲ့ပြီ မေမေ မှားခဲ့တာဟာ နည်းနည်းလေး မဟုတ်ဘူး သားရယ်၊ နည်းနည်းလေး မဟုတ်ဘူး။ သားလေး သာ ဟိုတုန်းက မလိမ္မာရင် ခုဆို သူခိုး ဖြစ်နေမလား၊ ခါးပိုက်နှိုက်ပဲဖြစ်နေမလား မသိဘူး၊ အဲသလောက် မေမေဆိုးခဲ့တယ်။ ငါ့သားအပေါ်မှာ မေမေ"

စသဖြင့် စကားအပြန်အလှန် ပြော ဆိုမှုများ၊ စာသားများသည် ဝတ္ထု၏ ဇာတ်ကြောကို ပိုမိုရုပ်လုံးကြွစေပြီး ရသများ ကိုလည်း ပေးစွမ်းနိုင်သည်ကို တွေ့ရ သည်။ ထိုခေတ် ထိုအခါက မြန်မာနိုင်ငံ၏ ပါတီနိုင်ငံရေးအကြောင်းကိုလည်း တစေ့တစောင်း လေ့လာခွင့်ရပါသည်။ ထိုခေတ်က မိမိပါတီကောင်းစားရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြပုံ၊ လူရော၊ စိတ်ဓာတ်ပါ ပါတီအတွက် မြှုပ်နှံထားပုံ တို့ကို ဖော်ပြထားပါသေးသည်။

"... ပါတီကောင်းစားရေးအတွက် သူ ကိုယ်ဖိရင်ဖိ ကြိုးပမ်းဆောင်ရွက်ခဲ့ သည်မှာ ကျောင်းသားဘဝမှ စ၍ တွက် ဆသော် လေးနှစ်ကျော် ငါးနှစ်နီးပါး ရှိပြီ ဖြစ်၏။ ဌာနချုပ် အမှုဆောင်များ အစည်းအဝေးတွင်ပင် သူဝင်၍ နားထောင် ခွင့်မရ၊ အရေးကြီးသော တရားပွဲများတွင် လည်း သူ့ကို တရားဟောခွင့်မပြု၊ သူ ဘာတွေ လုပ်ခဲ့ရသနည်း။ သာမန် တော် ရုံလျော်ရုံကိစ္စတွင်သာ တရားဟောရခြင်း ..." စသဖြင့် ထိုခေတ်က ပါတီတို့က တရားပွဲများပြုလုပ်ကြကြောင်း သိရှိခွင့်ရ သည်။

ဤစာအုပ်ကို ခြုံကြည့်လျှင် ဝတ္ထု တွင် ရသများဖြင့် ပြည့်လွှမ်းသော ဝတ္ထု ကောင်းတစ်ပုဒ် ဖြစ်သည့်အပြင် ပုံနှိပ် စက္ကူအရောင် မတူသည်မှလွဲ၍ သေသပ်စွာ ချုပ်လုပ်ထားခြင်း၊ စာအုပ်၏ နောက် ကြောင်းရာဇဝင်၊ စာရေးသူ၏ စာပေနှင့် ဘဝဖြစ်စဉ်မှတ်တမ်း၊ ထုတ်ဝေတိုက်၏ နောင်ထွက်မည့် စာအုပ်ကြော်ငြာတို့ကို ကြိုတင်သိရှိခြင်းတို့မှာ ဤစာအုပ်၏ ထူးခြားချက်ဖြစ်ပါသည်။

ထုတ်ဝေတိုက် – စိတ်ကူးချိုချိုအနုပညာ
မျက်နှာဖုံးပန်းချီ – ထွန်းလင်းအောင်
ထုတ်ဝေနှစ် – ၂၀၀၆၊ မတ်
အကြိမ် – ဒုတိယအကြိမ် (တစ်ပေါင်း တည်း ထုတ်ဝေခြင်း)
တန်ဖိုး – ၂၅၀၀ ကျပ်
အုပ်ရေ – ၅၀၀
စာမူခွင့်ပြုချက်အမှတ် – ၅၀၁၄၇၁၀၅၁၁

သီချင်းသည်ချိုးကလေးနှင့် နှလုံးလှပုံတိုပတ်စများ

မင်းသုဝဏ်

ကွယ်လွန်သူ အမျိုးသားစာဆိုကြီး မင်းသုဝဏ် ၁၉၆၅ ခုနှစ်မှ ၁၉၆၈ ခုနှစ် အတွင်း ရေးသားခဲ့သောပုံပြင်များကို စုစည်းထုတ်ဝေထားသောစာအုပ်ဖြစ်သည်။ ၁၉၆၆ ခုနှစ်က နှလုံးလှပုံပြင်များအမည် ဖြင့် နှလုံးလှစာပေတိုက်မှ ထုတ်ဝေခဲ့သော



စာအုပ်ပါပုံပြင်များကို ထပ်မံဖြည့်စွက်မွမ်းမံ၍ ပြန်လည်ထုတ်ဝေထားခြင်းလည်းဖြစ်သည်။

ကလေးသူငယ်များအတွက် သီး သန့်ထုတ်ဝေသော တန်ဖိုးရှိရှိအနှစ်သာရ ပြည့်ပြည့်စာအုပ်များ ရှားပါးနေချိန်တွင် ဤစာအုပ်ထွက်ရှိလာခြင်းကို အသိအမှတ် ပြုရမည်ဖြစ်သည်။ စာဆိုရှင်ကြီး မင်းသုဝဏ်၏ အတ္ထုပ္ပတ္တိကို ကလေးသူငယ်များစိတ် ဝင်တစားရှိစေရန် ပုံပြင်ပြောပြသကဲ့သို့ သရုပ်ဖော်ရေးသားထားခြင်းမှာ ဆီလျော် အပ်စပ်လှသည်။ အမျိုးသားစာဆိုကြီး မင်းသုဝဏ်၏ အတ္ထုပ္ပတ္တိကို ကလေးသူငယ် များအား ပြောပြရန် 'ယောကျ်ားကောင်း စာဆိုအဘိုးအို' ဟု ခေါင်းစဉ်ပေးထား သည်မှာလည်း များစွာထိမိပြောင်မြောက် လှသည်။ ပုံပြင်ပြောသူ (ခင်မောင်သိန်း) က စီစဉ်သူစကားအမည်ဖြင့် တူ, တူမ များကို ဆင်ခြင်မှတ်သားဖွယ်အဖြာဖြာ ရောညှပ်၍ လေအေးအေးနှင့် တစိမ့်စိမ့် ပြောပြသည့်အသွင်မှာ ဆွဲဆောင်မှုရှိသည်။

အမျိုးသားကျောင်းတွင် ပညာဆည်း ပူးစဉ် သူငယ်ချင်းဖြစ်သူထံမှ ကဗျာရေး နည်းသင်ယူကာ ကဗျာရေးသည့်အခါတိုင်း ရေးသူအမည် 'စိန်ဂျွန်းပျော်မောင်ဝန်' ၏ နောက်တွင် ('ဦးအာကာသန်းတပည့်') ဟု

www.foreverspace.com.mm

ကွင်းခပ်ဖော်ပြခြင်းဖြင့် မိမိမသိသေး မတတ်သေးသည်ကို သင်ပြပေးသူသည် မိမိထက် အသက်ငယ်သူ၊ ရွယ်တူဖြစ်စေ ကာမူ ဆရာအဖြစ် အသိအမှတ်ပြုသည့် စိတ်ထား၊ ရိုးသားမှုကို ကလေးငယ်များ မှတ်သားမိစေသည်။ ရိုးသားခြင်းဟူသည့် အချက်ကို ပုံပြောသူက အောက်ပါအတိုင်း ရှင်းပြထားသည်။

"တရားသူကြီးတိုင်း၊ ရှေ့နေကြီး တိုင်း၊ ဆရာဝန်ကြီးတိုင်း၊ စစ်ဗိုလ်ကြီး တိုင်း၊ အင်ဂျင်နီယာကြီးတိုင်းရော ရိုးသား လား၊ မရိုးသားဘူးလား။ အဲဒါဆို ဘယ် လိုလူမျိုးကို ရိုးသားတယ်လို့ ပြောမလဲ။ မဟုတ်တာ မမှန်တာ မလုပ်ဘူး။ မပြော ဘူး။ မဟုတ်တာ၊ မမှန်တာ လုပ်မိ ပြောမိ ရင်လည်း သတ္တိရှိရှိ၊ ရဲရဲဝံ့ဝံ့ ဝန်ခံရဲတယ်။ အဲသည်လိုလူမျိုးကို ရိုးသားတယ်လို့ အခြေခံအနေနဲ့ မှတ်ယူထားပေါ့ကွယ်"

ရိုးသားခြင်းအကြောင်းရှင်းပြရင်း ကလေးငယ်များလည်း ထိုအချက်ကိုအတု ယူကြစေရန်၊ ရိုးသားခြင်း၏ အခြေခံ အကြောင်းအရင်းများကို အမြဲမှတ်မိနေစေရန် တိုက်တွန်းထားသည်။

စာဆိုရှင်မင်းသုဝဏ်၏ 'မောင်ထွေး ဖို့ကဗျာများ' သည် ထိုခေတ်ထိုအခါက ကလေးများအတွက် ရည်ရွယ်ချက်ရှိရှိ ရေးဖွဲ့ထားသော ကလေးကဗျာမရှိသလောက် ဖြစ်နေချိန်တွင် ပေါ်ထွက်ခဲ့ခြင်းဖြစ်သည်။ ထိုကဗျာများထွက်ပေါ်လာရခြင်းမှာလည်း ထိုခေတ်က အမျိုးသားပညာရေးကောင်စီ၏ အမြော်အမြင်ကြောင့်ဟုလည်း ပြော၍ ရသည်။ အဘယ်ကြောင့်ဆိုသော် စာဆို မင်းသုဝဏ် အမျိုးသားကျောင်းတွင် ကျောင်း အုပ်လုပ်နေချိန် ကျောင်းသူကျောင်းသား ငယ်များကို ကလေးသီချင်းကဗျာနှုတ် တိုက်သင်ပေးရမည်ဟူသော ပညာရေး ကောင်စီ၏ ညွှန်ကြားချက်ကြောင့် ဤ ကဗျာများထွက်ပေါ်လာခြင်းဖြစ်သည်။ ဤနေရာတွင် ကလေးများအတွက် ရည် ရွယ်ချက်ရှိရှိ ရေးဖွဲ့ခြင်းဆိုသည်ကို ပုံ ပြောသူက ကလေးငယ်များနားရှင်းစေရန် အောက်ပါအတိုင်း ဖွင့်ဆိုပေးသည်။

"ရည်ရွယ်ချက်ရှိရှိဆိုတာ မင်းတို့ လေးတွေရဲ့ စိတ်နေစိတ်ထားတွေ ကောင်း မွန်လာအောင်၊ ကိုယ့်ထက် တစ်နေ့၊ တစ် ရက်၊ တစ်မနက်ကြီးတဲ့သူတွေ၊ ကိုယ့် အဖေ၊ အမေကို ရိုသေလေးစားလာအောင်၊ ကိုယ့်နိုင်ငံရဲ့ ရေမြေတောတောင် သဘာဝ တွေ၊ ကိုယ့်လူမျိုးရဲ့ အမှုအကျင့်၊ ဓလေ့ စရိုက်တွေကို သိမြင်နားလည်လာဖို့ကို ဆိုတာကွဲ့"

တိုင်းပြည်၏ အနာဂတ်ပုံရိပ်ဖြစ်လာ မည့် ကလေးငယ်များအတွက် ကလေးစာပေ မည်မျှအရေးကြီးသည်ကို ဤစာပိုဒ်ကို ဖတ်ရုံမျှဖြင့် ထင်ရှားစွာသိနိုင်သည်။

စာဆိုမင်းသုဝဏ် အင်္ဂလန်၊ အောက်စ်ဖို့ တက္ကသိုလ်တွင် ပညာသင်ရန်အရွေးချယ် ခံရခြင်းနှင့်စပ်လျဉ်း၍ အင်္ဂလိပ်စာ မည်မျှ အရေးကြီးကြောင်းကိုလည်း ကလေးများ ကို ဗဟုသုတပေးရင်း သတိပေးထောက်ပြ ထားသည်။

"အင်္ဂလိပ်ဘာသာဟာ ကမ္ဘာသုံး ဘာသာဖြစ်တယ်။ ဒါကြောင့် အင်္ဂလိပ်စာ တတ်ဖို့လိုတယ်။ အင်္ဂလိပ်စာတတ်တဲ့လူ ဟာ သူ့ဘဝမှာ သူရွေးတတ်ရင် လုပ်တတ် ရင် ဘဝတိုးတက်ဖို့ အခွင့်အလမ်းတွေ အများ ကြီးကွဲ့" ဟူသောစကားဖြင့် အစချီကာ မြန်မာနိုင်ငံကဲ့သို့ သဘာဝသယံဇာတ အရင်းအမြစ်မကြွယ်ဝသော သေးငယ်သည့် ကျွန်းနိုင်ငံ စင်ကာပူသည် ယနေ့အချမ်းသာ ဆုံးနိုင်ငံတစ်ခုအဖြစ် ရောက်ရှိနေရခြင်း၏ အဓိကသော့ချက်မှာ အင်္ဂလိပ်စာတတ်ခြင်း ဖြစ်သည်ဟု ထုတ်နုတ်ပြသည်။

"နိုင်ငံအုပ်ချုပ်သူရော၊ တိုင်းသူ ပြည်သားပါ အင်္ဂလိပ်စာကို ကျွမ်းကျွမ်း ကျင်ကျင်တတ်ကြတယ်။ အင်္ဂလိပ်စာ တတ်တော့ ကမ္ဘာ့နိုင်ငံတိုင်းနဲ့ ဆက်သွယ် ရတာလွယ်ကူတာပေါ့ကွယ်။ ဒါကြောင့်မို့ မင်းတို့လေးတွေ အင်္ဂလိပ်စာတတ်အောင် ကြိုးစားကြနော်။ ဟုတ်လား" ဟူသည့် အရေးအသားသည် ကလေးအရွယ်ရှိသူ မိဘတိုင်း သတိပြုမိစရာကောင်းသည်။ ထို့အတူ နိုင်ငံနှင့်ချီ၍ စီမံခန့်ခွဲနေသူများ ရော ဆင်ခြင်စရာကောင်းသည်။

အထူးသဖြင့် ပုံပြောသူ၏အမှာ စကားတစ်ခုလုံး၏ အနှစ်ချုပ်ဟူ၍ပင် ပြောရမည့် အတွေးအခေါ်နှင့်အယူအဆ တစ်ခုမှာ မြန်မာနိုင်ငံ၏ ပညာရေးစနစ် ဖွံ့ဖြိုးတိုးတက်စေလိုသူတိုင်း မဖြစ်မနေ ဖတ်ရှုသင့်သည်။ ယင်းမှာ မူလတန်း ပညာရေး၏ အရေးပါအရာရောက်မှုကို ဖော်ထုတ်ပြထားခြင်းပေတည်း။

"သည်မူလတန်းဆိုတာ ဦးလေးတို့ မင်းတို့လေးတွေရဲ့ ဦးနှောက်နဲ့ နှလုံးသား မှာ စစ်မှန်တဲ့ပညာ၊ မှန်ကန်တဲ့ယဉ်ကျေး မှု၊ မှန်ကန်တဲ့သမိုင်း၊ မှန်ကန်တဲ့ပေါင်း သင်းဆက်ဆံမှု၊ ကောင်းမြတ်တဲ့အမှုအကျင့် တွေရသွားအောင် မျိုးစေ့ချပေးတဲ့နေရာ ကွဲ့။ တစ်နည်းပြောရရင် ဒါတွေကို မင်း တို့လေးတွေရသွားအောင် သင်ပေးလိုက် တဲ့နေရာပေါ့။ အရေးကြီးဆုံးနေရာပဲကွဲ့။ ဟုတ်လား"

ကျောင်းမနေခင်ကလေးတစ်ယောက် သည် မိမိတို့၏ မိဘမောင်နှမသားချင်း များ၊ အိမ်နီးချင်းများနှင့်သာ အမြဲထိတွေ့ နေရသည့်ပတ်ဝန်းကျင်မှခွဲကာ သွေးမတော် သားမစပ်သည့် သူစိမ်းတစ်ရံဆံများနှင့် စတင်ထိတွေ့ရသော မူလတန်းကျောင်းသို့ စတင်တက်ရောက်ခြင်းသည် နောင်တွင် သည့်ထက်ပိုမို ခက်ခဲကြမ်းတမ်းလာမည့် လူ့လောကကြီးထဲသို့ စတင်ဝင်ရောက်ရန် တံခါးပေါက်ဖြစ်နေခြင်းကြောင့် မူလတန်း ပညာရေး အထူးအရေးကြီးကြောင်း ထပ် ဆင့်ရှင်းပြထားပြန်သည်။

ဤအချက်သည် ဘီအေ၊ အမ်အေ အတန်းသင်နေသော တက္ကသိုလ်ဆရာ တစ်ဦးသည် အောက်ဆင်းပြီး မူကြိုကျောင်း သား၊ မူလတန်းကျောင်းသားများကို ပိုင်ပိုင် နိုင်နိုင် စာသင်ပြဖို့ဆိုသည်မှာ မလွယ်ကူ ကြောင်း ပါရဂူ၏စကားလက်ဆောင်ပါ

www.foreverspace.com.mm

နှိုင်းယှဉ်ချက်နှင့် အတန်ငယ်သဘောထား တူသယောင်ရှိသည်။ သို့သော် ဆရာပါရဂူ သည် တက္ကသိုလ်ဆရာတစ်ဦးက မူလတန်း ကို 'အောက်ဆင်း' သင်သည်ဟူသော အသုံးအနှုန်းသည် 'ငါသည်ကား တက္ကသိုလ် ဆရာပေတည်း မူလတန်းဆရာမဟုတ်' ဟူသော ဂုဏ်မောက်မှုမရှိသည့် မင်းသုဝဏ် ၏စိတ်ထားကို ခက်ခဲပေစွဟု ချီးကျူး ခြင်းပေလော။ မူကြို၊ မူလတန်းအဆင့် သင်ကြားရေးသည် တက္ကသိုလ်အဆင့် သင်ကြားရေးထက် ပိုမိုခက်ခဲပေသည်ဟု ရည်ရွယ်လို၍လောမသိရ။ ရေးသူ ဆရာ ပါရဂူသာ သိပေမည်။

ထို့အပြင် ကိုယ့်အလုပ်ကို ယုံကြည် ချက်ဖြင့် စွဲစွဲမြဲမြဲလုပ်တတ်သူသည် ဘဝ တွင် မည်သည့်အခါမျှ မနိမ့်ကျနိုင်ကြောင်း၊ သို့သော် ဖြူစင်ရိုးသားဖို့လိုကြောင်း၊ တစ် ဖက်သားကို မထိခိုက်သည့်အလုပ်ကိုလုပ် ရင်း မိမိ၏အားနည်းချက် အားသာချက် များကိုမြင်လာကာ မိမိ၏အားနည်းချက် ကို အားကောင်းလာအောင် ဆက်လက် လေ့လာဆည်းပူးဖို့လိုသကဲ့သို့ အားသာ ချက်ကိုလည်း ပို၍ပြည့်စုံကောင်းမွန်အောင် ထပ်မံဆည်းပူးဖို့လိုကြောင်း တိုက်တွန်း ထားသည်။

အထူးသဖြင့် ကဗျာစပ်တတ်ရုံ၊ ကဗျာဆရာအဆင့်သာမကဘဲ တစ်ခေတ် တစ်ခါတွင် ကြုံတွေ့ရခဲသည့် စာဆိုတစ် ဦးဖြစ်သူမင်းသုဝဏ်၏ ဘဝဇာတ်ကြောင်း ကို ဖတ်ရှုမည့်ကလေးငယ်များ မငြီးငွေ့ စေရန် ပုံပြင်ပြောသကဲ့သို့ စီကာပတ်ကုံး ရေးသားထားခြင်း၊ စာဆိုမင်းသုဝဏ်၏ ဘဝမှတ်တမ်း၊ ဓာတ်ပုံ စုံစုံလင်လင်တွေ့ မြင်ရခြင်း၊ သင်ခန်းစာယူ၊ အတုယူဖွယ် အကြောင်းအချက်တို့ကို ထုတ်နုတ်ထား ခြင်းတို့ကြောင့် စီစဉ်သူ့စကားမှာ အဖိုးတန် လှသည်ဟု ဆိုရပေမည်။

'အဝန္တီ၏ရယ်ရွှင်ဖွယ်' တရုတ်ပုံပြင် ၁၃ ပုဒ်အပါအဝင် ၁၉၆၅ ခုနှစ်မှ ၁၉၆၈ ခုနှစ်အတွင်း ရေးသားခဲ့သောပုံပြင်စုစု ပေါင်း ၃၆ ပုဒ် ပါဝင်သည်။ ပုံပြင်ပါ အကြောင်းအရာများကို အသေးစိတ်ထပ်၍ မည္ဆန်းဆိုတော့ဘဲ စာအုပ်၏ကျောဖုံးပါ စာအုပ်ဖတ်ပြီးသူ ကလေးငယ်ခုနစ်ဦး၏ အမြင်ကောက်နုတ်ချက်ကို မြည်းစမ်း လိုက်ရုံဖြင့် အသက် ၅ နှစ်မှ ၁၄ နှစ် အရွယ်အကြားရှိ ကလေးငယ်များအတွက် အထူးသင့်တော်သောပုံပြင်များဖြစ်သည် ကို တွေ့နိုင်သည်။ ထိုအရွယ်ကလေးငယ် ရှိသူမိဘများကို အရင်ဦးဆုံး ဖတ်စေချင် သည်။

ပုံပြင်စာအုပ်တို့မည်သည် ကလေး ငယ်များကိုဆွဲဆောင်မှုရှိသော၊ ပုံပြင်နှင့် လိုက်ဖက်ညီသော၊ သဘာဝနှင့်နီးစပ် သော၊ အသက်ဝင်သော၊ ချစ်စဖွယ်သရုပ် ဖော်ပုံများမှာလည်း အရေးကြီးလှသည်။ ဤစာအုပ်ပါ ဖေသစ်တည်၏ သရုပ်ဖော် ပုံများက ထိုအချက်များနှင့်ကိုက်ညီသည်။ အရာရာကို သိမှတ်နိုင်စွမ်းရည်အမြင့်ဆုံး အရွယ် ကလေးငယ်တို့ရုပ်ပုံ သရုပ်ဖော် အလွဲများ၊ အထောက်အထားအလွဲနှင့်သာ သမိုင်းအလွဲများနှင့် စတင်ရင်းနှီးမိပါက ဘဝတစ်လျှောက်လုံး အလွဲမှတ်သားသွား နိုင်သည်မဟုတ်ပါလော။

ထုတ်ဝေတိုက်– ပဘာဝတီ
မျက်နှာဖုံးဒီဇိုင်း – သီဟမောင်မောင်
အဖုံးနှင့်အတွင်းသရုပ်ဖော်– ဖေသစ်တည်
အကြိမ် – ပထမအကြိမ်
ခုနှစ် – ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ
တန်ဖိုး – ၁၃၀၀ ကျပ်
အုပ်ရေ – ၁၀၀၀
စာမူခွင့်ပြုချက်အမှတ် – ၅၁၀၀၃/၀၅၀၄

ကြော်ငြာ

www.foreverspace.com.mm

Sponsor-C ၊ Sport-C နှင့် C-Mix အချိုရည်များ

မြန်မာနိုင်ငံတွင် အရည်အသွေးမီ ထုတ်လုပ်ထားသော ဂျာမန်နည်းပညာသုံး သစ်သီးအချိုရည်မှုန့်များ ဖြစ်သည်။

☆ Sponsor-C နှင့် Sport-C ကို ၂၀၀၅ ခုနှစ် စက်တင်ဘာလနှင့် C-Mix ကို ၂၀၀၅ ခုနှစ် ဒီဇင်ဘာလတွင် စတင်ထုတ်လုပ် ဖြန့်ချိခဲ့။

☆ Thinzar Kyaw Co., Ltd. မှ ထုတ်လုပ်ခြင်းဖြစ်ပြီး မန်နေဂျင်းဒါရိုက်တာမှာ ဦးကျော်လှိုင်ဖြစ်၍ ဝန်ထမ်းအင်အား ၁၀၀ ဦးကျော်ရှိ။

☆ ဂျာမန်နည်းပညာကို အသုံးပြုထုတ်လုပ်၍ စက်ပစ္စည်းများကို ဂျာမနီမှပင် မှာယူတင်သွင်းဟုဆို။

☆ ပြည်တွင်းကုန်ကြမ်းပစ္စည်းများအပြင် ဂျာမနီ၊ အင်္ဂလန်၊ စင်ကာပူနိုင်ငံတို့မှ ကုန်ကြမ်းများကို အသုံးပြုထား။

☆ Sponsor-C မှာ လိမ္မော်၊ Sport-C မှာ နာနတ်နှင့် C-Mix မှာ သီးစုံဖြစ်ပြီး Sponsor-C နှင့် Sport-C ကို ရေပူရေအေး ၂ မျိုး အသုံးပြုဖျော်စပ်နိုင်ပြီး C-Mix ကိုမူ ရေအေးဖြင့်သာ ဖျော်စပ်သောက်သုံးနိုင်မည်ဖြစ်။

☆ အရွယ်အစားနှင့် ဈေးနှုန်းများမှာ Sponsor-C နှင့် Sport-C ၂၂ ဂရမ် ၁၀ ထုပ်ပါ တစ်ပါကင်ကို ၈၀၀ ကျပ်၊ C-Mix အထုပ် ၂၀ ပါ တစ်ပါကင်ကို ၁၀၀၀ ကျပ်နှင့် ၅၀၀ ဂရမ်အဖြစ် Sponsor-C တစ်မျိုးတည်းကိုသာ လောလောဆယ် ထုတ်လုပ်နေပြီး ဈေးနှုန်းမှာ ၁၆၀၀ ကျပ်တို့ဖြစ်။

☆ ဈေးကွက်လိုအပ်ချက် ပြည့်မီအောင် ထုတ်လုပ်ပေးနိုင်ပြီး ကုန်ပစ္စည်း၏ အာမခံသက်တမ်းကို ၂ နှစ်ပေးထားဟုဆို။

☆ လောလောဆယ် လိမ္မော်၊ နာနတ်၊ သီးစုံတို့ကို ထုတ်လုပ်လျက်ရှိပြီး ဆက်လက်၍ စတော်ဘယ်ရီ၊ သရက်၊ ပင်မည့်၊ ကမ္မလာ၊ လိုင်ချီး၊ ဒူးရင်းတို့ကို ထုတ်လုပ်သွားရန် စီစဉ်နေကြောင်း သိရ။

☆ ကုမ္ပဏီမှ တိုက်ရိုက်ဖြန့်ချိလျက်ရှိပြီး မန္တလေး၊ မြစ်ကြီးနား၊ ကျိုင်းတုံ၊ ကလေးတို့တွင် ရုံးခွဲများ ထားရှိ။

☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် ကုမ္ပဏီလိပ်စာ**

ဦးအောင်စည်လင်း (Sales Manager)
Thinzar Kyaw Co., Ltd.
Sales & Marketing Department
အမှတ်–၃၁ (က)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၄၂၈၉၄၊ ၅၅၅၉၇၆၊ ၀၉–၅၁၂၇၄၀၇

☆ **စက်ရုံလိပ်စာ**

အမှတ်–၁၃၇ (က)၊ ဦးချိန်လမ်းနှင့် မကွန်ရာမင်းသားကြီးလမ်းထောင့်၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၉၂၁၁၂

www.foreverspace.com.mm

Rain Flower Gas Cooker

မြန်မာနိုင်ငံတွင် ပထမဆုံး ထုတ်လုပ်ထားသော အရည်အသွေးမီ မီးဖိုချောင်သုံးပစ္စည်း ဖြစ်သည်။

☆ MYANMAR THIHA CO., LTD. မှ ၂၀၀၅ ခုနှစ် ဧနခါရီလတွင် စတင်ထုတ်လုပ်ဖြန့်ချိ။

☆ ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာမှာ ဦးကျော်မင်းဦးဖြစ်ပြီး ဒါရိုက်တာအဖွဲ့ဝင် ၃ ဦး ဝန်ထမ်းအင်အား ၅၀ ဦးကျော်ရှိ။

☆ အမှတ် (၂) စက်မှုဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်းပိုင် တောင်ဒဂုံ LPG Plant တွင် အကျိုးတူပူးပေါင်းထုတ်လုပ်လျက်ရှိပြီး တစ်နှစ်လျှင် အလုံးရေ ၅၀၀၀၀ ခန့် ထုတ်လုပ်နိုင်ဟုဆို။

☆ ပြည်တွင်းကုန်ကြမ်းပစ္စည်းများအပြင် ကိုရီးယားနိုင်ငံမှ သံပြားကဲ့သို့သော အစိတ်အပိုင်းများအား မှာယူအသုံးပြုထား။

☆ အဆိုပါ Gas Cooker ကို Iron Cover နှင့် Stainless Steel Cover ဟူ၍ နှစ်မျိုး ထုတ်လုပ်လျက်ရှိပြီး လောလောဆယ် Iron မှာ ၇၀၀၀ ကျပ်နှင့် Stainless Steel ၁၄၀၀၀ ကျပ်တို့ဖြင့် ကုမ္ပဏီမှ တိုက်ရိုက်ဖြန့်ချိလျက်ရှိ။

☆ LPG Butane Cylinder တို့ကိုပါ ထုတ်လုပ်နေပြီး တစ်အိုးလျှင် ၁၂ ကီလိုဂရမ် ၂၂၅၀၀ ကျပ်နှင့် ၁၉ ကီလိုဂရမ် ၃၃၅၀၀ ကျပ်တို့ဖြစ်။

☆ ကုမ္ပဏီအနေဖြင့် Rain Flower Gas Cooker ၊ LPG အိုးများအပြင် ABC Dry Powder မီးသတ်ဆေးဘူး ၂၅ ကီလိုဂရမ်၊ ၄၀ ကီလိုဂရမ်၊ ၅၀ ကီလိုဂရမ်တို့နှင့် တွန်းလည်းမီးသတ်ဆေးဘူးများကိုပါ ထုတ်လုပ်ဖြန့်ချိလျက်ရှိ။

☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် ကုမ္ပဏီလိပ်စာ**

ဒေါ်နှင်းသဠာလှိုင် (အရောင်းတာဝန်ခံ)
Myanmar Thiha Co., Ltd.
အမှတ်–၃၂၆/၃၂၈၊ ၂၄ လမ်းနှင့် ကမ်းနားလမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်။
ဖုန်း–၃၈၄၂၈၈၊ ၃၇၉၆၃၇

မန္တလေး

ဦးစိန်သောင်း
(အရောင်းတာဝန်ခံ)
၇၈ လမ်းနှင့် ၄၂ လမ်းထောင့်၊
အမှတ် ၁၁ ရဲစခန်းအနီး၊
ရန်ကုန်–မန္တလေးလမ်းမကြီး၊
ချမ်းမြသာစည်မြို့နယ်၊ မန္တလေး။
ဖုန်း–၀၂–၃၃၀၀၄

www.foreverspace.com.mm

ရက်စွဲမှတ်တမ်း

၅-၁-၂၀၀၆ * ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အထက်ကြည့်မြင်တိုင်လမ်းနှင့် ဟံသာဝတီလမ်းထောင့်တွင် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်အမှတ် (၀၁၆) ဖွင့်လှစ်။

* တေးရေး၊ တေးဆို စီယံ (အသက် ၄၀ နှစ်) ကွယ်လွန်။

၇-၁-၂၀၀၆ * ဒါရိုက်တာ စိန်သံမဏိ (ခ) ဦးစိမ်းမောင် (အသက် ၆၇ နှစ်) ကွယ်လွန်။

၈-၁-၂၀၀၆ * စစ်ကိုင်းတိုင်း တမူးမြို့နယ် နမ့်ဖာလုံဈေးခ ်ိ နံနက် ၈ နာရီ ၁၅ မိနစ်ခန့်တွင် စားသောက်ဆိုင်တန်းအမှတ်(၁) ခေါက်ဆွဲသုပ်ဆိုင်တွင်လည်းကောင်း၊ နံနက် ၁၀ နာရီ ၅၅ မိနစ်အချိန်တွင် ဈေးအပြင်ဘက်ရှိ ရွှေကောင်းလျှံလက်ဖက်ရည်ဆိုင်ခ ်ိ လည်းကောင်း ဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြ။

၁၄-၁-၂၀၀၆ * သုတစွယ်စုံစာအုပ်တိုက်မှချီးမြှင့်သည့် ပထမအကြိမ်(၂၀၀၄ ခုနှစ်အတွက်) သုတစွယ်စုံစာပေဆုချီးမြှင့်ခြင်းအခမ်းအနားကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်တွင်ကျင်းပ။

၁၇-၁-၂၀၀၆ * SSA (တောင်ပိုင်း)မှ သံချောင်း (ခ)စဝ်ခွန်ကျော် ဦးစီးသည့် တပ်မဟာ(၂၄၁)တပ်ဖွဲ့ဝင်များ လက်နက်ချအလင်းဝင်ရောက်ခြင်း၊ ဖမ်းဆီးရမိခြင်းတို့နှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြို့တော်ခန်းမ၌ကျင်းပ။

၁၉-၁-၂၀၀၆ * အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်မတော်မှ Chairman Chiefs of Staff Committee (COSC) and Chief of Staff Naval, Admiral Arun Prakash (PVSM, AVSM, Vrc, VSM, ADC) နှင့် ဇနီး ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ။

၂၁-၁-၂၀၀၆ * ရန်ကုန်တိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၄) ရပ်ကွက်၊ (A) ဘလောက်၊ ၂-လမ်း၊ တိုက်-၂၊ အခန်း ၄၀၂ တွင် သံဆေးဘူးခွံပေါ်၌ ဖယောင်းတိုင်ထွန်းပြီး အိပ်ပျော်သွားရာမှ အဆိုပါဖယောင်းတိုင်မီးမှတစ်ဆင့် ခုတင်ခေါင်းရင်းသစ်သား၊ ခြင်ထောင်နှင့် မွေ့ရာတို့ကို ကူးစက်လောင်ကျွမ်းရာမှထွက်လာသော မီးခိုးများကို ရှူရှိုက်မိခြင်းကြောင့် မိသားစု ၆ ဦးစလုံး မီးခိုးမွန်းကျပ်သေဆုံးခြင်းဖြစ်ရပ်တစ်ခုဖြစ်ပွား။

၂၂-၁-၂၀၀၆ * ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ရခိုင်ချောင် ကျေးရွာအနီး အရှည် ၂၅၀ ပေအရှည်ရှိသော ရခိုင်ချောင်တံတား ဖွင့်လှစ်။

* မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်တွင် ကြက်မောက်တောင်ဆည်ကို ရေကူပေးနိုင်ရန် ကျောက်တံခါးရေလှောင်တမံနှင့် တောင်ရေ ရေလှောင်တမံတို့ကို ဆက်သွယ်ထားသည့် တူးမြောင်းပေါ်တွင် တည်ဆောက်ထားသော အလျား ၂၂၈၀ ပေ၊ အမြင့် ၆၉ ပေရှိသည့် ယာကြီးရေထိန်းတမံဖွင့်လှစ်။

* မြန်မာနှင့်ထိုင်းနယ်စပ်ရှိ တာချီလိတ်မြို့နှင့် မယ်ဆိုင်မြို့တို့အကြား မယ်ဆိုင်ချောင်းကိုဖြတ်ကျော်၍ နှစ်နိုင်ငံချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ်တည်ဆောက်ထားသည့် အမှတ် (၂) ချစ်ကြည်ရေးတံတားဖွင့်လှစ်။

၂၄-၁-၂၀၀၆ * မြန်မာစံတော်ချိန် ၂၀ နာရီ ၁၂ မိနစ် ၂၃ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ အရှေ့မြောက်ဘက်ပိုင်မိုင် ၄၂၀ ခန့်ကွာဝေးသော မြန်မာ-တရုတ်နယ်စပ်အနီးကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅.၀ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း သက်ဆိုင်ရာမှ သတင်းထုတ်ပြန်။

၂၅-၁-၂၀၀၆ * တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) နှစ် ၁၀၀ ပြည့်အခမ်းအနားကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွှန့်မြို့နယ်ရှိ အဆိုပါဥယျာဉ်၌ကျင်းပ။

၂၈-၁-၂၀၀၆ * မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့နယ် တောင်သာမြို့အနီးတွင် တည်ဆောက်ထားသော အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း၏ စွပ်ကျယ်စက်ရုံ (တောင်သာ)ဖွင့်လှစ်။

www.foreverspace.com.mm

* ရန်ကုန်မြို့ ကန်တော်ကြီးသဘာဝဥယျာဉ်၏ သစ်တောဥယျာဉ် (Central Forest Zone) ဖွင့်လှစ်။

၂၉-၁-၂၀၀၆ * စာရေးဆရာမောင်ထင် (ခ) ဦးထင်ဖတ် (အသက် ၉၇ နှစ်) ကွယ်လွန်။

၃၁-၁-၂၀၀၆ * ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် စတင်ခဲ့သော အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ခေတ္တရပ်နားမည်ဖြစ်ကြောင်းနှင့် နောက်တစ်ကြိမ် အမျိုးသားညီလာခံကို ယခုနှစ် နှစ်ကုန်ပိုင်းတွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ပြောကြားချက်ကို နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

၂-၂-၂၀၀၆ * ရန်ကုန်မြို့ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ အောင်ဓမ္မရိပ်သာလမ်း၊ ခြံအမှတ်–၇၇ တွင် နေအိမ်မီးစက်အတွင်းသို့ ဓာတ်ဆီထည့်စဉ် အနီးရှိဖယောင်းတိုင်မီးမှ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားရာ အိမ် ၁၂ လုံးမီးလောင်ကျွမ်းခံရပြီး အိမ်ထောင်စု ၂၁ ခု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း သက်ဆိုင်ရာမှသတင်းထုတ်ပြန်။

ကြော်ငြာ

www.foreverspace.com.mm

တွေ့ဆုံဆွေးနွေးမှုများ

၃-၁-၂၀၀၆

* အမျိုးသားညီလာခံ စုံညီအစည်းအဝေး ကျင်းပနေမှုကို ကြည့်ရှုလေ့လာရန် ရောက်ရှိနေသော ဗြိတိန်နိုင်ငံမှ မြန်မာ့ရေးရာသုတေသီ Professor Mr. Robert H. Taylor သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) နှင့် တွေ့ဆုံဆွေးနွေး။

၆-၁-၂၀၀၆

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ Zhejiang ပြည်နယ် Yi Wu မြို့အစိုးရအဖွဲ့မှ အကြံပေးပုဂ္ဂိုလ် Mr.Lou Guohuq ခေါင်းဆောင်သော အဖွဲ့ဝင် ၁၂ ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး။

၁၂-၁-၂၀၀၆

* ရန်ကုန်မြို့သို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ တွဲဖက်အတွင်းဝန် မစ္စတာ အာခ်တားတူဖေးလ်သည် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။
* မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံရုံးမှ ဒုတိယအတွင်းဝန် Mr. Syahmila Muhammad Syahmi Bain Jaafar သည် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး။

၁၉-၁-၂၀၀၆

* ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်မတော်မှ Chairman Chief of Staff Committee (COSC) and Chief of Naval Staff Admiral Arun Prakash (PVSM, AVSM, Vrc, VSM, ADC) ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းနှင့် တွေ့ဆုံဆွေးနွေး။

၂၀-၁-၂၀၀၆

* ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်မတော်မှ Chairman Chief of Staff Committee (COSC) and Chief of Naval Staff Admiral Arun Prakash (PVSM, AVSM, Vrc, VSM, ADC) ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး။

၃-၂-၂၀၀၆

* မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးမစ္စတာကွမ်ပုသည် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

ကြော်ငြာ

www.foreverspace.com.mm

Inle Resort

အင်းလေးဒေသ၌ မြန်မာနိုင်ငံသားပိုင် အကြီးမားဆုံးနှင့် ခေတ်အမီဆုံး အဆင့်မြင့်သဘာဝအခြေခံအပန်းဖြေ Resort ဖြစ်သည်။

- ❑ ရှမ်းပြည်နယ်(တောင်ပိုင်း) အင်းလေးကန် မိုင်းသောက်ကျေးရွာတွင် တည်ရှိပြီး ၂၀၀၅ ခုနှစ် ဇူလိုင်လတွင် ဖွင့်လှစ်ခဲ့။
- ❑ တည်ထောင်သူနှင့် အကြီးအကဲမှာ ဦးလှအောင်ဖြစ်ပြီး Residence Manager မှာ ဗြိတိန်လူမျိုး Mr . Monty Redmond ဖြစ်ပြီး ဝန်ထမ်း ဦးရေ ၁၂၀ ဦးကျော်ရှိ။
- ❑ အင်းလေးကန်အဝင်ဝတွင် အင်းရေပြင်နှင့် တစ်ဆက်တစ်စပ်တည်းမေးတင်တည်ဆောက်ထားသည့် ဥယျာဉ်ဟိုတယ်ဖြစ်ပြီး စုစုပေါင်း ဧရိယာဧက ၃၀ ကျယ်ဝန်း။
- ❑ ဥယျာဉ်ပြင်ဆင်မွမ်းမံမှု Landscaping ကို ပြည်ပပညာရှင်များက ဒီဇိုင်းရေးဆွဲတည်ဆောက်ခဲ့ပြီး အဆောက်အအုံကိုမူ အင်းလေးရိုးရာနှင့် မြန်မာ့မူမြန်မာ့ဟန်မပျက် ပြည်တွင်းထွက်သစ်ကို အသုံးပြု၍ ပြည်တွင်းဗိသုကာများက တည်ဆောက်ခဲ့။
- ❑ သီးသန့်ဘန်ဂလို (Deluxe Villa) ၁၈ လုံးနှင့် နှစ်ခန်းတွဲတည်းခိုဆောင် (Duplex Cottages) ၁၂ လုံးရှိပြီး ဧည့်သည် ၆၀ ခန့် တစ်ပြိုင်နက်တည်းခိုနိုင်။
- ❑ နိုင်ငံတကာအဆင့်မီ အစည်းအဝေးပွဲများ လက်ခံကျင်းပနိုင်မည့် စတုရန်းမီတာ ၁၀၀၀ ကျယ်ဝန်းသော ခန်းမဆောင်တစ်ခု ပါရှိပြီး လူဦးရေ ၄၀၀ ခန့် တစ်ပြိုင်နက်ဧည့်ခံကျွေးမွေးနိုင်ဟုဆို။
- ❑ ဥရောပ၊ တရုတ်၊ အိန္ဒိယ၊ မြန်မာနှင့် အင်းလေးဒေသအစားအစာများ စုံလင်စွာရရှိနိုင်ပြီး Set Menu များပါ စီစဉ်ထား။
- ❑ အခန်းခနှုန်းထားများမှာ နံနက်စာ (International Buffet) အပါအဝင် Deluxe Villa တစ်လုံးလျှင် 140 US$ နှင့် Duplex Cattages တစ်ခန်းလျှင် 80US$ သတ်မှတ်ထား။
- ❑ ပွင့်လင်းရာသီနှင့် ဘုရားပွဲကာလများတွင် ရာနှုန်းပြည့်ဧည့်သည်များရရှိပြီး အများစုမှာ ဥရောပတိုက်သားများဟုသိရ။
- ❑ အခန်းတိုင်းတွင် Satellite TV , Minibar, Room Safe, Coffee/ Tea Making Facilities , Hair Dryer, IDD Phone နှင့် ရေပူရေအေးစနစ်တို့ပါဝင်ပြီး Resort အတွင်း အစည်းအဝေးခန်း၊ Internet , Fax နှင့် E-mail အသုံးပြုနိုင်သော Business Center ၊ နိုင်ငံတကာအဆင့်မီ Spa ၊ Laundry Service ၊ ၂၄ နာရီမီးစက်၊ ၂၄ နာရီဆရာဝန်၊ ၂၄ နာရီ In-Room Dining နှင့် လေဆိပ်အကြိုအပို့ စသည့် ဝန်ဆောင်မှုများပါဝင်။
- ❑ ရေကူးကန်နှင့် အဆောက်အအုံအချို့ ထပ်မံတိုးချဲ့တည်ဆောက်သွားမည်ဖြစ်ပြီး ကြယ်ငါးပွင့်ဟိုတယ်အဆင့်အထိ ဝန်ဆောင်မှုပေးနိုင်ရန် ရည်ရွယ်ထားဟုဆို။
- ❑ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် လိပ်စာ**

  ဒေါ်စန်းစန်းဌေး (Sales Manager)

  ရန်ကုန် – အခန်း–၆၀၃၊ အမှတ်–၇၂၊ ပင်လုံထိပ်ထားအဆောက်အအုံ၊ ဦးဝိစာရလမ်းနှင့် ချင်းတွင်းလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

  ဖုန်း – ၅၃၅၅၃၅၊ ၅၃၄၃၃၃၊ ၅၀၁၂၈၉၊ ဖက်(စ်)–၅၃၈၁၆၈ ၊

  E-mail : salesinle@ myanmar.com.mm , revinle@ myanmar.com.mm

  Website : www. inleresort .com

  အင်းလေး – မိုင်းသောက်ကျေးရွာ၊ အင်းလေးကန်၊ ညောင်ရွှေမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)

  ဖုန်း – ၀၈၁–၂၉၇၂၂၊ ၂၉၇၃၃၊ ၂၉၇၄၄၊ ၂၉၃၆၁၊ ၂၉၃၆၂ ၊ ဖက်(စ်) – ၀၈၁–၂၉၄၆၆

www.foreverspace.com.mm

Mandalay City Hotel

မန္တလေးမြို့တော်ရှိ Middle Class Hotel များအနက် အဆင့်အမြင့်မားဆုံးနှင့် အကြီးမားဆုံးဟိုတယ်ဖြစ်သည်။

- ❑ မန္တလေးမြို့လယ် ဈေးချိုတော်အနီး ၂၆ လမ်း၌ တည်ရှိပြီး ၂၀၀၄ ခုနှစ် နိုဝင်ဘာလတွင် တည်ထောင်ဖွင့်လှစ်ခဲ့။
- ❑ တည်ထောင်သူနှင့် အကြီးအကဲမှာ ဦးလှအောင်ဖြစ်ပြီး မန်နေဂျာ ဦးကျော်မျိုးလတ်နှင့် ဝန်ထမ်းဦးရေ ၅၀ ခန့်ရှိ။
- ❑ ဟိုတယ်အဆောက်အအုံအဝင်နှင့် အတွင်းပိုင်းပြင်ဆင်မွမ်းမံမှု Landscaping ကို ထိုင်းဗိသုကာပညာရှင်များက ရေတံခွန်၊ ဥယျာဉ်၊ ရေကန်တို့ဖြင့် မျက်စိပသာဒဖြစ်ဖွယ် အလှဆင်တည်ဆောင်ထားပြီး အပူပိုင်းဒေသ ကန္တာရအတွင်းမှ အိုအေစစ်ဟု တင်စားခေါ်ဆိုကြ။
- ❑ Superior ၆၁ ခန်း၊ Deluxe ခြောက်ခန်းပါရှိပြီး ဧည့်သည်ဦးရေ ၁၂၀ ခန့်တစ်ပြိုင်နက် တည်းခိုနိုင်။
- ❑ ဟိုတယ်ဝင်းအတွင်းနှင့် ရေကူးကန်နံဘေး၌ ဧည့်ခံပွဲများနှင့် ညစာစားပွဲများ လက်ခံကျင်းပပေးဟုသိရ။
- ❑ အခန်းတိုင်းတွင် Air-Conditioning, Satellite TV , Minibar, Room Safe, Coffee/Tea Making Facilities, Telephone (IDD), Hot and Cold Water , Hair Dryer စသည်တို့ပါဝင်ပြီး ဟိုတယ်အတွင်း City Cafe, Swimming Pool, Massage, Internet & E-mail, IDD Phone & Fax, Meeting Room, Business Center, Souvenier Shop , Laundry Service ၊ လေဆိပ်အကြိုအပို့နှင့် စက်ဘီးငှားရမ်းမှု စသည့် ဝန်ဆောင်မှုများ ရရှိနိုင်ကာ ကားရပ် နားရန်နေရာ ကျယ်ကျယ်ဝန်းဝန်းရှိ။
- ❑ အခန်းခန္ဓနန်းထားများမှာ နံနက်စာ International Buffet အပါအဝင် နိုင်ငံခြားသားတစ်ဦးလျှင် Superior (Single) 40 US$, Superior (Double) 45 US$, Deluxe 50-55US$ ကျသင့်ပြီး နိုင်ငံသားတစ်ဦးလျှင် Superior (Single) ၁၇၀၀၀ ကျပ်နှင့် Superior (Double) ၁၉၀၀၀ ကျပ် သတ်မှတ်ထား။
- ❑ နိုင်ငံခြားသားဧည့်သည်များအား မန္တလေး၊ အင်းလေး၊ ပုဂံ စသည့်ဒေသများသို့ လေ့လာလည်ပတ်စေပြီး ဟိုတယ်အချင်းချင်း ချိတ်ဆက်တည်းခိုနိုင်မည့် Package Tour အစီအစဉ်များ တိုးချဲ့ဆောင်ရွက်သွားမည်ဟုဆို။
- ❑ ရှမ်းပြည်နယ်(တောင်ပိုင်း) အင်းလေးဒေသရှိ Inle Resort ၏ညီနောင်လုပ်ငန်းဖြစ်။
- ❑ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် လိပ်စာ**

ဒေါ်စန်းစန်းဌေး (Sales Manager)
ရန်ကုန် – အခန်း–၆၀၃၊ အမှတ်–၇၂၊ ပင်လုံထိပ်ထားအဆောက်အအုံ(ဖ–ထပ်)၊
ဦးဝိစာရလမ်းနှင့် ချင်းတွင်းလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း – ၅၃၅၅၃၃၊ ၅၃၄၃၃၃၊ ၅၀၁၂၈၉ ၊ ဖက်(စ်)–၅၃၈၁၆၈
မန္တလေး – Mandalay City Hotel
၂၆ လမ်း(၈၂ လမ်းနှင့် ၈၃ လမ်းကြား)
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း–၀၂–၆၁၇၀၀~၀၄၊ ဖက်စ်–၀၂–၆၁၇၀၅
E-mail : offmdycity@myanmar.com.mm

www.foreverspace.com.mm

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်

မြန်မာနိုင်ငံ၌ အများပြည်သူ အပန်းဖြေလေ့လာနိုင်သည့် သက်တမ်းအရှည်ကြာဆုံးနှင့် အကြီးဆုံးသော တိရစ္ဆာန်ဥယျာဉ် ဖြစ်သည်။

- ❑ ကိုလိုနီအင်္ဂလိပ်အစိုးရလက်ထက် ၁၉၀၆ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ဝိတိုရိယဘုရင်မ ပန်းခြံနှင့် တိရစ္ဆာန်ဥယျာဉ် အမည်ဖြင့် စတင်ဖွင့်လှစ်ခဲ့။
- ❑ ယခုအခါ သစ်တောဦးစီးဌာန တိရစ္ဆာန်ဥယျာဉ်များဌာနက ရတနာပုံတိရစ္ဆာန်ဥယျာဉ်နှင့် အတူ တာဝန်ယူ စီမံခန့်ခွဲလျက်ရှိ။
- ❑ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၏ အုပ်ချုပ်ရေးမှူးမှာ ဦးစောဝင်းဖြစ်ပြီး ဝန်ထမ်းအင်အားစုစုပေါင်း ၃၀၀ ဦးခန့်ရှိ။
- ❑ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ လာရောက်အပန်းဖြေ လည်ပတ်ရန်အတွက် သစ်တောဦးစီးဌာနက သတ် မှတ်ထားသော သဘာဝအခြေခံ အပန်းဖြေစခန်း ၁၅ ခုအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ရန်ကုန်မြို့လယ်နှင့် အနီး ဆုံးတွင် တည်ရှိ။
- ❑ စုစုပေါင်းမြေဧက ၅၈.၁၆ ဧက ကျယ်ဝန်းပြီး အပင်မျိုးစိတ်ပေါင်း ၃၀၀ ခန့်ပေါက်လျက်ရှိကာ ပြည်တွင်းပြည်ပမှ ရှားပါးတိရစ္ဆာန်များအပါအဝင် နို့တိုက်သတ္တဝါ ၆၁ မျိုး၊ အကောင်ရေ ၅၆၀ ကျော်၊ ကျေးငှက်သတ္တဝါ ၇၀ မျိုး၊ အကောင်ရေ ၄၀၀ ကျော်၊ တွားသွားသတ္တဝါ ၁၆ မျိုး၊ အကောင်ရေ ၁၂၀ ကျော် စုစုပေါင်းသတ္တဝါ ၁၄၇ မျိုး၊ အကောင်ရေ ၁၀၀၀ ကျော်ကို မွေးမြူထိန်းသိမ်းပြသထား။
- ❑ ၂၀၀၃ ခုနှစ်တွင် ကန်တော်ကြီးသဘာဝဥယျာဉ်နှင့် တစ်ဆက်တည်း Woodland Co., Ltd. က တာဝန်ယူ၍ နိုင်ငံတကာအဆင့်မီ ဥယျာဉ်တစ်ခုအဖြစ် အဆင့်မြှင့်ပြုပြင်မွမ်းမံခဲ့။
- ❑ ပိတ်ရက်မရှိ နေ့စဉ်ဖွင့်လှစ်ထားပြီး စနေ၊ တနင်္ဂနွေနေ့နှင့် အခါကြီးရက်ကြီး အစိုးရရုံးပိတ်ရက်များတွင် ဆင်လိမ္မာအက၊ မြွေအကတို့အပါအဝင် စနစ်တကျ လေ့ကျင့်ထားသည့် တိရစ္ဆာန်ငယ်ကလေးများ၏ ကပြဖျော်ဖြေမှုအစီအစဉ်တင်ဆက်ပြသ။
- ❑ ရန်ကုန်တိရစ္ဆာန်ဥယျာဉ် တည်ထောင်ခဲ့သည့် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် နှစ် ၁၀၀ ပြည့်ပွဲတော်ကို ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်မှ ၂၉ ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ပရိသတ်လေးသိန်းကျော် လာရောက်ခဲ့ကြ။
- ❑ အများပြည်သူ အပန်းဖြေလေ့လာရင်း ဗဟုသုတရှာမှီးနိုင်ရန်အတွက် သဘာဝသမိုင်းပြတိုက်နှင့် ကလေးငယ်များဆော့ကစားနိုင်ရန်အတွက် တို့ပြည်သားအင်တာပရိုက်စ်လီမိတက်၏ တိရစ္ဆာန်ဥယျာဉ်ဘက်စုံအားကစားကွင်းတို့ကို တိရစ္ဆာန် ဥယျာဉ်ဝင်းအတွင်း၌ တည်ဆောက်ဖွင့်လှစ်ထား။
- ❑ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် လိပ်စာ**

  ဦးစောဝင်း (အုပ်ချုပ်ရေးမှူး)
  ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၇၄၂၄၄

www.foreverspace.com.mm

ကုန်ဈေးနှုန်း

၂၀၀၆၊ ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း ဖြစ်ပေါ်ခဲ့သော ကုန်ဈေးနှုန်းများ

ကားဈေးနှုန်း (၁၀-၂-၂၀၀၆)

ကားအမျိုးအစား	မော်ဒယ်	အကွာရာ	ဈေးနှုန်း (သိန်း)
Suzuki Wagon	R+	(၄ခ)(အဖြူရောင်/ဝဇွန်းရုံ)	၂၁၀
Suzuki Wagon	R+	(၄ခ)(အဖြူရောင်/ဝဇွန်းမရုံ)	၂၂၀
Suzuki Wagon	R+	(၅ခ)(ဧီးရောင်)	၂၇၀
Suzuki Wagon	R+	(၅ခ)(အပြာရောင်)	၂၅၀
Corolla 1.5 Limited	86/87	(၁က)	၂၀၀
Corolla 1.5 Limited	88/89	(၁က)	၂၅၀
Corolla 1.5 Limited	88/89	(၁ခ)	၃၀၀
Corolla 1.5 Limited	90/91	(၁က)	၂၆၀
Corolla 1.5 Limited	90/91	(၁ခ)	၃၁၅
Corolla 1.5 Limited	92/93	(၁ခ)	၄၀၀
Corolla 1.8 Van(ဒီဇယ်)	86/87	(၁က)	၁၈၅
Corolla 1.8 Van(ဒီဇယ်)	86/87	(၁ခ)	၂၃၅
Corolla 1.8 Van (ဒီဇယ်)	88/89	(၁က)	၂၃၀
Corolla 1.8 Van (ဒီဇယ်)	88/89	(၁ခ)	၂၈၅
Corolla 1.8 Van (ဒီဇယ်)	90/91	(၁က)	၂၃၀
Corolla 1.8 Van(ဒီဇယ်)	90/91	(၁ခ)	၃၀၀
Corolla 2.0 Van (ဒီဇယ်)	92/93	(၁ခ)	၄၃၀
Corolla 1.5 Dx Van(ဓာတ်ဆီ)	86/87	(၁က)	၂၀၅
Corolla 1.5 Dx Van(ဓာတ်ဆီ)	86/87	(၁ခ)	၂၅၀
Corolla 1.5 Dx Van(ဓာတ်ဆီ)	88/89	(၁က)	၂၂၀
Corolla 1.5 Dx Van(ဓာတ်ဆီ)	88/89	(၁ခ)	၂၇၀
Corolla 1.5 Dx Van(ဓာတ်ဆီ)	90/91	(၁က)	၂၁၅
Corolla 1.5 Dx Van(ဓာတ်ဆီ)	90/91	(၁ခ)	၂၇၅
Corolla 1.5 Dx Van(ဓာတ်ဆီ)	92/93	(၁ခ)	၄၀၀
Corolla 1.3 Dx Van(ဓာတ်ဆီ)	86/87	(၁က)	၂၁၀
Corolla 1.3 Dx Van(ဓာတ်ဆီ)	86/87	(၁ခ)	၂၅၀
Corolla 1.3 Dx Van(ဓာတ်ဆီ)	88/89	(၁ခ)	၂၆၀
Corolla 1.3 Dx Van(ဓာတ်ဆီ)	90/91	(၁က)	၂၁၀
Corolla 1.3 Dx Van(ဓာတ်ဆီ)	90/91	(၁ခ)	၂၇၀
Toyota Corona 2.0 Van (ဒီဇယ်)	88/89	(၁ခ)	၂၅၀
Toyota Corona 2.0 Van (ဒီဇယ်)	90/91	(၁ခ)	၂၈၀
Toyota Publica	86/87	(၁က)	၁၅၀
Toyota Publica	86/87	(၁ခ)	၁၈၀
Toyota Publica	88	(၁က)	၁၄၀
Toyota Publica	88	(၁ခ)	၁၈၀
Sunny Pick-up	86/87	(၁က)	၁၂၀
Sunny Pick-up	90/91	(၁က)	၁၅၀
Sunny Super Salloon (1.5)	86/87	(၁က)	၂၁၀
Sunny Super Salloon (1.5)	86/87	(၁ခ)	၂၇၀
Sunny Super Salloon (1.5)	88/89	(၁က)	၂၀၀
Sunny Super Salloon (1.5)	88/89	(၁ခ)	၂၄၅
Sunny Super Salloon (1.5)	90/91	(၁က)	၂၅၅
Sunny Super Salloon (1.5)	90/91	(၁ခ)	၃၀၀
Marlk II Groire(ဓာတ်ဆီ)(2.0)(Auto)	94/95	(၂ခ)	၆၅၀
Marlk II Groire (ဒီဇယ်)(2.4)	94/95	(၂ခ)	၆၅၀
Marlk II Groire (ဒီဇယ်)(2.4)	94/95	(၁ခ)	၅၈၀
Marlk II Grande (ဓာတ်ဆီ)(2.0)(Auto)	94/95	(၁ခ)	၆၂၀
CELSIOR (4.0)	93/94	(၃ခ)	၄၈၀
CROWN MAJESTA (4.0)	96/97	(၁ခ)	၆၀၀
PAJERO V46 (2.8)	96	(၂ခ)	၈၀၀
TOYOTA LANDCRUISER (4.6)	99	(၃ခ)	၁၂၀၀
TOYOTA LANDCRUISER (4.7)	98	(၃ခ)	၁၁၀၀
TOYOTA PRADO (3.0)	96TZ	(၃ခ)	၁၁၀၀
TOYOTA PRADO (2.4D)	92	(၃ခ)	၁၀၀၀
HILUX (DOUBLE CAB) (3.0)	98	(၃ခ)	၆၀၀
HILUX (DOUBLE CAB) (2.4)	98	(၃ခ)	၅၆၀
HILUX SURF (3.0)	97	(၃ခ)	၈၅၀
HILUX SURF (3.0)	94	(၃ခ)	၆၈၀

* အထက်ပါကားများသည် အကွာရာပေါ်မူတည်၍ ဈေးအတက်အကျရှိသည်။
* ကားဟောင်းများဖြစ်သည့်အတွက် ကားအခြေအနေပေါ်မူတည်၍ ဈေးကွာခြားသည်။
* အဝယ်နည်းပါးသည့်အတွက် ခေါ်ဈေးများသာ ဖြစ်သည်။

www.foreverspace.com.mm

တီဗီရောင်စုံများ

(၁၀-၂-၂၀၀၆)

အမျိုးအစား	မော်ဒယ်	အရွယ်	နှုန်း(ကျပ်)
DISTAR	2150 (Flat)	21"	၁၇၈,၀၀၀
DISTAR	2130 (STEREO)	21"	၁၄၇,၀၀၀
DISTAR	2947	29"	၂၆၇,၀၀၀
DISTAR	2545	25"	၂၂၆,၀၀၀
Toshiba	21 S3	21"	၁၈၆,၀၀၀
Toshiba	29 A3	29"	၃၁၁,၀၀၀
SANYO	21KX8	21"	၁၇၁,၀၀၀
SANYO	21 AF8VA	21"	၂၀၆,၀၀၀
SANYO	29 KX5	29"	၃၁၅,၀၀၀
SANYO	14KX8	14"	၁၁၁,၀၀၀
Samsung	21M16	21"	၁၈၀,၀၀၀
SANYO	14G81A	14"	၁၁၅,၀၀၀
SKYWORTH	TN	21"	၁၄၂,၀၀၀
SKYWORTH	No3	21"	၁၃၁,၀၀၀

ရေခဲသေတ္တာများ

(၁၀-၂-၂၀၀၆)

အမျိုးအစား	မော်ဒယ်	နှုန်း(ကျပ်)
HQ(CANCOOLER) 405		၄၇၀,၀၀၀
DISTAR	960A	၁၇၀,၀၀၀
SANYO	SR521	၁၃၀,၀၀၀
Panasonic	184 G1	၁၈၅,၀၀၀
Panasonic	184 W	၁၉၅,၀၀၀
SANYO	152C	၁၂၀,၀၀၀
SANYO	159C	၁၆၅,၀၀၀
SANYO	563C	၁၇၅,၀၀၀
SANYO	163CQ	၁၈၅,၀၀၀
SANYO	570	၂၁၀,၀၀၀
TOSHIBA	22SPT	၃၃၅,၀၀၀
TOSHIBA	37ST	၄၂၀,၀၀၀
TOSHIBA	46ST	၄၇၀,၀၀၀
TOSHIBA	17ZD	၁၈၅,၀၀၀

VCD ပြစက်

(၁၀-၂-၂၀၀၆)

အမျိုးအစား	မော်ဒယ်	နှုန်း(ကျပ်)
Samsung	870/890	၅၈,၅၀၀
Samsung	Z10 MM	၄၂,၀၀၀
Samsung	30 Me	၆၀,၅၀၀
DISTAR	2217K	၄၀,၀၀၀
Crown	5569	၃၄,၄၀၀
Crown	4359	၃၈၄,၅၀
Yamasu	4315	၃၁၃,၀၀

DVD ပြစက်

(၁၀-၂-၂၀၀၆)

အမျိုးအစား	မော်ဒယ်	နှုန်း(ကျပ်)
SAMSUNG	438 K	၈၈,၀၀၀
SAMSUNG	338 K	၇၃,၅၀၀
SAMSUNG	248	၆၉,၀၀၀
SAMSUNG	339	၆၅,၀၀၀
Crown	4329/4339	
Yamasu	4385	

လေအေးစက်များ

(၁၀-၂-၂၀၀၆)

အမျိုးအစား	မော်ဒယ်	နှုန်း(ကျပ်)
SANYO	92G	၃၁၅,၀၀၀
SANYO	122G	၄၁၅,၀၀၀
SANYO	94 G	၃၁၅,၀၀၀
SANYO	124G	၄၁၅,၀၀၀
SANYO	182G/1846	၆၄၀,၀၀၀
SANYO	99G	၂၂၅,၀၀၀
SANYO	123S	၂၈၅,၀၀၀
SANYO	183S	၄၃၅,၀၀၀
SANYO	131S	၄၄၀,၀၀၀
SANYO	181 G	၅၉၀,၀၀၀
Ichiban	094EK	၁၉၀,၀၀၀
Ichiban	124EK	၂၃၀,၀၀၀
SANYO	94H	၂၃၀,၀၀၀
SANYO	124H	၃၀၀,၀၀၀
PANASONIC	XC 9CKH	၃၀၅,၀၀၀
PANASONIC	XC 12CKH	၄၀၅,၀၀၀
PANASONIC	91JH	၂၂၅,၀၀၀
PANASONIC	121 VH	၂၆၅,၀၀၀

အဝတ်လျှော်စက်များ

(၁၀-၂-၂၀၀၆)

အမျိုးအစား	မော်ဒယ်	နှုန်း(ကျပ်)
SANYO	W 80 SIT	၂၅၆,၀၀၀
SANYO	450 FT	၁၅၀,၀၀၀
SANYO	91 AT	၁၄၆,၀၀၀
SANYO	Ws 92 AT	၂၅၆,၀၀၀

ဟောလစ်၊ မာတိုဘာ၊ မိုင်လို၊ အိုဗာတင်း၊ ကော်ဖီမစ် (လက်လီ)

(၁၀-၂-၂၀၀၆)

အမျိုးအစား	နှုန်း(ကျပ်)
Horlick (900g)	၅၃၀၀
Horlick (200g) (အိန္ဒိယ)	၁၆၀၀
Horlick(ကော်ဘူးကြီး) 1.80kg	၈၈၀၀
Junior Horlick (400 g)	၂၈၀၀
Milo (400g) ခဲထုပ်	၂၁၀၀
Milo (400 g) (ပုလင်း)	၃၀၀၀
Maltova (400 g) (နီ)	၂၄၅၀
MIKE Tea mix (၂၀ ထုပ်ဝင်)	၁၂၅၀
MIKE Coffee mix (၄၈ ထုပ်ဝင်)	၂၇၀၀
JAVA Coffee mix (၃၀ ထုပ်ဝင်)	၁၉၀၀
OWL (Tea mix) (၃၀ ထုပ်ဝင်)	၁၇၅၀
ENERGY (Nutrious Ceareal) (၃၀ထုပ်ဝင်)	၁၇၀၀

www.foreverspace.com.mm

NESCAFE (Red Cup)(200g)	၃၃၅၀
NESCAFE (Red Cup)ss(200g) (ခဲထုပ်)	၂၆၀၀
NESCAFE (Red Cup) (50g)	၁၁၀၀
Super(Diet Cereal)(၂၀ ထုပ်ဝင်)	၁၈၅၀
Super(DietCoffemix)(၂၀ ထုပ်ဝင်)	၁၈၅၀
Super Coffee Mix(၃၀ ထုပ်ဝင်)	၁၈၀၀
(Gold Roast) Gold Super Mix (၃၀ ထုပ်ဝင်)	၁၈၀၀
Royal Myanmar (Tea Mix)(၃၀ ထုပ်ဝင်)	၁၉၀၀
Super One(Coffee Mix) (၅၀ ထုပ်ဝင်)	၂၆၀၀
Special Cereal (၂၀ ထုပ်ဝင်)	၁၅၅၀
Ben Cafe (၁၀ ထုပ်ဝင်)	၆၀၀
Ben Cafe (၅၀ ထုပ်ဝင်)	၂၉၀၀
Goldroast (၅၀ ထုပ်ဝင်)	၂၈၀၀
Hi Tea (၂၀ ထုပ်ဝင်)	၁၂၅၀
Mikko (Coffee Mix) (၃၀ ထုပ်ဝင်)	၁၆၅၀
Ovaltine (400g) နီ	၂၃၀၀
Complan (500g) (ဖြူ)	၄၀၀၀
Ovaltine (200g) နီ	၁၄၀၀
Calsome(Nutrious Cereal) (၃၀ထုပ်ဝင်)	၁၇၀၀
BLUE Coffemix (၂၄ ထုပ်ဝင်)	၁၀၀၀
PREMIER COFFEE (၃၀ထုပ်ဝင်)	၂၀၀၀
Complan 500g (ချော)	၄၀၅၀
Ovaltine 400g (ဖြူ)	၂၅၀၀
Ovaltine 200g (ဖြူ)	၁၄၅၀
Ovaltine 400g (စက္ကူဘူး)	၂၂၅၀
Gold Hill Mashed Potatoes (၁၀ ထုပ် ၁ ပါကင်)	၂၃၀၀

နို့မှုန့်ဘူးများ

(၁၀-၂-၂၀၀၆)

အမျိုးအစား	နှုန်း(ကျပ်)
Dumex (Step 1,2)(900g)	၈၅၅၀/ ၈၃၀၀
Dumex (3plus)(700g)	၆၄၅၀
Dumex Step 1,2 800g	၆၉၀၀/ ၆၆၀၀
Dumex 1Plus 700g	၆၅၀၀
Dumex 1Plus (Honey) 700g	၆၇၀၀
Dumex Ma Ma Plus 400g	၅၅၀၀
Dumex Lactose free 400g	၅၀၀၀
Nestle BEAR BRAND 1 Plus 800g	၄၇၅၀
Nestle ဆန် သံဘူး	၂၃၀၀
Nestle ဂျို သံဘူး	၃၂၀၀
Nestle လေးမျိုးစပ် သံဘူး	၂၈၀၀

စီးကရက်များ

(၁၀-၂-၂၀၀၆)

အမျိုးအစား	နှုန်း(ကျပ်)
Vegas	၄၀၀
Vegas (Light)	၄၀၀
London (ရိုးရိုး)	၅၀၀
555 (ရိုးရိုး)	၁၄၀၀
Marlboro (Light)	၁၃၀၀
MILD SEVEN	၁၃၀၀
DUYA ရွှေရောင်	၂၅၀
Golden Triangle	၁၆၀
Paris ညို/ ခဲ	၄၀၀/ ၂၅၀
Lucky	၉၀
555 (Lights)	၁၄၀၀
MILD SEVEN (Lights)	၁၂၅၀
DUNHILL	၁၁၀၀

နိုင်ငံခြား အရက်များ

(၁၀-၂-၂၀၀၆)

အမျိုးအစား	နှုန်း(ကျပ်)
J&BJet(75Cl) (12YearsOld)	၁၀၅၀၀
CHIVAS (75Cl)	၂၂၅၀၀
Hennessy(V.S.O.P)(35Cl)	၂၀၄၀၀
Hennessy(V.S.O.P)(70Cl)	၃၆၃၀၀
VAT 69 (75Cl)	၉၃၀၀
Jonnie Walker (Red)(75Cl)	၁၀၅၀၀
Jonnie Walker (Red)(37.5Cl)	၅၉၀၀
Jonnie Walker (Red)(1Liter)	၁၂၇၀၀
Jonnie Walker (Black)(20Cl)	၆၄၀၀
Jonnie Walker (Black)(37.5Cl)	၁၁၉၀၀
Jonnie Walker (Black)(75Cl)	၂၀၇၀၀
Jonnie Walker(Black)(1Liter)	၂၅၉၀၀
Black & White (1Liter)	၁၁၅၀၀
Black & White (75Cl)	၉၅၀၀
Gold Label (75Cl)	၃၈၀၀၀
Black Cat (75Cl)	၅၅၀၀
Black Cat (35Cl)	၂၀၅၀
SCOTS CLUB (75Cl)	၇၂၀၀
SCOTTISH LEADER	၆၆၀၀
Blue Label	၁၄၃၀၀၀

www.foreverspace.com.mm

BACARDI (75Cl)Limon	၈၂၀၀
(KING ROBERT) VODKA (75CL)	၄၄၀၀
(KING ROBERT)Gin (75CL)	၅၀၀၀
(KING ROBERT) Whisky (75CL)	၆၁၀၀
SPY(CLASSIC)(Red) (Wine)	၁၀၀၀
VAT 69(1Liter)	၁၀၇၀၀
Mekhong (75CL)	၅၅၀၀
Mekhong (37.5CL)	၂၃၀၀
Ballantine (75Cl)	၁၁၆၀၀
Ballantine (20Cl)	၂၅၀၀
SPEY ROYAL (70Cl)	၆၆၀၀
SPEY ROYAL (35Cl)	၃၆၀၀

မုန့်ပုံး သံဘူးများ

(၁၀-၂-၂၀၀၆)

Fruits Wagon	၄၅၀၀
မိသားစု	၄၅၀၀
MELODIES	၃၉၀၀
Popcorn Crackers	၅၀၀၀
Cream Crackers(Hup Seng)	၄၉၅၀
(KERK) Fantasy	၄၆၀၀
(TATAWA) Wonderful	၄၂၀၀
(KHIAN GUAN) Top Choice	၄၁၀၀
(HWA TA) Choice	၄၂၀၀
(KWA TA) Festival	၄၂၀၀
(KERK)Classic	၄၂၅၀
(Munchys) Fummix	၄၅၀၀
(Munchys) Topmix	၄၅၀၀
Tip Top	၄၀၀၀
ALWAYS	၄၂၀၀
Time's Right	၄၃၀၀
Summer Day	၄၃၀၀
(Shan Fatl) Party	၄၃၀၀
Happy Day	၄၃၀၀
(julie's) JAMBOREE	၄၂၀၀
(Julie's) CERIA	၄၂၀၀

ခေါက်ဆွဲခြောက်များ

(၁၀-၂-၂၀၀၆)

အမျိုးအစား	နှုန်း(ကျပ်)
Yum Yum (ကြက်ပေါင်)	၉၀
Yum Yum ချဉ်စပ်(ပုစွန်)	၁၂၀
Yum Yum (ဘဲသားဆီချက်)	၉၀
Yum Yum (သီးစုံခေါက်ဆွဲ)	၈၀
TOMO (အုန်းနို့)	၁၀၀
TOMO (ကိုရီးယားချဉ်စပ်)	၁၅၀
MAMEE ကြာဆံ	၁၃၅
MAMEE (ရိုးရိုး)(ဆီချက်)	၉၀
MAMEE (ကြက်သားချဉ်စပ်)	၁၀၀
MAMEE (ကြက်ခေါက်ဆွဲပြုတ်)	၉၀
MAMEE (ကြက်သားဆီချက်ခေါက်ဆွဲ)	၁၀၀
MAMEE (သက်သတ်လွတ်ခေါက်ဆွဲပြုတ်)	၉၀
MAMEE (သက်သတ်လွတ်ဆီချက်)	၉၀
MA MA (ချဉ်စပ်ခေါက်ဆွဲပြုတ်)	၁၀၀
Wai Wai (ကြာဆံ) (ပြာ)	၁၇၀
Shin Shin (ကြာဆံ)	၁၂၀
Yum Yum ပုစွန်မလိုင်ချဉ်စပ်	၁၀၀
Yum Yum ကြက်သားချဉ်စပ်	၁၀၀
MAMEE အုန်းနို့ခေါက်ဆွဲ	၁၁၀
MAMEE ပုစွန်မလိုင်ချဉ်စပ်	၁၁၀
Fashion Food ခေါက်ဆွဲဘူး	၆၅၀
MA MA ညှပ်ခေါက်ဆွဲ(စိမ်း)	၁၇၀
MA MA ညှပ်ခေါက်ဆွဲ(နီ)	၁၆၀

သွားတိုက်ဆေးများ

(၁၀-၂-၂၀၀၆)

အမျိုးအစား	နှုန်း(ကျပ်)
Best-T (125g) White	၃၅၀
Colgate (40g) Double Cool Stripe	၃၅၀
Colgate (160g) Double Cool Stripe	၁၂၀၀
Close-Up (New)(40g)	၃၃၀
Close-Up (160g) ပြာ	၁၄၀၀
DARLIE (200g) နှစ်ဘူးတွဲ	၁၅၀၀
LASER	၁၇၀
Colgate Fresh Cool Mint 200g	၁၄၀၀
Colgate Great Regular 200 g	၂၇၅၀
Colgate Total Fresh Stripe 160g	၁၈၀၀
Colgate Whitening 160g	၂၄၀၀
Colgate gel (စိမ်း) 160g	၁၇၀၀
ZACT LION 90g	၁၁၀၀
Fresh & White Gel 100g	၆၅၀
Smile Up 105g	၇၅၀
တရုတ်သွားတိုက်ဆေး ဘူးပြာကြီး	၁၃၀
တရုတ်သွားတိုက်ဆေး ဘူးပြာသေး	၁၀၀
Fresh Up 160g	၆၀၀

ကိုယ်တိုက်ဆပ်ပြာများ

(၁၀-၂-၂၀၀၆)

အမျိုးအစား	နှုန်း(ကျပ်)
Imperial Leather (65g)	၂၀၀
Imperial Leather (125g)	၃၅၀
Beauty	၁၃၀
GIV (80g)	၂၀၀
Style (75g)	၁၀၀
Dettol (60g)	၂၅၀
Miss	၁၈၀
1 Plus 1	၁၅၀
DOVE	၈၅၀
NIVEA 100g	၇၀၀
Protex	၄၃၀
Bamboo Salt	၇၀၀
Say 100g	၆၅၀
Naturally Fair	၂၀၀
YOKO WHITENING Herbal 110g	၈၅၀
Vaseline HARMONY 100g	၃၀၀
PREMIER 100g	၂၈၀
Safeguard 100g	၃၅၀
Fa 2 in 1 100g	၅၂၀
ASEPSO	၄၅၀
CAMAY	၅၅၀
Palmolive အကြည်	၃၀၀
(Cussons) Pearl 100g	၂၅၀
Fair & Lovely 75g	၄၀၀
LUX 100g	၂၇၀
KAO	၃၅၀
Parrot	၁၅၀
Flore 90g	၂၀၀
Paris 135g	၂၇၀
Paris 90g	၁၇၀
A21 (နက်)70g	၁၈၀
A21 (နက်)125g	၂၇၀
DG Soap 100g	၂၅၀

ခြင်ဆေးခွေ

(၁၀-၂-၂၀၀၆)

အမျိုးအစား	နှုန်း(ကျပ်)
Jumbo (12)coils	၃၀၀
Fumakilla (10) coils	၂၅၀
MARS	၁၅၀
King Kong	၁၇၀
Raid	၂၈၀
ATAK	၁၅၀
FIGHTER	၁၇၀
GO!	၂၀၀
Double Cow	၂၀၀
MOSFLY	၁၆၀
ဂေါ်ဒီလာ	၂၅၀
MARS POWER	၁၈၀
Jumbo (30)	၆၀၀
ARS	၁၂၀

www.foreverspace.com.mm

ကွန်ပျူတာဈေးနှုန်းများ

(၁၀-၂-၂၀၀၆)

❑ KMD BASIC MODEL

- Intel Celeron 4 2.53D GHz (256KB, 533 MHz)
- GIGA 8 VM 800 Pentium 4 M/B (With VGA+Sound+LAN)
- 256 MB DDR RAM (PC 400 MHz)
- 80 GB HDD (Hitachi, 7200 RPM)
- 1.44MB FDD (Mitsumi)
- 15" SVGA Digital Control Color Monitor (Philips)
- PS II Keyboard & PS II Scroll Mouse (Aopen)
- Mouse Pad
- P4 Casing (Normal with Front USB)

Price 387,000 Ks

❑ CFTG Power Computer

- Intel Pentium 4 2.66 GHz processor
- MSI Intel 848P Neo 2-V M/B with AGP, Sound & LanBuiltin
- 256 MB DDR RAM
- 80 GB IDE HDD (Hitachi)
- 1.44 MB FDD (Mitsumi)
- AGP 64 MB Graphic Card with TV out
- P4 ATX Tower Casing (Beside Fan/Handle)
- PS2 Win 98 Keyboard
- PS2 Mouse & Pad
- 15" SVGA Colour Monitor (Viewsonic)

Price 519,700 Ks

❑ CFTG High Performance Computer

- Intel P4 3.2 GHz Processor (LGA 775 CPU)
- MSI Intel 848P Neo-2V MB (Sound+LAN Built-in)
- 256 MB 400 DDR Ram (PC 400 MHz)
- 1.44 MB Floppy Drive
- 80 GB IDE HDD (Hitachi PRM 7200)
- 15" Digital Color Monitor (Viewsonic, Digital Control)
- PS2 Win 98 Keyboard, mouse (PS/2)
- Mouse Pad

Price 646,800 Ks

❑ KMD PREMIUM MODEL

- Intel Pentium 4 3.4 GHz [2 MB L2 Cache/800 MHz, LGA 775]
- GIGA- 8i9 15 MD-GV Pentium 4 Motherboard, VGA, LAN [Builtin Sound]
- 512 MB (2 x 256) DDR RAM (533 MHz/Kingston, Dual DDR)
- 80 GB Hard Disk Drive (7200RPM Hitachi)
- 1.44 MB Floppy Disk Drive (Mitsumi)
- AGP 128 MB 3D Graphic Card W/TV Out (FX5200)
- 15" SVGA Digital Control Color Monitor (Philips)
- PSII Keyboard & PSII Scroll Mouse
- Mouse Pad
- Pentium 4 Casing (iCut-Light high)

Price 721,000 Ks

[အထက်ပါ ဈေးနှုန်းများသည် Printer နှင့် Multimedia မပါဝင်သေးသော ကွန်ပျူတာတစ်လုံး၏ ဖေဖော်ဝါရီ ၁၀ ရက်နေ့ ဈေးနှုန်းဖြစ်သည်။ ပစ္စည်းတစ်မျိုးချင်းစီ ထပ်ဖြည့်လဲလှယ်လိုပါက ဈေးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။ အချိန်ကာလအလိုက် အပြောင်းအလဲရှိနိုင်ပါသည်။]

❑ Multimedia

PCI Sound Card (Eagle)	10,800 Ks

www.foreverspace.com.mm

52 X CD-ROM (SONY)	17,500 Ks
16X Sony DVD	26,500 Ks
Sony CD Writer (52 x 32 x 52 x)	28,500 Ks
52 X 32 X 52 X 16 X Combo (Sony)	43,000 Ks
1200 watt/720 Watt Speakers	4,50 Ks
Microlab M 280 Speakers with sub woodfer	23,000 Ks
Microlab M 500 Speakers with sub woodfer	30,000 Ks
Microlab FC 360 Speakers with sub woodfer	49,000 Ks

❑ Memory

512 MB (DDR RAM) PC 400 MHz (Kingston)	50,500 Ks
256 MB (SD RAM) PC 133 MHz	31,000 Ks

❑ Storage Device

80 GB (Hitachi-7200 RPM)	60,500 Ks
80 GB (Seagate 7200 RPM)	69,000 Ks
160 GB (Hitachi-7200 RPM)	94,500 Ks

❑ Monitor

17" SVGA Color Monitor(Philips)(107 S6 Flat)	144,000 Ks
17" SVGA Color Monitor (Philips)107T(Flat)	147,000 Ks
15" SVGA Color Monitor (Philips)	264,000 Ks
15" LCD Color Monitor (Samsung)	254,000 Ks
17" LCD Color Monitor (Samsung)	300,000 Ks
17" SVGA Color Monitor (View Sonic)	148,000 Ks

❑ Printer

HP Laserjet 1020 Printer (USB)	172,000 Ks
HP Laserjet 1320 Printer (USB)	359,000 Ks
HP Deskjet 1280 (USB)	274,000 Ks
HP Laserjet 3015 Printer (USB)	316,000 Ks
Canon Lasrjet LBP 2900 Printer	162,000 Ks
EPSON Dot Matrix Printer-LQ 300+	203,300 Ks
EPSON C67 Printer	90,000 Ks
EPSON C45 Inkjet Printer	60,000 Ks
EPSON SP 230 Photo Printer	138,600 Ks
EPSON SP 250 Photo Printer	196,300 Ks
EPSON Aculaser C-1900 Laser Printer	924,000 Ks
EPSON 6200 L Laser Printer	203,300 Ks
Fuji Xerox Laser 3116 Printer (USB)	150 US$
Fuji Xerox Laser 3121 Printer (USB)	180 US$

❑ Scanner

Flatbed Scanner Prolink 2448 U (USB)	53,000 Ks
Flatbed Scanner Canon CS 300 EX (USB)	93,000Ks
Flatbed Scanner HP 24000 (USB)	89,000 Ks
Flatbed Scanner HP 8200C (USB)	554,000 Ks
Flatbed Scanner Canon Lide 500F (USB)	189,000 Ks

❑ Toner

HP Toner 5L-6L	63,400 Ks
HP 1300 Toner/HP 1010 Toner	66,800 Ks
HP 1100 Toner	58,400 Ks
Fuji Xerox Toner	58,600 Ks

❑ UPS

600VA (Power Tree) Basic	39,000 Ks
1.2KVA (Power Tree)	66,000 Ks
600 VA (Power Tree) Long Time	74,000 Ks

မှတ်ချက် ။ ။ ဖော်ပြပါစျေးနှုန်းများကို Client Focus Technology Group, Concordia International နှင့် KMD Computer Centre တို့မှ ရယူထားပါသည်။ (အယ်ဒီတာ)

LIVING COLOR MAGAZINE - 526302 , 504496 , 4412163
Chief Editor - c-editor@myanmarpartners.com.mm
News Room - myanfo@myanmarpartners.com.mm
Marketing - paz@myanmarpartners.com.mm

www.foreverspace.com.mm

? ဘယ်ပစ္စည်းဘာ့ကြောင့် Which & Why ?

ဘဲဥပုံအဝတ်လျှော်စက် eco egg

ပေါ့ပါးသေးငယ်ပြီး သယ်ဆောင်ရလွယ်ကူသည့် ဘဲဥပုံအဝတ်လျှော်စက်ဖြစ်။ တစ်ကြိမ်အသုံးပြုလျှင် အဝတ်သုံးထည်မျှ လျှော်ဖွပ်နိုင်ဟုဆို။ တရုတ်နိုင်ငံမှ တင်သွင်းပြီး ရောင်းဈေး ကျပ်တစ်သိန်းဖြစ်။

SONY စက်ရုပ် ကက်ဆက်

စက်ရုပ်ပုံသဏ္ဌာန်ဖော်ထားသော ကက်ဆက်ဖြစ်။ Tape တစ်မျိုးတည်းသာ အသုံးပြုနိုင်ပြီး Radio ဖမ်းယူနိုင်ဟုဆို။ AAA ဓာတ်ခဲလေးလုံး အသုံးပြုရပြီး ရောင်းဈေး ၂၅,၀၀၀ ကျပ်ဖြစ်။

FM နားဆင်နိုင်သော မီးအိမ် SOYE

စာကြည့်ရန်အတွက် အသုံးပြုနိုင်သော မီးအိမ်ဖြစ်။ မီးအိမ်ဖြင့်တွဲဖက်၍ FM Radio များကိုပါ ဖမ်းယူနားဆင်နိုင်ပြီး နာရီပါရှိသည်ဟုဆို။ တရုတ်နိုင်ငံမှ တင်သွင်းပြီး ရောင်းဈေး ၁၂၀၀၀ ကျပ်ဖြစ်။ မီးအဖွင့်အပိတ်ကို Remote ဖြင့် အသုံးပြုနိုင်။

www.foreverspace.com.mm

ရေခဲသေတ္တာ Ever Cool

အလွယ်တကူ သယ်ယူနိုင်သည့်အပြင် ကား Adaptor ပေါက်နှင့်တွဲ၍ ကားပေါ်တင်ပြီး အသုံးပြုနိုင်။ မိမိအိမ်ခန်းအတွင်း ထားရှိပြီး လူတစ်ဦးစာအတွက် အသုံးပြုနိုင်ဟုဆို။ စင်ကာပူမှ တင်သွင်းပြီး ရောင်းဈေး ၈၀,၀၀၀ ကျပ်ဖြစ်။ အအေးပုလင်း ၁၀ ပုလင်းအထိ ထည့်ထားနိုင်။

ဖုန်းပါမီးအိမ်

နေအိမ်၊ ဧည့်ခန်း၊ ရုံးခန်း စသည့်နေရာများတွင် အသုံးပြုနိုင်သည့်အပြင် စာကြည့်ရန်အတွက်ပါ အသုံးပြုသော ဖုန်းပါမီးအိမ်ဖြစ်။ မီးအနည်းအများကို ညှိယူနိုင်ပြီး မီးအိမ်တွင် မီးချောင်းတစ်ချောင်း၊ မီးသီးနှစ်လုံးပါရှိ။ တရုတ်နိုင်ငံမှ ထုတ်လုပ်ပြီး ရောင်းဈေး ၁၇,၀၀၀ ကျပ်ဖြစ်။

တစ်ခါဖျော် ကော်ဖီစက် Supreme

ကော်ဖီတစ်ခွက်စာသာ ဖျော်စပ်နိုင်သော ကော်ဖီဖျော်စက်ဖြစ်။ ဖျော်ပြီးသား ကော်ဖီများကို ခလုတ်နှိပ်ရုံဖြင့် ခွက်အတွင်း ထည့်ယူသောက်သုံးနိုင်ဟုဆို။ တရုတ်နိုင်ငံမှ တင်သွင်းပြီး ရောင်းဈေး ၁၅,၀၀၀ ကျပ်ဖြစ်။

Good Sleeping Digital Instrument NY E011

အိပ်မပျော်သူများအတွက် တုန်ခါမှု ငါးဆင့်ပါရှိသော အိပ်ပျော်သည့်စက်ဖြစ်။ Timmer DP–၃၀ မိနစ်အထိ အသုံးပြုထားနိုင်။ AA ဓာတ်ခဲနှစ်လုံးအသုံးပြုရပြီး တရုတ်နိုင်ငံမှ တင်သွင်းဟုဆို။ ရောင်းဈေး ၆၀၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm

ဖုန်စုပ်စက်ပါ မီးပူ Surge Steam YK 2158

အလွယ်တကူ သယ်ယူနိုင်သည့် ခရီးဆောင်မီးပူဖြစ်။ မီးပူတိုက်ရာတွင် အဝတ်အထည်တွင် ကပ်နေသောဖုန်များကို စုပ်ယူပေးသည့် စက်ပါရှိ။ Adaptor နှင့်လည်း အသုံးပြုနိုင်။ စင်ကာပူမှ တင်သွင်းပြီး ရောင်းဈေး ၁၅၀၀၀ ကျပ်ဖြစ်။

ညအိပ် ဖန်စိမ်းအိမ်

ညအိပ်မီးအဖြစ် အသုံးပြုနိုင်သော မှိန်ပျပျမီးအလင်းရောင်ရှိ မီးအိမ်ဖြစ်။ ပုလင်းပုံသဏ္ဌာန်ပုံဖော် ထားပြီး။ မီးအရောင်မျိုးစုံရှိဟုဆို။ ပုလင်းအရွယ်အစားမှာ အကြီး၊ အသေးနှစ်မျိုးပါရှိ။ ရောင်းဈေး အကြီး ၉၀၀၀ ကျပ်နှင့် အသေး ၆၅၀၀ ကျပ်ဖြစ်။

GIGABYTE GV-RX30S128D Graphic Card

GIGABYTE မှထုတ်လုပ်ပြီး ATI RADEON x 300SE Chipset ကို အသုံးပြုထားသော GV-RX30S 128D Model PCI Express Graphic Card ဖြစ်။ Digital Photo, Video Application များနှင့် အင်တာနက်ကြည့်ရှုခြင်း၊ Game ကစားခြင်းတို့အတွက် အထူးကောင်းမွန်။ Radeon x 300 သည် 64 Bit Bus ဖြစ်ပြီး PCI Express ကို အပြည့်အဝ Support ပြုလုပ်သဖြင့် AGP8 x များထက် မြန်နှုန်းနှစ်ဆရှိ။ Memory မှာ 128MB DDR ရှိပြီး TV Out Port နှင့် DVI Port တစ်ခုစီပါရှိ။ ရောင်းဈေး ၆၈,၀၀၀ ကျပ်ဟု သိရ။

GA-8I848 P775-G Motherboard



GIGABYTE မှထုတ်လုပ်သော Intel 90nm Socket 775 CPU များကို တပ်ဆင်အသုံးပြုနိုင်ပြီး Intel High Performance 848 Chipset ကို အသုံးပြုထားသည့်အတွက် FSB 800 MHz Prescott Processor များကို တပ်ဆင်အသုံးပြုနိုင်သည့် Motherboard အမျိုးအစားသစ်ဖြစ်။ AGP 8 x Support ပြုလုပ်သည့်အတွက် Bandwidth Speed 2.12 GB/s နှင့် Bus 533 MHz ရရှိသောကြောင့် Graphic Software များ အသုံးပြုရာတွင် မြန်နှုန်းမြင့်မားစေ။ Built-in Sound မှာ 8.1 Channel ပါဝင်သည့်အပြင် Gigabit Network Interface မှာ Data Transfer Rate 1000 MB/s နှင့် အထက်ရှိ။ တန်ဖိုး ၇၈,၀၀၀ ကျပ်ဟုဆို။

www.foreverspace.com.mm

HP 3030 Laserjet Printer

HP မှထုတ်လုပ်ပြီး ရုံးလုပ်ငန်းများစွာကို တစ်နေရာတည်းပြီးမြောက်စေနိုင်မည့် HP Laserjet 3030 All in One Printer ဖြစ်။ Printer ထုတ်ယူရာတွင် 1200 dpi Resolution ဖြင့် တစ်မိနစ်လျှင် ၁၅ ရွက် ထုတ်ယူနိုင်။ Fax ပို့မည်ဆိုပါက စာရွက် တစ်ရွက်လျှင် သုံးစက္ကန့်သာ ကြာပြီး Built in Memory ပါရှိသည့်အတွက် စာရွက် ၁၁၀ ကို သိမ်းထားပေးနိုင်။ Scan ဖတ်ရာတွင် 600 x 600 dpi ဖြင့် 24 bit Color Image အထိ ဖတ်ယူနိုင်။ Copier၏ စွမ်းဆောင်ချက်မှာ တစ်မိနစ်လျှင် စာရွက်ရေ ၁၅ ရွက်အထိ Resolution 600 dpi ဖြင့် ကူးယူနိုင်။ ရောင်းဈေး ၃၉၁,၀၀၀ ကျပ်ဟု သိရ။

Canon PIXMA MP 150 Printer

Canon မှတင်သွင်းလာသော All in One Printer ဖြစ်။ Printing Resolution 4800 x 1200 dpi ထုတ်ယူနိုင်။ Print ထုတ်ယူမှုနှုန်း တစ်မိနစ်လျှင် Colour ၁၇ ရွက်နှင့် Black & White ၂၂ ရွက်အထိ ထုတ်ပေးနိုင်။ Scan ဖမ်းပါက Resolution 1200 x 2400 dpi (9600 dpi enhanced) အထိ ဖမ်းယူနိုင်။ Copy ကူးယူရာတွင် Black & White ကို တစ်မိနစ်လျှင် 22 cpm ရရှိပြီး Colour ကို တစ်မိနစ်လျှင် 17 cpm ရရှိနိုင်။ Digital Camera, Video Camcorder တို့မှ ဓာတ်ပုံများကို တိုက်ရိုက် Print ထုတ်ပေးနိုင်။ ရောင်းဈေး ၁၆၁,၀၀၀ ကျပ်ဟုဆို။

OHAUS Champ II 100 R11 ဒစ်ဂျစ်တယ်ချိန်ခွင်

ISO 9001 လက်မှတ်ရရှိထားပြီး အမေရိကန်နိုင်ငံမှ ထုတ်လုပ်တင်သွင်းလာသည့် ဒစ်ဂျစ်တယ်ချိန်ခွင်များဖြစ်။ ဆန်၊ ဂျုံ၊ ပဲနှင့် အခြားသီးနှံထွက်ကုန်များ ချိန်တွယ်ရာတွင် အသုံးဝင်သဖြင့် ပွဲရုံများနှင့် ဆိုင်များအတွက် သင့်တော်။ ရိုးရိုးကတ္တားများထက် အဆပေါင်းများစွာ ပိုမိုပေါ့ပါးပြီး ပစ္စည်းတစ်ခုချင်း အလွယ်တကူဖြုတ်၍ သယ်ဆောင်တပ်ဆင်နိုင်။ Stainless Steel ဖြင့် ပြုလုပ်ထားခြင်းကြောင့် သံချေးတက်ခြင်းမှ ကာကွယ်နိုင်။ ဒစ်ဂျစ်တယ် စနစ်အသုံးပြုထား၍ ချိန်တွယ်ရရှိသော အလေးချိန်အား အလွယ်တကူဖတ်ရှုနိုင်ပြီး ပိသာ၊ ကီလိုဂရမ်၊ ဂရမ်၊ ပေါင်၊ အောင်စ စသည့် မိမိအလိုရှိသည့် အလေးချိန်ယူနစ်အား အလွယ်တကူ ပြောင်းလဲသုံးစွဲနိုင်။ ရောင်းဈေး 500 US$ ကျပ်ဟု သိရ။

ယခုလ Which & Why ကဏ္ဍတွင် ပါဝင်သောပစ္စည်းများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို Ever Fine Store၊ ယုဇနပလာဇာရှိ Digital Gift Shop နှင့် UML Fancy Mart၊ KMD Computer Center၊ Concordia International တို့မှ ရယူထားပါသည်။

အယ်ဒီတာ

www.foreverspace.com.mm

1 တစ်ဦးတည်းကိုယ်စားလှယ်

SOLE DISTRIBUTORS

စဉ်	ပစ္စည်းအမည်နှင့် ထုတ်လုပ်သည့် နိုင်ငံ	ကိုယ်စားလှယ်ရယူ ဖြန့်ဖြူးသည့် မြန်မာကုမ္ဏီနှင့် လိပ်စာ	ဆက်သွယ်ရမည့် ပုဂ္ဂိုလ်	အထက်မြန်မာပြည် ကိုယ်စားလှယ်
၁။	Jin Yang ရေနွေးအိတ် (ကိုရီးယား)	M.M.T.A CO., LTD. အမှတ် – ၈၇၊ ပြည်လမ်း၊ ၈ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၆၀၁၄၁၊ ၀၉–၅၁၁၀၆၆၈	ဦးလှဝေ (Director)	M.M.T.A CO., LTD. သီရိမင်္ဂလာခန်းမ (၂)၊ အပေါ်ထပ်၊ ၂၆ လမ်း၊ ၈၄ × ၈၅လမ်းကြား၊ မန္တလေး။ ဖုန်း–၀၂–၆၀၇၆၅
၂။	GALAXY GHK-20TG မီးခိုးမဲ့အသားကင်စက် (ထိုင်း)	TURESINAR INTERNA-TIONAL TRADING CO., LTD. အမှတ်–၅၀၊ လမ်း ၃၀၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၃၇၉၃၊ ၂၅၀၂၉၃၊ ဖက်စ်–၂၄၉၇၄၅ E-mail:tit-rct@myanmar.com.mm	ဦးမျိုးသန့်ထွန်း (Director)	မရှိ
၃။	Super Shower 999 Heater (မလေးရှား)	BIG M-ENTERPRISES LTD. အမှတ်–၇၂၊ ၂၇ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၈၂၆၈၊ ၃၈၄၉၅၂	ဦးမြင့်နိုင် (Marketing Manager)	BIG M-ENTERPRISES LTD. အမှတ်–၈၁၊ ၂၅လမ်း၊ ၈၄× ၈၅ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေး။ ဖုန်း–၀၂–၃၄၈၉၈
၄။	APPETON® Fat Loss (မလေးရှား)	FAIR DEAL CO., LTD. Pharmaceutical Division အမှတ်–၁၅၀၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅ဖ၅၄၄၊ ၅၄၅၁ဖ၇၊ ၇၀၀၉၅၅၉	ဒေါက်တာ ချောစုအောင် (Marketing Manager)	FAIR DEAL CO., LTD. အမှတ်–ဆ–၄၁/၄၂၊ ၉ လမ်း၊ ကျွဲဆည်ကန်၊ ချမ်းမြသာယာရပ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေး။ ဖုန်း–၀၂–၇၀၃၉၄၊ ၇၀၃၉၅
၅။	TOSHIBA Tablet PC (ဂျပန်)	LUCKY BIRD CO., LTD. အမှတ်–၃၅၅၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄ခ၁ဖ၇၊ ၃၇၉ခ၇၅၊ ၀၉–၉၉၂၇၇၂၉၊ ဖက်စ်–၂၄ခ၁ဖ၇ E-mail : lb.hak@mptmail.net.mm	ဦးထင်အောင်ခိုင် (Managing Director)	LUCKY BIRD CO., LTD အခန်းအမှတ်–၃၈၊ တတိယထပ်၊ ရတနာပုံဈေး၊ Yadanarpon Cyber Corporation ၊ မန္တလေး။ ဖုန်း–၀၂–၈၉၄၁၀၊ ၈၉၅၅၃၃၊ ဖက်စ်–၀၂–၈၉၅၅၄ E-mail : luckybird@myanmar.com.mm

ဤတစ်ဦးတည်းကိုယ်စားလှယ်ကဏ္ဍကို ဈေးကွက်အတွင်းရှိ စားသုံးသူများနှင့် ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများအကြား အခမဲ့(အခမဲ့) ဝန်ဆောင်မှုပေးခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ် ရရှိထားသူများအနေနှင့် သတင်းအချက်အလက်များ ပေးပို့ပါက အခမဲ့ ထည့်သွင်းဖော်ပြပေးမည် ဖြစ်ပါသည်။

www.foreverspace.com.mm

Asia Pacific Inspection Agency (APIA)

မြန်မာနိုင်ငံတွင် သင်္ဘောမတင်မီ ကုန်ပစ္စည်းစစ်ဆေးမှုနှင့် ဆိပ်ကမ်းရောက်ကုန်ပစ္စည်းစစ်ဆေးပေးမှုများ ဆောင်ရွက်ပေးသည့် Inspection လုပ်ငန်းနှင့် ISO (International Standard Organization) အသိအမှတ်ပြုလက်မှတ်ရရှိရန် ကြိုးပမ်းရာတွင် လေ့ကျင့်သင်တန်းပေးသည့် နိုင်ငံသားပိုင်လုပ်ငန်း ဖြစ်သည်။

ASIA PACIFIC INSPECTION AGENCY
(Representative of BSI Inspectorate Ltd.)

- ♦ ၁၉၉၈ ခုနှစ် သြဂုတ်လတွင် လုပ်ငန်းစတင် တည်ထောင်ခဲ့သည်။
- ♦ အကြီးအကဲမှာ ဦးအောင်မိုးဖြစ်ပြီး ၎င်းအပါအဝင် ဒါရိုက်တာအဖွဲ့ဝင် လေးဦး၊ အမြဲတမ်းဝန်ထမ်း ရှစ်ဦးနှင့် Daily Wages ၆၅ ဦးဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။
- ♦ သင်္ဘောမတင်မီ ကုန်ပစ္စည်းစစ်ဆေးမှု (Preshipment) ဆောင်ရွက်ရာတွင် သစ်လုံးကြီးများနှင့် သစ်ခွဲသားအမျိုးမျိုး၊ ဥရောပသို့ပို့သော အထည်ချုပ်စက်ရုံများမှ ထုတ်လုပ်သော အဝတ်အထည်များ၊ ငါးပုစွန်များကို စစ်ဆေးပေးပြီး ဆိပ်ကမ်းရောက် ကုန်ပစ္စည်းစစ်ဆေးမှု (Destination Inspection) ဆောင်ရွက်ရာတွင် စက်ပစ္စည်းအမျိုးမျိုးနှင့် ဘိလပ်မြေများကို စစ်ဆေးပေးလျက် ရှိသည်။
- ♦ ISO အသိအမှတ်ပြုလက်မှတ်ရရှိရေးအတွက် သင်တန်းပေးမှုကို ဂျာမနီအခြေစိုက်ကုမ္ပဏီဖြစ်သော TUV နှင့် ၂၀၀၃ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် စတင်ဆက်သွယ်ဆောင်ရွက်ခဲ့ပြီးနောက် အကြောင်းအမျိုးမျိုးကြောင့် ပူးပေါင်းဆောင်ရွက်မှု ရပ်နားခဲ့သည်။

- ♦ ISO အတွက် လေ့ကျင့်သင်တန်းပေးရာတွင် URS (United Registar of System Limited)၊ CI (Certified International) UK Ltd. တို့နှင့် ဆက်သွယ်လုပ်ဆောင်ခြင်းဖြစ်ပြီး ကမ္ဘာပေါ်တွင် တစ်ခုတည်းသော ISO လက်မှတ်အသိအမှတ်ပြုရာ အဖွဲ့ဖြစ်သော UKAS ၏ ထောက်ခံမှုဖြင့် ယင်းအဖွဲ့အစည်းများမှ လက်မှတ်ထုတ်ပေးခြင်းဖြစ်သည်။
- ♦ APIA သည် ဆန်နှင့် ပဲမျိုးစုံ၊ ပန်း

www.foreverspace.com.mm

ဂျူ စသည်တို့ကို ပိုးသတ်မှိုင်းတိုက်ပေး ပြီး Fumigation Certificate နှင့် Health Certificate ထုတ်ပေးသောလုပ်ငန်း ကိုလည်း ဆောင်ရွက်လျက်ရှိသည်။

- Loi Hein Company၊ ရသာချိုကုမ္ပဏီ တို့အား URS မှပေးသော ISO 9001 : 2000 HACCP နှင့် IBTC၊ Soe Electric Machinery (SEM) တို့အား ISO 9001 ရရှိစေရန် လေ့ကျင့်ဆောင်ရွက်ပေး ခဲ့ပြီးဖြစ်သည်။ ယခုလက်ရှိ United Pacific Co., Ltd. နှင့် ရွှေသဇင်ကုမ္ပဏီ တို့အား လေ့ကျင့်ပေးလျက်ရှိသည်။

- **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် ကုမ္ပဏီလိပ်စာ**

ဦးအောင်မိုး (Managing Director)
Asia Pacific Inspection Agency (APIA)
အမှတ်–၃၁၇(ပထမထပ်)၊
Sea Green Tower၊
မဟာဗန္ဓုလလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၃၈၀၈၁၂၊ ၂၄၅၈၃ဖ၊
ဖက်စ်–၃၈၀၈၁၂
E-mail-apia@mptmail.net.mm
www.apiamyanmar.com

www.foreverspace.com.mm

ဤကဏ္ဍတွင်.....
၁၃၀ လက်တွေ့ကျကျ
၁၃၂ သြော်...ကြော်ငြာ...ကြော်ငြာ
၁၃၅ စီးပွားရေးလုပ်ငန်းသုံး ၃၆ ပါးစစ်ဗျူဟာကျမ်း (၃၁)
၁၃၈ ကျွန်တော်ပန်းချီကုန်သည် (၄၀)

လက်တွေ့ကျကျ

ထူးသစ်အောင်မြင်

လူ့တို့၏စိတ်သည် ဆန်းကြယ်လွန်းလှပါသည်။ လူ့စိတ်တွင် အခြေအနေနှင့် အညီ အလိုအလျောက် လိုက်ပါထိန်းညှိပေးသော သဘာဝများရှိနေပြီး သဘာဝအလျောက် တုံ့ပြန်မှုဟုလည်း ဆိုနိုင်ပေသည်။ လူအချို့တွင် မည်သို့မျှ ကြုံကြုံခံရန် ဖြစ်နိုင်ခြေမရှိသော လောကခံများကို ကြုံကြိုက်ခဲ့ကြရပြီး ထိုအခြေ အနေများကို အောင်မြင်စွာ ဖြတ်ကျော်နိုင်ခဲ့ကြသည်ကိုလည်း တွေ့ရသည်။ ထိုအခြေ အနေများကို မည်သို့ဖြတ်ကျော်ခဲ့လေသနည်းဟု စဉ်းစားကြည့်ရသည်မှာပင် ပင်ပန်း လွန်းလှပေရာ ကာယကံရှင်တွင် မည်သို့ရှိမည်ကို မှန်းကြည့်နိုင်ပါသည်။ ထိုသို့သော အခြေအနေကို ဖြတ်ကျော်ခဲ့သူများကို နားလည်နိုင်ရန်အတွက် မြင်သာသော ဥပမာတစ်ခုကို ဖော်ပြလိုပါသည်။

ထိခိုက်ဒဏ်ရာတစ်ခုကြောင့် အပြင်း အထန်နာကျင်မှုတွင် အတိုင်းအတာရှိပြီး ထိုအတိုင်းအတာကို ကျော်လွန်သွားသည်နှင့် ခန္ဓာကိုယ်၏ အလိုအလျောက်စနစ်က ဒဏ်ရာကို ရင်ဆိုင်နိုင်ရန် လူကို မေ့မြော်ပေးသည့် သဘောတရားကို ဥပမာအဖြစ် ဖော်ပြလိုခြင်း ဖြစ်ပါသည်။ စိတ်ပိုင်းဆိုင်ရာ ခံစားမှုများနှင့် ပတ်သက်၍လည်း အလားတူပင် ဖြစ်ပါသည်။ ပြင်းထန်သော လောကခံများကို ကြုံတွေ့ရသောလူများ၏ စိတ်ကို သဘာဝတရားကပင် ထိုအခြေအနေများမှ အာရုံလွှဲဖယ်ပေးသော သဘောတရားတစ်ခုရှိရာ ထိုသဘောတရားကပင် လူတို့၏ရှင်သန်မှုကို အထောက်အကူပေးနေခြင်း ဖြစ်သည်။ ပြင်းထန်သောလောကခံများ၊ ကာယကံရှင်အနေဖြင့် လက်မခံနိုင်သော အခြေအနေများကို ကြုံကြိုက်ရသော အခါတိုင်း လူတို့၏စိတ်သည် ထိုအခြေ အနေများမှဖယ်ခွာ၍ (Switch off) အခြားတစ်နေရာရာသို့ ပြောင်းလဲအာရုံပြုလိုက်လေ့ရှိပါသည်။ များသောအားဖြင့် ထိုနေရာမှာ စိတ်ကူးယဉ်ကမ္ဘာဖြစ်သည်ကို တွေ့ရသည်။ ရူးသွားသည်ဆိုသူများမှာ လက်တွေ့ အမှန်တရားသည် မည်သို့မျှ လက်ခံနိုင်ဖွယ်၊ ကြုံကြုံခံနိုင်ဖွယ်မရှိသဖြင့် တစ်သက်တာ Switch off လုပ်၍ အဆိုပါစိတ်ကူးယဉ်ကမ္ဘာတွင် တစ်သက်လုံးနေထိုင်ရန် မသိစိတ်က ဆုံးဖြတ်လိုက်သူများ ဖြစ်ပေသည်။

မည်သို့ပင်ဖြစ်စေ လူသားတို့သည် တစ်ကြိမ်တစ်ခါဖြစ်စေ၊ မကြာခဏဖြစ်စေ စိတ်ကူးယဉ်ကမ္ဘာသို့ အလည်ရောက်ဖူးသူများချည်း ဖြစ်ပါသည်။ ဤသည်မှာ သဘာဝတရားပင်ဖြစ်ရာ အထူးအဆန်းလည်း မဟုတ်ပေ။ အရေးကြီးသည်မှာ စိတ်ကူးယဉ်ကမ္ဘာတွင် အမြဲမနေမိဖို့ပင် ဖြစ်ပါသည်။ အထက်တွင်ဖော်ပြခဲ့သကဲ့သို့ စိတ်ကူးယဉ်ကမ္ဘာတွင် အမြဲနေထိုင်သူများကို စိတ်ပညာသဘောအရ ရူးသည်ဟု ခေါ်ဆိုသောကြောင့် ဖြစ်ပါသည်။

လူတို့၏ဘဝတွင် ကြုံတွေ့ရသော

www.foreverspace.com.mm

စိတ်ကူးယဉ်ကမ္ဘာကို မည်မျှမွမ်းမံထားသနည်းဆိုသော အတိုင်းအဆကို လိုက်၍ ၎င်းတို့၏ အောင်မြင်မှု၊ ဆုံးရှုံးမှုများကလည်း ဖြစ်ပေါ်လေ့ရှိသည်ကို တွေ့ရသည်။ စိတ်ကူးယဉ်ကမ္ဘာကို အနည်းဆုံး မွမ်းမံထားသူများသည် လက်တွေ့ကျနမှုနှင့် နီးစပ်ပြီး စိတ်ကူးယဉ်ကမ္ဘာကို အလွန်အကျွံမွမ်းမံထားသူများသည် လက်တွေ့အလုပ်လုပ်ရန် အောင်မြင်မှုရရှိရန် ခက်ခဲသူများ ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

အခြေအနေအရပ်ရပ်သည် အမြဲတစေ နှစ်လိုဖွယ်ရာချည်းဖြစ်နေသည် မဟုတ်ပါ။ အရည်အချင်းကင်းမဲ့သော၊ စေတနာကင်းမဲ့သော၊ သဘောထားမမှန်သောသူများသည် စိတ်ထားအတိုင်း အကျိုးပေးလေ့ရှိရာ စိတ်ဖြောင့်ဖြောင့် စိတ်ချမ်းချမ်းသာသာဆိုသော အနေအထားမျိုး ရခဲလှသည်ကို တွေ့ရသည်။ ထိုအခါ ၎င်းတို့အတွက် လက်တွေ့ဘဝတွင် နေထိုင်ရန်ခက်ခဲသည့်အလျောက် စိတ်ကူးယဉ်ကမ္ဘာသို့ ပြောင်းရွှေ့နေထိုင်ရလေ့ ရှိပါသည်။ တစ်ခါတစ်ရံ လက်တွေ့ဘဝထံ စိတ်လည်ရောက်ရှိမသွားရေးအတွက် မူးယစ်ဆေးဝါး၊ အိပ်ဆေး၊ အရက်သေစာ စသည်များကို သုံးစွဲကြရလေ့ ရှိပါသည်။

အထက်တွင် စိတ်ကူးယဉ်ကမ္ဘာ၌ အမြဲနေထိုင်သူများကို ရှားသည်ဟု ဖော်ပြခဲ့ပါသည်။ အမှန်အားဖြင့် စိတ်ကူးယဉ်ကမ္ဘာတွင်နေထိုင်သူအားလုံးကို ဆေးပညာသဘောအရ ရှားသည်ဟု သတ်မှတ်၍မရသေးပါ။ သူနေထိုင်ရာ စိတ်ကူးယဉ်ကမ္ဘာသည် လက်တွေ့ကမ္ဘာနှင့် လုံးဝအလှမ်းကွာသွားမှသာလျှင် ရှားသည်ဟု သတ်မှတ်၍ရပါလိမ့်မည်။ များသောအားဖြင့် မအောင်မြင်သော Management များ၊ သဘောထားမမှန်၍ဖြစ်စေ၊ မရိုးဖြောင့်၍ဖြစ်စေ၊ ပညာမရှိ၍ဖြစ်စေ မအောင်မြင်သူများသည် မိမိ၏ မအောင်မြင်မှုများကို ရင်မဆိုင်လိုသောကြောင့် စိတ်ကူးယဉ်ကမ္ဘာကို လိုသလိုမွမ်းမံ၍ ထိုနေရာတွင် နေထိုင်လိုက်ကြသည်ကို တွေ့ရသည်။ သူတို့၏ စိတ်ကူးယဉ်ကမ္ဘာသည် လက်တွေ့နှင့် လုံးလုံးအလှမ်းကွာသည်မဟုတ်ရာ ရှားသည်ဟု သတ်မှတ်၍လည်း မရပေ။ ၎င်းတို့၏ စိတ်ကူးယဉ်ကမ္ဘာတွင် သူတို့မအောင်မြင်ဖြစ်ခဲ့သော အစိတ်အပိုင်းတစ်ခုကို လိုသလိုမွမ်းမံ၍ နေထိုင်ခြင်းဖြစ်ရာ ဆေးပညာသဘောအရ ရှားသည်ဟု မသတ်မှတ်နိုင်သော်လည်း ယဉ်ယဉ်ကလေးနှင့် ရှားနေသည်ဟုခေါ်ဆိုလျှင်လည်း ရနိုင်ပေသည်။ မည်သို့ပင်ဖြစ်စေ ထိုကဲ့သို့သော လူပုဂ္ဂိုလ်များနှင့် ထိတွေ့ဆက်ဆံရသည်မှာ အလွန်အဆင်မပြေလှသည်ကို တွေ့ရသည်။ အားလုံးသိရှိထားသော အခြေအနေတစ်ရပ်နှင့် ပတ်သက်၍ ၎င်းတို့၏အမြင်သည်လည်း အများနည်းတူ ပင်ဖြစ်မည်ဟု ယူဆပြောကြားရာတွင် ၎င်းတို့က လက်တွေ့နှင့်မတူညီသော စိတ်ကူးယဉ်ကမ္ဘာထဲကအခြေအနေကို ကိုးကား၍ ပြောကြားလာသောအခါ လက်တွေ့အလုပ်လုပ်ရန် ခက်ခဲသွားသည်ကို တွေ့ရသည်။

စာဖတ်သူများ ရှင်းရှင်းလင်းလင်း ရှိစေရန်အလို့ငှာ ရှင်းရှင်းလင်းလင်း ခွဲခြားရေးသားလိုက်ရသော်လည်း လက်တွေ့ကြုံရမည့် လူသားများ၏ စိတ်ထားအဖုံဖုံမှာ များစွာဆန်းကြယ်သည်ကို တွေ့ရမည်ဖြစ်သည်။ စိတ်ကူးယဉ်ကမ္ဘာကို မည်မျှမွမ်းမံထားသနည်းဆိုသောအတိုင်းအဆကိုလိုက်၍ ၎င်းတို့၏ အောင်မြင်မှု၊ ဆုံးရှုံးမှုများကလည်း ဖြစ်ပေါ်လေ့ရှိသည်ကို တွေ့ရသည်။ စိတ်ကူးယဉ်ကမ္ဘာကို အနည်းဆုံး မွမ်းမံထားသူများသည် လက်တွေ့ကျနမှုနှင့် နီးစပ်ပြီး စိတ်ကူးယဉ်ကမ္ဘာကို အလွန်အကျွံမွမ်းမံထားသူများသည် လက်တွေ့အလုပ်လုပ်ရန်၊ အောင်မြင်မှုရရှိရန် ခက်ခဲသူများဖြစ်သည်ဟု ဆိုနိုင်ပါသည်။ လူသားများသည် ထိုအစွန်းနှစ်ဖက်အကြား ဘယ်နေရာတွင် ရှိနေသနည်းဆိုသောအချက်ပေါ်မူတည်၍ အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းများ ဖြစ်ရခြင်း ဖြစ်ပါသည်။

စိတ်ကူးကမ္ဘာကို မွမ်းမံထားသော မန်နေဂျာ၊ Management နှင့် လက်တွေ့ အကောင်အထည်ဖော်ရသောလုပ်သားများအကြား အဆက်အစပ်ကွာဟမှုကို နယ်ပယ်တိုင်းလိုလိုတွင် တွေ့ရမည်ဖြစ်ပါသည်။ မန်နေဂျာ/ Managementရုံးပေါ်မှ စိတ်ကူးဖြင့်မြင်ထားသော အမြင်နှင့် လုပ်ငန်းခွင်ရှိလုပ်သားများ၏ လက်တွေ့ကိုယ်တွေ့ ကွာဟမှုဆိုသည်မှာ အထက်တွင်ဖော်ပြခဲ့သော သဘောတရားပင် ဖြစ်ပါသည်။ မန်နေဂျာသည် လက်တွေ့ကျ၍ ၎င်း၏ စိတ်ကူးကမ္ဘာမှ ထွက်လာကာ လုပ်သားများ ကြုံတွေ့နေရသော အခြေအနေမှန်ကို လက်ခံလျှင် ပြဿနာများ ပြေလည်သွားတတ်သော်လည်း စိတ်ကူးယဉ်ကမ္ဘာထဲက ထွက်ခွာလာပြီး လက်တွေ့ကမ္ဘာတွင် နေထိုင်ရေးသည်လည်း လွယ်မယောင်နှင့် ခက်ခဲပါသည်။ အမှန်တရားကို လက်ခံရခြင်းမှာ ကနဦးတွင် ခါးသီးတတ်သော ကြောင့်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ စာဖတ်သူများ အား မီးမောင်းထိုးဖော်ပြလိုသောအချက်မှာ စိတ်ကူးယဉ်ကမ္ဘာတွင် အမြဲမနေထိုင်မိစေရေး၊ မိမိ၏စိတ်ကူးယဉ်ကမ္ဘာကို အရှိတရား၊ အမှန်တရားများနှင့် ကင်းလွတ်အောင် အလွန်အကျွံမွမ်းမံသမှ မပြုမိစေရေးနှင့် ဖြစ်နိုင်လျှင် လက်တွေ့ကျကျ လက်တွေ့ကမ္ဘာတွင် နေထိုင်ရန် ကြိုးစားရေး စသည့်အချက်များဖြစ်ပြီး အောင်မြင်မှု အရပ်ရပ်သည် အဆိုပါသဘောထားမှန်ကန်မှုအပေါ် များစွာမူတည်နေပါကြောင်း ဖော်ပြလိုရင်း ဖြစ်ပေသည်။

ထူးသစ်အောင်မြင်

■

www.foreverspace.com.mm

သော်ဝ ဝ ကြော်ငြာ ဝ ဝ ကြော်ငြာ

စောဒက

ကြော်ငြာသည်လည်း အင်ဖော်မေးရှင်းဟုခံယူကာ ကြော်ငြာမှန်သမျှ ကျွန်တော်မလွတ်တမ်းအားပေးကြည့်ရှုလေ့ ရှိသည်။ ဖျော်ဖြေရေးအသွင်ဆောင်နေသော ကျွန်တော်တို့ပတ်ဝန်းကျင်ရှိ ကြော်ငြာများကို ကျွန်တော်သာမက ပုပ္ပရွရွ၊ ငယ်ငယ်ကြီးကြီး၊ ပျိုပျိုအိုအို၊ ကျားမ,မရွေး မြန်မာပြည်သူတစ်ရပ်လုံးနီးနီး မမောနိုင်မပန်းနိုင် အားပေးကြသည်။ တစ်ဖက်တွင်လည်း ဤသို့လှည်းနေလှေအောင်း မြင်းဇောင်းပါမကျန် အားပေးကြည့်ရှုနေကြသည့် ရွှေကြော်ငြာများကို ဖန်တီးသူများ၊ ကြော်ငြာကိုယ်စားပြုပစ္စည်း သို့မဟုတ် ထုတ်ကုန်ပစ္စည်းနှင့် ကြော်ငြာတွင်ပါဝင်အသုံးတော်ခံသူ အနုပညာရှင်များကို ပရိသတ်ကြီးက အလွတ်ရနေကြသည့်အပြင် သူတို့တစ်တွေကြော်ငြာသော ပစ္စည်းတိုင်း ဟုတ်နိုးနိုး ဝယ်ယူ အားပေးကြတော့သည်။

ဆုနာမီကဲ့သို့ အရှိန်အဟုန်ပြင်းလှသည့် ကမ္ဘာနှင့်အဝန်း ပါဝါစွမ်းအင်ချွေတာရေးလှိုင်းလုံးကြီးသည်ကား မြန်မာပြည်သို့လည်း ရိုက်ခတ်နေပေသည်။ ဤသည်ပင်လျှင် ဂလိုဘယ်လိုက်ဇေးရှင်း၏ ဝိရောဓိလက္ခဏာတစ်ရပ်ပေလောမသိ။ ဂလိုဘယ်လိုက်ဇေးရှင်း အရှိန်အဟုန်ကို ရိုဂျင်နယ်လိုက်ဇေးရှင်းနှင့် လိုကယ်လိုက်ဇေးရှင်းတံတိုင်းများနှင့် ကာ၍မရတော့။ သို့ပါ၍ ကျွန်တော်အပါအဝင် မြန်မာပြည်သူ ပြည်သားများသည်လည်း ထိုလှိုင်းကြီးကို မည်သို့အန်တုဖက်ပြိုင်ရပါအုံနည်း။ သို့နှင့်ပင် မရိုးနိုင်သော နည်းလမ်းဟောင်းကြီးဖြစ်သည့် ချွေတာရေးနည်းလမ်းကိုသာ ရွေးချယ်ရပေတော့သည်။ ပါဝါစွမ်းအင်ချွေတာနေရ၍ ညည တီဗီအချိန်ပြည့်မကြည့်နိုင်။ အချိန်ပြည့်မကြည့်နိုင်၍ ဇာတ်လမ်းတွဲများအကြားသော်လည်းကောင်း၊ ကျန်သည့် အစီအစဉ်များအကြားသော်လည်းကောင်း၊ ရုပ်သံအစီအစဉ်အားလုံးတွင် အချိန်အများဆုံး စိုးမိုးထားသည့် ကြော်ငြာဖျော်ဖြေရေးကို သိပ်မကြည့်နိုင်တော့ခြင်းပင်။ တီဗီကြော်ငြာ သိပ်မကြည့်နိုင်သဖြင့် ၎င်းတို့ကပေးသော အင်ဖော်မေးရှင်းများလည်း

www.foreverspace.com.mm

သိပ်မရတော့။ သိပ်မရတော့သည်မှာလည်း မရချင်တော့၍ ဖြစ်သည်ဟု ဆိုရမလား မသိ။ ကြော်ငြာမှန်သမျှ အင်ဖော်မေးရှင်းရရန် အလို့ငှာ နေမထိထိုင်မသာ ကြည့်ချင်လွန်းသူက ဘယ့်နှယ့်ကြောင့် မရချင်ရပါသနည်းဟု မေးစရာ ရှိပေမည်။ ဤသို့ဖြစ်ရခြင်းမှာ အကြောင်းရှိသည်၊ ရှင်းပြချင်သည်မှာလည်း အာယားနေသည်။ အကြောင်းက သည်လို...။

ပြောရလျှင် မြန်မာမီဒီယာများ အားလုံးမှ ဖန်တီးထုတ်လုပ်သမျှ ကြော်ငြာ အားလုံးကို ကျွန်တော်စိတ်ဝင်စားသည်။ ကြော်ငြာအသစ်တွေ့တိုင်း ကျွန်တော်၏ အားပေးမှုကို ကျွန်တော့်အိမ်က အတော်ကြီးသည်းခံရသည်။ အကြောင်းမှာ အိမ်တွင် တီဗီကြော်ငြာသမျှ အချဉ်ထုပ်ကအစ အတွင်းခံအဆုံး ကျွန်တော်ဝယ်လိုသည့်ပစ္စည်း အကုန်ဝယ်စမ်းသည်။ သည်လိုဝယ်ရခြင်းမှာလည်း ကျွန်တော့်တွင် အကြောင်းပြချက်ရှိသည်။ ယင်းမှာ ခေတ်ကြီးက အပြောင်းအလဲမြန်လွန်းလှသည့်အတွက် အရာရာသူများနှင့် တန်းတူရှိမှ သို့မဟုတ် ရှေ့ကရောက်နေမှ တော်ကာကျမည်ဖြစ်သောကြောင့်ပင်။ ထို့ကြောင့် လွင့်သမျှ တီဗီအစီအစဉ်၊ ထုတ်သမျှ ဂျာနယ်၊ မဂ္ဂဇင်း၊ ထောင်သမျှဆိုင်းဘုတ်၊ ဝေသမျှလက်ကမ်းကြော်ငြာ၊ ဝင်သမျှ အီးမေးလ်၊ အော်သမျှစျေးသည်အသံ၊ လုပ်သမျှ ပရိုမိုးရှင်းပွဲ၊ ရောင်းသမျှ အထူးလျှော့စျေးအစီအစဉ်တို့ကို ရှေ့ဆုံးမှ တန်းစီထားရသည်။ နို့မို့ သူများထက် နောက်ကျသွားမည်မဟုတ်လော။ ယခုနောက်ပိုင်း ကျွန်တော်ကြိုက်သောကြော်ငြာများလည်း ကမ္ဘာကြီး၏ ပါရာဒိုင်းအပြောင်းအလဲကို ရိပ်စားမိလေသလား မသိ။အဖန်တစ်ရာတေနေသော သက်ကြားအိုကြော်ငြာသရုပ်ဆောင်များနေရာတွင် ပျိုမျစ်လန်းဆန်းသောသရုပ်ဆောင်ကလေးများကို တွေ့လာရသည်။ ကောင်းလေစွ။

ကြော်ငြာသည်ပင်လျှင် အင်ဖော်မေးရှင်းဟုဆိုထားသည့်အတွက် ကျွန်တော့် ကြော်ငြာပိုးက နေမြင့်လေ အရူးရင့်လေ ဆိုသလိုပင် အတောမသတ်။ ရုပ်သံကြော်ငြာသာမက မြင်မြင်သမျှ ကြော်ငြာအားလုံးကို မလွတ်တမ်းငမ်းသည်။ ပလက်ဖောင်းပေါ်တွင် လမ်းလျှောက်ရင်း ဓာတ်တိုင်တကာတွင် ကပ်ထားသော စာကျက်ပိုင်းနှင့် ဘော်ဒါအထူးကြော်ငြာများကိုလည်း ဖတ်သည်။ လမ်းညွှန်ဆိုင်းဘုတ်အောက် ကားအပိုပစ္စည်းကြော်ငြာကိုလည်း ကြည့်သည်။ ဆေးရုံလှေကားအတက်၊ ဆေးလိပ်မသောက်ရ တားမြစ်ချက်အောက်မှ အဆုတ်အားကောင်းဆေးကြော်ငြာကိုလည်း မြင်သည်။ ရုပ်သံကလွင့်သည့်ဘောလုံးပွဲ ပင်နယ်လ်တီ ကန်နေစဉ် အောက်မှပုတ်သင်ညိုကလေး ပေါ်လာတာလည်း မလွတ်တမ်း ကြည့်သည်။ ရုပ်ရှင်ကားထဲမှ သရုပ်ဆောင်များ တစ်ခါတစ်ရံ မဆီမဆိုင် အခမဲ့ကြော်ငြာ ပေးသော မျက်မှန်ကြော်ငြာများကိုလည်း သတိထားမိသည်။ ဆေးခန်းကဆရာဝန် ဆေးစာရေးပေးသည့် စက္ကူဖြတ်ပိုင်း အပေါ်က ဆေးကုမ္ဏီ၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်းကြော်ငြာများကို လည်း ရိပ်စားမိသည်။ သည်လိုနှင့်ပဲ ကြော်ငြာ ပင်လယ်ပြင်ကြီးထဲတွင် လက်ပစ်ကူးရင်း ကျွန်တော့်ကို ကြော်ငြာများက မသိမသာ လွှမ်းမိုးချုပ်ကိုင်လာသည်။ တစ်ခါတစ်ရံ ကြော်ငြာသရုပ်ဆောင်နှင့် ကုန်ပစ္စည်း ဘယ်ဟာကိုကြော်ငြာနေမှန်း ဝေခွဲမရ၍ လွတ်သွားသည့်အခါလည်းရှိသည်။ ဥပမာ– ယခုတလော ပုံနှိပ်မီဒီယာအချို့တွင် ကာလသားတို့အချင်းချင်း တီးတိုးသဖန်းပိုးနေသော အသူရာကြော်ငြာတစ်ခုဆိုလျှင် ဘာကို ကြော်ငြာချင်မှန်း ရှာတတရက် မသိ။ အချို့ကတော့ နှစ်ခုစလုံးကို ကြော်ငြာတာဖြစ်မည်ဟု ဆိုသူလည်း ရှိသည်။ ချုပ်ရလျှင် ကျွန်တော့်ထံတွင် ကြော်ငြာရောဂါ စွဲကပ်လာခြင်းပင်။ ကြော်ငြာသည့်ပစ္စည်းမှန်သမျှ ဟုတ်နိုးနိုးထင်လာသည်။ မကြော်ငြာသောပစ္စည်းများကိုပင် စိတ်မဝင်စားချင်တော့။

တောမှ ကျွန်တော့်ဘကြီးတို့ တစ်တွေ့ဆိုလျှင် ကျွန်တော့်အမျိုးဟု မပြောရ။ ကြော်ငြာသမျှ မြေဩ၊ ပိုးသတ်ဆေး အကုန်ဝယ်သုံးသည်။ ရုပ်သံကြော်ငြာထဲကအတိုင်း ပိုးသတ်ဆေးကို မိုးပေါ်ထောင်ပန်းလိုက်၊ ဘေးကိုပန်းလိုက်၊ ဆန်ကောဝိုင်းသလိုဝိုင်းပြီး ပန်းလိုက်၊ ခြေတစ်ပေါင်ကျိုးထောက်ကာ ပေါင်ကြားထဲမှ လက်ထုတ်၍ပန်းလိုက်နှင့် ဟန်ကျနေကြသည်။ ဓာတ်မြေဩ ဆိုလျှင်လည်း လက်နှင့်ဆုပ်၍ဆုပ်၍ ကြော်ငြာထဲကအတိုင်း ကြဲပက်သည်။ ပြီးတော့ ဓာတ်မြေဩအိတ်ကြီးကို အားရပါးရ ဖက်ပွေ့ကြသည်မှာ မွှေးမွှေးမပေးရုံ တမယ်သာ ကျန်တော့၏။ ရွာရှိ ကျေး/ဂျာ ကလေး ကိုအောင်ထွေးက ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာကို ဤသို့ လက်အိတ်မပါ၊ နှာခေါင်း ပါးစပ်စည်းမပါ၊ မကိုင်ကြဖို့၊ လက်ကို ဆပ်ပြာနှင့် စင်အောင်သေချာဆေးဖို့၊ စနစ်တကျ ထားသိုဖို့ တံတွေးတဖောင်းဖောင် အာပေါက်အောင် ပြောသော်လည်း နားမဝင်။ သူတို့ကို နားဝင်အောင် ပြောနေရိုင်သည်က ကြော်ငြာအတွင်းက မော်ဒယ်များ ဖြစ်နေသည်ကိုး။

ကျွန်တော်သည်သာ ကြော်ငြာ နတ်ဖမ်းစားခြင်းခံရသည်မဟုတ်။ အိမ်မှ တူ၊ တူမများလည်း မလွတ်ကင်း။ ကလေးသရုပ်ဆောင်ပါသော အားဆေးမှန်သမျှ အကုန်ပူဆာသည်။ ပြီးသည်နှင့် ထိုကြော်ငြာထဲကအတိုင်း အော်ဟစ် ပြောဆိုလိုက်သေးသည်။ အကြီးကောင်ကတော့ သူ့အမေ (ကျွန်တော့်အစ်မ) အားဆေးတိုက်သည်ကို "မသောက်ဘူး မသောက်ဘူး"ဟု အာခေါင်ဖြဲအော်ကာ ထွက်ပြေးသည်။ သည်ကောင် ဒါ ဟို ရုပ်/သံ ကြော်ငြာထဲက ကလေးလုပ်သည့် အတိုင်း လိုက်လုပ်တာပဲ ဖြစ်မည်။

www.foreverspace.com.mm

ကျွန်တော်နှင့် အတော်တူသော ခပ်ညှပ်ညှပ် တူအငယ်တစ်ယောက်ဆိုလျှင် ကြော်ငြာတစ်ခုမှ ဆေးသောက်ပြီးပြီးချင်း အရပ်ရှည်ထွက်သွား၍ ဘောင်းဘီများ တောင်တိုသွားသည့် အားဆေးကို သောက်ချင်သည် ပူဆာ၍ နေ့တိုင်းတိုက်ရသည်။ ဆေးသောက်ပြီးသည်နှင့် သူ့ဘောင်းဘီကို ငုံ့ငုံ့ကြည့်ရတာလည်း အမော။ သို့သော် သူ့အရပ်ရှည်လာနိုးနှင့် နေ့တိုင်းသောက်မြဲ၊ ဘောင်းဘီကို ငုံ့ကြည့်မြဲ။ ယခုထက်ထိတော့ မထူးခြားသေး။

အခုတလော ကျွန်တော့် တူ၊ တူမတွေ အရွယ်တို့ သဲသဲလှုပ်အားပေးနေကြသည့် နာမည်ကျော် ကြော်ငြာသရုပ်ဆောင်ကလေးများက နေရာတိုင်းမှာတွေ့နေရသည်။ သူတို့ကလည်း နေရာတကာ ပါ, ပါနိုင်လွန်း ဆွဲဆောင်အားပြင်းလွန်းလှသည်။ ဖက်ရှင်ပစ္စည်းဆိုလည်းပါသည်။ ဆပ်ပြာမှုန့်ဆိုလည်း မြင်ရ၏။ ပိုးသတ်ဆေးဆိုရင်လည်း မလွတ်။ တေးစီးရီးများတွင်လည်း အားဖြည့်ပေးလိုက်သေးသည်။ အချိုရည်ဆိုရင်လည်း သူတို့ သောက်ပြမှ။ (၉၆)ပါး ရောဂါပျောက်ဆေးများဆိုလျှင် သူတို့ ကိုင်ပြသည်။ ဤတွင် ကျွန်တော့် တူ၊ တူမအရွယ် ပရိသတ်ထုကြီးတစ်ခုလုံးက သူတို့ ကိုင်ပြ၊ မြှောက်ပြ၊ စားပြ၊ ဝတ်ပြ၊ ထိုင်ပြ၊ သွားပြ၊ အိပ်ပြသည့် အရာအားလုံးကို လိုက်လုပ်ကြသည်။ ဩော်.. စွမ်းအားကြီးသူတွေကိုး။ ကျွန်တော်သည် ပင်လျှင် တစ်ခါတစ်ရံ အရွယ်တော် တဆိတ်ရနေ၍ အသာထိန်းထားရသည်။ နို့မို့ရင်တော့မလွယ်။ သူတို့တစ်တွေနှင့် အပြိုင်ဝတ်ပြ၊ စားပြ၊ ကဲပြချင်စိတ်က ကြော်ငြာတွေကြည့်ပြီးတိုင်း မနည်းကြီး ချွန်းအုပ်ထားရသည်။ ဆွဲဆောင်အားက ပြင်းလွန်းသည်ကိုး။

သို့သော် တစ်နေ့ အိမ်ကတူ အငယ်ကောင်နှင့်တူမအလတ် နှစ်ယောက်သား မီးညှိပြီးသား ခြင်ဆေးခွေနှစ်ခွေစီကို

အိမ်ကတူ အငယ်ကောင်နှင့် တူမအလတ် နှစ်ယောက်သား မီးညှိပြီးသား ခြင်ဆေးခွေနှစ်ခွေစီကို ဘယ်ညာကိုယ်စီကိုင်၍ ဒိုးဒိုးဒန့်ဒန့်လုပ်နေကြသည်။

ဘယ်ညာကိုယ်စီကိုင်၍ ဒိုးဒိုးဒန့်ဒန့် လုပ်နေကြသည်။ ပထမတော့ ကျွန်တော် ကြောင်ကြည့်နေမိ၏။ နောက် သူတို့က တစ်ဆင့်တက်ကာ မီးခိုးတလူလူ ခြင်ဆေးခွေကို နှာခေါင်းနားကပ်၍ ရှူလိုက်မြှောက်လိုက်ဖြင့် စည်းချက်ညီညီ လှုပ်ရှားနေကြသဖြင့် စိုးရိမ်တကြီး ဖြစ်လာရသည်။ ခြင်ဆေးဘူးပေါ်တွင် အဆိပ်ဖြစ်၍ အန္တရာယ်ရှိကြောင်း၊ လက်ဖြင့်ကိုင်တွယ်ပြီးပါ လက်ကို ရေစင်အောင်ဆေးဖို့လိုကြောင်း၊ ကလေးများနှင့်ဝေးရာ၊ အစားအစာနှင့် ဝေးရာတွင်ထားရန် သတိပေးချက် ထည့်သွင်းထားသည် မဟုတ်ပါလော။ ဒုက္ခော! ဒီကလေး နှစ်ကောင်တော့ ဂွကျပြီ။ မဖြစ်ချေဘူး။ မြန်မြန်ရပ်ခိုင်းမှဖြစ်မည်ဟု တွေးကာ ငေးကြောင်နေသော ကျွန်တော် ချက်ချင်းဆိုသလို သတိဝင်ကာ ကလေးနှစ်ကောင်ကို ငေါက်ငမ်းဟန့်တားလိုက်ရသည်။ အောင်မလေး။ အဆိပ်ငွေ့တွေကို ဒင်းတို့က ပြင်သစ်က ကမ္ဘာကျော်ရေမွှေးအလား အားပါးတရရှူရှိုက်နေလိုက် တာ။ ကလေးနှစ်ယောက်က ကျွန်တော် ငေါက်လိုက်သည့်အတွက် ငိုမဲ့မဲ့နှင့်ရပ်သွားကြသည်။ ကျွန်တော်က "ပြောစမ်းမင်းတို့ကို ဘယ်သူကခိုင်းလို့ ဒီလိုဆော့နေတာလဲ"ဟုမေးလိုက်သည်။ ကလေးနှစ်ယောက်အဖြေကိုကြည့်။ မနေ့ညက ကြော်ငြာထဲမှာတွေ့လို့တဲ့။ ကဲ...၊ ကောင်းကြသေးရဲ့လား။

ထိုနေ့မှစ၍ ပါဝါစွမ်းအင်ချွေတာရာလည်းရောက် အန္တရာယ်လည်း ကင်းသည့်အစီအစဉ်တစ်ခု ကျွန်တော် စဉ်းစားမိသည်။ သည်လို .... ကိုရီးယား ဇာတ်လမ်းတစ်ပိုင်းပြီးသွားတိုင်း လာသောကြော်ငြာလွှင့်ချိန်ကို တီဗီခေတ္တပိတ်၍ အနားပေးထားရန် ညွှန်ကြားချက်တစ်ရပ် အမြန်ထုတ်လိုက်ခြင်းပင်။ ဩော် ကြော်ငြာ ... ကြော်ငြာ။

စောဒက

www.foreverspace.com.mm

(ယခင်လမှအဆက်)

စီးပွားရေးလုပ်ငန်းသုံး ၃၆ ပါး စစ်ဗျူဟာကျမ်း

(၃၁)

လူထုစိန်ဝင်း

BEAUTY SCHEME

အလှဗျူဟာ

စစ်အင်အားကြီးမားတဲ့ ရန်သူကို ရင်ဆိုင်ရတဲ့အခါမှာ အကြီးအမှူးဗိုလ်ချုပ်လုပ်သူကို ချုပ်ကိုင်နိုင်တဲ့နည်းလမ်း ရှာဖွေကြိုးစားရမယ်။ ဆင်ခြင်တုံတရားရှိတဲ့ ရန်သူဗိုလ်ချုပ်ကို ရင်ဆိုင်ရရင် သူ့စိတ်ဓာတ်ကို ချိုးနှိမ်ဖို့ အရင်ဆုံးလုပ်ရမယ်။ အကြီးအကဲဗိုလ်ချုပ်လုပ်သူရဲ့ စိတ်ဓာတ် ပျက်ပြားသွားပြီဆိုရင် သူ့တပ် ပျက်ဖို့ ဘာမှမခက်တော့ဘူး။

အလှကွန်ရက်က ရန်းထွက်နိုင်သူ အင်မတန်ရှားတယ်။ လူတိုင်း အလှကြိုက်တယ်။ စစ်ဗိုလ်လုပ်သူလည်း လူသားဖြစ်လို့ အလှကြိုက်တာပဲဖြစ်တယ်။ ချောချောလှလှ ကျက်သရေရှိတဲ့ မိန်းမကို မလိုချင်သူ ဘယ်သူမှ ရှိမှာမဟုတ်ဘူး။ အဲဒါကြောင့် ရန်သူ့စစ်ဗိုလ်ချုပ်ကို မိန်းမလှ ကျော့ကွင်းနဲ့ ထောင်ဖမ်းတဲ့ ဗျူဟာကို ရှေးခေတ်အဆက်ဆက်က ကျင့်သုံးလေ့ရှိကြတယ်။

နောက်ခံသမိုင်းကြောင်း

ဒီဗျူဟာကို ဇာတ်ကြောင်းနှစ်ခုနဲ့ ပြောပြလေ့ရှိတယ်။ ပထမဇာတ်ကြောင်းက စပရင်းနဲ့ ဩတမ်ကာလလို့ခေါ်တဲ့ ခေတ်က ဂူနိုင်ငံနဲ့ ယွီးနိုင်ငံ နှစ်ခုတို့ဟာ အဆက်မပြတ် စစ်မက်ဖြစ်ပွားနေခဲ့ကြတယ်။ ပထမတော့ ဂူနိုင်ငံက စစ်ရှုံးပြီး နောက်တစ်ကြိမ်ကျတော့ ဂူနိုင်ငံက ယွီးနိုင်ငံကို ချေမှုန်းပစ်လိုက်နိုင်တယ်။ ယွီးနိုင်ငံက ဘုရင် ကို့ကျန်းဟာ စစ်ရှုံးပြီး ကတည်းက သစ်ကိုင်းခြောက်တွေပေါ်မှာပဲ အိပ်ပြီး ခါးလှတဲ့ဝက်သည်းခြေကို အမြဲစားလေ့ရှိတယ်။ သူ စစ်ရှုံးခဲ့ရတာကို အမြဲတမ်း သတိရနေအောင် ဒီလိုလုပ်ခြင်း ဖြစ်တယ်။ ကို့ကျန်းမှာ သစ္စာရှိလူယုံ ဖန်လိဆိုသူ ရှိတယ်။ ဖန်လိက ဉာဏ်ကြီးမားသူ ဖြစ်တယ်။

ဂူဘုရင် ဖုချိုင်ဟာ အမြဲသတိရှိသူ ဖြစ်ပြီး အပါးမှာ လူယုံတော် သက်တော်စောင့်တွေ အမြဲဝန်းရံနေတာကြောင့် လုပ်ကြံဖို့ ခဲယဉ်းတယ်။ အဲဒါကြောင့် ဖန်လိက အလှဗျူဟာကိုသုံးဖို့ အခါအခွင့်ကို စောင့်ဆိုင်းနေခဲ့တယ်။ နှစ်ပေါင်းများစွာ စောင့်ဆိုင်းနေခဲ့ပြီး အခါတစ်ပါးမှာတော့ ဖန်လိဟာ မြစ်ကမ်းတစ်ခုဘေးမှာ ချည်ခင်များ လျှော်ဖွပ်နေတဲ့ စီးရှိဆိုတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့ခဲ့တယ်။ အဲဒီအချိန်က မိန်းကလေးစီးရှိဟာ ရုစ်နှစ်သမီးပဲ ရှိသေးတယ်။ ဒါပေမဲ့ အံ့သြလောက်အောင် လှပတဲ့ မိန်းကလေးဆို

www.foreverspace.com.mm

တာ ငယ်ငယ်လေးကတည်းက ပေါ်လွင်နေတယ်။ ဖန်လိုက စီးရှိရဲ့ မိဘတွေကို ပိုက်ဆံအများအပြားပေးပြီး ခေါ်ယူလာခဲ့တယ်။ နောက်တော့ ဆရာတစ်ယောက် ခေါ်ယူပြီး နန်းတွင်းသူတို့ တတ်အပ်သမျှ ကဗျာလက်ရာသီကုံးမှုအတတ်၊ စောင်းတီးမှုအတတ် စတဲ့ ဝါဂီနစ်အတတ်မျိုးစုံအပြင် ထီးဟန်နန်းဟန်မျိုးစုံကိုပါ နန်းတွင်းသူမင်းသမီးတစ်ပါးနဲ့ အခြား တတ်ကျွမ်းအောင် သင်စေခဲ့တယ်။ စီးရှိကလေး ၁၆ နှစ်သမီး အရွယ်ရောက်လာတော့ အချိန်ကျပြီလို့ ဖန်လိုက ဆုံးဖြတ်လိုက်တယ်။ မသွားခင် စီးရှိကို ဖန်လိုက တာဝန်ကြီးနှစ်ရပ်ပေးလိုက်တယ်။ ပထမတာဝန်က ဘုရင်ဖုချိုင်ကို သူ့အလှနဲ့ ပြုစားပြီး သူ့အလှကွန်ရက်က ရုန်းမထွက်နိုင်အောင် တုပ်နှောင်ထားဖို့ ဖြစ်တယ်။ ဒုတိယတာဝန်ကတော့ ဖုချိုင်ရဲ့ ညာလက်ရုံး စစ်သူကြီး ဝူကျိဆုတို့နှစ်ဦးကို သွေးခွဲဖို့ ဖြစ်တယ်။

စီးရှိက ပေးအပ်တဲ့တာဝန်နှစ်ရပ်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်ခဲ့တယ်။ သူ့အလှကို အသုံးချပြီး ဘုရင်နဲ့ စစ်သူကြီးကြားမှာ မနာလိုဝန်တိုမှုတွေ ကြီးမားလာအောင် လုပ်နိုင်ခဲ့တယ်။ နောက်ဆုံးမှာ ဘုရင်ဖုချိုင်က လူယုံတော်စစ်သူကြီးကို သတ်ပစ်လိုက်တယ်။ စစ်သူကြီးကောင်းမရှိတော့တဲ့ ဘုရင်ဖုချိုင်ဟာ နောက်ဆုံးတော့ အခါအခွင့်ကိုချောင်းနေတဲ့ ယွီးဘုရင်ကို့ကျန်းရဲ့ ချေမှုန်းသုတ်သင်ခြင်းကို ခံလိုက်ရတော့တယ်။

ဒုတိယဇာတ်လမ်း

ဒုတိယဇာတ်လမ်းက ဘီစီ ၁၉၀ လောက်မှာ တရုတ်ပြည်ကြီးကို ဧကရာဇ် စီအန်းအုပ်ချုပ်နေစဉ်က ဖြစ်တယ်။ ဧကရာဇ်ရဲ့ နန်းရင်းဝန်ကြီး တုန်းကျော့ဟာ တစ်နေ့တခြား အင်အားကြီးမားလာပြီး ဘုရင်ကိုပင် အန်တုဗလပြုချင်လာခဲ့တယ်။ တုန်းကျော့ဟာ အလိုရမ္မက်ကြီးသလောက် ရက်စက်ကြမ်းကြုတ်သူလည်းဖြစ်တယ်။ အဲဒီခေတ်က အတိုက်အခိုက်ကောင်းအဖြစ် ကျော်ကြားတဲ့ 'လူပု' ကိုလည်း နန်းရင်းဝန်ကြီးက လက်သပ်မွေးပြီး သားအဖြစ် မွေးစားချီးမြှောက်ထားတာကြောင့် လူပုဟာ မာနတံခွန်ထူနေတော့တယ်။ သူတို့နှစ်ဦးဟာ ဘုရင့်ရှေ့တော်ဝင်တဲ့အခါမှာတောင် အစဉ်အလာထီးရိုးနန်းစဉ်ကို ဆန့်ကျင်ပြီး မားလွယ်မချွတ်ဘဲ ဝင်ရောက်လေ့ရှိကြတယ်။ သူတို့နှစ်ဦးကို နန်းတွင်းမှူးမတ်အပေါင်းကကြောက်ရွံ့နေကြရုံမက ဘုရင်ဧကရာဇ်ကိုယ်တိုင်ပါ ကြောက်ရွံ့နေရတော့တယ်။

အခါတစ်ပါးမှာတော့ ဘုရင့်ညီလာခံသဘင်မှာပဲ နန်းရင်းဝန် တုန်းကျော့က သူ့ကို အမြဲဆန့်ကျင်ဘက်ပြုနေတဲ့ မှူးမတ်တစ်ဦးဖြစ်တဲ့ ကျန်းဝင်ကို သေဒဏ်ပေးပစ်လိုက်တယ်။ အဲဒီညီလာခံမှာ နယ်စားကြီးစစ်တုဝမ်ယွင်လည်း ရှိနေခဲ့တယ်။ နယ်စားကြီးက တစ်နေ့တခြား လက်ရဲဇက်ရဲ ဖြစ်လာတဲ့ တုန်းကျော့နဲ့ လူပုကို သာ အမြန်ဆုံးဖယ်ရှား ရှင်းလင်းပစ်နိုင်ရင် ဧကရာဇ်ဘုရင်အတွက် ကြီးစွာသော အန္တရာယ် ကျရောက်တော့မယ်လို့ သိမြင်လာခဲ့တယ်။ နယ်စားကြီးအနေနဲ့ အကြံသမား တုန်းကျော့လို ပြင်ဆင်ထားမှုမရှိတာကြောင့် စစ်ရေးနည်းနဲ့ နိမ်နင်းအနိုင်ယူဖို့ မလွယ်ကူကြောင်းလည်း သိထားတယ်။ ဥပါယ်တံမျဉ်သုံးပြီး ဖြိုခွင်းမှ ရလိမ့်မယ်လို့ နယ်စားကြီးက စိတ်ကူးရတယ်။

နယ်စားကြီးရဲ့အိမ်တော်မှာ နယ်စားကြီးက သမီးနဲ့မခြား ချစ်ခင်မြှောက်စားထားတဲ့ ရံရွှေတော်တစ်ယောက် ရှိတယ်။ အင်မတန်ချောမောလှပပြီး ကျက်သရေရှိတဲ့ မိန်းကလေးဖြစ်တယ်။ နယ်စားကြီးကို ဖခင်သဖွယ် ချစ်ခင်ရိုသေလေးစားပြီး ဘုရင်မင်းမြတ်ရဲ့ သစ္စာတော်ကိုလည်း စောင့်သိရိုသေသူ ဖြစ်တယ်။ သူ့နာမည်က ထျောင်ချန်းဖြစ်တယ်။ သူဟာ ပထမဇာတ်လမ်းထဲက စီးရှိလိုပဲ တရုတ်ရာဇဝင်သမိုင်းမှာ ကျော်ကြားတဲ့ တော်လေးဝင်အမျိုးသမီးလေးဦးထဲက တစ်ယောက် ဖြစ်တယ်။

နယ်စားကြီးက ထျောင်ချန်းကို သေသေချာချာ သွန်သင်ပြီး နန်းရင်းဝန်ကြီး တုန်းကျော့ကို လက်ဆောင်ပဏ္ဏာ အဖြစ်ပေးပို့လိုက်တယ်။ နန်းရင်းဝန်ကြီးလည်း ထျောင်ချန်းရဲ့ အလှကွန်ရက်မှာ မလှုပ်နိုင်အောင် အမိခံရတော့တယ်။ သူတင်မက သူ့မွေးစားသား 'လူပု' လည်း ဒီကွန်ရက်ထဲက ငါးတစ်ကောင်အဖြစ် ရောက်ရှိသွားတော့တယ်။ နောက်ဆုံးကျတော့ ထျောင်ချန်းကို အပိုင်စီးနိုင်ဖို့ အတွက် 'လူပု' က နန်းရင်းဝန်ကြီးကို သတ်ပစ်လိုက်တော့တယ်။ နန်းရင်းဝန်ကြီးရဲ့ သြဇာအာဏာမရှိတဲ့အခါကျတော့ 'လူပု' ဟာ သာမန်လူတစ်ယောက်သာ ဖြစ်သွားတော့တယ်။ ဘာတန်ခိုးအာဏာမှ မရှိတော့ဘူး။ အဲဒါကြောင့် အလွယ်တကူပဲ ရှင်းလင်းပစ်လိုက်နိုင်တော့တယ်။

မိန်းမလှဗျူဟာကို တခြားဗျူဟာ အားလုံးထက် စီးပွားရေးလောကမှာ ပိုအသုံးပြုကြတယ်။ အရောင်းစျေးသည် လှလှလေးတွေ၊ ဧည့်ကြိုမယ် လှလှလေးတွေ၊ စားပွဲထိုး လှလှလေးတွေ၊ လေယာဉ်မယ် လှလှလေးတွေ ကိုချည်း ကုမ္ပဏီတိုင်းက သုံးကြတယ်။ အထူးသဖြင့် အလှအပပစ္စည်းခေါ်တဲ့ Cosmestic စီးပွားရေးလုပ်ငန်းတွေမှာ အသားအရည်လှလှ၊ ဆံပင်လှလှ မိန်းကလေးတွေကို အထူးဂရုစိုက်ရှာဖွေရွေးချယ်ပြီး မော်ဒယ်လ် အဖြစ်၊ ကြော်ငြာမယ်အဖြစ် သုံးလေ့ရှိတယ်။

www.foreverspace.com.mm

ဒီဇာတ်လမ်းနှစ်ခုစလုံးဟာ မိန်းမလှဗျူဟာကို ကောင်းစွာအသုံးချနိုင်ခဲ့တာကြောင့် ရန်သူကို ဖြိုခွင်းနိုင်ကြောင်း ဖော်ပြခဲ့ကြတာ ဖြစ်တယ်။

သုံးသပ်ချက်နဲ့ လက်တွေ့အသုံးချမှု

ယောကျ်ားမှန်သမျှရဲ့ အကြီးဆုံး အားနည်းချက်က မိန်းမလှကို ကြိုက်တတ်ကြခြင်း ဖြစ်တယ်။ သမိုင်းခေတ် အဆက်ဆက်မှာ မိန်းမလှတစ်ယောက်ကြောင့် အသက်ဆုံးရှုံးခဲ့ရတဲ့ သူရဲကောင်းတွေ မရေမတွက်နိုင်လောက်အောင် ရှိခဲ့ကြတယ်။

"မိန်းမလှထောင်ချောက်က လွတ်အောင်ရုန်းနိုင်တဲ့ သူရဲကောင်းမရှိ" ဆိုတဲ့ တရုတ်ဆိုရိုးစကားတောင် ရှိခဲ့ဖူးတယ်။ မိန်းမလှတစ်ယောက်ကြောင့် တိုင်းပြည်ပျက်ခဲ့ရတဲ့ သာဓကတွေလည်း ကမ္ဘာ့သမိုင်းအစောင်စောင်မှာ အများကြီး ရှိခဲ့တယ်။ တရုတ်စစ်ပါရဂူကြီး ဆွန်ကျိုကိုယ်တိုင်လည်း မိန်းမလှတို့ရဲ့ အစွမ်းကိုသိပြီး ဒီဗျူဟာကို အသုံးချခဲ့ဖူးတယ်။

ဗျူဟာ ၃၆ ပါးအနက် ဒီမိန်းမလှဗျူဟာဟာ စိတ်ဝင်စားမှုအခံရဆုံးနဲ့ လက်တွေ့အသုံးချမှု အခံရဆုံးလည်း ဖြစ် ခဲ့တယ်။ မိန်းမလှဗျူဟာဟာ များစွာ အစွမ်းထက်တယ်။ ဒါပေမဲ့ သူ့ချည်း သက်သက်သုံးလို့မရဘူး။ တခြားလိုအပ်ချက်တွေနဲ့ ပေါင်းစပ်ဖို့ လိုတယ်။ မိန်းမလှဗျူဟာက ရန်သူကို ချည့်နဲ့သွားစေရုံ လောက်သာ စွမ်းနိုင်တယ်။ အပြီးတိုင်ချေမှုန်းသုတ်သင်ဖို့အထိတော့ အားမကိုးနိုင်ဘူး။ မိန်းမလှဗျူဟာနည်းနဲ့ ရန်သူစိတ်ဓာတ်ပျက်ပြားအောင်၊ မညီမညွှတ်ဖြစ်အောင်လုပ်ပြီး စစ်ရေးနည်းနဲ့ တိုက်ခိုက်ချေမှုန်းမှ ရန်သူကို အပြီးအပိုင် ချေမှုန်းသုတ်သင်ပစ်နိုင်တယ်။

မိန်းမလှဗျူဟာကို တခြားဗျူဟာ အားလုံးထက် စီးပွားရေးလောကမှာ ပိုအသုံးပြုကြတယ်။ အရောင်းဈေးသည် လှလှလေးတွေ၊ ဇည့်ကြိုမယ်လှလှလေးတွေ၊ စားပွဲထိုးလှလှလေးတွေ၊ လေယာဉ်မယ်လှလှလေးတွေကိုချည်း ကုမ္ပဏီတိုင်းက သုံးကြတယ်။ အထူးသဖြင့် အလှအပပစ္စည်းခေါ်တဲ့ Cosmestic စီးပွားရေးလုပ်ငန်းတွေမှာ အသားအရည်လှလှ၊ ဆံပင်လှလှ မိန်းကလေးတွေကို အထူးဂရုစိုက်ရှာဖွေရွေးချယ်ပြီး မော်ဒယ်လ်အဖြစ်၊ ကြော်ငြာမယ်အဖြစ် သုံးလေ့ရှိတယ်။ မော်ဒယ်လ်လောကရဲ့ နာမည်ကျော်တွေဖြစ်ကြတဲ့ Naomi Campbell ၊ Cindy Crawford ၊ Claudia Schiffer ၊ Christy Turlington ၊ Linda Evangelista တို့တစ်တွေဆိုရင် ကမ္ဘာကျော် ထိပ်သီးကုမ္ပဏီကြီးတွေရဲ့ လက်စွဲဖြစ်နေကြပြီး တစ်ပတ်ဝင်ငွေကိုက ဒေါ်လာသန်းချီရနေကြတာ ဖြစ်တယ်။ ဒါ စီးပွားရေးလုပ်ငန်းရှင်တွေက မိန်းမလှဗျူဟာကို လက်တွေ့အသုံးချခြင်း ဖြစ်တယ်။

နောက်ပိုင်းကျတော့ မိန်းမလှတွေကိုသာမကတော့ဘူး။ ဘယ်နယ်ပယ်မှာ နာမည်ကြီးကြီး ကမ္ဘာကျော်အောင် နာမည်ကြီးတဲ့ သူတွေကိုပါ စီးပွားရေးလုပ်ငန်းရှင်တွေကရအောင် ဝယ်ပြီး သုံးလာခဲ့ကြတယ်။ ကမ္ဘာကျော် တင်းနစ်မယ် Gabriela Sabatini ဆိုရင်လည်း တင်းနစ်ကစားလို့ရတဲ့ ဝင်ငွေထက် ၁၀ ဆမကများပြားတဲ့ ဝင်ငွေကို ရေမွှေးကြော်ငြာအဖြစ် ရနေတာ ဖြစ်တယ်။ မင်းသမီးအယ်လီဇာဘက်တေလာဆိုရင်လည်း အလား တူပါပဲ။

ယောကျ်ားတွေကိုလည်း စီးပွားရေးလုပ်ငန်းရှင်တွေက နာမည်သာကျော်ပါစေ သုံးကြတာပါပဲ။ အဆိုတော်မိုက်ကယ် ဂျက်ဆင်၊ မင်းသားပေါလ်နယူးမင်း၊ ဖရန့်ဆီနက်ထရာ၊ ရောဘတ်ဝဂ္ဂန်၊ အိုမာ ရှရစ်၊ ဂျွန်ထရာဗိုလ်တာ စသူတွေလည်း အသက်တွေကြီးလို့ ရုပ်ရှင်မရိုက်ရတော့တာတောင် သူတို့နာမည်တွေသုံးခဲ့တဲ့ ကြော်ငြာတွေကနေပြီး နှစ်စဉ် သန်းနဲ့ချီတဲ့ ဝင်ငွေတွေ ရနေကြသေးတာပါပဲ။ ဒါပေမဲ့ အယ်လီဇာဘက်တေလာတို့၊ ကလော်ဒီယာ ရှစ်ဖားတို့လို မိန်းမလှတွေလောက်တော့ ဘယ်များမှာလဲ။

မိန်းမလှဗျူဟာတစ်ခုတည်းနဲ့ စစ်ရေးမှာ မလုံလောက်သလို စီးပွားရေးလောကမှာလည်း မလုံလောက်ပါဘူး။ စီးပွားရေးလောကမှာ အောင်မြင်ဖို့အတွက် မိန်းမလှဗျူဟာအပြင် လိုအပ်ချက်နှစ်ခု ရှိပါတယ်။

(၁) ကြော်ငြာကောင်းသလို ရောင်း ချတဲ့ပစ္စည်းကောင်းဖို့။

(၂) ဝန်ဆောင်မှုကောင်းဖို့တို့ ဖြစ်ပါတယ်။ ကြော်ငြာဘယ်လောက်ကောင်းကောင်း ကိုယ်ရောင်းချတဲ့ ပစ္စည်းက မကောင်းရင်တော့ ဘယ်တော့မှ မအောင်မြင်နိုင်ပါဘူး။ နံပါတ်တစ် အရေးကြီးတာက ပစ္စည်းကောင်းဖို့သာ ဖြစ်တယ်။ ကြော်ငြာကောင်းနဲ့ အရောင်းကောင်းမှုက လက်အောက်ခံသာ ဖြစ်တယ်။

ပစ္စည်းကောင်းပေမယ့် ရောင်းချသူတွေဘက်က ဝန်ဆောင်မှုညံ့ဖျင်းနေရင်လည်း မအောင်မြင်နိုင်ပါဘူး။ ဝန်ဆောင်မှု ပထမတန်းစားဖြစ်အောင်လုပ်ဖို့ စနစ်တကျ မွေးမြူပြီး သင်တန်းပေးဖို့ လိုပါတယ်။ မိန်းမလှဗျူဟာပုံပြင် နှစ်ပုဒ်ထဲက စီးရှိနဲ့ ထျောင်ချန်းတို့ကို ဘယ်လောက်စိတ်ရှည်လက်ရှည်အချိန်ယူပြီး သင်ကြားမွေးမြူပေးခဲ့တယ်ဆိုတာ သတိပြုသင့်ကြတယ်။ စင်ကာပူအဲလိုင်း SIA က လေယာဉ်မယ်လေးတွေတိုင်း အချောအလှတွေချည်း မဟုတ်ပေမယ့် သူတို့အားလုံးရဲ့ မျက်နှာပေါ်က ကျက်သရေရှိလှတဲ့အပြုံးကတော့ ကမ္ဘာကျော်ပါတယ်။ အဲဒီလို ကျက်သရေရှိရှိ ပြုံးတတ်အောင် အသေအချာသင်ကြားလေ့ကျင့် ပေးခဲ့ ရတာ ဖြစ်ပါတယ်။

လူထုစိန်ဝင်း
၁၄-၁-၂၀၀၆

■

www.foreverspace.com.mm

(ယခင်လမှအဆက်)

စာရေးသူနှင့် လူမင်း

ကျွန်တော် ပန်းချီကုန်သည်

(၄၀)

ဦးလှဝင်း (လေသူရဲတစ်ဦး)

ပန်းချီလူမင်း...(၂)

"အဲဒီခေတ် ပုံနှိပ်လောကမှာ ကွန်ပျူတာစကင်နာတွေ မပေါ်သေးဘူး။ အရောင်တွေကို ခွဲတဲ့အခါ လက်နဲ့ပဲ ခွဲရတယ်"

"ပန်းချီကိုကျော်သောင်း ကျွန်တော့်ကို ပြောပြဖူးတယ်။ မှန်ပေါ်မှာ အရောင်တွေကို ခွဲရတယ်ဆိုတာမျိုးလား"

"မဟုတ်ဘူး။ ကိုကျော်သောင်း ပြောတဲ့ မှန်ပေါ်မှာ ခွဲရတဲ့ခေတ်က ကျွန်တော်တို့ ဝင်လုပ်တဲ့ ခေတ်ထက်ကို ရှေးကျတယ်။ ကျွန်တော် ပုံနှိပ်လောကကို ဝင်တဲ့ခေတ်က ဖလင်တွေ ပေါ်နေပြီ။ ဖလင်အပေါ်မှာ အရောင်ကို ခွဲရတာ...။ လက်နဲ့ခွဲရတယ်။ လက်နဲ့ခွဲရတာ ကြားရောင်တွေကို တိတိကျကျခွဲတတ်ဖို့က မလွယ်ဘူး။ တော်တော်ခက်တယ်။ ကျွန်တော့် မျက်နှာဖုံးတွေကို အရောင်ခွဲပေးတဲ့တိုက်က 'သိန်းမြင့်ဝင်း' ပုံနှိပ်တိုက်။ အဲဒီတုန်းက ရန်ကုန်မြို့ ၁၁ လမ်းမှာ ရှိတယ်။ ပိုင်ရှင်က စိန်ဂျန်းကြီးမြင့် . . .။ ကျွန်တော်နဲ့ အင်မတန်ခင်တယ်။ ဦးလှဝင်း မှတ်မိမှာပါ။ ဒီပုဂ္ဂိုလ်က ရုပ်ပြတွေ ဘာတွေလည်း ထုတ်တယ်။ အဲဒီအချိန်က မကွေ့ရာမားဆိုတဲ့ ရုပ်ပြစာအုပ်ဟာ သူထုတ်တဲ့ စာအုပ်ပေါ့။ နောက်...ရွှေစွန်ညို ဆိုတာလည်း သူ့ဟာပဲ။ တစ်နေ့ ကိုကြီးမြင့်က သူ့တိုက်က မျက်နှာဖုံးပုံတွေ ရေးလေ့ရှိတဲ့ ပန်းချီဆရာတွေကို ခေါ်ပြီး ထမင်းကျွေးတယ်။ ကျွန်တော် မှတ်မိသလောက် ပန်းချီကိုမောင်မောင်သိုက်ပါတယ်။ ကိုညိုဝင်းပါတယ်။ ပန်းချီကိုကျော်ညွှန့် ပါတယ်။ သူက ပန်းချီ

www.foreverspace.com.mm

ဆရာတွေကို ထမင်းခေါ်ကျွေးပြီးတော့ ပန်းချီဆရာတစ်ဦးချင်းရဲ့ သုံးတဲ့အရောင်တွေထဲမှာ ကဲတဲ့အရောင်...ပိုနေတဲ့အရောင်တွေအကြောင်းကို ရှင်းပြတယ်။ နောက် ဒီကဲတဲ့အရောင်တွေဟာ ဖလင်ပေါ်မှာ အရောင်ခွဲရတာ ဘယ်လိုခက်တယ်ဆိုတဲ့ အကြောင်းတွေကို ရှင်းပြတယ်။ ဥပမာ... ပန်းချီကိုကျော်ညွှန့်...ကိုကျော်ညွှန့်ရေးတဲ့ မျက်နှာဖုံးပုံတွေဟာ ရိုးရိုးပိုစတာအရောင် မဟုတ်ဘူး။ ဖလာဇင်အရောင်...။ အဏုမြူ အရောင်တွေသုံးတော့ သူ့မျက်နှာဖုံးက သိပ်လှတယ်။ ဒါပေမဲ့...ပုံနှိပ်ဖို့ အရောင်ခွဲတဲ့အခါကျတော့ မလွယ်ဘူး။ သိပ်ခက်တယ်။ Filter နဲ့ ရိုက်တဲ့အခါ ဒီခက်တဲ့ အရောင်တွေက မပါတော့ဘူး။ ဒီအရောင်တွေကို လျှော့သုံးပေးကြဖို့ သူက ပန်းချီဆရာတွေကို ရှင်းပြတယ်။ လက်တွေ့လည်း လုပ်ပြတယ်။ နောက် . . . သူက ပြောတယ်။ သူ့ပုံနှိပ်တိုက်မှာ ရိုက်ရတဲ့ မျက်နှာဖုံးတွေထဲမှာ အခက်ဆုံးပန်းချီဆရာရဲ့ မျက်နှာဖုံးတွေကတော့ ကိုလူမင်းရေးတဲ့ ပုံတွေပဲတဲ့။ မွဲတဲ့အရောင်၊ မှောင်တဲ့အရောင်... မည်းတဲ့အရောင်တွေကသိပ်ကဲလွန်းနေတယ်။ ကျွန်တော့်ပန်းချီကားတွေကို အရောင်ခွဲပြီးဆိုရင် လိုချင်တဲ့ အရောင်ထွက်လာဖို့က ဖလင် အားကြီးဆုံးတယ်။ ပစ်လိုက်ရတဲ့ ဖလင် အားကြီးများတယ်။ သူက ကျွန်တော့်ကို ပြောတယ်...။ လူမင်း...မင်း ပန်းချီမရေးနဲ့တော့...။ မင်း ပန်းချီပုံတွေ ငါအရောင်ဆက်ခွဲရင် ငါမွဲသွားလိမ့်မယ်။ ဒါမှမဟုတ်...။ မင်းပန်းချီမျက်နှာဖုံးတွေကို မင်းဟာ မင်းပဲ အရောင်ခွဲ...။ ငါအရောင်ခွဲတဲ့ စက်ပစ္စည်းတွေ အကုန်ဝယ်ပေးမယ်လို့ ပြောတယ်။ ကျွန်တော်က ပထမ သူ နောက်ပြောင် ပြောနေတာလို့ထင်ခဲ့တယ်။ တကယ်တော့ သူ နောက်ပြောင်ပြောနေတာ မဟုတ်ဘူး။ တကယ် ကျွန်တော့်ကို အရောင်ခွဲတဲ့ စက်ပစ္စည်းတွေ အကုန်ဝယ်ပေးတယ်။ အရောင်ခွဲတဲ့အလုပ်ကို လုပ်ဖို့နေရာလည်း ပေးတယ်။ အရောင်ခွဲတဲ့အလုပ်နဲ့

"သင်္ကြန်မိုး" ရုပ်ရှင်ကား ထွက်လာတဲ့အချိန်ကို ဦးလှဝင်း ပြန်စဉ်းစားကြည့်။ အဲ့ဒီရုပ်ရှင်ကား ပေါ်တဲ့အချိန်မှာ ကျွန်တော် အရောင်ခွဲတဲ့ အလုပ် ကို လုပ်စားလို့ အဆင်ပြေနေဆုံး အချိန်ပဲ။ အလုပ်ကလည်း ကောင်းလိုက် တာ မပြောနဲ့။ လာအပ်တဲ့ အရောင်ခွဲရတဲ့အလုပ်တွေက လုပ်လို့ကို မကုန်နိုင်တော့ဘူး။ မီးနီလေးတစ်လုံးပဲ ထွန်းထားတဲ့ ဖလင်ဆေးတဲ့ အမှောင်ခန်းထဲမှာ တစ်နေကုန် ကျွန်တော် အလုပ်လုပ်တယ်"

ကျွန်တော်အောင်မြင်တယ်။ ကျွန်တော့် ပန်းချီပုံတွေကို ကျွန်တော်ခွဲလို့ရတယ်။ သူသိပ်အံ့သြသွားတယ်။ လူမင်း...ဒါဆိုရင် မင်းပန်းချီမရေးနဲ့တော့...။ အရောင်ခွဲတဲ့ အလုပ်ပဲ လုပ်စားတော့ဆိုပြီး လုပ်စားခိုင်းတယ်။ ကျွန်တော်ကလည်း အရောင်ခွဲတဲ့ အလုပ်ကို ဝါသနာပါသွားပြီး ပန်းချီမရေးတော့ဘဲ အရောင်ခွဲတဲ့အလုပ်ပဲ ဆက်လုပ်တော့တယ်။ အရောင်ခွဲတဲ့အလုပ်ကို ကျွန်တော် ဘယ်လောက်အောင်မြင်သလဲ ဆိုရင် အဲဒီခေတ် ပုံနှိပ်လောကမှာ အလွန်နာမည်ကြီးခဲ့တဲ့ 'သင်္ကြန်မိုး' ရုပ်ရှင်ရဲ့ ပိုစတာပုံကြီးတွေဟာ ကျွန်တော် အရောင်ခွဲပေးခဲ့တာ"

"အဲဒါ ဘယ်နှခုနစ်လောက် ဖြစ်လိမ့်မလဲ"

"ကျွန်တော် မမှတ်မိတော့ဘူး။ တော်တော်တော့ ကြာသွားပြီ။ 'သင်္ကြန်မိုး' ရုပ်ရှင်ကား ထွက်လာတဲ့အချိန်ကို ဦးလှဝင်း ပြန်စဉ်းစားကြည့်။ အဲ့ဒီရုပ်ရှင်ကား ပေါ်တဲ့အချိန်မှာ ကျွန်တော် အရောင်ခွဲတဲ့ အလုပ်ကို လုပ်စားလို့ အဆင်ပြေနေဆုံး အချိန်ပဲ။ အလုပ်ကလည်း ကောင်းလိုက်တာ မပြောနဲ့။ လာအပ်တဲ့ အရောင်ခွဲရတဲ့အလုပ်တွေက လုပ်လို့ကို မကုန်နိုင်တော့ဘူး။ မီးနီလေးတစ်လုံးပဲ ထွန်းထားတဲ့ ဖလင်ဆေးတဲ့ အမှောင်ခန်းထဲမှာ တစ်နေကုန် ကျွန်တော် အလုပ်လုပ်တယ်"

"ဘယ်လောက်ကြာအောင် ဒီအလုပ်ကို လုပ်ခဲ့လဲ"

"ခဏဆိုပြီး လုပ်လိုက်တာ...အားလုံး အချိန် ၁၅ နှစ်ကြာသွားတယ်။ ရုပ်ရှင်...တေးဂီတ...ဇာတ်သဘင်...အနုပညာလောကက အကုန်ပါပဲ။ ကြော်ငြာတွေရဲ့ အရောင်ခွဲတဲ့အလုပ်ကို ကျွန်တော့်ဆီ လာအပ်ကြတယ်။ နေ့ရော...ညရော...အိပ်တဲ့အချိန်စားတဲ့အချိန်ကလွဲပြီး အမှောင်ခန်းထဲကကို ကျွန်တော်မထွက်ရတော့ဘူး"

"စီးပွား သိပ်ဖြစ်မှာပေါ့"

"သိပ် မဖြစ်ဘူး"

"အလုပ်က သိန်းမြင့်ဝင်း ပုံနှိပ်တိုက်အတွက် လုပ်ပေးရတာလား...ကိုယ်ပိုင်လား"

"ကိုယ်ပိုင်...။ ကိုစိန်ဂျွန်းကြီးမြင့်ကမင်းဟာမင်း လုပ်စားကွာဆိုပြီးတော့ ပေးလုပ်စားတာ"

"ကိုကြီးမြင့်နဲ့က သိပ်ခင်လို့လား"

"ခင်တယ်။ စာပေဗိမာန်က ဆရာဦးခင်မောင်ကြီးနဲ့ပတ်သက်ပြီး နှစ်ပေါင်းများစွာ အချိန်ကတည်းက ခင်ခဲ့ကြတာ။ သိပ်သဘောကောင်းတဲ့ပုဂ္ဂိုလ်...။ တကယ်တော့ ပုံနှိပ်လောကအလုပ်ကို ကျွန်တော် လုပ်စားဖို့ စိတ်ကူးပြီး လုပ်ခဲ့တာမဟုတ်ဘူး။ အပျော်လုပ်တာ။ ဒါပေမဲ့ အပျော်လုပ်တယ်ဆိုပြီး ပြန်ထွက်လို့ မရတော့ဘူး။ ၁၅ နှစ်ကြာပြီ။ နောက်ဆုံး 'ပုဂံမှာ သာတဲ့လ' ဆိုတဲ့ ရုပ်ရှင်ပိုစတာကို အရောင်ခွဲပေးပြီးမှ ကျွန်တော် တစ်ခါတည်း ရပ်ပစ်လိုက်တယ်။ ဒီအလုပ်ကို ပြန်လည့်ပတ်ကြည့်တော့ဘူး"

"အလုပ် သိပ်ကောင်းတယ်ဆိုပြီး ဘာဖြစ်လို့ စီးပွားသိပ်မဖြစ်တာလဲ"

www.foreverspace.com.mm

"စီးပွားဖြစ်အောင်မှ မလုပ်ဘဲ။ အနုပညာအလုပ်တစ်ခုလိုသဘောထားပြီး လုပ်ခဲ့တယ်။ စီးပွားရေးဆန်ဆန် မလုပ်ခဲ့ဘူး။ စိတ်ကြိုက်မဖြစ်တဲ့ပုံဆိုရင် ကျွန်တော် ပိုက်ဆံမယူဘူး။ ပိုက်ဆံပြန်ပေးခဲ့တယ်။ နောက် သုံးတဲ့ဓာတုဗေဒပစ္စည်းတွေကိုလည်း ကျွန်တော်မခိုဘူး။ အကောင်းဆုံး ဓာတုဗေဒပစ္စည်းတွေကို ဝယ်သုံးတယ်။ တခြား အရောင်ခွဲတဲ့အလုပ်ကို လုပ်တဲ့လူတွေထက် အကုန်အကျ သိပ်ပိုများတယ်။ ဒါကြောင့် အလုပ်သိပ်ကောင်းတယ်။ အဖတ်မတင်ဘူး။ ရရစားစားပဲ ဖြစ်နေခဲ့တယ်။ ဘာမှ မစုမိခဲ့ဘူး။ နောက်ပိုင်းကျတော့ ဓာတုဗေဒ ပစ္စည်းဈေးကလည်း တဖြည်းဖြည်းပိုကြီး လာတယ်။ ကျွန်တော့်အတွက် သိပ်မကိုက်တော့ဘူး။ အရည်အသွေးမြင့်တဲ့ အရောင်ခွဲတာတွေ ဆက်သာလုပ်နေရင် ရှုံးတော့ မလိုတောင် ဖြစ်နေပြီ...။ အဲဒီအချိန်မှာ သူငယ်ချင်း ပန်းချီဆရာတချို့ကလည်း အကြံပေးကြတယ်။ လူမင်း...မင်း ပန်းချီ ပြန်ရေး...။ ပန်းချီပြန်ရေးမှ မင်းဘဝမှာ အမှတ်တရတွေ ကျန်မှာ...။ အရောင်ခွဲ တဲ့အလုပ်ပဲ မင်းဆက်လုပ်နေရင် လခစား သာမန်အလုပ်သမားဘဝနဲ့ပဲ မင်းဘဝကြီး ဟာ ပြီးသွားလိမ့်မယ်လို့ ပြောကြတော့ ကျွန်တော်ပန်းချီပြန်ရေးချင်လာတယ်။ နောက်ဆုံး...အရောင်ခွဲတဲ့လုပ်ငန်းရဲ့ ပစ္စည်းအကုန်လုံးကို သူငယ်ချင်းတစ်ယောက်ကို မင်းပဲလုပ်စားတော့ကွာဆိုပြီး ...အကုန်ပေးပစ်လိုက်တယ်"

"ပန်းချီလောကကို ပြန်ဝင်လာတယ် ဆိုပါတော့..."

"ဟုတ်တယ်။ ဒါပေမဲ့ အစပိုင်းမှာ ပန်းချီဘယ်လိုပြန်ရေးရမှန်းမသိ ဖြစ်နေတယ်။ ဒီအတိုင်း ထိုင်နေရတယ်။ တစ်နေ့ ပန်းချီမင်းဝေအောင် ကျွန်တော့်ဆီ ရောက်လာတယ်"

"ဘာလာလုပ်တာလဲ"

"ပန်းချီလာရေးခိုင်းတာ။ မင်းဝေအောင်က ပြောတယ်။ Tradersဟိုတယ်မှာ ပန်းချီပြပွဲလုပ်ဖို့ စီစဉ်ထားတယ်။ ကျွန်တော့် ပန်းချီကားတွေကိုလည်း ပြချင်တယ်။ ပန်းချီပြန်ရေးပါတဲ့။ အဲဒီလိုနဲ့ ကျွန်တော် ပန်းချီပြန်ရေးတယ်။ ကျွန်တော့်သူငယ်ချင်း

လူမင်း၏ ပန်းချီပြပွဲ

www.foreverspace.com.mm

ပန်းချီတင်ရွှေချိုနဲ့အတူ ပန်းချီကားတွေ သွားပို့ကြတယ်။ အဲဒီပြပွဲမှာ ပြထားတဲ့ ကျွန်တော့်ပန်းချီကားကို ဦးလှဝင်း လာ ဝယ်သွားတယ်လေ"

မှန်ပါသည်။

ထိုစဉ်က Tradersဟိုတယ်တွင်ပြထား သည့် ပန်းချီပြပွဲမှ ကိုလူမင်း၏ ပန်းချီ တစ်ကား...၊ ပန်းချီတင်ရွှေချို၏ ပန်းချီ တစ်ကား... ပန်းချီ(၂)ကားကို ကျွန်တော် ဝယ်သွားခဲ့ပါသည်။ ထိုပန်းချီကားနှစ်ကား လုံးကိုပင် ကျွန်တော့်ပန်းချီပြခန်းဖွင့်သည့် ဖွင့်ပွဲအခမ်းအနား၌ ပြသခဲ့ဖူးပါသည်။ ပန်းချီ(၂)ကားလုံးကိုပင် ကျွန်တော် အလွန် ကြိုက်၏။

"ပန်းချီတင်ရွှေချိုနဲ့က ဘယ်တုန်း ကတည်းက စခင်ခဲ့တာလဲ"

"ကျောင်းကတည်းက...။ ဒါပေမဲ့ သူက ကျွန်တော့်ထက်ငယ်တယ်။ အသက် လည်းငယ်တယ်...။ အတန်းလည်း ငယ် တယ်။ အဲဒီပြပွဲတုန်းက ဦးလှဝင်း ဝယ် သွားတဲ့ ကျွန်တော့်ပန်းချီကားကို မှတ်မိ လား။ ဘုရားရှေ့က ခြသေ့ပုံကြီး ရေးထား တဲ့ ပန်းချီကားလေ"

"မှတ်မိတယ်"

"ဦးလှဝင်းရဲ့သား ကိုပါကလည်း ကျွန်တော့်ပန်းချီလက်ရာကို ကြိုက်တယ် ဆိုပြီး ပန်းချီကားတွေ ဆက်ရေးဖို့ အား ပေးတယ်။ ဦးလှဝင်းတို့ ပန်းချီပြတိုက်မှာပဲ ကျွန်တော့်ရဲ့ တစ်ကိုယ်တော်ပန်းချီပြပွဲကို လုပ်ပေးတယ်။ ဦးလှဝင်း မှတ်မိသေးတယ် မဟုတ်လား..."

"ကျွန်တော် သိပ်မမှတ်မိတော့ဘူး ကိုလူမင်း"

"၁၉၉၉ ခုနှစ်လောက်က ပြခဲ့တဲ့ ပန်းချီပြပွဲ။ အဲဒီပန်းချီပြပွဲလည်း အောင်မြင်တာပဲ။ အောင်မြင်လို့လည်း ကိုပါက ဦးလှဝင်းတို့ ပန်းချီပြတိုက်မှာ ပင်တိုင်ရေးတဲ့ ပန်းချီဆရာအဖြစ် ရွေးချယ် ခဲ့တာပေါ့။ ဦးလှဝင်းတို့ ပန်းချီပြတိုက်ကို ရောက်လာတဲ့ အချိန်ကစပြီး ကျွန်တော်

ယနေ့ လူမင်းလက်ရာ

ဆက်တိုက် ပန်းချီရေးဖြစ်တယ်"

"ကိုလူမင်း...ပန်းချီမင်းဝေအောင်တို့ နဲ့ Traders မှာ လုပ်ခဲ့ကြတဲ့ ပန်းချီပြပွဲက ဘယ်နှခုနှစ်လောက်မှာလဲ"

"၁၉၉၈ ခုနှစ်...။ ဦးလှဝင်းတို့ပြတိုက် ကို မရောက်လာခင် တစ်နှစ်ကလုပ်ခဲ့တာ..."

"အဲဒီပြပွဲမှာ ပန်းချီ ဘယ်နှကား ပြခဲ့လဲ"

"တစ်ကားတည်း"

"အဲဒီပန်းချီကားဟာ ကိုလူမင်း ပထမဆုံးရေးတဲ့ အနုအလှပန်းချီပေါ့"

"ဟုတ်တယ်။ အဲဒီအရှေ့က စီးပွား ရေးပန်းချီတွေပဲ ရေးခဲ့တယ်"

"ဒါဖြင့်ရင် ကျွန်တော်ဝယ်ခဲ့တဲ့ ဘုရားရှေ့က ခြသေ့ပုံပန်းချီကားဟာ ကိုလူမင်းရဲ့ ပထမဆုံး အနုအလှပန်းချီ လက်ရာ...၊ ပထမဆုံး ရောင်းစားခဲ့ဖူးတဲ့ အနုအလှပန်းချီလက်ရာပေါ့"

"ဟုတ်ပါတယ်။ ဦးလှဝင်းဟာ ကျွန်တော့်ကို အနုအလှပန်းချီလောကကို ရောက်လာအောင် ပထမဆုံး မြေတောင် မြှောက်ပေးခဲ့တဲ့လူပဲ"

ကျွန်တော့်ရင်တွင်း၌ အလွန်ဝမ်းသာ သွားပါသည်။ ဤသို့ ပန်းချီအနုပညာသည် တစ်ယောက်ကို မိမိမြေတောင်မြှောက်ပေး ခဲ့သည့်အဖြစ်ကိုလည်း မိမိလုံးဝမသိပါ။ ယခု ကာယကံရှင်ပန်းချီဆရာက ပြောပြ နေမှ သိရခြင်းဖြစ်၏။

"ဦးလှဝင်းတို့ ပန်းချီပြတိုက်ကို ရောက်လာပြီးတော့ ကိုပါက ကျွန်တော့်ကို ပြောတယ်။ ကိုလူမင်း...ခင်ဗျားပန်းချီကား တွေကို ရောင်းတာဝယ်တာတွေ ခေါင်းထဲမှာ ဘာမှမထားနဲ့။ တွေးမပူနဲ့။ အဲဒါတွေကို ကျွန်တော်တို့ရဲ့ အလုပ်လို့ သဘောထား။ အကုန်မေ့ထားလိုက်။ ပန်းချီရေးဖို့ဆေးရောင် ကင်းဗတ်ရော...ခင်ဗျားမိသားစုစားဖို့ လစဉ် အသုံးစရိတ်ရော...ကျွန်တော်တို့ အကုန် ထုတ်ပေးမယ်။ ပန်းချီကိုပဲ ဇောက်ချရေး တော့လို့ဆိုတာနဲ့ ကျွန်တော် ပန်းချီပဲ ဇောက်ချရေးခဲ့တယ်။ အဲဒီလိုနေလာတာ ၅ နှစ် ကြာသွားတယ်။ ၁၉၉၉ ကနေ ၂၀၀၄ ခုနှစ် အထိပေါ့"

(ဆက်လက်ဖော်ပြပါမည်)

ဦးလှဝင်း(လေသူရဲတစ်ဦး)

■